www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

## အချစ်ကြောင့်

BURMESE CLASSIC



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ မတ်လ၊ ၂၀၁၆ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၀၇၇၇) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၀၀၂၄၀) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
လုံမ
အချစ်ကြောင့် / လုံမ။ - ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၆
စာ၊ ၁၂ x ၁၈ စင်တီမီတာ
(၁) အချစ်ကြောင့်

# လုံမ

## အချစ်ကြောင့်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဟ...ဟ နုပန်းလုံးနေပြီ၊ ကလေးတွေ နုပန်းလုံးနေပြီ"

"လင်းထက်ပိုင်နဲ့ နေခြည်နုတို့ကတော့ တွေ့တာနဲ့ နုပန်းလုံးတော့တာပဲလေ"

"မတည့်အတူနေ၊ တွဲတော့လည်း သူတို့နှစ်ယောက်ပဲ၊ ခက်တော့တာပဲ၊ ဟဲ့ကလေးတွေ တော်ကြတော့လေ၊ မြေကြီးထဲ သဲထဲမှာ ကျောက်ခဲတွေနဲ့ ပွန်းပဲ့ကုန်တော့မှာပဲ"

"ဟဲ့ ကလေးတွေ တော်ကြတော့၊ သွပ်ပြား သံပြားတွေလည်း ရှိတော့မှာပဲဟေ့၊ ဒီနှစ်ယောက် ဒီလောက်ပဲကမြင်းရသလား"

"လင်းထက်ပိုင်၊ ဟဲ့ နေခြည်နုနု ကလေးတွေတော်ကြစမ်း၊ အပြန်ကျရင် နင်တို့အဖေအမေတွေနဲ့ကို တိုင်ပြောမယ်၊ ဘောလုံးကွင်းထဲမှာ ကျောင်းလွယ်အိတ်တွေချပြီး နုပန်းလုံးနေကြတယ်လို့"

ဖြတ်သွားဖြတ်လာရပ်ကွက်ထဲက အဒေါ်ကြီးတွေ အော်နေကြပေမယ့် လင်းထက်ပိုင်နှင့် နေခြည်နုနုတို့နှစ်ယောက်က အနိုင်မခံ အရှုံးမပေး နုပန်းလုံးလို့ကောင်းနေကြဆဲပင်။

ကျောင်းကိုအတူမသွားဘဲလည်း မနေကြပါ။ ငါ့ကိုစောင့်ဦး၊ နင်က ရေချိုးလို့မပြီးသေးဘူးလားနှင့် တခြားအဖော်မမက်ဘဲ နှစ်ယောက်





www.burmeseclassic.com

www.burmeseclassic.com



က တတွဲတွဲပင်။

သွားရင်းလာရင်း နှစ်ယောက်သား စရင်းနောက်ရင်းက မခံမရပ်နိုင်ဖြစ်လာကြပြီဆိုရင်တော့ တွေ့သည့်နေရာမှာ ကြုံသလို နပန်းလုံးကြသည်။ လင်းထက်ပိုင်က မခံချင်အောင်စနောက်ပြီး ပြေးပြီဆိုရင် နေခြည်နုနုကလည်း အနိုင်မခံအရှုံးမပေး မီအောင်ပြေးလိုက်ကာ လက်တုံ့ရအောင်ပြန်တတ်သည်။ အငြိုးအတေးနှင့် မခေါ်မပြောဘဲနေသည်ဟူတော့ မရှိပါ။

"အား"

"ဟင် ... ဘာ... ဘာဖြစ်တာလဲ"

"ဟယ်... လင်းထက်ပိုင် လက်မှာသွေးတွေထွက်နေပြီ၊ ဘေးက သွပ်ပြားရှသွားတာထင်တယ်"

"ပြောနေရင်းတန်းလန်းက ဒီကလေးတွေနှယ်၊ ကဲတော်ကြစမ်း၊ ဟဲ့... နေခြည်နုနု တော်ပြီ၊ လင်းထက်ပိုင်ရော ထ"

အော်ကာ ဟစ်ကာ ဆွဲရုန်းထူလိုက်တော့ သွေးတွေထွက်နေသော လင်းထက်ပိုင်လက်က ဒတ်ရာတော်တော်နက်နေသည်။

"မှန်းစမ်း လင်းထက်၊ အံ့ယ် ... သွေးတွေက အများကြီးပဲ ဘယ်လိုလုပ်ကြမလဲ၊ နင်းအံရမ်းနာသွားလားဟင်"

"နာ ... နာပါဘူးဟ ... အား"

မနာပါဘူးဆိုပေမယ့် လင်းထက်ပိုင် ရှုံ့မဲ့ညည်းညူနေတာမို့ နေခြည်နု မျက်ရည်တွေဝဲလာသည်။ အနားမှာရှိသော ဒေါ်အေးမက

"လာ ... နင်တို့နှစ်ယောက်လုံး အိမ်ပြန်ကြ၊ အိမ်ရောက်မှ ရေဆေးပြီးဆေးထည့်၊ နင်တို့ တားလို့ဆီးလို့မရအောင် ကမြင်းတဲ့ဟာတွေ"

ဆွဲရုန်းခေါ်သွားမှ ကျောင်းလွယ်အိတ်လေးတွေ ပြန်ကောက်





လွယ်ကာ လိုက်လာခဲ့ကြသည်။

"အဲဒါ နင့်ကြောင့်"

စိတ်မကောင်းဖြစ်နေသော်လည်း လင်းထက်ပိုင်က ခေါင်းပုတ်ပြီး ပြောလိုက်တာကြောင့် နေခြည်နုနု စိတ်တိုသွားကာ

"ဘာ ငါ့ကြောင့်လဲ၊ နင်အရင် ရန်လာစတာလေ၊ ငါအိမ်ရောက်မှ စားမယ်ဆိုတဲ့မုန့်ကိုလည်း လုယူစားတယ်၊ ငါ့ခေါင်းကို ခေါက်ပြီးတော့လည်း ပြေးတယ်"

"နပန်းလုံးအောင်ဆိုပြီး နင်ပဲပြောတာလေ"

"ပြောမှာပေါ့၊ နင်ဘာလို့ ငါ့မုန့်ကိုစားပြီး ငါ့ကိုလုပ်သေးလဲ၊ ငါက ငြိမ်ခံနေမယ် ကြောက်နေမယ်လို့များထင်နေလား၊ အမြဲတမ်းချဲလင်းခေါ်ပြီးသားပဲ၊ နင်သာ ပုဆိုးခြုံထဲက လက်သီးပြချင်တာ"

"အောင်မာ... ငါက ဘာလို့ပုဆိုးခြုံထဲက လက်သီးပြရမှာလဲ၊ နင့်လောက်တော့ ပျင်းသနားတယ်၊ နောက်တစ်ခါ ထပ်လုံးဦးမလားလာလေ"

"အောင်မာ ... လာစမ်းပါ လာ"

"ဟဲ့ ... ကလေးတွေ"

ဒေါ်အေးမ အော်လိုက်မှ သူတို့နှစ်ယောက်ငြိမ်ကျသွားသည်။ အိမ်ရောက်တော့ လင်းထက်ပိုင် လက်ကသွေးတွေ တော်တော်ထွက်နေပြီဖြစ်၏။ မိဘတွေက စိုးရိမ်တကြီးလက်ကို ရေဆေးကာ ဆေးထည့်ပေးရသည်။

ဆေးထည့်ကာမှ လင်းထက်ပိုင် ဖျပ်ဖျပ်လူးအောင်အော်လေ၏။

"အား ... အမယ်လေး၊ နာတယ် စပ်တယ် မေမေရဲ့၊ အဲဒါ နေခြည်နုကြောင့် ... အမယ်လေးဗျ"

www.burmeseclassic.com



"ဘာငါ့ကြောင့်လဲ မဟုတ်ဘူးနော် လင်းထက်၊ အတူတူနပန်းလုံးတာကို နင်ဂရုမစိုက်လို့ဖြစ်တာ၊ ငါ့ကြောင့်မဟုတ်ဘူး"

"နင့်ကြောင့်ပါ"

"ကဲ ... တော်ကြပါတော့ သားနဲ့နေခြည်ရယ်၊ နေခြည်လေးလည်း အိမ်ပြန်ပြီး ရေချိုးတော့နော်၊ တစ်ကိုယ်လုံးညစ်ပတ်နေပြီ"

"ဟုတ်ကဲ့ ... လင်းထက်ကို ဂရုစိုက်လိုက်ပါဦးနော် အန့်တီမေ၊ အနာရင်းနေမှာစိုးလို့ပါ"

ရန်ဖြစ်နေရင်းက သံယောဇဉ်မကုန်စွာ မှာခဲ့သေးသည်။ အိမ်ပေါက်ဝရောက်လို့ လင်းထက်ပိုင်က လက်သီးထောင်ပြတော့လည်း မမှေ့မလျော့ လက်ဝါးပြန်ထောင်ပြခဲ့သေးသည်။

ဒီတစ်ခါပဲဆိုတော့လည်းမဟုတ်။ လင်းထက်ပိုင် အနာသက်သာသွားပြန်တော့ စိန်ခေါ်ပွဲအနေနှင့် နပန်းလုံးကြပြန်သည်။

နပန်းလုံးမလားဟု တစ်ယောက်ကစိန်ခေါ်လိုက်တာနှင့် အချိန်ဆွဲမနေဘဲ အနိုင်ရဖို့အတွက် တစ်ယောက်က တွေ့သည့်နေရာမှာဝင်လုံးလိုက်တာပင်။

လင်းထက်ပိုင်နှင့် နေခြည်နုနုဆိုတာ အိမ်ချင်းကပ်ရက် သံယောဇဉ်ကြီးကြသူတွေပါ။ ထမင်းဆိုလည်း သူ့အိမ်စားလိုက်၊ ကိုယ့်အိမ်စားလိုက်။ လူကြီးတွေကလည်း ပိတ်ပင်တားဆီးမှုမရှိတာမို့ သံယောဇဉ်တွေ တဖြည်းဖြည်းရစ်နှောင်ဖွဲ့လို့ ...။

❖❖❖



## အခန်း (၂)

"ဟား ဟား ဟား ... ဟား ဟား ဟား"

ကန်ပေါင်ဘေးကဆိုင်မှာ ဘူးသီးကြော်စားနေရင်း လင်းထက်ပိုင် ဗိုက်နှိပ်ပြီး ရယ်နေတာမို့ နေခြည်နု ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း မျက်လုံးမျက်ဆံပြူးပြရသည်။

"ဟဲ့ ... ဘာတွေ သဘောကျလို့ အော်ကြီးဟစ်ကျယ်ရယ်နေတာလဲ၊ တခြားသူတွေက နင့်ကိုအရူးမှတ်တော့မှာ"

"ဟား ဟား ဟား ... ငယ်ငယ်တုန်းက နင်နဲ့ငါ့အကြောင်းတွေးမိလို့ပါ၊ ငါတို့ငယ်ငယ်တုန်းက ခဏခဏနပန်းလုံးကြတာလေ၊ လေးတန်းငါးတန်းရောက်တဲ့အထိပဲ၊ ဟုတ်တယ် မဟုတ်လား၊ ငါက ပုဆိုးတွေကျွတ်၊ နင်ကထဘီကျွတ်၊ အောက်ခံဘောင်းဘီဝတ်ရမှန်းမသိသေးတဲ့အရွယ်ဆိုတော့ ဖင်ပေါ်လည်း ရှက်ရမှန်းမသိဘူး"

"ဟဲ့ ... ဘာတွေပြောနေတာလဲ၊ ဘေးလူတွေကြားရင် ရှက်စရာကြီး"

"ဘာရှက်ရမှာလဲ၊ ငယ်ငယ်တုန်းကတော့ အားလုံးဖင်ပေါ်တဲ့သူချည်းပဲ၊ သူတို့တွေ ငယ်ငယ်တုန်းကလည်း ဒီအတိုင်းပဲနေမှာ"

"ငယ်ငယ်တုန်းကတော့ ငယ်ငယ်တုန်းကပေါ့၊ အခုကြီးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တောင်တက်နေပြီ၊ ဖင်ပေါ်တဲ့အကြောင်းတွေ မပြောနဲ့တော့၊ ပြောရင် နင့်ကိုငါလက်သီးနဲ့ဆွဲထိုးမှာ''

''ဩော် ရှက်လို့ပေါ့၊ ငါကတော့ တကယ်မမေ့ဘူးဟ၊ နင်နဲ့ နပန်းအလုံးကောင်းလို့ ဒီမှာလေ ငါ့လက်မှာသွပ်ပြားရှသွားတဲ့ဒဏ်ရာ အခုထိအနာရွတ်ကျန်သေးတယ်''

လင်းထက်ပိုင်က အကျီစပို့ရှပ်လက်ရှည်အဝါနုလေးကိုဆွဲမပြ ၏။ လက်ဖျံမှာ အနာရွတ်အစင်းကြောင်းလေးက ဒီအတိုင်းပင်။

''သေသည်အထိ အဲဒီအနာရွတ်ကပျောက်မှာမဟုတ်ဘူး၊ နင်နဲ့ ငါနဲ့ကွဲသွားလည်း အဲဒီအနာရွတ်မြင်ရင် မှတ်မိတာပေါ့''

''အောင်မာ နင်နဲ့ငါက ဘာလို့ကွဲရမှာလဲ၊ ဘာလဲ ယောကျ်ားယူပြီး ယောကျ်ားနောက်လိုက်နေမလို့လား''

''သွားစမ်းပါ၊ ဘယ်ကရည်းစားရှိလို့ ယောကျ်ားနောက်လိုက်နေရမှာလဲ၊ ငါပြောထားမယ်နော်၊ နင်လည်းရည်းစားမထားရဘူး၊ ကောင်မလေးတွေ မငမ်းရဘူး''

''ငါ့ပဲပြောနေ၊ နင်ကတော့ ဟိုနေ့က ဆေးကောင်းသားတစ်ယောက် လာကျူတာကို သဘောတွေကျနေတယ်ဆို၊ မြင့်အေးနဲ့ ချိုချို ငါ့ကိုပြောတယ်''

''ဟင်း ဟင်း''

''ဘာ ဟင်းဟင်းလဲ''

''ရယ်ချင်လို့ပါ၊ သူကလေ ဘာတွေလာပြောလဲ သိလား''

''ဘယ်သိပါ့မလဲ၊ သူလာပြောတာ''

''ဒီလိုဟဲ့ နင်နဲ့ငါ့ကို ချစ်သူတွေလားတဲ့၊ ဒီကျောင်းမှာနာမည်ကြီးနေလို့တဲ့လေ''

''နင်က ဘာပြန်ပြောလိုက်လဲ''





''မဟုတ်ပါဘူး သူငယ်ချင်းတွေပါလို့ ပြောလိုက်တာပေါ့''

''ဘာ ... နေခြည်နု ... ဂွပ်''

''အလာလာ နာလိုက်တာ''

ခေါင်းကို ဂွပ်ခနဲအခေါက်ခံလိုက်ရတာမို့ နေခြည်နု ခေါင်းကို ပွတ်ကာ ရှုံ့မဲ့အော်လိုက်မိသည်။ လင်းထက်ပိုင်က မကျေမချမ်းနှင့် သူမ ခေါင်းကို နောက်တစ်ချက်ခေါက်ပြီး

''ငါနဲ့ ရည်းစားဆိုတော့ နင့်အသားပဲ့ပါသွားမှာမို့လား၊ နင်အဲလို ပြောလိုက်တော့ သူ့ကိုအခွင့်အရေးပေးလိုက်သလို ဖြစ်သွားတယ် မဟုတ်လား''

''ဟုတ်ပါ့ဟယ်၊ ငါ အဲဒီလိုပြောလိုက်ရကောင်းသားနော်၊ အခုကျတော့ အဲဒီသကောင့်သားက ဘာပြောတယ်ထင်လဲ၊ သူ့ကိုစဉ်းစားပေးပါ၊ သူဆေးကျောင်းပြီးလို့ ဆရာဝန်ဖြစ်တာနဲ့ ငါကိုတင့်တောင့်တင့်တယ် လက်ထပ်ယူပါ့မယ်တဲ့လေ၊ သူ့အဖေက ဆရာဝန်၊ သူ့အမေက မီးယပ်အထူးကု၊ သူလည်း အထူးကုပါမောက္ခတစ်ယောက်ဖြစ်အောင်ကြိုးစားမှာပါ၊ သူ့ကိုအချစ်ခွန်အားတွေသာ ပေးပါတဲ့လေ''

''ဟွန်း ... ငကြောင်နဲ့သွားတွေ့နေတယ်၊ အေး ... အဲဒီကောင်မက်လုံးပေးလို့ နင်သွားရောနှောပတ်သက်ပြီး တွဲလို့ကတော့လေ ငါ့လက်သီးစာမိမယ်မှတ်''

''အမယ်လေး ... ငါကရှင်းတယ်နော်၊ ကျွန်မရည်းစားထားဖို့ စိတ်ကူးမရှိပါဘူးရှင်လို့ တစ်ခါတည်းပြောလိုက်ပြီးသား''

''ယောကျ်ားတွေများ ပေါ့ပေါ့တွေးနေတယ်၊ အဲဒီလိုပြောလိုက်တာနဲ့ပဲ နောက်ဆုတ်သွားမယ်ထင်နေလား''

''ကဲပါဟယ်၊ ငါ့မပတ်သက်ရင်ပြီးရောပေါ့၊ ပတ်သက်မှုရှိတယ်ဆိုတာ တစ်ဖက်တည်းကပဲ ပတ်သက်ချင်လို့ရတာမှမဟုတ်တာ၊ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူကလက်ခံမှ ပတ်ဆက်လို့ရတာ၊ သူငယ်ချင်းလေးကလည်း စိုးရိမ်ကြီးမနေပါနဲ့"

မေးဖျားလေးကိုကိုင်လှုပ်ကာ ချော့တော့ လင်းထက်ပိုင် မပြုံးချင်ပြုံးချင် မအီမလည်ပြုံးလျက်

"ဘူးသီးကြော်တွေက ဒီနေ့မှမကုန်နိုင်တော့ဘူး၊ ဟိုကောင့်ဆီမှာမိသွားလို့ စိတ်ကအဲဒီရောက်နေတာနဲ့ စားလို့မဝင်ဖြစ်နေတာလား"

"လင်းထက်ရယ်၊ နင်ကရစ်စရာမရှိ ရစ်နေတယ်၊ ဘယ်မှစိတ်မရောက်ဘူး၊ နင်ဘယ်နှပွဲဝယ်ကျွေးမလဲ၊ ငါစားပြမယ်"

"အေး ... ငါ့ကိုယုံစေချင်ရင် ဆယ်ပွဲစားပြ၊ ငါကမစားဘူးနော်၊ နင့်တစ်ယောက်တည်းစားရမှာ"

"အေး ပြီးတာပဲ၊ နင်ဝယ်ကျွေးရင် ငါစားမယ်"

"ဘူးသီးကြော် နောက်ထပ်ဆယ်ပွဲဗျို့"

လင်းထက်ပိုင်တို့က အဲဒီလိုရွှတ်သည်။ နေခြည်နုကလည်း လင်းထက်ပိုင် စိတ်ကျေနပ်ဖို့ လည်နင်အောင်ပင် ပလုတ်ပလောင်းစားပြ၏။ ဆလပ်ရွက်တွေ အချဉ်ရည်တွေလည်းမှာလို့မဆုံးပေ။ နောက်တော့ နေခြည်နု ဗိုက်ကြီးတင်းကာ မျက်လုံးပင်ပြူးလာသည်။

"ငါမရတော့ဘူး၊ ဗိုက်တင်းနေပြီ"

"အခုမှ ခုနစ်ပွဲပဲရှိသေးတယ် မရဘူးစား"

"ဘူးသီးကြော်တွေက အစာအိမ်နဲ့မဆံ့လို့ လည်ပင်းတောင်ထောက်နေပြီဟ"

"ရေနွေးငှဲ့ပေးမယ်၊ ရေနွေးနဲ့မျှောချ"

"အေး ... လင်းထက် နင့်အလှည့်ကျတော့လုပ်ထားဦးပေါ့ဟာ၊ ငါ့အလှည့်ရောက်လာရင်လည်း နင်ရှောင်ပြေးဖို့မစဉ်းစားနဲ့၊ ဟိုမိန်းကလေး ဒီမိန်းကလေး မျက်လုံးစွေကြည့်တာတွေ့လို့ကတော့ နင်နာပြီသာမှတ်"





"လုပ်လိုက်စမ်းပါ၊ လင်းထက်လိုကောင်က ဘယ်မိန်းကလေးမှ မိန်းကလေးလို့မထင်ဘူး"

"မိန်းကလေးလို့မထင်တော့ ဂန်ဒူးလို့ထင်တာလား၊ အခြောက်လို့ထင်တာလား"

"ငါ့ဘာသာ ဘာထင်ထင်ပေါ့ဟာ၊ မကြည့်ရင်ပြီးရော မဟုတ်လား"

"အေးပါ ... မျက်လုံးနှစ်လုံးနဲ့ကို ဒေါက်ထောက်ကြည့်နေမှာဟွန်း ... တွေ့လို့ကတော့"

"ဘာလဲ ... ငယ်ငယ်ကလို နပန်းလုံးမလို့လား၊ ဖင်ပေါ်မှာ မကြောက်ဘူးလား"

"ဘာ ... လင်းထက်နော်၊ အဲဒီစကားမပြောနဲ့ဆို"

"ဟားဟား အေးပါ စားစား၊ စကားရောဖောရှောမလုပ်နဲ့ သုံးပွဲကျန်သေးတယ် ကုန်အောင်စား"

"အမယ်လေး သေရချည်ရဲ့"

ပြောသာပြောပေမယ့် နေခြည်နု မကုန်ကုန်အောင်စားရလေသည်။

ဒီနေ့ကူစားပေးမည့် မြင့်အေးနှင့် ချိုချိုရောက်မလာကြတာကြောင့် သူမဗိုက်ထဲ ဘူးသီးကြော်တွေ စားပိုးနင့်သွားလေသည်။

အရေးကြီးတာ လင်းထက်ကျေနပ်သွားဖို့ပါပဲ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"အင့် ... အီး ... အမယ်လေး"

"ဟဲ့ ... သမီးနေခြည်၊ ဘာဖြစ်တာလဲ"

အိမ်သာအခန်းကိုမှီလျက် ဗိုက်နှိပ်ကာ အော်တာကြောင့် သမီး အနားထိုင်ချလိုက်ရသည်။ နေခြည်နု မျက်နှာကရှုံ့ရှုံ့မဲ့မဲ့ပါ။

"မေမေ ... သမီးလေ တစ်ညလုံးဝမ်းတွေလည်းသွားတယ်၊ အန်လည်းအန်တယ်"

"ဟင် ... ဒါဆို သမီးအထက်လှန်အောက်လျှောဖြစ်တာပေါ့၊ မနေ့က ဘာတွေအစားမှားလို့လဲ သမီး"

"ဘူးသီးကြော်တွေ"

"ဘယ်နှပွဲတောင်စားလို့လဲ"

"ဆယ်ပွဲ"

"အမယ်လေး ... ဆယ်ပွဲတောင်၊ မိန်းကလေးဖြစ်ပြီး ဒီလောက်လဲ ပရမ်းပတာအစားကြမ်းရသလား၊ လွန်လွန်ကျူးကျူးအော၊ မကြားဝံ့မနာသာ"

"မေမေကလည်း ဆယ်ပွဲလေးဘာဖြစ်တာမှတ်လို့",

"ဘာဖြစ်တာမှတ်ရမှာလဲ၊ အခုဖြစ်ပြီ မဟုတ်လားဟင်၊ ဘယ်





သူက အလကားဝယ်ကျွေးလို့ အထက်လှန်အောက်ရှောဖြစ်အောင် ငတ်ရတာလဲ ပြောပါဦး"

"လင်းထက်"

"ဟင် ... သူကရော ရောဂါဖြစ်အောင် အဲဒီလောက်ကြီး ဝယ်ကျွေးရသလား၊ ဒုက္ခပါပဲ ဒီကလေးတွေနှယ်၊ အဲဒါညည်းတို့ အလေ့အထဒဏ်ခတ်တာမဟုတ်လား၊ ညည်းဘာလုပ်လိုက်လို့လဲ"

"မေမေ... ခ... ခဏလေး၊ သမီးအိမ်သာဝင်လိုက်ဦးမယ်၊ ပြီးမှပြောပြမယ်"

နေခြည်နုမအောကို လက်ကာပြ၍ အိမ်သာထဲဖွတ်ပြေးဝင်သွားသည်။ အိမ်သာထဲကနေ ဝေါ့ခနဲအန်သည့်အသံလည်း ကြားရသည်။ ပြန်ထွက်လာတော့ မျော့မျော့လေးနှင့် မျက်ဖြူထောင်ဆိုက်ချင်နေပြီဖြစ်၏။ ဒေါ်ခင်နုဝေ အမြန်ပင်ဆရာဝန်ပင့်လိုက်ရသည်။ ဒီထက်ပိုကြာလျှင် ဆေးရုံတင်လိုက်ရတော့မှာကြောင့်ပါ။

တကယ်ကိုခက်သည့်ကလေးတွေ။ ငယ်ငယ်ကတည်းက ဒီနှစ်ယောက်မတည့်အတူနေ တတွဲတွဲပါ။ အစားပြိုင်စားရတာ၊ ကျောင်းက အပြန် တစ်ယောက်တစ်လှည့် ကုန်းပိုးစီးရ၊ ဘောလုံးကွင်းထဲ နပန်းဝင်လုံးရတာနှင့် ရှာရှာဖွေဖွေ ကြံကြံဖန်ဖန်ဆော့နိုင်လွန်းကြသည်။ အခုအသက်အရွယ်တွေကြီးလို့ တက္ကသိုလ်ရောက်တော့လည်း ငယ်မူ ငယ်ကျင့်တွေ မဖျောက်နိုင်ကြသေးဘူးထင်သည်။

"ဒရစ်(စ်)သွင်းမှဖြစ်မယ်၊ တော်တော်အားနည်းနေပြီ"

"ရှင် ... ဩော် ဟုတ်ကဲ့ပါဆရာ၊ အမြန်သက်သာအောင်သာ လုပ်ပေးပါ၊ ကျောင်းကတစ်ဖက်နဲ့ ပြီးတော့ ကျွန်မက ရွှေဆိုင်သွားနေရင်လည်း စိတ်မချလို့ပါ၊ ဒီကလေးတစ်ခုခုဖြစ်"

"အဲဒီလိုတော့ မဖြစ်တော့ပါဘူး၊ ကုန်သွားတဲ့အားတွေ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်အောင် ခုတ်ဆားရည်ဝင်အောင်သောက်ရင်ရပါတယ်၊ ရင်ထဲရှင်းအောင်ဆေးလည်းပေးခဲ့ပါ့မယ်''

''ဟုတ်ကဲ့ပါဆရာ ကျေးဇူးပါ၊ မချောရေ ဆရာ့ကိုလိုက်ပို့ပါဦး''

''ဟုတ်ကဲ့ မမဝေ''

မချော ဆရာဝန်ပို့ချိန်မှာ ဒရစ်(စ်)ပိုက်သွင်းထားသောသမီးကို စိတ်မကောင်းပေမယ့် မျက်စောင်းဝေ့ကာကြည့်လိုက်သည်။

''ပြောစမ်းပါဦး၊ ဘာလို့ဒီလောက်အစားကျူးရတယ်ဆိုတာ''

''လင်းထက်ပေါ့''

''အေး ... ပြောပါ''

''ဆေးကျောင်းသားကောင်လေးက သမီးကိုကြိုက်တယ်ဆိုတာကို အဲဒါသမီးက ပြန်စိတ်ဝင်စားတယ်မှတ်လို့ ဘူးသီးကြော်ဆယ်ပွဲစားပြရမယ်တဲ့၊ အဲဒါကြောင့် အဲဒီလိုဖြစ်သွားတာ''

''ညည်းတို့နှယ်အေ၊ ညည်းတို့အသက်တွေမငယ်တော့ဘူး၊ ကလေးကလားအလုပ်တွေလုပ်နေရသေးလား၊ သံယောဇဉ်ကြီးကြတာလည်းလွန်လို့၊ အန္တရာယ်ဖြစ်မှာလည်း မမြင်ကြဘူး၊ လင်းထက်လာရင်ပြောကိုပြောဦးမယ်''

''မ ... မပြောပါနဲ့မေမေရယ်၊ သမီးအလှည့်ကျရင်လည်း သူ့ကိုပြန်လုပ်ဦးမှာပါ''

''ဘာ ... ပြန်လုပ်ဦးမယ်၊ ငါလေမပြောလိုက်ချင်ဘူး၊ ညည်းတို့ကိုယ်ညည်းတို့ ငယ်သေးတယ်မှတ်ပြီး ကစားနေကြတာလား''

နေခြည်နုနု ပြုံးစိစိဖြင့်

''ကလေးပဲရှိသေးတာ မေမေကလည်း သမီးရော လင်းထက်ရော အရွယ်မရောက်သေးဘူး ... ဟင်း ဟင်း''

''ဘာ ဟင်းဟင်းလဲ၊ ဒီလောက်ခံရတာတောင် မမှတ်သေးဘူး၊





အဲဒီလောက်ထိ အစအနောက်မသန်သင့်ဘူးသမီး၊ တကယ်ဆို ရင့်ကျက်ရမယ့်အရွယ်ရောက်နေကြပြီ၊ ကိုယ့်ဘာသာ ပညာရေးပဲ ဂရုစိုက်ကြပါလား''

''မေမေကလည်း ပညာရေးကိုဂရုစိုက်လို့ တစ်နှစ်တစ်တန်းမှန်မှန်အောင်နေတာပဲ''

''အေး ... အဲဒါတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အန္တရာယ်များအောင်တော့ မစနောက်ကြပါနဲ့ကွယ်၊ အခုကြည့်ဦး မေမေသာမသိလိုက်ဘဲ ရွှေဆိုင်ထွက်သွားရင် အချိန်လွန်ပြီးအားပြတ်တာနဲ့သေမှာ၊ မေမေ့ကိုအရမ်းစိုးရိမ်ရအောင်မလုပ်ပါနဲ့''

''ဟုတ်ကဲ့ပါ မေမေရဲ့''

''ကဲ ... ဒီနေ့ကျောင်းမတက်နိုင်တော့ဘူး ဘယ်လိုလုပ်မှာလဲ၊ လင်းထက်ကို ခွင့်တိုင်ခိုင်းလိုက်ဦး''

''ဟုတ်ကဲ့''

ပြောနေဆဲမှာပင် လင်းထက်ပိုင်အသံကိုကြားလိုက်ရသည်။ မချောကို မေးမြန်းနေဟန်တူ၏။ ခဏနေတော့ အခန်းတွင်းကိုဝင်လာသည်။

''အန်တီဝေ ... နေခြည် အထက်လှန်အောက်လျှောဖြစ်လို့ဆို''

''ဟုတ်ပ၊ အန်လည်းအန် ဝမ်းလည်းသွားနဲ့ မင်းဘူးသီးကြော်တွေ ကျွေးလိုက်လို့တဲ့ ဟုတ်လား လင်းထက်''

''ဗျာ ... ဟုတ် ... ဟိုလေ''

လင်းထက်ပိုင် ဘာပြောရမှန်းမသိဘဲ နေခြည်နုကိုကြည့်ကာ စိတ်မကောင်းဖြစ်နေမိသည်။ ဒရစ်(စ်)ချိတ်ထားသော နေခြည်နုပုံစံလေးက ဖြူဖတ်အားနည်းချည့်နဲ့နေသည်။ ဒါပေမဲ့ ပြုံးယဲ့ယဲ့လေးဖြင့်

''လင်းထက်ကိုမပြောပါနဲ့ မေမေရယ်၊ တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် စနောက်ရင်းနဲ့ဖြစ်တာပါ''

''ပျော်အောင်စနောက်ကြပေါ့ကွယ်၊ အခုလို အန္တရာယ်ဖြစ်အောင်တော့ကောင်းမလား၊ နောက်ဆိုအဲဒီလို မလုပ်ကြနဲ့နော်''

''ဟုတ်ကဲ့ပါ အန်တီဝေ''

''အေး ... မင်းသူငယ်ချင်းကို ကျောင်းသွားရင်ခွင့်တိုင်ပေးလိုက်ဦး၊ ပထမနှစ် စာမေးပွဲကနီးနေပြီ၊ ပြောလည်းမပြောချင်တော့ပါဘူး၊ ကလေးမဟုတ် ဘာမဟုတ်နဲ့ မင်းတို့တွေတော့''

ဆူပူမာန်မဲကာ ဒေါ်ခင်နုဝေ အခန်းထဲက ထွက်သွားသည်။ လင်းထက်ပိုင်က နေခြည်နုနားဝင်ထိုင်ကာ

''နင်ကလည်း ဒီလောက်လေးစားတာနဲ့ပဲ ဒီလိုဖြစ်ရလား၊ အခုတော့ ဆူခံထိပြီပေါ့''

''မေမေက ကရုဏာဒေါသောနဲ့ ဆူသွားတာပါ၊ နင်စိတ်မကောင်းဖြစ်သွားလား''

''မဖြစ်ပါဘူး၊ အန်တီဝေလည်း ဆူနေကျ၊ ငါ့မိဘတွေကလည်း နှစ်ယောက်လုံးကို ဆူနေကျပဲ၊ ခက်တာက မိဘတွေဘယ်လောက်ဆူဆူ ငါတို့က မမှတ်တာ၊ မလိုက်နာတာ''

''အေး ဟုတ်တယ်နော်၊ မိဘတွေအလွန်မဟုတ်ဘူး၊ ငါတို့ကိုယ်ကလွန်နေတာ၊ အဲဒီတော့လည်း အဆူခံလိုက်ရပေါ့ဟာ''

''နင်ကျေနပ်ရင်ပြီးတာပဲ''

နှစ်ယောက်သားပြုံးရယ်မိလိုက်ကြသည်။ ဒါပေမဲ့ နေခြည်နုအပြုံးလေးယဲ့ယဲ့လေးမျှသာ။ လင်းထက်ပိုင်က နေခြည်နုလက်ကလေးကို ဆုပ်ကိုင်ပြီး

''နင်သက်သာရဲ့လား နေခြည်''

''အင်း ... နင့်ကိုမြင်လိုက်မှ သက်သာသွားတာ''





''မပိုပါနဲ့၊ အခုဆေးသွင်းထားလို့ သက်သာသွားတာမဟုတ်လား''

''မဟုတ်ပါဘူး တကယ်ပါ၊ ဒါပေမဲ့ ခုနက နင်ဝင်လာတဲ့ အသံကြားပြီး ဗိုက်နာသေးတယ်''

''နင်မှတ်လောက်သားလောက်တော့ဖြစ်တယ် မဟုတ်လား''

''ဘာကိုလဲ''

''ဆေးကျောင်းသားကောင်နဲ့ မပတ်သက်ရဲတော့တာလေ''

''လာပြန်ပြီ၊ ဘာမှမဟုတ်ပါဘူးဆိုမှ၊ ငါက ဘူးသီးကြော်စားတာ သူနဲ့မပတ်သက်ပါဘူးလို့ အာမခံတာမဟုတ်ဘူး၊ နင်ကျေနပ်သွားအောင်လို့ စားပေးတာ''

ဒီလိုဆိုတော့ လင်းထက်ပိုင် ကျေနပ်သွားကာ

''အဟင်း ... သူငယ်ချင်းလေးက ချစ်ဖို့ကောင်းလိုက်တာ၊ ဒီနေ့ ကျောင်းမတက်နိုင်တာကို စာတွေ ကူးပေးမယ်သိလား''

ပါးလေးကိုဖျစ်ညှစ်ပြီးပြောတော့ နေခြည်နုကလည်း လင်းထက်ပိုင် မေးဖျားလေးကိုလှမ်းဖျစ်ကာ

''ငါကလည်း အဲဒါတွေကြောင့် သူငယ်ချင်းလေးကိုချစ်တာ၊ ညကျရင်လည်း ငါနားမလည်တဲ့စာကိုလာပြပေးဦးနော်''

''အေးပါဟာ၊ နင်သာသက်သာအောင်နေသိလား''

''အင်း ... ကျောင်းမှာ ကောင်မလေးတွေကိုလိုက်ငမ်းမနေနဲ့၊ ငါမရှိဘူးဆိုပြီး လိုက်ဘူးနေရင် ငါနဲ့တွေ့မယ်''

''နောက်နေ့ကျ မြင့်အေးနဲ့ ချိုချို့ကိုမေးကြည့်ပေါ့''

''သူတို့က နင့်ဘက်တော်သားဖြစ်နေရင် ဘယ်လိုလုပ်မလဲ''

''မြင့်အေးတော့ မသိဘူး၊ ချိုချိုကတော့ နင့်လူပါ၊ ငါ့အချင်းတိုင်း ညာလို့မရပါဘူး၊ ကဲ ... ငါကျောင်းနောက်ကျတော့မယ်၊ သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဟာ"

"အေး အေး . . . ကားကိုဂရုစိုက်မောင်းနော်"

"စိတ်ချ"

သူမ နဖူးလေးကိုဖွဖွပုတ်ပြီးမှ လင်းထက်ပိုင်ထွက်သွားသည်။ ရင်ထဲမှာကြည်နူးမှုတွေအပြည့်ဖြင့် နေခြည်နကျန်ရစ်ခဲ့သည်။ သူမတို့နှစ်ယောက်က ဘယ်လောက်ပဲမတည့်ပါစေ၊ တစ်ယောက်နှင့် တစ်ယောက် ကြင်နာသည့်အချိန်လေးတွေလည်း ရှိတာပါပဲ။

အငြိုးနှင့် ရန်ဖြစ်နေကြတာမှမဟုတ်တာ။ ဒီလိုလေးကလည်း ပျော်စရာကောင်းတာပါပဲ လင်းထက်ရယ်၊ ဟုတ်တယ် မဟုတ်လား။

❖❖❖



## အခန်း (၄)

"နေခြည် ကျောင်းမတက်ဘူးလား"

ကင်န်တင်းထဲဝင်အထိုင်မှာ မြင့်အေးက ပခုံးပုတ်ကာမေးသည်။ ချိုချိုက ရှမ်းခေါက်ဆွဲစားနေရင်းက မော့ကြည့်၏။

သူတို့နှစ်ယောက်က ကျောင်းလာတိုင်း အတွဲလိုက်ဝင်လာတတ်တာမို့ အံ့သြနေဟန်ရှိသည်။ လင်းထက်ပိုင်က ကော်ဖီတစ်ခွက်လှမ်းမှာလိုက်ပြီး . . .

"ဝမ်းတွေလျှော့ပြီး အနံ့လိုလေ၊ မျော့မျော့ပဲရှိတယ်၊ နေခြည် ဘယ်လိုလုပ် ကျောင်းတက်နိုင်မှာလဲ"

"ဘာဖြစ်တာလဲ၊ အစားမှားသွားလို့လား"

"အင်း . . . ဘူးသီးကြော်ဆယ်ပွဲ ငါးစားနိုင်းလိုက်တာ၊ ဆလပ်ရွက်တွေရော၊ အချဉ်ရည်တွေရောဆိုတော့ ဂန့်သွားတာပေါ့"

"ဟာ . . . မိုက်ပါ့ကွာ၊ မင်းက ဘူးသီးကြော်ဆယ်ပွဲကြီးတောင် ဘာလို့စားနိုင်းတာလဲ"

"ဆေးကျောင်းကကောင် သူ့ကိုငြိနေတယ်ဆိုလို့ ပြန်မပေါ်သက်ရဲအောင် ပညာပေးလိုက်တာ"

"နင်ကဟယ် အဲဒီလိုလုပ်စရာလား၊ နေခြည်ကလည်း မိုက်



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကန်းကန်းစားရတယ်လို့ နင်တို့ကလေ ကလေးကလား အရူးအလုပ်တွေ အရမ်းလုပ်တာပဲသိလား၊ ဘူးသီးကြော်ဆယ်ပွဲတောင်တဲ့၊ မသေကောင်းမပျောက်ကောင်း၊ ဒါနဲ့နေပါဦး သူ့ဘာသာဆေးကျောင်းသားနဲ့ ကြိုက်တော့ရော ဘာဖြစ်လဲ၊ နေခြည်က နင့်ရည်းစားမို့လား''

ချိုချိုမေးတော့ လင်းထက်ပိုင် ပခုံးတွန့်ကာ

''ငါတို့က အဲဒီသမီးရည်းစားဆိုတာတွေထက် သံယောဇဉ်ရှိတယ်၊ ရည်းစားဆိုတာ ပြတ်ချင်ပြတ် တောက်ချင်တောက်နိုင်တဲ့ အာမခံချက်မပေးနိုင်တဲ့ မသေမချာ ယာယီငြိတွယ်မှုမျိုးပဲ၊ ငါတို့ရဲ့ငြိတွယ်မှုက ဘယ်သူမှဖြတ်တောက်လို့မရဘူး၊ ဘယ်လိုအရာကမှ ဖြတ်တောက်ဖို့ မစွမ်းဆောင်နိုင်ဘူး''

''အပြောကောင်းလိုက်တာဟယ်၊ တစ်နေ့ကျရင် နင်လည်း မိန်းမယူ၊ သူလည်း ယောကျ်ားယူမှာပဲ''

''ဘာလို့ယူရမှာလဲ၊ သူလည်းမယူရဘူး၊ ငါလည်းမယူဘူး၊ ငါတို့က သစ္စာဆိုထားတယ်''

''ဘယ်ဘုရားမှာလဲ''

''ဘယ်ဘုရားရယ်တော့ ဘယ်ဟုတ်မလဲ၊ ချစ်သူတွေမှမဟုတ်တာ၊ ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက်ပြောတာပေါ့''

''အေး . . . ချစ်သူတွေဖြစ်လို့သစ္စာဆိုရင်တောင် အကြောင်းအမျိုးမျိုးတွေနဲ့ပျက်ချင် ပျက်ကြတာပဲ''

''အား . . နင်လျှောက်ပြောမနေနဲ့ဟာ ချိုချို၊ ငါတို့က နင်တို့လို အခုမှတက္ကသိုလ်မှာတွေ့လို့ ခင်မင်ပေါင်းသင်းဖြစ်တဲ့သူငယ်ချင်းမျိုး မဟုတ်ဘူး၊ ငါက သူ့ထက်တစ်လလောက်ပဲစောမွေးတာ၊ ငယ်ငယ်သေးသေးပိစိညှောင့်တောင့်လေးကတည်းက သိကျွမ်းခင်မင်ခဲ့တာ၊ မိဘတွေကဆို ငါ့ကိုထမင်းကျွေးချင်ရင် သူ့ကိုပါခွံ့ရတယ်၊ သူ့အမေက သူ့ကို





ဆေးတိုက်ရမယ်ဆိုရင်လည်း ငါ့ကိုပါသောက်ခိုင်းမှ သူသောက်တာ''

''အေးပါ . . ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာဆိုတာ ငါတို့နားလည်ပါတယ်၊ ဒါပေမဲ့ နင်တို့ကတရားဝင်ချစ်သူတွေမဟုတ် ဘာမဟုတ်နဲ့၊ တစ်ယောက်နဲ့ တစ်ယောက် သဝန်တိုနေကြတာ မထူးဆန်းဘူးလား၊ ဘာကြီးမှန်းမသိဘူး အီလည်လည်နဲ့''

ချိုချိုပြောတာကို မြင့်အေးက သဘောကျကာရယ်သည်။ လင်းထက်ပိုင်က စားပွဲထိုးလေးလာချပေးသော ကော်ဖီကိုဇွန်းလေးနှင့် မွှေလျက်နှင့် . . .

''အေး . . . ဘာကြီးမှန်းမသိဘူးဆိုပြီး နေခြည့်ကို ရည်းစားထားဖို့ ယောကျ်ားယူဖို့ မြှောက်ပင့်မပေးနဲ့နော် ချိုချို၊ နင်နဲ့ငါတွေ့မယ်''

''အမယ်လေး ကြောက်စရာပဲ၊ လူကိုတောင်ခြိမ်းခြောက်နေသေးတယ်၊ ငါမြှောက်ပင့်ပေးစရာမလိုဘဲ ဟိုကရည်းစားရသွားရင် ဘယ်လိုလုပ်မှာလဲ''

''အေးလေ လင်းထက်ရာ၊ မင်းတို့က ရည်းစားမဟုတ် ဘာမဟုတ်နဲ့၊ မင်းချုပ်ချယ်တားဆီးထားလို့ရမလားကွ၊ မင်းတကယ်လို့ အဲဒီလိုလုပ်ချင်တယ်ဆိုရင် နေခြည့်ကို ဖွင့်ပြောလိုက်ပါလား၊ နေခြည်လည်း မင်းအပေါ်သံယောဇဉ်ရှိနေတာပဲ ငြင်းမှာမဟုတ်ပါဘူး''

''မင်းတို့ထင်သလိုမဟုတ်ဘဲ၊ ငယ်သံယောဇဉ်လေး ပျောက်သွားရင် ဘယ်လိုလုပ်မလဲ၊ အဖြူရောင်သံယောဇဉ်လေးတွေ ပျောက်သွားမှာ ငါမလိုလားဘူး၊ သူလည်း အဲဒီအတိုင်းပဲရှိလိမ့်မယ်၊ အခုအခြေအနေလေးက ချစ်သူရည်းစားတွေထက်တောင် ငြိတွယ်မှုပိုတယ်လို့ ငါထင်မိတယ်''

''အဲဒါတော့ ဟုတ်ပါတယ်၊ မင်းတို့နှစ်ယောက်ရဲ့သံယောဇဉ်မျိုး ငါတစ်ခါမှမမြင်ဖူးဘူး၊ တစ်ယောက်နဲ့တစ်ယောက် စရင်နောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း အနာအကျင်မရှိဘူး၊ တစ်ယောက်နဲ့တစ်ယောက် တစ်နေ့မှ မမြင် မတွေ့ရရင်လည်း မနေနိုင်ကြဘူး''

''အေးလေ . . . အိမ်ချင်းဒီလောက်ကပ်နေလို့ အမြဲမြင်တွေ့နေရတာတောင် အပြင်ထွက်လည်ရတာ၊ ကားပတ်မောင်းရတာနဲ့ တကယ့်သမီးရည်းစားတွေ ချိန်းတွေ့ကြတာကျနေတာပဲ''

''ဟားဟား . . . ဒါတောင်ညကျရင် တစ်ယောက်နဲ့တစ်ယောက် ဂွတ်နိုက်လုပ်ပြီးမှ အိပ်ကြတာ၊ မနက်အိပ်ရာထရင်တော့ မောနင်းပေါ့၊ သူ့အရင်နိုးရင် သူ့အရင်နှုတ်ဆက်၊ ငါ့အရင်နိုးရင် ငါ့အရင်နှုတ်ဆက်၊ သာတယ် နာတယ် ဘယ်တော့မှမတွေးဘူး။ ဒါကြောင့် ချစ်သူတွေထက် ပိုတယ်လို့ပြောတာပေါ့''

လင်းထက်ပိုင်က သူ့စကားသူ့သဘောကျနေသည်။ ကော်ဖီကိုတစ်ငုံ ငုံပြီးမှ

''ငါကတော့ ဒီအခြေအနေလေးကို တန်ဖိုးထားတယ်၊ ချစ်သူတွေလို စိတ်ဆိုးစိတ်ကောက်တာမျိုး ရှော့မရှိဘူး။ ပြတ်စဲမှာ အသည်းကွဲမှာမျိုးလည်း မကြောက်ရဘူး၊ မိဘတွေသဘောမတူလို့ဆိုပြီး လွမ်းဆွေးရမှာမျိုးလည်း ရှိမှာမဟုတ်ဘူး''

''အေးပါ . . . မင်းအတွေးလေးက ချစ်စရာကောင်းပါတယ်၊ ဒါပေမဲ့ ဒါက နေခြည့်အတွေးနဲ့လည်းတူဦးမှကို၊ မင်းလည်း ချစ်သူမတွေ့သေးလို့ဖြစ်နိုင်သလို၊ နေခြည်လည်း ချစ်သူမတွေ့သေးလို့ ဒီအခြေအနေလေးကို ကျေနပ်နေတာလည်း ဖြစ်နိုင်တယ်၊ တစ်ခုတော့ရှိတယ်၊ မင်းတို့နှစ်ယောက်လုံး တစ်သက်လုံးတော့ ဒီလိုနေမှာမဟုတ်ဘူး သေချာတယ်''

''ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ''

''ဒီအဆင့်ကကျော်ပြီး ချစ်သူတွေဖြစ်ချင်တဲ့ အချစ်စိတ်တွေ နိုးထလာနိုင်တယ်လို့ပြောတာ''





လင်းထက်ပိုင် ကြည်နူးစွာ ပြုံးဖြစ်သွားသည်။ အဲဒီလိုဖြစ်သွားရင်လည်း သူတို့နှစ်ယောက်အချစ်က သူများတွေထက် ခိုင်မြဲလိမ့်မည်ဟု ယုံကြည်သည်။

မြင့်အေးပခုံးကိုပုတ်လိုက်ပြီး

''အဲဒီလိုဖြစ်လာတော့လည်း ကောင်းတာပေါ့ကွာ၊ ကဲ အတန်းတက်ရအောင်၊ ဒီနေ့ မင်းတို့နဲ့ထပ်မတွေ့တော့ဘူး၊ နေခြည့်အတွက် စာတွေကူးပေးရဦးမှာ၊ အိမ်လည်းစောစောပြန်ရမယ်၊ ရေမိုးချိုးပြီးတာနဲ့ နေခြည် နေမကောင်းတာပြုစုရဦးမယ်ကွ''

''ဟ . . ဒီကောင်ကျေနပ်နေတဲ့ပုံစံပဲကွ၊ တကယ့်စံပါပဲကွာ''

''ချစ်နေတာလေ၊ ဟဲ့မြင့်အေး . . . နင်လည်း ငါ့ကိုအဲဒီလို ဂရုစိုက်စမ်း၊ ငါလည်းကြည်နူးချင်လို့''

''အောင်မာ၊ အားကျနေသေးတယ်၊ ငါက ရွာနားကမြက်မစားဘူး''

''အမယ် နင်ကနွားလား၊ ရွာနားကမြက်မစားရအောင် ငါက ဘာဖြစ်နေလို့လဲ''

''ရှိလို့ . . . အော့''

''ခွေးကောင် သေနာ''

မြင့်အေးက စနောက်ပြီးထွက်ပြေးသည်။ ချိုချိုက လွယ်အိတ်နှင့်လိုက်ရိုက်၏။ ချစ်သူမဖြစ်သေးသော ရင်းနှီးမှုလေးတွေက ကြည်နူးစရာပါ။

ချစ်သူဘဝဆိုရင်သာ ပဋိပက္ခ အဖုအထစ်များနှင့် စိတ်ညစ်စရာတွေများတာ။ ငါတို့ ဒီဘဝလေးက အရမ်းကောင်းတယ်မဟုတ်လား နေခြည်။ စိတ်ကောက်ပြီး မခေါ်တဲ့အချိန်တွေမှမရှိတာ။

အတူစား အတူသွား အတူလာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် ပိုင်ဆိုင်တဲ့အချိန်တွေကို ကြည်ကြည်ဖြူဖြူပေးပြီး၊ တစ်ယောက်ဆန္ဒကို တစ်ယောက်လိုက်လျောကြတာ။

ငါတို့ဘယ်တော့မှ မခွဲဘူး နေခြည် ...။

❖❖❖



## အခန်း (၅)

"သား လာဦး"

ကျောင်းကအပြန် လွယ်အိတ်ထားပြီး နေခြည့်နတို့အိမ်ဘက် ကူးဖို့အပြင်မှာ မေမေခေါ်လိုက်တာကြောင့် ဖေဖေနှင့်မေမေ့အနား ထိုင်လိုက်ရသည်။

"သား စနောက်တာလွန်သွားလို့ နေခြည်လေး အထက်လှ အောက်လျှောဖြစ်တာ ကျောင်းတောင်မတက်နိုင်ဘူးဆို"

"ဟုတ်ကဲ့ ... ဟို"

"သားကကွယ် အဲဒီလောက်ထိ လူကိုအန္တရာယ်ဖြစ်အော တော့ မစရဘူးလေသားရဲ့"

"သူလည်း သားကိုစချင်တဲ့အခါ အလွန်အကျွံစတာပဲ"

"အေး ... အဲဒါခက်တာ၊ ငယ်ငယ်ကတည်းက တစ်ယော နဲ့တစ်ယောက် အစအနောက်ကသန်ကသန်ကြနဲ့၊ တော်ပါသေးတ စိတ်ဆိုးမာန်ဆိုးတော့ မရှိကြဘူး"

"လူကြီးချင်းမျက်နှာမပျက်ရလို့ တော်သေးတာပေါ့၊ မ သူ့သမီး ဒီလိုဖြစ်တာပြောပြပေမယ့် စိတ်ဆိုးပုံတော့ မရဘူး ဒီ ရွှေဆိုင်တောင် မထွက်နိုင်ဘူးရှင်လို့ပြောတော့ တခြားကိစ္စတ်နေ



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကိုယ့်သားကြောင့်ဖြစ်နေတာပဲ၊ တော်တော်အားနာဖို့ကောင်းတယ်''

လင်းထက်ပိုင် ပြုံးစိစိလုပ်နေကာ

''အန်တီက အဲဒီလိုပြောတာလား၊ သားကိုလည်းပြောတယ်၊ မင်းတို့အဲလောက်ဆိုးတာ မင်းအဖေနဲ့အမေကိုတိုင်ပြောမယ်တဲ့၊ အသက်အန္တရာယ်ဖြစ်ခဲ့တော့ ဘယ်လိုလုပ်မလဲဆိုပြီးဆူတာ''

''မဝေမို့ အဲဒီလောက်ပဲပြောတာသား၊ ဖေဖေသာဆို လက်သီးနဲ့ထိုးမှာ၊ သူငယ်ချင်းချင်းချစ်တယ်ဆိုရင် အဲဒီလိုမလုပ်ရဘူး နောက်မှတ်ထား''

''ဟုတ်ကဲ့ပါ ဖေဖေ''

ဖေဖေရှေ့မှာ ဟုတ်ကဲ့ဆိုပေမယ့် နေခြည်နုနဲ့တွေ့လျှင်တော့ မေ့သွားတတ်တာ ဖေဖေတို့လည်း သိနေမှာပင်။

''သား''

''ဟုတ်ကဲ့ ဖေဖေ''

''သားကားလဲစီးချင်တယ်လို့ ပူဆာထားတာ၊ ဒီလကုန် ဖေဖေလုပ်ပေးမယ်သား''

''ဗျာ ...တကယ်လား ဖေဖေ''

''သားကို ဘယ်အချိန်တုန်းက ဖေဖေညာဖူးလို့လဲ''

''ကိုထက်...သားကို ဘာလို့နောက်ကားတစ်စီးထပ်လဲပေးဦးမလို့လဲ၊ တက္ကသိုလ်စတက်တုန်းက ဝယ်ပေးထားတာလေ၊ အခုတစ်နှစ်တောင် မကုန်သေးဘူး၊ သိန်းသုံးလေးရာ အလိုက်ပေးရမှာ နှမြောစရာကြီး၊ သားကရော ဘာလို့ပူဆာတာလဲကွယ်''

''မေမေကလည်း ကျောင်းမှာ သူများတွေ ကားထည့်လဲစီးနေကြတာ၊ ကားအကောင်းစားတွေမှ လုမှလု၊ သားအားကျလို့ပါ''





''အဲဒါတကယ့်သူဌေးဘောစိတွေရဲ့သားသမီးတွေဖြစ်မှာပေါ့ သားရယ်၊ သားအဖေက ဆောက်လုပ်ရေးလုပ်ငန်းကြီးရဲ့ မန်နေဂျင်းဒါရိုက်တာအဆင့်ပဲရှိတာ၊ ကိုယ့်ဝင်ငွေနဲ့ တန်သလောက်ပဲ သုံးဖြုန်းတာကောင်းတယ်၊ သားအဖေက မေမေ့အသိုက်အဝန်းဘက်လည်း ထောက်ရသေးတယ်၊ သူ့ဘက်လည်းပြန်ကြည့်ရသေးတယ်၊ သားလိုအပ်တာလည်း ဖြည့်ဆည်းရတယ်ဆိုရင် ငွေကိုဘယ်လိုရှာမလဲသား''

ဒေါ်မြင့်မြင့်နွယ် မိန်းမသားပီပီ တွေးတွေးဆဆပြောတာကို ဦးထက်အောင်မကြိုက်ပေ။ မျက်မှောင်တစ်ချက်ကြုတ်ပြီး

''သားကိုမပြောပါနဲ့မြင့်ရယ်၊ ကိုယ်လုပ်ပေးနိုင်လို့ပေးတာပါ ကိုယ်တို့မှာ ဒီသားတစ်ယောက်တည်းရှိတာ၊ သားက ဆိုးသွမ်းနေတာ မလိုအပ်တာကို တောင်းဆိုနေတာလည်းမဟုတ်ပါဘူး၊ သူများတန်းတူ လူတန်းစေ့လေးတော့နေချင်မှာပေါ့''

''ကျွန်မတို့က ဘယ်လောက်တောင်ချမ်းသာနေလို့လဲ၊ ရှိတုန်းရှိ ရှယ်ယာလေးထည့်ပြီး အမြတ်အစွန်းအချိုးကျနည်းနည်းပဲရတာ၊ ဝင်ငွေနဲ့ ထွက်ငွေတော့မျှအောင်လုပ်ပါ၊ ကိုထက်ဘက်မှာလည်း ထောက်ပံ့စရာတွေရှိတယ်၊ ကျွန်မဘက်ကို ထောက်ပံ့ပေးရတာလည်း အခုထိ လွတ်ကင်းသေးတာ မဟုတ်ဘူး''

''ကဲ့ပါ မြင့်ရယ်၊ သားရှေ့မှာ အဲဒါတွေမပြောပါနဲ့၊ ကိုယ်တို့ အသက်ကြီးရင် ကိုယ်တို့ကသားကိုအားကိုးပြီး နေထိုင်သွားရမှာ၊ အခုချိန်မှာ ဖြည့်ဆည်းပေးရမှာပေါ့ မဟုတ်ဘူးလားသား''

''ဒါပေါ့...သားကိုအားကိုးစမ်းပါ မေမေရဲ့၊ သားက အခုသာ မှီခိုနေတာနော်၊ ကျောင်းပြီးရင် မေမေတို့ကိုလုပ်ကျွေးမှာ''

ဒီလိုပြောတော့ ဒေါ်မြင့်မြင့်နွယ် ကျေနပ်သွားသည်။

''ဟုတ်ပါပြီရှင် သားကိုယုံကြည်ပြီးနေလိုက်ပါ့မယ်၊ အားကိုးရ



www.burmeseclassic.com

www.burmeseclassic.com



မယ့်သားဆိုတော့လေ''

''မွေးရကျိုးနပ်တဲ့သားဖြစ်မှာပါ မြင့်ရယ်''

''ကဲ . . . သား နေခြည့်ဆီသွားလိုက်ဦးမယ်၊ ဖေဖေတို့နဲ့ စကားကောင်းနေတာ နောက်တောင်ကျနေပြီ''

''ဩော် . . . နေခြည့်က ဖေဖေတို့ထက်တောင် အရေးကြီးနေ လား''

''ဟဲ့ . . ဟဲ သားကြောင့် လူမမာဖြစ်သွားရလို့ပါ ဖေဖေရဲ့ သွားပြီနော် ဘိုင့်''

လင်းထက်ပိုင် ခပ်သုတ်သုတ်ပင် ပြေးထွက်လာခဲ့သည်။ နေခြည့်ဆီကို ဒီထက်ပိုစောပြီး အရောက်သွားချင်တာ မဟုတ်ပါလား။ သူတို့အိမ်နှင့် နေခြည်တို့အိမ်က ခြံစည်းရိုး အုတ်တံတိုင်းကာထားသည် ဆိုသော်လည်း နောက်ဖေးဘက်မှာတော့ ဟိုဘက်ဒီဘက်သွားရလွယ်ကူ အောင် လူတစ်ကိုယ်စာအပေါက်ဖောက်ခိုင်းထားသည်။

အိမ်ပြင်ဆောက်ပြီး ခြံစည်းရိုးအုတ်တံတိုင်းကာစဉ်က သူပဲ ဖေဖေ့ကိုပူဆာခဲ့တာပါ။ ထိုနေရာလေးမှာ ပုဏ္ဏရိပ်ပင်လေးသာ အဟန့် အတားရှိသည်။

နေခြည် သူ့အိမ်ဘက်ပဲလာလာ၊ သူက နေခြည်တို့အိမ်ဘက်ပဲ သွားသွား လွယ်ကူအောင်လို့ပင်။ ခြံရှေ့တံခါးပေါက်ကဆိုလျှင် တစ်ကွေ့ တစ်ပတ်ကြီးပတ်နေရမှာ မဟုတ်ပါလား။

''အန်တီဝေ၊ နေခြည်ရော သက်သာလား''

''ဩော် လင်းထက်၊ မင်းသူငယ်ချင်း သက်သာပါတယ်''

''ဟုတ်ကဲ့ . . . ကျွန်တော်စာတွေကူးလာတာလာပေးတာ၊ နေခြည်အပေါ်မှာလား''

''ဟုတ်ပါ့ . . . အခန်းထဲမှာလှဲနေတုန်းလား မသိပါဘူး၊ အောက်





တော့ဆင်းမလာသေးဘူး''

''ကျွန်တော် သွားလိုက်ဦးမယ်''

''အေးအေး၊ ပြီးရင်စွပ်ပြုတ်သောက်သွားလေ၊ မင်းသူငယ်ချင်း က ကြက်ရိုးစွပ်ပြုတ်သောက်ချင်တယ်ဆိုလို့ အန်တီကိုယ်တိုင်ချက်ထား တာ''

''အိုကေ၊ အန်တီဝေ့လက်ရာဆိုကြိုက်တယ်''

လင်းထက်ပိုင်ပြောပြီး နေခြည်နှရှိသော အပေါ်ထပ်ကို ပြေး တက်လာခဲ့သည်။ လော့ခ်ချမထားသော အခန်းတံခါးကို နှစ်ချက်သုံး ချက်သာခေါက်ပြီး တွန်းဖွင့်ဝင်လာခဲ့တော့ နေခြည်နှက ခုတင်ပေါ်မှာ လှဲနေတာမဟုတ်ပေ။

သူ့အိမ်ဘက်ကိုမြင်ရသော ပြတင်းပေါက်မှာ ခန်းဆီးစကိုဖယ် လျက် ရပ်နေခဲ့တာဖြစ်သည်။ သူ့ကိုမြင်တော့ နှာခေါင်းရှုံ့သွားလျက်

''နှင်က ကျောင်းကအပြန် ဘာလို့ငါ့ဆီတန်းခန့်မလာတာလဲ၊ နှင့်ကားကျောင်းအပြန် ခြံထဲဝင်လာကတည်းက ငါကြည့်နေတာ၊ တော် တော်နဲ့ကို ပြန်ထွက်မလာတော့ဘူး''

''ငါလည်း လွယ်အိတ်ထားပြီး တန်းထွက်လာမလို့ပါပဲ၊ မေမေ တို့က နှင့်ကိုဒီလိုလုပ်ရပ့်မလားဆိုပြီး ဆူနေလို့ နားထောင်နေရတာပါ''

''ဟင် . . . နှင့်ကိုဆူတယ်၊ မေမေ ပြောလိုက်တာထင်တယ်''

''အန်တီဝေ ရွှေဆိုင်မထွက်တာမြင်ပြီးမေးလို့ ပြောလိုက်တာ ဖြစ်မှာပေ့ါ၊ ထားပါဟာ ဒါကမိုင်နာပါ၊ မိဘနဲ့ သားသမီးပဲ နှစ်နာအောင် ဆူပါ့မလား၊ ငါ့ကိုကားလဲပေးဖို့တောင် ပြောလိုက်သေးတယ်''

''ဟုတ်လား၊ နှင့်အဖေက ကားအသစ်လဲပေးတော့မှာပေ့ါ နှင် တော့ပွတာပဲ''

''အေး . . . ပွတာပေ့ါဟ၊ ဒါနဲ့ နှင်သက်သာရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့အတိုင်းပဲ လန်းနေပါပြီ၊ နင်တန်းခနဲရောက်မလာလို့ ဘဲ စိတ်ကတိုနေတာ"

"အေးပါဟာ ဆောရီးပဲ"

"မဆောရီးနဲ့၊ ဒီညငါ့ကိုစာပြပေးပြီးမှပြန်ရမှာ"

"အေးပါ၊ ငါလည်း အဲဒီလိုလုပ်ဖို့ စိတ်ကူးထားပါတယ်၊ အန်တီဝေက ငါ့ကိုကြက်ရိုးစွပ်ပြုတ်တိုက်မယ်လို့ သတင်းကောင်းပေးလိုက်တယ်"

"အဝေတ်"

အနာအကျင်မရှိ ကြည်နူးစွာ ရယ်ဖြစ်ကြသည်။ သူတို့ရဲ့ရင်းနှီးမှုသက်တမ်းမှာ စိတ်ဆိုးစိတ်နာကြည်းတာမျိုးမရှိပေ။ ခဏတာ စိတ်ကောက်ခြင်းဟာလည်း သံယောဇဉ်တွေကြောင့် မေ့ပျောက်သွားရတာပါပဲ။

အဲဒီသံယောဇဉ်တွေကြောင့်ပဲ . . . ။

❖❖❖



# အခန်း (၆)

"ငါက ကြက်ခြေထောက်"

"ငါက တောင်ပံ၊ လည်ချောင်း"

"ငါ့ဖို့ ဖင်ဆီဘူးပေးဦး"

"ငါ့တောင်ပံ နင့်ထဲပါသွားပြီ၊ ပြန်ချ ပြန်ချ"

"ခြေထောက်ကို နင်ယူမသွားနဲ့လေဟာ၊ ခြေထောက်က သိပ်ပါတာမဟုတ်ဘူး"

"ပါပါတယ်၊ နင်ကအများကြီးယူထားပြီးတော့"

"စားတောင် မစားရသေးဘူး၊ ဒီလောက်တော့ရှိမှာပေါ့"

"ငါက နေမကောင်းတဲ့သူပါ ပိုစားရမှာ"

"အောင်မာ . . . အန်တီဝေက ငါ့အတွက်လည်းလုပ်ထားတာ ငါ့ဝေစုလည်း ပါတာပဲ၊ ဝေစုအတိုင်းစားရမှာပေါ့"

"နင်ကတော်ရုံစားပေါ့"

"ဟင့်အင်း . . . အလျှော့တော့မပေးနိုင်ဘူး စားရမှာပဲ"

ထမင်းစားခန်းထဲမှာ အသံဗလံက ဆူညံနေသည်။ ငြင်းခုံနေတာနှင့် စွပ်ပြုတ်တွေတောင် အေးစက်လောက်၏။

ဒေါ်ခင်နုဝေ စိတ်မရှည်စွာ စားပွဲခုံကို ဖြန်းခနဲပုတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ . . . ငြင်းခုံနေတာနဲ့ စားကြဦးမှာလား။ ပါးစပ်ထဲမထည့်ရသေးဘူး၊ လောဘတွေကြီးနေကြတာ၊ အေးကုန်တော့မှာပဲ၊ စားစရာရှိတာ စားကြတာမဟုတ်ဘူး"

"ဟုတ်ကဲ့ . . . စားမှာပါမေမေရဲ့၊ သူက"

"ကဲ . . . မပြောတော့ဘူး၊ စားချင်သလိုသာစားကြ"

မေမေ စိတ်မရှည်စွာ အပြင်ထွက်သွားတော့ နှမ့်ချင်းတိုက်ကာ တဟိဟိရယ်လိုက်ကြသည်။

"ငါတို့ကလည်း ငါတို့ပဲနော်၊ လူကြီးတွေ မျက်မှန်းကျိုးမယ်ဆိုလည်း ကျိုးချင်စရာပဲ၊ အစားအသောက်ဆို အငမ်းမရလုနေကြတာ၊ ကဲ . . . နင်သံပရာရည်ညှစ်ဦးမှာလား"

"ညှစ်မှာပေါ့ . . . နင်ညှစ်ပေး"

"ဟဲ့ . . . ငါက ဝမ်းလျှောနေတာ၊ အားမရှိဘူး နင်ညှစ်ပေး"

"ဩော် ဒီလိုချွဲတာလား၊ ရပါတယ် . . . သူငယ်ချင်းလေးကို သနားသောအားဖြင့် ပြုစုရမှာပေါ့လေ"

လင်းထက်ပိုင်က နေခြည်နှုခေါင်းလေးကိုပုတ်ကာ စနောက်ပြီးမှ သံပရာရည်ညှစ်ထည့်ပေးသည်။

"တော်ပြီလား"

"ဟင့်အင်း . . . ချဉ်ချဉ်လေး"

"ဝမ်းလျှောနေတဲ့အချိန် အချဉ်အများကြီးမစားရဘူးလေဟ၊ တော်ပြီနော် ဒီလောက်ပဲစား"

"ဒါဆိုနင်လည်း တစ်စိတ်ပဲညှစ်စား၊ ငါနဲ့အတူတူပဲ"

"အေးပါ"

အဲဒီလို လိုက်လျောမှုလေးတွေကလည်း သူတို့နှစ်ယောက်အတွက် ငြိတွယ်မှုလေးတွေပင်။ အရိုးကိုအပြိုင်ကိုက်ရင်း အရည်ကို





တရှုတ်ရှုတ်မြည်အောင်သောက်ကြသည်။

"နင်ကျောင်းမှာ ကောင်မလေးတွေကိုကြည့်သေးလား"

"မကြည့်ပါဘူး"

"သေချာလို့လား"

"ဩော် . . . သေချာတာပေါ့၊ မယုံရင် မြင့်အေးတို့မေးကြည့်"

"မြင့်အေးကနင့်လူ"

"ဒါဆို နင့်လူချိုချို့ကိုမေးကြည့်ပေါ့"

"ချိုချို့ကိုလည်း မုန့်တွေဘာတွေကျွေးစည်းရုံးပြီး နင်ကွက်ကျော်ရိုက်ချင်ရိုက်လို့ရတာပဲ၊ ချိုချိုကအငတ်"

"ဟား . . . ဟား နေခြည်ကတော့ပြောတော့မယ်၊ ချိုချိုကြားရင် ရင်ကွဲပက်လက်ဖြစ်သေတော့မှာပဲ"

"မသေပါဘူး၊ နင့်အကြောင်း အစ်အောက်မေးချင်ရင်လည်း ငါသူ့ကိုကျွေးရတာပဲ"

"ဟုတ်လား၊ ငါ့အကြောင်းဘာမေးတာလဲ၊ ဘာမေးစရာရှိလို့လဲ"

"ငါ့ကွယ်ရာမှာ ယောကျ်ားလေးပီပီ ခြေရှုပ်ချင်ရှုပ်နိုင်တယ်လေ၊ ယောကျ်ားအချင်းချင်း မြင့်အေးတော့သိမှာပဲမဟုတ်လား၊ အဲဒါ မြင့်အေးဆီကနေတစ်ဆင့် စုံစမ်းခိုင်းတာပေါ့"

"ကြည့်စမ်းလည်လိုက်တဲ့ ကလေးမ၊ အဲဒီတော့ ဘာတဲ့လဲ မြင့်အေးက ဘာပြောလဲ"

"သူသိသလောက်တော့ အေးဆေးပါ၊ သူမသိတဲ့အချိန်တွေတော့ မပြောတတ်ဘူးတဲ့"

"ဟား . . . အားကိုးလောက်တဲ့ကောင်ပဲ၊ သူမသိတဲ့အချိန်တွေမှာ ငါကဘာဖြစ်ရဦးမှာလဲ၊ နေခြည် နင်လျှောက်ပြီးသံသယတွေပင်



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့ ငါ့အတွက် နင့်လိုသူငယ်ချင်းတစ်ယောက်ရှိရင် လုံလောက်နေပြီ၊ ငမ်းငမ်းတက်အချစ်ကိုရှာဖွေရလောက်အောင် ငါမပေါ်ဘူး"

လင်းထက်ပိုင်အဖြေကို နေခြည်နုသဘောကျသွားသည်။ သူမ ထက်ကျန်သည့်အရာတွေက အရေးမကြီးဘူးလို့ပြောလိုက်သည်မဟုတ်လား။ သူမအတွက်လည်း လင်းထက်ပိုင်ဆိုသော သူကပဲ အရေးကြီးတာပါ။

"နင်တကယ်နော်"

"ကျွတ် ... ငါ့စကားကိုမယုံဘူးလား၊ ငါဘာလုပ်ပြရမလဲ"

"ဘူးသီးကြော်ဆယ်ပွဲ အကုန်စားခိုင်းတာမျိုးတော့ ငါမလုပ်နိုင်းပါဘူး၊ သတင်းတစ်ခုခုကြားလို့ကတော့ နင်သေပြီမှတ်၊ ငါ့ကိုလမ်းထိပ်ကနေ အိမ်အထိ ကုန်းပိုးလိုက်ပို့ရမယ်"

"သေစမ်းဟာ၊ အဲဒီလိုလုပ်ရမှာလား"

"အင်း"

"အေး ... ပြီးရော ပြီးရော၊ ကဲ ... အရိုးမြန်မြန်ကိုက်၊ စာကျက်ရမယ်"

"အိုကေ"

တကျွတ်ကျွတ် အရိုးကိုက်လိုက်၊ အရည်သောက်လိုက်လုပ်ပြီး စာဖတ်ခန်းထဲဝင်ခဲ့ကြသည်။ စာဖတ်ချိန် စာသင်ချိန်ဆိုလျှင်တော့ သူတို့စကားသိပ်မများပါ။

သူဆရာကြီးလုပ်ကာသင်သမျှ သူမက တပည့်မလေးတစ်ယောက်လို ခေါင်းတညိတ်ညိတ်နှင့် နာခံနေတတ်သည်။ ညရှစ်နာရီကျော်သည့်အထိ ဒီနေ့သင်သမျှ သူမကိုရှင်းပြပြီး သူမောသွားသည်။

"နေခြည် ငါပြန်တော့မယ်၊ ငါလည်း ကျန်ခဲ့တဲ့စာတွေလုပ်ရဦးမှာ"





"အေး ... ပြန်တော့လေ၊ အိပ်ခါနီးရင် ဖုန်းဆက်ဦးနော်"

"အေးပါ ... ဘယ်ချိန်တုန်းက ဝတ္တရားမကျေလို့လဲ"

သူ နှုတ်ဆက်ကာပြန်ခဲ့ပြီး ညအိပ်ခါနီး မွေ့ယာပေါ်လှဲချလိုက်သည့်အခါမှာ သူမဆီဖုန်းခေါ်လိုက်သည်။

"ဂွတ်နိုက် နေခြည်"

"အိပ်တော့မှာလား"

"အင်း ... မွေ့ယာပေါ်ရောက်နေပြီ"

"နင်က ငါ့ထက်စောသားပဲ၊ ငါကအခုမှအိပ်မလို့ ခြေလက်ဆေးပြီးတယ်"

"ငါဒီနေ့အရင်ဦးတယ်နော်"

"ဟုတ်ပါပြီ၊ ငါက နေ့လယ်က ဆေးသောက်ပြီး အိပ်ထားလို့နောက်ကျတာ"

"အခု အိပ်တော့လေ၊ နေမကောင်းပြီး အားနည်းနေတာဆိုတော့ စောစောအိပ်"

"အင်းပါ၊ ဂွတ်နိုက် လင်းထက်"

"ကောင်းသောညပါ နေခြည်၊ အိပ်မက်လှလှမက်ပါစေ"

အခုမှ ညတစ်ညအတွက် တာဝန်ကျေသွားသည်လို့ အောက်မေ့မိသည်။

အိပ်မက်တွေထဲမှာလည်း သူနှင့်သူမက သူငယ်ချင်းပါ။

ရယ်မောစရာ အတိတ်တစ်ခုနှင့် သံယောဇဉ်တွေ ငြိတွယ်ခဲ့ကြတာ၊ အဖြူရောင်ကြိုးလေး ဘယ်တော့မှမပြတ်ပါရစေနှင့်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟဲ့ ဟဲ့ . . . အခန်းပေါက်ဝမှာ ဟိုဆေးကျောင်းသားလာနေတယ်၊ ချိုချို သွားပြောစမ်းပါဟယ်၊ လင်းထက်တွေ့သွားရင် ဒုက္ခပါပဲ"

"ငါက ဘာသွားပြောရမှာလဲ"

"ဩော် . . . လာရပ်ကြည့်မနေနဲ့၊ ပြဿနာရှိတယ်လို့"

"ဘာပြဿနာလဲ"

"ဟဲ့ . . . ငါ့ချစ်သူက သဝန်တိုတယ်၊ လက်သီးနဲ့ဆွဲထိုးမခံချင်ရင် ပြန်လို့ပြောလိုက်၊ သွားမြန်မြန်ပြောချည်ပါဆို"

"အဲဒီလို ပြောလိုက်ရမလား"

"အေး . . . ပြောပါဆိုမှ သွား"

ချိုချို့ကိုဆွဲပြီး တွန်းလွှတ်လိုက်တော့ ချိုချို ယောင်တောင်တောင်နှင့် ထထွက်သွားသည်။ ခဏနေတော့ ချက်ချင်းပြန်ရောက်လာ၏။

"ဘာတဲ့လဲ ပြန်သွားပြီလား"

လှည့်မကြည့်ရဲဘဲ သူမမေးလိုက်သည်။ ချိုချိုက အနားမှာ ဆောင့်ကြောင့်ဝင်ထိုင်လျက်

"ငါ့ကိုများ . . . အစ်မက ဘာလို့လာပြောလဲ၊ ကျွန်တော်က နေခြည်နဲ့ စကားပြောပြီးမှပြန်မှာတဲ့"





"ဘာ"

"နှင်လွှတ်ချင်လည်း နှင့်ဘာသာနှင်သာ နှင်လွှတ်ချည်တော့၊ လူကိုများမတူသလို မတန်သလိုနဲ့၊ နှင့်မှာရှိသမျှ ငါ့မှာလည်း အကုန်ရှိတာပဲ"

"ဘာရှိတာလဲ"

"ဘာရှိရှိပေါ့ဟယ်၊ မသိသလိုလာမေးနေတယ်၊ လူကို အသေသတ်ချင်သတ် မပြောဘူး"

"အယုတ်မ"

ချိုချို့စကားကြောင့် ရယ်ချင်သော်လည်း မရယ်နိုင်ပါ။ ဟိုလူက အဲဒီအနားမှာပေကပ်ကပ်နှင့်ရှိနေဆဲမဟုတ်ပါလား။

"လင်းထက်မြင်ရင်တော့ ငါကွိုင်ပြီ ချိုချိုရယ်၊ ဟိုနေ့ကလို ဘူးသီးကြော်ဆယ်ပွဲစားဆိုရင်တော့ ငါဒီတစ်ခါ တကယ်သေပြီ"

"နှင်ကလည်း နောက်ကိုပဲသေချာပဲကြည့်ပါဦး၊ လင်းထက်နဲ့ မြင့်အေးက အတန်းဆင်းခါနီးလို့ အရင်ထွက်သွားပြီ"

"ဘာ . . . သူကဘာလို့ ငါတို့ကိုမစောင့်ဘဲ အရင်ထွက်သွားရတာလဲ"

"မသိဘူးလေ၊ ဘာလို့ထွက်သွားလဲ"

"လာ . . . အတန်းဆင်းပြီ၊ ငါတို့လည်းသွားရအောင်"

"ဟိုလူရှိတယ်နော်"

"လာပါ"

ချိုချို့လက်ကိုဆွဲ၍ မျက်နှာကိုတင်းထန်ကာ ထွက်လာခဲ့သည်။ အခန်းဝကိုရောက်တော့ ဟိုလူက ကိုးရိုးကားယားပိတ်ကာရပ်ထား၏။

"ရှင်ဘာလုပ်တာလဲ"

"ကျွန်တော့်ကို စကားနည်းနည်းပြောခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောစရာကျန်သေးလို့လဲ၊ ရှင့်ကိုကျွန်မစကားအပြတ်ပြောထားပြီးသားလေ၊ ကျွန်မ ရည်းစားထားဖို့ စိတ်ကူးမရှိဘူးလို့"

"ခုနက ဟိုအစ်မလာပြောတော့ မင်းရည်းစားက သဝန်တိုတတ်လို့ ပြန်ပါဆို"

"ဟို ... အဲ .. အဲဒါဟုတ်တယ်"

"ကျွန်တော့်ကို မလှည့်စားပါနဲ့ နေခြည်ရယ်၊ ကျွန်တော်နေခြည့်အကြောင်း စုံစမ်းနေခဲ့တာပါ၊ နေခြည့်မှာ ရည်းစားမရှိဘူး၊ အခုတွဲနေတဲ့လူကလည်း ငယ်ငယ်ကတည်းက ပေါင်းသင်းလာခဲ့တဲ့သူငယ်ချင်းပဲဆိုတာ"

"မဟုတ်ဘူး၊ ရှင်စုံစမ်းလို့သိတာ သတင်းအမှားကြီး၊ ကျွန်မအခုတွဲနေတဲ့သူက ကျွန်မရည်းစား"

"ဟဲ့ နေခြည်"

"အသာနေစမ်းပါ၊ လင်းထက်က အဲဒီလိုပြောတဲ့"

မဟုတ်တာကို လက်လာတို့နေသော ချိုချို့ကို သိသိသာသာ မျက်စိမှိတ်ပြလျက် ရှင်းပြနေရသေးသည်။ သကောင့်သားက သူမတို့အမူအယာကိုကြည့်လျက် ယုံကြည်ဖို့ခက်နေဟန်ဖြင့် ...

"ကျွန်တော့်ကို မညာပါနဲ့နေခြည်၊ အဲဒီလူကို ကျွန်တော် အခုလိုက်မေးရမလား"

"နီး နီး ... ဘာလို့မေးရမှာလဲ၊ အဲဒီလူက ရှင့်ကိုဆွဲထိုးလိုက်မှာပေါ့၊ အရမ်းစိတ်ကြီးတာ .... နော် ချိုချို"

"ဟင် ... အင်း ဟုတ်ပါ့ဟုတ်ပါ့"

"သူ့ကြည့်ရတာ ဖော်ရွေယဉ်ကျေးမယ့်ပုံစံပါ၊ ကျွန်တော် သူ့ကိုမြင်ဖူးနေတာပဲ"

"ရှင်က သူ့အကြောင်းမသိသေးလို့ပါ၊ ကဲပါ .. ရှင်ပြန်ပါတော့၊





ဆေးကျောင်းသားတစ်ယောက်ဖြစ်နေပြီး သူများအတန်းကိုပဲလာနေတာ၊ စာမေးပွဲမှအောင်ပါဦးမလား"

"ကျွန်တော့်ကိုစိတ်ပူလို့လား၊ မပူပါနဲ့နေခြည်၊ ကျွန်တော့်အဖေနဲ့အမေက အိမ်မှာစာပြပေးလို့ စာမေးပွဲမအောင်မှာ စိုးရိမ်စရာမရှိပါဘူး"

"ဩော် ... သူ့အတွက် ပူတယ်စိုးရိမ်တယ်ပဲရှိရသေးတယ်၊ ကဲ ... သွားပါတော့ နောက်လည်းမလာခဲ့နဲ့၊ ရှင့်ကို ကျွန်မဘယ်တော့မှ စိတ်ဝင်စားလာမှာမဟုတ်ဘူး"

"ကျွန်တော်စောင့်နေပါ့မယ်"

"ဘာ"

"ကျွန်တော့်ကို နေခြည်စိတ်ဝင်စားလာတဲ့နေ့အထိ ကျွန်တော်စောင့်နေပါ့မယ်လို့၊ ကျွန်တော့်ကိုမလာပါနဲ့လို့ မတားပါနဲ့၊ ကျွန်တော် ဒီကျောင်းကိုအမြဲရောက်နေမှာပါ"

"ဒီလောက်ဖွဲ့ကောင်းနေတာ၊ လဲသေလိုက်ပြီးရောရှင်၊ ချိုချို ဒီကိစ္စရှင်းနေလို့မပြီးဘူး၊ ငါတို့ကိုစောင့်နေရတာကြာလို့ လင်းထက်ပေါက်နေလောက်ပြီ သွားရအောင်"

"နေခြည်"

"မခေါ်နဲ့၊ လိုက်လည်းမလာခဲ့နဲ့နော်၊ ရှင်ပြဿနာမတက်ချင်ရင်နေခဲ့"

လက်ညှိုးထိုးကာ ပြောခဲ့ရင်း ဖွတ်ထွက်လာခဲ့ရသည်။ လင်းထက်ပိုင်တို့ကိုကြည့်တော့ ကျောင်းနားမှာ အရိပ်အယောင်တောင်မတွေ့ရပါ။ ချိုချိုနှင့် နှစ်ယောက်သား ဟိုဒီလျှောက်ကြည့်မှ လင်းထက်ပိုင်ကို မိန်းကလေးတစ်ယောက်နှင့် စကားပြောနေတာတွေ့လိုက်ရသည်။ လင်းထက်ပုံစံက ရယ်မောပြုံးရွှင်လို့ပါ။

"ချိုချို ကြည့်စမ်း၊ ဟိုမှာကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟဲ့"

"လင်းထက်လေ၊ မိန်းကလေးတစ်ယောက်နဲ့ အကြည်ဆိုက်နေတာ တွေ့လား"

"အေး . . . အေးဟဲ့"

ချိုချိုပါမြင်တော့ အံ့ဩသွားသည်။ အစိမ်းရင့်ရောင်ဝမ်းဆက်နှင့် အမျိုးသမီးရဲ့ပုံစံက အချိုးအစားကျနလှ၏။ ဆံနွယ်တွေက ကျောလယ်လောက်ရှိကာ စလင်းဘက်ဒ်လွှယ်ထားတာလည်း ကျော့ရှင်းသည်။

"ကြည့်စမ်း . . . ဘူးနေလိုက်တာ၊ သွားရည်တွေတောင်ကျနေလားမသိဘူး။ တွေ့မယ် တွေ့မယ်"

ထိုနေရာကို နေခြည်နု ခြေလှမ်းကျဲကျဲဖြင့် ခပ်မြန်မြန်လျှောက်သွားလိုက်သည်။ ထိုအချိန်မှာ အမျိုးသမီးကလည်း တစ်ဖက်ကို ဆင်မယဉ်သာ လျှောက်သွားလေသည်။

ထိုနေရာကို သူမရောက်သွားချိန်အထိ လင်းထက်ပိုင်က ထိုမိန်းကလေးကို မျက်စိတစ်ဆုံးလိုက်ကြည့်နေဆဲဖြစ်သည်။

"ဟဲ့ ငမ်းဘူးထ"

"အမယ်လေး"

နေခြည်နု အသံကြားလိုက်တော့ လင်းထက်ပိုင်လန့်ဖျပ်တုန်ကက်သွားလျက် ရင်ဘတ်ကလေး ဖိထားသည်။ မျက်လုံးတွေကကြောက်စရာတစ်ခုခုတွေ့လိုက်သလို ပြူးကျယ်ဝိုင်းစက်နေ၏။

"နေ . . . နေခြည်"

"ဘာနေခြည်လဲ၊ သရဲတစ္ဆေတွေ့သလို ဘာလို့မျက်လုံးပြူးသွားတာလဲ၊ မဟုတ်တာလုပ်ထားတယ်ဆိုတာ သက်သေပြနေတာလား"

"ဘာ . . . ဘာမဟုတ်တာလုပ်ရမှာလဲ၊ ငါဘာမှမလုပ်ဘူး"





"ဘာမလုပ်ဘူးလဲဟင်၊ ခုန မိန်းကလေးက ဘယ်ကလဲ၊ နင်တို့ ဘာရပ်လုပ်နေကြတာလဲ၊ အဲဒီမိန်းကလေးနဲ့တွေ့ဖို့အတွက် နင်စာသင်ခန်းထဲက အစောကြီးထွက်သွားတာမဟုတ်လား ပြောစမ်း"

"အာ . . . မဟုတ်ဘူး၊ မြင့်အေးအိမ်သာအရှမ်းတက်ချင်တယ်ဆိုလို့ ငါလိုက်လာပေးတာ"

"ယုံအောင်ပြော၊ ဒါဆို အဲဒီမိန်းကလေးနဲ့က"

"နောက်နှစ်ကျောင်းပြောင်းဖို့အတွက် ပါမောက္ခကိုလာတွေ့တာတဲ့၊ အဲဒါ ပါမောက္ခရုံးခန်းမသိလို့ ငါ့ကိုမေးတာနဲ့ ပြောပြနေတာပါ"

"သူ့ရဲ့နောက်ပိုင်းကို မျက်စိတစ်ဆုံးလိုက်ကြည့်နေတဲ့ နင့်ရဲ့ဘူးရောဂါကရော"

"အာ . . . ဘာတွေပြောနေတာလဲ၊ သူ့နောက်ပိုင်းကို ဘာလို့ကြည့်ရမှာလဲ၊ ပါမောက္ခရုံးခန်းသွားတဲ့လမ်းကို ပြလိုက်တာ၊ လမ်းမှားသွားမလားလို့ကြည့်တာပါ"

"ဟင်း ဟင်း . . . ဟွန်း"

မထိခလုတ် ထိခလုတ် လုပ်ကြဲရယ်လိုက်ပြီး လင်းထက်ပိုင်ကိုကျောကော့သွားအောင် အုန်းခနဲနောက်ကျောကိုထုပစ်လိုက်သည်။

"ဘာ . . . ဘာလုပ်တာလဲဟာ နာလိုက်တာ"

"နာရင်သေး၊ ကိုယ့်အပြစ်ကိုယ်ဝန်မခံဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေတယ်"

"ငါက ဘာအပြစ်လုပ်လို့လဲ"

"နင်ငမ်းကြော်ဆွဲတာလေ၊ ငါအဝေးကနေကြည့်နေတာ နင့်မျက်လုံးတွေ ကျွတ်ကျတော့မယ့်အတိုင်းပဲ၊ ပါမောက္ခရုံးခန်းမေးလို့ ပြောတာပဲ အဲဒီလောက်ပြူးပြဲပြုံးပျော်နေဖို့လိုလို့လား"

"နေခြည် . . . နင်ရစ်ပြီဟာ၊ တကယ် ဘာမှမဟုတ်တာကို



www.burmeseclassic.com

www.burmeseclassic.com



သာမန်ပါ၊ သူပါမောက္ခရုံးခန်းသိချင်လို့ ငါပြောလိုက်တယ်၊ ရိုးရိုးလေး''

''ရိုးရိုးလေးမဟုတ်ဘူး၊ နင့်မျက်လုံးတွေ မရိုးဘူး၊ သူ့နောက်ပိုင်းကိုကြည့်နေတဲ့ နင့်ဘူးချက်က သွားရည်တွေတောင်ကျ''

''နေခြည်''

''နင်ကျောက်ကန်ကန်ငြင်းပြီး အော်မနေနဲ့၊ ငါအစအဆုံးမြင်တယ် နင်မငြင်းနဲ့''

''ခက်တာပဲ နေခြည်ရယ်''

ချောင်ပိတ်မိသလို လင်းထက်ပိုင် ခေါင်းတွေကုတ်ကာ စိတ်ညစ်နေသည်။ ထိုအချိန်မှာ အိမ်သာဘက်က ရှုံ့ရှုံ့မဲ့မဲ့ထွက်လာသော မြင့်အေးက နောက်နားမှာရပ်နေသော ချိုချို့ကို ဘာဖြစ်တာလဲဟု မေးငေါ့ကာ မေးသည်။

ချိုချိုက မသိသလို ခေါင်းယမ်းပြ၏။ လင်းထက်ပိုင်က မြင့်အေးပခုံးကိုဆွဲလျက်

''ဟိတ်ကောင် မင်းကြိုပ်မွှေတာလာရှင်း၊ မင်းအိမ်သာတက်ချင်လို့လိုက်လာတာ၊ ဒီမှာပြဿနာတက်နေပြီ''

''အား ... ဘာပြဿနာတက်တာလဲ၊ ဒီမှာဗိုက်နာရတဲ့အထဲ ဘာပြဿနာမို့ ငါကရှင်းရမှာလဲဟ''

''မင်းကိုဒီနားမှာရပ်စောင့်နေရင်း မိန်းကလေးတစ်ယောက်က သူနောက်နှစ်ကျောင်းပြောင်းဖို့ ပါမောက္ခနဲ့တွေ့ချင်လို့ဆိုပြီး ရုံးခန်းမေးတယ်၊ ငါက ရုံးခန်းသွားရမယ့်လမ်းကို လက်ညှိုးထိုးပြလိုက်တယ်''

''အေး''

''သူသွားတာ လမ်းချိုးမှားမလားလို့ ငါလှမ်းကြည့်တယ်၊ အဲဒါကွာ ... အဲဒါပဲ''

''ဇအေးလေ ,... အဲဒါဘာဖြစ်လဲ''





''နေခြည်ရစ်နေတယ်၊ ငါက အဲဒီကောင်မလေး နောက်ပိုင်းအလှကိုဘူးနေတာ၊ သွားရည်တွေတောင်ကျလို့တဲ့''

''ဟုတ်လား ...မင်းကရော ဘာလို့သွားရည်ကျရတာလဲ''

''ဘာ ... ငါက ဘာလို့သွားရည်ကျရမှာလဲ၊ မကျပါဘူး၊ မင်းကို သက်သေခေါ်မှ ငါကထောင်ကျတော့မယ်''

''ထောင်ကျမယ်ဆိုလည်း ကျပေါ့ကွာ''

''ဟမ်''

''ပါမောက္ခရုံးခန်းပြောပြီးပြီဆိုရင်လည်း သူ့ဘာသာလမ်းမှားမှား မမှားမှား မင်းနဲ့ဘာဆိုင်လဲ၊ အဲဒီနားမှာတွေ့တဲ့လူကို ထပ်မေးပြီး ရောက်အောင်သွားလိမ့်မယ်ပေါ့''

''အေးလေ''

မြင့်အေးကပါ သူ့မဘက်က အင်အားတောင့်တင်းသွားပြီမို့ နေခြည်န ခေါင်းညိတ်မေးငေါ့ကာ ထောက်ခံသည်။ အခုမှ လင်းထက်ပိုင် ပိုပြီးအကျပ်ရိုက်သွားသည်။ မြင့်အေးကိုဆွဲထိုးချင်စိတ်တွေလည်း တဖွားဖွားပေါက်သွား၏။

လက်ဖက်ရည်တိုက်ရကျိုး မုန့်ကျွေးရကျိုးမနပ်သည့်ကောင်၊ သူ့ဘက်ကမပါဘဲ အလကားမျိုဆို့နေတာ။

''ဟဲ့ ... လင်းထက်''

''ဟင် ဘာ... ဘာလဲ နေခြည်''

''နင့်အပြစ် နင်သိတယ်နော်''

''ဘာ ... ဘာ အပြစ်လဲ၊ ငါဘာအပြစ်မှမလုပ်''

''ပြန်မယ်လာ၊ နင့်ကားထုတ်ခဲ့ ပြီးရင် လမ်းထိပ်ရောက်တာနဲ့ ကားကိုထားခဲ့ပြီး ငါ့ကိုအိမ်အရောက်ကုန်းပိုးပြန်ပို့ရမယ်''

''ဘာ''



www.burmeseclassic.com

www.burmeseclassic.com



လင်းထက်ပိုင် လန့်ဖျပ်သွားတာကို မြင့်အေးနှင့် ချိုချို ခွိခနဲ ရယ်လိုက်ကြသည်။ လင်းထက်ပိုင်က မျက်မှောင်ကြုတ်ကာ လက်သီး ပြတော့ ပါးစပ်ကို လက်လေးတွေနှင့်ပိတ်ကာ ကြိတ်ရယ်ကြ၏။

နေခြည်နုကတော့ ခပ်တည်တည်ပင်။

"ဟဲ့ ... ကားသွားထုတ်လေ သွားမယ်"

"အေး ... အေးပါ"

လင်းထက်ပိုင် ဘာမှမတတ်နိုင်။ နေခြည်နု ခိုင်းသမျှ လုပ်ရုံသာ ရှိသည်။ မဟုတ်လျှင် ဒီပြဿနာက ပြီးတော့မှာမဟုတ်ဘူး မဟုတ်လား။

နေခြည်နု နှင်လုပ်ထားဦးပေါ့ဟာ ...။

❖❖❖



## အခန်း (၇)

"ဟဲ့ ... ဟဲ့ ဒါကဘယ်လိုဖြစ်လာကြတာလဲ၊ ငါ့နှယ် ခု[illegible] ပါပဲ"

လင်းထက်ပိုင်ကို ကုန်းပိုးစီးပြီး ဝင်လာတာကြောင့် ဒေါ်ခင်[illegible] ဝေ မျက်နှာတွေထူပူကာ အော်လိုက်မိသည်။ လမ်းထဲကလူတွေမြင်လျှ[illegible] ဘယ်လိုထင်ကြမလဲ။

ငယ်တော့တဲ့အရွယ်တွေလည်းမဟုတ်။ တက္ကသိုလ်ပထမနှ[illegible] တောင်ပြီးတော့မည့် လူပျို အပျိုအရွယ်တွေ။

ပတ်ဝန်းကျင်အမြင်မှာ သင့်တော်လားမတော်လား မတွေးတတ်[illegible] အောင် ရူးနေကြပါလား။

"ကဲ ... နေခြည်နု၊ မချောကပြောတာ ငါ့မှာမယုံနိုင်ဘူ[illegible] လမ်းထိပ်စတိုးဆိုင်မှာ လိုတဲ့ပစ္စည်းလေးသွားဝယ်ခိုင်းလိုက်တာ မမချေ[illegible] က ကိုလေးလင်းထက်ပိုင် ကျောကုန်းပေါ်စီးလာတယ်တဲ့၊ ခြေကျိုး[illegible] လက်ကျိုးလို့လား အောက်မေ့တာ၊ ကားကိုလမ်းထိပ်မှာထားခဲ့ပြီး ဒါ[illegible] ဘာလုပ်ကြတာလဲ"

"ဟိုလေ မေမေ .. အဲဒါက"

"စကားကို ဆက်တောက်ဆက်တောက်လုပ်မနေနဲ့ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . သူ . . . သူအပြစ်လုပ်ထားလို့ အပြစ်ပေးတာ"

"ဘာ . . . ညည်းတို့ကိုယ်ညည်းတို့ ဘယ်အရွယ်များအောက်မေ့နေကြတုန်း၊ ငယ်ငယ်တုန်းကလို နေချင်သလိုနေလို့ရတယ် ထင်နေလား ပတ်ဝန်းကျင်အမြင်မှာရော မိဘတွေအမြင်မှာရော သင့်တော်ပါ့မလား၊ မတွေးမိကြဘူးလားဟင်"

"သမီးတို့က ဘာလုပ်လို့လဲ၊ လင်းထက် အပြစ်ကြီးလုပ်ထားတာ မေမေမသိဘဲနဲ့၊ ဒီလိုအပြစ်ပေးမှ နောက်မှတ်သွားမှာ"

"ဘာ"

ဒေါ်ခင်နုဝေ အော်ချလိုက်တာ၊ လျှာတစ်လစ်ထွက်ကာ အမောဆို့နေသော လင်းထက်ပိုင် ဆတ်ခနဲတုန်သွားသည်။ နေခြည်နုကတော့ ပခုံးလေးတွန့်ရုံသာတွန့်၏။

"ဟုတ်တယ် . . . မေမေရဲ့၊ မိန်းကလေးတစ်ယောက်ကိုလေ မျက်လုံးကြီးကျွတ်ကျမတတ်လိုက်ကြည့်လို့ ဒီလိုအပြစ်ပေးလိုက်ရတာ၊ မဟုတ်ရင် ဒီကောင် ဒီလိုအပြစ်မျိုးထပ်ကျူးလွန်နေဦးမှာ မေမေ"

"နေခြည်နု . . . ညည်းရူးနေလားဟင်၊ သူယောကျ်ားလေးပဲ ကြည့်ချင်လည်း ကြည့်မှာပေါ့"

"မကြည့်ရပါဘူး၊ သမီးကိုယောကျ်ားလေးတွေနဲ့ပတ်သက်ရင်လည်း သူဒီလိုအပြစ်ပေးတာပဲ၊ သမီး ဘူးသီးကြော်တွေစားပြီး သေမလိုဖြစ်တာ သူ့ကြောင့်လေ၊ ဟင်း . . . ဟင်း အဲဒါကြောင့် သူအမောဆို့ပြီးသေအောင် သမီးက ကုန်းပိုးစီးလိုက်တာ"

"ခက်လိုက်တာ နေခြည်နုရယ်၊ ငါတော့ သေချင်တာပါပဲ၊ လင်းထက်"

"ဗျာ"

"မင်းတို့နှစ်ယောက်ကို ငါတို့လူကြီးတွေ ဘယ်လိုဆုံးမရမလဲ





ပြောပါဦး၊ ရွှေမှာဆို ဟုတ်ကဲ့ ကွယ်ရာဆို မင်းတို့လုပ်ချင်တာလုပ်ကြတယ်၊ မင်းကရော ဘာလို့ကုန်းပိုးစီးခံရတာလဲ"

"ဟို . . . ကျ . . . ကျွန်တော့်မှာအပြစ်ရှိတယ်ပြောလို့ အဲဒါ"

"ခက်တယ် . . . နင်တို့နဲ့တော့ ခက်တယ်သိလား၊ နင်တို့အရွယ်တွေမငယ်တော့ဘူး၊ လူပျိုအပျိုတွေဖြစ်လို့ တက္ကသိုလ်တောင်တက်နေကြပြီ၊ ဒီလိုပုံစံနဲ့ ပတ်ဝန်းကျင်အမြင်မှာ မသင့်တော်ဘူးဆိုတာ မသိကြဘူးလား"

"ဟုတ်ကဲ့ . . . ဒီလိုပုံစံမျိုး နောက်မလုပ်တော့ပါဘူး"

"တခြားပုံစံနဲ့တော့ လုပ်ကြဦးမှာပဲ မဟုတ်လား"

နှစ်ယောက်လုံးမဖြေကြ။ လုပ်ဖြစ်ချင် လုပ်ဖြစ်ဦးမှာပဲမို့ အာမခံဖို့ ခက်ခဲနေကြခြင်းပင်။

နှစ်ယောက်သား မျက်စပစ်လျက် ပြုံးစိစိလုပ်နေကြသည်။

ဒေါ်ခင်နုဝေတော့ ပတ်ဝန်းကျင်ကို မျက်နှာပူကာ ဒေါသမပြေနိုင်သေးပါ။

"မင်းတို့အရွယ်တွေလည်း ရောက်နေပြီ၊ ငယ်ငယ်ကလို နေချင်သလို မနေကြနဲ့တော့၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးတာကို နားလည်တယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာရှိတယ်၊ ငယ်ငယ်က ဘောလုံးကွင်းထဲ နပန်းလုံးသလို အမြင်မတော်တာလုပ်လို့ မရတော့ဘူး၊ နားလည်လား"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ မေမေ"

"အေး . . . မိဘစကားကို ရှေ့မှာလည်းနားထောင်ရတယ်၊ ကွယ်ရာမှာလည်း နားထောင်ရတယ်၊ မိဘက ကောင်းစေချင်လို့ပြောတာလား ဆိုးစေချင်လို့ ပြောတာလားဆိုတာ နားလည်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဟုတ်ကဲ့"

"သွားကြတော့၊ လင်းထက်လည်းပြန်၊ နေခြည်လည်း ရေချိုးတော့"

ပြောပြီး ဒေါ်ခင်နုဝေက အရင်အိမ်ထဲဝင်သွားသည်။ လက်ကလေး နောက်ပစ်ထားသော လင်းထက်ပိုင်က နေခြည်နုခေါင်းကို ပုတ်ပြီး

"အဲဒါ နှင့်ကြောင့်"

"ဘာနှင့်ကြောင့်လဲ၊ နှင်ဘူးတာကနေစတာ၊ နောက်တစ်ခါဆို ဒီထက်ဆိုးတဲ့ အပြစ်ပေးမယ်"

"အေးပါ၊ နှင်လည်း ကြပ်ကြပ်ဂရုစိုက်၊ ဟိုကောင် ကျောင်းဝင်းထဲ ရစ်သီရစ်သီလုပ်နေတဲ့သတင်း ငါကြားတယ်၊ နှင်သူနဲ့စကားပြောတာ ပတ်သက်တာတွေ့လို့ကတော့ မလွယ်ဘူးမှတ်"

"အောင်မယ်လေး ကြောက်စရာ လန့်စရာ"

နေခြည်နု ပခုံးလေးတွန့်သွားသည်။ ညနေကအဖြစ်အပျက်တွေ့သွားလျှင် တကယ်လက်သီးနှင့်အထိုးခံရမည့်ကိန်းပါ။

သူမ ပြဿနာက သူ့ပြဿနာဖြစ်သွားလို့ပဲ တော်သေး၏။

"ကဲ ... သွားမယ်၊ ဒီသတင်းက ဖေဖေတို့လည်း ကြားပြီးလောက်ပြီ၊ ဆူခံထိရင် ထိဦးမှာ၊ ညကျဖုန်းဆက်နော်"

"အေးပါ၊ ဆူခံထိပြီး စိတ်ညစ်နေရင် အိမ်မှာထမင်းလာစားနော်"

"အာ ... အန်တီဝေက ဒေါသဖြစ်နေတာ ဒီနေ့တော့ လာမစားရဲပါဘူး"

"နှင်အိမ်ထဲလာမစားရဲရင် နောက်ဖေးမှာ ငါလာကျွေးမှာပေါ့





ဟဲ့၊ ခြံပေါက်ဝနားမှာ ထိုင်ခုံတွေရှိတာပဲ"

"အေး ... ငါအခြေအနေကြည့်လိုက်ဦးမယ်"

"ဖုန်းဆက်"

"အိုကေ"

နေခြည်နု ပါးလေးကိုဆွဲဖျစ်လိမ်ပြီးမှ ထွက်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကြည်နူးနေမိတာပါပဲ။ ဒီဘဝလေး မပျောက်ဆုံးဖို့ကိုပဲ ....။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"လူသတင်း လူချင်းဆောင်တယ်၊ လမ်းထိပ်မှာ ကားထားခဲ့ပြီး နေခြည်နကို ကုန်းပိုးပြန်တာ ဘာဖြစ်လို့လဲသား"

"ဗျာ ... ဟို"

"ကားမကောင်းရင် ဝပ်စ်ရှော့ပို့ပြီး တက္ကစီနဲ့ပြန်လို့ရတာပဲ၊ လမ်းထိပ်ရောက်မှ ကားကဘာလို့ထားခဲ့ရတာလဲ၊ နောက်ပြီး နေခြည်နနေမကောင်းသေးလို့ ကုန်းပိုးပြီးပြန်ပို့တာလား"

"မဟုတ်ပါဘူး၊ နှစ်ခုလုံးမဟုတ်ပါဘူး ဖေဖေ"

ဦးထက်အောင်နှင့် ဒေါ်မြင့်မြင့်နွယ်တို့ လင်မယားနှစ်ယောက်အကြည့်ဆုံသွားကြသည်။ လင်းထက်ပိုင်က မှင်သေသေနှင့်ပင်။

"သားတို့ အပျင်းပြေ ကစားကြတာပါ"

"ဘာ ... ကစားတာ၊ မင်းတို့ကွာ မကြီးမငယ်နဲ့၊ ပျင်းတိုင်း ဒီလိုပုံစံနဲ့ ကစားရမယ့်အရွယ်လား၊ ဒီအရွယ်နဲ့ ဒီအရွယ် ကုန်းပိုးပြီးပြန်လာတာ မြင်လို့တောင်မကောင်းဘူး၊ ကိုရီးယားရောက်နေတယ်များထင်နေလား"

"သားကကွယ်၊ အဲဒီလိုကစားရမယ့် အရွယ်မဟုတ်ဘူးလေသားရဲ့၊ ဒီအရွယ်မိန်းကလေးကို ကုန်းပိုးတယ်ဆိုတာ ဘယ်လိုမှမသင့်





တော်တော့ဘူး ကြားလားသား"

"ဟုတ်ကဲ့ပါ မေမေ"

"အေး ... သားတို့ချင်း သံယောဇဉ်ရှိတာတော့ မေမေတို့လည်း နားလည်ပါတယ်၊ ဒါပေမဲ့ အခြေအနေ အချိန်အခါရှိတယ်သားအသက်အရွယ်အရ ဆင်ခြင်ရမှာတွေဖြစ်လာပြီ၊ မေမေတို့က နေခြည်လေးကို မချစ်လို့ပြောတာမဟုတ်ပါဘူး၊ ငယ်ငယ်ကတည်းက သားနဲ့အတူထိန်းကျောင်းလာရတဲ့ကလေးပဲ၊ သမီးရင်းလေးလိုကိုချစ်ပါတယ်"

"ဟုတ်တယ်သား၊ နေခြည်လေးကို ဖေဖေလည်းချစ်ပါတယ်၊ ဖအေမရှိတော့လို့ ပိုတောင်သနားမိသေးတယ်၊ ရှစ်တန်းနှစ်မှာ ကိုတင်မောင်ဆုံးတော့၊ လုပ်ငန်းကိစ္စတွေ မလည်မဝယ်နဲ့ မဝေအခြေအနေယိုင်သွားမယ်ထင်တာ၊ ရွှေဆိုင်လေးနဲ့ ထူထောင်မပျက်နေနိုင်တာပဲ တော်သေးတယ်၊ သားတို့ ဒီလိုလုပ်နေတော့ မဝေလည်း စိတ်ပင်ပန်းရတာပေါ့သားရင်၊ သားတို့က လိမ္မာကြပါ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဖေဖေ"

"အေး ... သား သွားနားချေတော့"

ပြောသင့်တာပြောပြီး သားကိုနားခိုင်းလိုက်ရသည်။ ကလေးတွေက မိဘကို ကလန်ကဆန်လုပ်ကြတာလည်းမဟုတ်ဘဲနှင့် လေးလေးနက်နက် နားခံမှုမရှိဘဲ သူတို့လုပ်ချင်တာလုပ်နေကြတာ။ ဒေါ်မြင့်မြင့်နွယ်က သက်ပြင်းတွေချပြီး

"ကလေးတွေနဲ့တော့ ခက်တော့တာပါပဲ ကိုထက်ရယ်၊ ပြောမနိုင်ဆိုမနိုင်ဖြစ်နေကြတာ"

"အဲဒီလောက်လည်း မဟုတ်ပါဘူးမြင့်ရယ်၊ ကလေးတွေတစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးကြတာ ကောင်းပါတယ်၊ အခြားချစ်သူရည်းစား အရှုပ်အရှင်းမရှိကြဘူး၊ တစ်ယောက်နဲ့တစ်ယောက် ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်သွားကြတာ၊ ကိုယ်တော့သဘောကျတယ်''

''တစ်နေ့ကျရင် လက်ထပ်ပေးဖို့များ စဉ်းစားထားလား''

''အင်း ... သူတို့ချင်း သဘောကျရင်ပေါ့၊ အခုချိန်မှာ မရင့်ကျက်သေးတာကလွဲရင် ဘာအပြစ်ပြောစရာရှိမှာလဲ''

''ဟုတ်ပါပြီ၊ ဒါနဲ့ ကိုထက်တို့ကုမ္ပဏီရော အဆင်ပြေရဲ့လား၊ အခုက နိုင်ငံခြားက ဆောက်လုပ်ရေးကုမ္ပဏီတွေပါဝင်လာပြီဆိုတော့ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ အနည်းနဲ့အများတော့ ထိခိုက်မှာပဲနော်''

''ထိတော့ ထိခိုက်တာပေါ့၊ ဒါပေမဲ့ ကိုယ်တို့သူဌေးက အရင်ကတည်းက အောင်မြင်တဲ့လုပ်ငန်းရှင်ဆိုတော့ ထူးပြီးလုပ်ငန်းကျဆင်းသွားတာမျိုးတော့ မရှိပါဘူး၊ အပြိုင်အဆိုင်ဖြစ်လာတာမျိုးတော့ ရှိတာပေါ့လေ၊ အဲဒါကြောင့်မို့ ကိုယ်တို့အမြတ်အစွန်းတွေလည်း နည်းနည်းကျသွားတာပေါ့''

''ဒါပေမဲ့ ကိုထက်ဝင်ငွေကတော့ ကျမသွားဘူးထင်တယ်နော်''

''ဟင် ... အဲ ... အဲဒါက''

ဦးထက်အောင် ကိုယ့်စကားမှားသွားမှန်း သတိထားမိချိန်က နောက်ကျသွားခဲ့သည်။ ဒေါ်မြင့်မြင့်နွယ်က ဦးထက်အောင်မျက်နှာကို စူးစမ်းသလို အကဲခတ်လိုက်ပြီး

''အဲဒါက ဘာဖြစ်လို့လဲ ပြောပါဦးကိုထက်''

''ဩော် ... ကိုယ်တခြားလုပ်ငန်းလေးလုပ်ထားတာလည်း ဝင်ငွေရတယ်လေ''

''ဘာအလုပ်လဲ၊ ကျွန်မကိုလည်း မတိုင်ပင်ဘူး''

''သူငယ်ချင်းတစ်ယောက်လုပ်တာကို ကိုယ်ကရှယ်ယာနည်းနည်းဝင်လိုက်တာပါ၊ ဒီဘက်ကဝင်ငွေလျော့သွားတော့ တစ်ဖက်က ဝင်





ငွေလေးရအောင်လို့လေ၊ ဒါကြောင့်လည်း ကိုယ်တို့အမြတ်အစွန်းနည်းသွားပေမယ့် ဝင်ငွေလျော့တာ မသိသာတာပေါ့ကွာ၊ သားအတွက်လည်းကားရပြီ''

''အဲဒါတွေက အရေးမကြီးပါဘူး ကိုထက်၊ အမြတ်အစွန်းလျော့သွားလို့လည်း ကျွန်မတို့ထူးပြီးမွဲမသွားနိုင်ဘူး၊ လုပ်ငန်းလုပ်တာ အရှုံးအမြတ်ဆိုတာရှိမှာပဲ၊ လူပေါင်းမမှားဖို့ဘဲ အရေးကြီးတာ''

''ဟုတ်ပါတယ်၊ ဟိုတလောက ညီအငယ်ဆုံးရဲ့မင်္ဂလာဆောင်အတွက် မေမေတို့ သိန်းတစ်ရာတောင်းတာပေးလိုက်ရတော့ ငွေထပ်ဝင်အောင်လို့ပါ၊ မြင့်အမေဆေးကုသွားဖို့လည်း သိန်းတစ်ရာနီးပါးပေးလိုက်ရဦးမယ်လေ''

''ဒီငွေတွေ လျော့သွားမှာပဲဆိုပြီး လောဘနဲ့တော့ မရှာပါနဲ့ကိုထက်ရယ်၊ ကျွန်မတို့ ဒီလိုနေနိုင်တာ ကိုထက်ကျေးဇူးကြောင့်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုထက် ပင်ပန်းတာတော့ ကျွန်မ မလိုလားဘူး။ ဒီကုမ္ပဏီက ဝင်ငွေနဲ့လည်း တင့်တောင့်တင့်တယ် ပြည့်ပြည့်စုံစုံနေနိုင်နေတာပဲ''

''အင်း ... ဟုတ်ပါတယ်၊ ကဲပါမြင့်ရယ် ဘာမှမစိုးရိမ်ပါနဲ့၊ မင်းယောကျ်ားက အလတ်ကြီးရှိသေးတယ်၊ ပင်ပင်ပန်းပန်းအလုပ်လည်း မဟုတ်လို့ ကိုယ့်အတွက် မပူပါနဲ့၊ ဘာမှမဖြစ်ပါဘူးနော်မြင့်''

ဦးထက်အောင် မိန်းမဖြစ်သူကိုပါးလေးဖျစ်ညှစ်၍ ချော့သည်။ ဒေါ်မြင့်မြင့်နွယ်က မျက်စောင်းထိုးပြီး

''ကျွန်မက ကိုထက်အတွက်ပြောတာပါ၊ အလုပ်ကိုလောဘကြီးပြီး ငွေမရှာစေချင်ဘူး။ အသက်အရွယ်ရလာရင် စိတ်အပင်ပန်း လည်း မခံနိုင်တော့ဘူးလေ၊ ပြီးတော့ ကိုထက်က သွေးတိုးရောဂါကလည်း ရှိသေးတယ် ဒါကြောင့်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ မြင့်ရယ်၊ ကိုယ်ရှာနေတာက ကိုယ်တို့မိသားစုအတွက် ချည်းမဟုတ်ဘူးလေ၊ နှစ်ဖက်မိဘအသိုက်အဝန်းကလည်း ကိုယ်တို့ကို အားကိုးနေတာမဟုတ်လား၊ မင်းအမေဆိုလည်း ကိုယ်တို့ ထောက်ပံ့လို့သာ နိုင်ငံခြားဆေးသွားကုနိုင်ပြီး ကျန်းမာနေတာ"

"အဲဒါကြောင့်မို့ ကျွန်မကလည်း ကိုထက်ကိုကျေးဇူးတင်နေတာပါ၊ မိဘတွေကလည်း ကျွန်မ အိမ်ထောင်ကျက်ကောင်းတယ်ဆိုပြီး ပြောနေကြတာ၊ တချို့ယောကျ်ားတွေဆို အဲဒီလိုဆွေမျိုးသားချင်းကို ထောက်ပံ့ရရင် ကြည်ဖြူမှာမဟုတ်ဘူးတဲ့၊ သူတို့လည်း ကိုထက်ကို ကျေးဇူးတင်ကြပါတယ်"

"ဒီလိုပဲပေါ့ မြင့်ရယ်၊ ကိုယ့်ဘက်ကိုလည်း ထောက်ပံ့နေရတာဆိုတော့ မျှမျှတတပေါ့၊ မိဘတွေလည်း အသက်ကြီးနေကြပြီမဟုတ်လား၊ သူတို့စိတ်ချမ်းသာဖို့ပဲ အရေးကြီးတာပါ၊ မြင့်မိဘကလည်း ကိုယ့်မိဘပါပဲ"

ကိုထက်စကားကြောင့် ရင်မှာကြည်နူးသွားရသည်။ ဒီယောကျ်ားက လက်ထပ်ပြီးကတည်းက မိဘတွေအပေါ် သိတတ်ခဲ့တာပါ။ နှစ်ဖက်မိဘတွေကို မျှတအောင်ထောက်ပံ့ပေးခဲ့သည်။

ထူထောင်ခါစက အနည်းအကျဉ်းဆိုပေမယ့် အဆင်ပြေရင်ပြေသလို ပြည့်စုံအောင်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

သားနှင့် မိမိအတွက်တော့ ကံကောင်းခြင်းတွေချည်းပါပဲ။

❖❖❖



## အခန်း (၁၀)

"မောနင်း လင်းထက်"

"မောနင်း နေခြည်"

ဒီနေ့တော့ သူမအိပ်ရာစောနိုးခဲ့ပြီး မွေ့ယာထက်ကနေ လင်းထက်ကို နှုတ်ဆက်လိုက်သည်။ သူမ ဖုန်းသံကြားလျှင် လင်းထက်လည်း နိုးရမည်ပေါ့။

လင်းထက်အရင်နှုတ်ဆက်လျှင်လည်း သူမ အိပ်ချင်မူးတူးဖြင့် နိုးထလာခဲ့ရတာပဲ မဟုတ်လား။

"ဟဲ့ ... လင်းထက်၊ ငါကရေချိုးဖို့ပြင်နေပြီနော်၊ နင်တကယ်နိုးတာရောဟုတ်ရဲ့လား"

"အောင်မာ တကယ်နိုးတာပေါ့ဟ၊ နင်သာခုတင်ပေါ်က မထသေးတဲ့အသံဆိုတာ ငါသိတယ်"

"ဟဲ ဟဲ ... သူငယ်ချင်းလေးက ဘယ်လိုလုပ်သိတာလဲ"

"နင့်အကြောင်းမသိဘဲနေပါ့မလား အံတိုနေပြီ၊ နင်တကယ်အိပ်ရာက ထတယ်ဆိုရင် ဝရန်တာထွက်ပြ"

"ဟင်"

သူမ ကိုယ့်အတတ်နှင့်ကိုယ်စူးသွားသည်။ ဖုန်းကိုကိုင်ပြီးကာဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မွေ့ယာပေါ်ချကာ ကပျာကယာ ဆံပင်တွေသပ်၊ ပန်းရောင်လွင့်နေသော ညဝတ်အင်္ကျီလေးကို သေသပ်အောင်ဆွဲချနှင့် ပြီးမှတံခါးဖွင့်၍ ဝရန်တာဘက်ထွက်လာခဲ့သည်။

"တွေ့ပြီလား လင်းထက်"

ဖုန်းကိုင်လျက်နှင့် ဝရန်တာဘက်ထွက်ရပ်နေသော လင်းထက်ပိုင်ကို မေးငေါ့ကာ မေးလိုက်သည်။ ဖုန်းထဲမှာ ကဲ့ရဲ့လှောင်ပြောင်လိုသော လင်းထက်ပိုင်ရယ်သံကြီး ကျယ်လောင်စွာကြားလိုက်ရသည်။

"ဟဲ့ ... ဘာရယ်တာလဲ"

"တော်တော်လေး မြန်မြန်ဆန်ဆန်မှ ခုတင်ပေါ်က လူးလဲထခဲ့ရဲ့လားလို့ မေးမလို့ပါ၊ အေးပါ နေခြည်ရယ်၊ ဘာဖြစ်ဖြစ်ပါ မနက်မိုးလင်းလင်းချင်း နင့်မျက်နှာကိုမြင်လိုက်ရတာပဲ၊ နင်ညာတာဆိုရင်လည်း ငါကျေနပ်ပါတယ်"

"အောင်မယ် ပြောရတယ်ရှိသေးတယ်"

"မဟုတ်ဘူးလေ၊ အာပုပ်စော်နံ့တော့ ငါလည်းသိတာပေါ့"

"ကောင်စုတ် ဖုန်းထဲကနေ အာပုပ်စော်နံ့ပါ့မလား"

"ဟား ဟား နင့်အနံ့က ဒီမှာတော့ရနေတာပဲ"

"ပြောမနေနဲ့၊ ဒီနေ့ကျောင်းမတက်ရဘဲ ဘာလို့နိုးတာလဲ"

"ဖေဖေ ကားအသစ်လဲပေးတယ်ဟ၊ ကန်တော်ကြီးထဲသွားမွှေကြမယ်လေ၊ ငါ့ကားအသစ်လေးကို နင့်ကိုအရင်စီးစေချင်လို့"

"ဟယ် ... အဲဒါမှဒုက္ခပဲ၊ မေမေက ဒီနေ့မနက် ညီ့သည်လာမှာဆိုပြီး ငါ့ကို မချောအလုပ်တွေ ပိုင်းလုပ်ခိုင်းထားတယ်"

"ဟင် ... ဟုတ်လား၊ ငါကတစ်နေကုန်မွှေမယ်လို့ စဉ်းစားထားတာ"

"ဒီလိုလုပ်လေ၊ ကန်တော်ကြီးထဲ နင်အရင်သွားနှင့်၊ ငါက





ညီ့သည်ကိစ္စ နည်းနည်းပါးပါးလုပ်ပေးပြီးရင် ငါ့ကားနဲ့ပဲ လာခဲ့လိုက်မယ်၊ ငါတို့ထိုင်နေကျရေစပ်နေရာလေးကပဲစောင့်"

"ငါက ငါ့ကားကို စီးစေချင်တာပါဆို၊ နင့်ကားယူလာမလို့လား"

"ကျောင်းတက်တဲ့နေ့ကျ နင့်ကားစီးမှာပေါ့ဟ့၊ အလုပ်ရှိတဲ့နေ့မှ နင်နဲ့အပြင်မှာမွှေဖို့အတူထွက်တယ်ဆိုရင် မေမေကကျွိုင်မှာပေါ့၊ ပြဿနာကလည်း ပူပူနွေးနွေးပဲရှိသေးတယ်"

"အေး ... ဟုတ်တယ်၊ ငါ့အခုထိ ခါးတွေနာတုန်း"

လင်းထက်စကားကြောင့် ရယ်လိုက်မိသည်။ ဟုတ်မှာပဲလို့ သနားမိတာလည်းပါ၏။

"လင်းထက် ငါပြောမယ်၊ နင်အဲဒီနေရာကပဲစောင့်ပါ၊ ငါဘယ်အချိန်ထွက်လာဖြစ်မလဲ ထွက်လာခဲ့မယ်"

"အေးလေ၊ ဒါဆိုလည်း အဲဒီလိုပဲလုပ်တာပေါ့၊ ငါစောင့်နေမယ်"

"အိုကေ ... ဒါပဲနော်"

ဖုန်းပိတ်ပြီး လင်းထက်ကိုလက်လှမ်းပြကာ အခန်းထဲပြန်ဝင်လာခဲ့သည်။ ရေမချိုးတော့ဘဲ အဝတ်အစား ကပျာကသီလဲ၍ မေမေစိတ်ကျေနပ်သွားအောင် အောက်ထပ်ဆင်းရသည်။

"မေမေ"

"ဩော် ... သမီး နိုးလာပြီလား၊ ကျောင်းပိတ်ရက်တောင် စောစောစီးစီးနိုးလို့ တယ်ဟုတ်ပါလား"

"မေမေပဲ ညီ့သည်လာမယ်ဆို၊ ဝီရိယလေးနဲ့ထရတာပေါ့၊ ဘာကယ်ဆို အရမ်းကိုအိပ်ချင်နေသေးတာ"

"အမယ်လေး လိမ္မာလိုက်တဲ့သမီး၊ အားကိုးရလို့တော်သေး



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ နယ်က ဧည့်သည်လာမှာ သမီးရဲ့ အဲဒါနေ့လယ်စာလေးကျွေးပြီး မေမေတို့နယ်ကဘုန်းကြီးအတွက် ဝတ္ထုငွေလေးလှူလိုက်ချင်လို့လေ''

''ဟင် နေ့လယ်စာတောင် ကျွေးဦးမှာလား''

''အင်းလေ . . . မချော ဈေးသွားပြီး ပြန်လာရင် သမီးကကူလုပ်လိုက်၊ သူတို့က သမီးကိုလည်း ငယ်ငယ်ကပဲမြင်ဖူးထားတာဆိုတော့ အခုအပျိုအရွယ်ဖြစ်တာကိုလည်း မြင်ဖူးချင်နေကြတာ''

''ဩော် . . . ဓာတ်ပုံပြလိုက်ပြီးရော မေမေရယ်''

''ဟဲ့ . . ဓာတ်ပုံပြမှတော့ ညည်းနဲ့တွေ့ရအောင် ညည်းကျောင်းပိတ်ရက်စောင့်ပြီး အိမ်မှာထမင်းဖိတ်ကျွေးနေပါ့မလား၊ ငါ့ဘာသာရွှေဆိုင်မှာပဲ ဧည့်ခံပြီး ဝတ္ထုငွေလှူလိုက်ရုံပေါ့၊ မအေက ဒီလိုဆိုရင် ကန့်လန့်ကိုတိုက်လိုက်ရမှ''

''မ . . မဟုတ်ပါဘူး မေမေရဲ့၊ သမီးလည်း မေမေ့နယ်ကလူတွေကို တွေ့ချင်ပါတယ်''

''အဲဒါဆိုလည်းပြီးရော၊ သွား . . . မချောမနက်စာပြင်ထားတယ်၊ စားထားနှင့်၊ မချောဈေးကပြန်လာတာနဲ့ ဝိုင်းကူလုပ်''

''ဟုတ်ကဲ့''

ပြောသာပြောလိုက်ရသော်လည်း လင်းထက်တော့ အကြာကြီးစောင့်နေရမှာပဲဆိုပြီး စိတ်မကောင်းဖြစ်နေမိသည်။ အိမ်ကထွက်လို့ရအောင် ချိုချို့ကိုအကူအညီတောင်းရဦးမှာပါ။

ဒါကြောင့်မို့ မေမေဘယ်နားရောက်သွားလဲ အခြေအနေကြည့်ပြီး ချိုချို့ဆီဖုန်းခေါ်လိုက်သည်။

''ချိုချို . . . အေး . . . ငါပါ''

''ပြော ဘာလဲ၊ ဖုန်းတွေဘာတွေဆက်လို့''

''ငါအကူအညီတောင်းစရာရှိလို့ဟ''





''ဘာအကူအညီလဲ''

''ငါ့ကို ဆယ်နာရီလောက်ကျရင် နင့်အမေဖြစ်ဖြစ် သေပြီးသား ဘကြီးဖြစ်ဖြစ်၊ နေမကောင်းလို့ ဆေးရုံတက်ရလို့ဆိုပြီး ဖုန်းဆက်ခေါ်ပါလား''

''ဘာ . . . ဘာလို့ ငါ့အမေကအကောင်းကြီးကို ဆေးရုံတက်တယ်လို့ပြောရမှာလဲ၊ ငါ့ဘကြီးသေတာလည်း နှစ်ပတ်တောင်လည်ပြီးသွားပြီ''

''ဒုန်းဝေးလိုက်တာဟယ်၊ မေမေက အိမ်မှာဧည့်သည်တွေရောက်မှာဆိုပြီး အိမ်မှာနေခိုင်းထားလို့၊ နင့်ကိုအကြောင်းပြပြီး အပြင်ကိုခေါ်ထုတ်ခိုင်းနေတာ သိပြီလား''

''ဘာဖြစ်လဲ ကျောင်းပိတ်တာပဲကို မအေကနေစေချင်ရင် နေလိုက်ပေါ့''

''ဟဲ့ . . . လင်းထက်နဲ့ ချိန်းထားလို့ဟဲ့၊ သွားတွေ့ရမှာ''

''နင်တို့ကဟယ်၊ သမီးရည်းစားကျနေတာပဲ၊ အိမ်မှာလည်း တွေ့နေရတာကို အပြင်ချိန်းနေသေးတယ်''

''လျှာကိုရှည်တယ် မိန်းမ၊ ငါပြောသလိုလုပ်စမ်းပါ၊ ငါအော်နေတာနဲ့ မေမေကြားတော့မှာပဲ''

''အေး . . . ဟုတ်ပြီဟေ့ ဟုတ်ပြီ၊ တကယ်ပါပဲ၊ သေပြီးသားဘကြီးက ဆေးရုံလာတက်ရဦးမယ်၊ နေခြည်နဲ့တော့ ရှုပ်ချင်တာပဲ''

''ဟဲ ဟဲ ကျေးဇူးပါ သူငယ်ချင်းလေးရဲ့၊ ယောက်ျားကောင်းကောင်းရပါစေ''

ချိုချို့ကိုပြောပြီး ဟန်မပျက် မနက်စာစားနေလိုက်သည်။ မချောဈေးကပြန်လာတော့ မေမေကျေနပ်အောင် မှင်သေသေနှင့်ပင် စိတ်ပါလက်ပါ ဟန်ဆောင်လျက် ကူလုပ်ပေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညသည့်တွေက ဘယ်အချိန်လာမှာတဲ့လဲ မချော"

"နေ့လယ်စာစားချိန်အမီဆိုတော့ ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက်တော့ ရောက်မှာပေါ့"

"သွားပါပြီ"

"ဟင် ... ဘာသွားတာလဲ မမလေး"

"ဘာ ... ဘာမှမဟုတ်ပါဘူး"

ပြောလိုက်လျှင် သတင်းက မေမေ့ဆီပြန်ရောက်သွားနိုင်သည်။ လင်းထက်က ရှစ်နာရီခွဲ ကိုးနာရီအိမ်ကထွက်သွားလျှင် သူမကိုအကြာကြီးစောင့်နေရပေတော့မည်။

အခုချိန်မှဖုန်းဆက်လျှင်လည်း မေမေနှင့် မချော ရိပ်မိသွားနိုင်သည်။ ဆယ်နာရီဆိုလျှင် ချိုချိုတော့ ဖုန်းဆက်မှာပါ။

အချိန်ကြာလာသည်နှင့် လက်ကနာရီလေးကို တကြည့်ကြည့်လုပ်နေမိ၏။ လင်းထက် အကြာကြီးစောင့်ပြီး ပျင်းနေမှာစိုးလို့ပါ။

"မမလေး ... ဖုန်းမြည်နေတယ်"

"ဩော် ... အေး"

သိသာအောင် စားပွဲပေါ်တင်ထားတာမို့ ချက်ပြုတ်နေသော အခန်းထဲဝင်လာသော မေမေပါရှိနေတော့ အဆင်ပြေသွားသည်။

နာရီလည်း အချိန်ကိုက်မို့ ချိုချို့ဆီကလာသောဖုန်းပဲဖြစ်ရမည် မဟုတ်လား။

"ဟယ်လို ချိုချို၊ အေးပြော သူငယ်ချင်း၊ ဘာဖြစ်လို့လဲ"

"........."

"ဘာ ... နင့်ဘကြီးဆေးရုံတင်ရတယ်၊ နင်တစ်ယောက်တည်းဖြစ်နေတာလား"

"........"





"ဟင် ... စိုးရိမ်ရတဲ့အခြေအနေလား"

"...."

"ငါလာပေးရမှာလား၊ ဟယ် .. အိမ်မှာလည်း ညသည် ရောက်မှာမို့ ငါအိမ်မှာအလုပ်တွေ ကူလုပ်ပေးနေရတာ"

"....."

"အေး ... ငါမေမေ့ကို ပြောကြည့်ပါဦးမယ်၊ နင်တစ်ယောက်တည်းဆိုတော့ နားမလည် ပါးမလည်နဲ့ဖြစ်နေတာလား၊ နင့်အမေက လည်း ဒီအချိန်မှ ခရီးသွားရတယ်လို့၊ တခြားသူတွေကလည်း မရှိဘူးလား၊ ဩော် ... အေးအေး၊ မေမေကလွှတ်မှာပါ၊ သူငယ်ချင်း ငိုမနေပါနဲ့ဟယ်၊ ငါလာဖြစ်အောင်လာပါ့မယ်"

"......."

"အေး ... အေး၊ ငါလာဖြစ်အောင်လာမယ်၊ စိတ်ချ စိတ်ချ ငိုမနေနဲ့ ... ဒါပဲနော်၊ ငါမေမေ့ကိုပြောပြီး အခုချက်ချင်းလာခဲ့မယ်"

သူမ ဖုန်းပိတ်ပြီး မေမေ့ကိုမျက်နှာငယ်လေးနှင့်ကြည့်လိုက်သည်။ မေမေက မျက်ခုံးတစ်ချက်ပင့်လျက်

"ဘာဖြစ်တာလဲ သမီး"

"ကျောင်းက သူငယ်ချင်းပါမေမေ၊ သူ့ဘကြီးအရေးပေါ်ဆေးရုံတင်လိုက်ရလို့တဲ့၊ သူ့အဖေက နယ်မှာတာဝန်ကျတာ၊ သူ့အမေက လည်း သူ့အဖေဆီလိုက်သွားတယ်၊ ဖုန်းတော့ဆက်ထားတယ်၊ ပြန်ရောက်ဖို့က မလွယ်သေးလို့တဲ့၊ အဲဒါသူတစ်ယောက်တည်းဖြစ်နေလို့ မလုပ်တတ် မကိုင်တတ်နဲ့မို့ ခဏလောက်လာခဲ့ပေးပါလို့ခေါ်နေတာ မေမေ"

"ဩော် ... ဒုက္ခပဲကွယ်၊ ဒီမှာညသည်တွေကလည်းရောက်တော့မှာ၊ သူတို့က သမီးကိုတွေ့ချင်လို့ တကူးတကလာကြမှာတယ်ဆိုမှ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့တွေ့လို့ရတာပဲ မေမေ၊ အခုက သမီးသူငယ်ချင်း ဘကြီး သေရေးရှင်ရေးကိစ္စဖြစ်နေလို့ပါ၊ တခြားမိသားစုတွေရှိနေလို့ မသွားလိုက်ရင်လည်း တော်သေးတယ်၊ အခုသူတစ်ယောက်တည်း ဆေးရုံမှာ- ငိုယိုနေလို့ပါ"

"အင်း ... ဒီလိုအရေးအကြောင်းဆိုတော့လည်း မသွားလို့ကတော့မကောင်းဘူး၊ လူကြီးတွေမှမရှိတာ၊ ဧည့်သည်တွေမလာရင် မေမေပါလိုက်ခဲ့ပေးပါတယ် သမီးရယ်"

"ရ ... ရပါတယ်မေမေ၊ သမီးပဲသွားလိုက်ပါ့မယ်၊ ဘာပဲဖြစ်ဖြစ် သူ့အားတော့ရှိသွားမှာပါ၊ သူ့မိသားစုတွေရောက်လာရင် သမီး အမြန်ပြန်လာခဲ့ပါ့မယ်"

"အေး ... အေး သွားလိုက်သမီး၊ ဧည့်သည်တွေကို မေမေ ကောင်းအောင်ကြည့်ပြောထားလိုက်ပါ့မယ်"

"ဟုတ်မေမေ၊ အဝတ်အစားလဲပြီး သမီးသွားလိုက်တော့မယ်"

သူမ ခပ်သုတ်သုတ်မြန်မြန်ပင် အခန်းထဲကထွက်လာခဲ့ပြီး အဝတ်အစားလဲကာ ကားလေးကိုမောင်း၍ထွက်လာခဲ့သည်။

မေမေ့ဆီကကျွတ်လွတ်ခဲ့ပေမယ့် လမ်းမှာမီးပွိုင့်မမိဖို့ ဆုတောင်းရဦးမည်။ လင်းထက် ဒီထက်မက ပိုကြာကြာစောင့်နေရမှာစိုးလို့ပါ။

❖❖❖



## အခန်း (၁၁)

လက်ကနာရီကိုကြည့်ရင်း စိတ်ကမရှည်။ စောင့်နေရတာ ဘယ်လောက်တောင်ကြာနေပြီလဲ။

အိမ်အထွက်မှာတော့ ချိုချိုနှင့်ဘယ်လိုအချိတ်အဆက်တွေ လုပ်၍ ထွက်လာရသည်ဆိုတာ အကျိုးအကြောင်းရှင်းပြနေပါသေးသည်။ အခုလမ်းမှာ မီးပွိုင့်မိနေလို့ ဒီလောက်ကြာနေသလား။

ကားမောင်းနေတာလည်း ဖြစ်နိုင်တာမို့ သူဖုန်းဆက်လို့ကိုင်လိုက်လျှင် အန္တရာယ်ကများဦးမည်။ ထွက်တောင်လာပြီမို့ ဘယ်နားရောက်နေပြီလဲ ဖုန်းဆက်မေးမနေချင်တော့။

လည်ပင်းတရှည်ရှည်မျှော်နေရင်းက လက်ထဲမှာကိုင်ထားသည့် ကျောက်စရစ်ခဲကို စိတ်မရှည်သလို ကန်ရေပြင်ထဲ ကုန်းကွသွားအောင် အားကုန်လွှဲပစ်ပေါက်ပစ်လိုက်သည်။

"ဗွမ်း"

"ဟာ"

"အား ... ပူး ... ပူး ... ဝါး .. ဝါး"

"ဘယ်လိုဖြစ်တာလဲ။ နေခြည် ... နေခြည် ... နင်"

ဘယ်အချိန်ကရောက်လာကာ ဘယ်လိုဖြစ်ပြီး နေခြည် ရေထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျသွားသည်မသိပေ။ ရေမကူးတတ်သောနေခြည်က ရေထဲဘာကြောင့် ခုန်ချရတာလဲ။

ရေမကူးတတ်တာမို့ လက်နှစ်ချောင်းမြှောက်ကာ ခေါင်းက ပေါ်လိုက်မြုပ်လိုက်။

''လင်း . . . လင်းထက် ငါရေမကူးတတ်ဘူး၊ ငါ့ကိုဆယ်ဦး''

''အေး . . . အေး၊ နေခြည် ငါလာပြီ''

''ဗွမ်း''

ရှူးဖိနပ်ကိုချွတ်ကာ ရေထဲဒိုင်ပင်ထိုးချလိုက်ရသည်။ နေခြည့်ကုပ်ကို အမိအရဖမ်းဆုပ်လျက် ကုန်းပေါ်ကိုဆွဲတင်ခဲ့ရ၏။ နေခြည်လည်း ရေမွန်း၏။ သူလည်း ဖတ်ဖတ်မော။

''အန့်ချလိုက် . . . ရေတွေအန်ချလိုက်''

အမောမပြေနိုင်ဘဲ နေခြည့်နောက်ကျောကိုထု၍ ရေတွေ အန်ထွက်အောင်လုပ်ပေးရသည်။

''ဝေါ့''

ရေတွေအန်ထွက်ပြီးမှ နေခြည် မျက်ရည်ဝဲစွာ သူ့ကိုမော့ကြည့်သည်။ သူသနားသွားကာ ရေစိုနေသော နေခြည့်ပခုံးလေးကိုဖက်ထားလိုက်၏။

''နင် ရေမကူးတတ်ဘဲ ဘာလို့ရေထဲခုန်ချရတာလဲ၊ မိုက်လိုက်တာ နေခြည်ရယ်''

''ဟဲ့ . . . ငါကခုန်ချချင်လို့ ခုန်ချတာလား၊ ငါရောက်လာတာကို နင်ဝမ်းသာသွားအောင်လို့ နောက်ကနေလှမ်းဖက်လိုက်တာ''

''ဘာ . . . လှမ်းဖက်တာ''

''အေးလေ၊ ငါလှမ်းဖက်မှ နင်ကကုန်းပြီး ဟိုဘက်ရောက်သွားတော့ ငါအရှိန်လွန်ပြီး ရေထဲပြုတ်ကျသွားတာပေါ့''





''ဩော် . . . ငါကနင်ရောက်လာမှန်းမှမသိဘဲ၊ နင်ရောက်မလာလို့ စိတ်မရှည်တာနဲ့ ကန်ထဲကို ကျောက်စရစ်ခဲနဲ့ ပစ်ပေါက်လိုက်တာ၊ အဲဒါကြောင့် ကုန်းပြီးရှောင်လိုက်သလို ဖြစ်သွားတာပါ။ နင်က အသံမပေးဘာမပေးနဲ့ ခြေသံဖွဖွလေးလုပ်ပြီးလာရသလား''

''မသိဘူး သွား၊ နင့်ကိုမကျေနပ်ဘူး၊ ငါ့မှာတော့ မေမေ့ကိုကူလီကူမာလုပ်ပြီးထွက်လာခဲ့ရတာ၊ ချိုချို့ဘကြီး ဆေးရုံတက်လို့ ဘာညာနဲ့၊ နယ်ကဧည့်သည်တွေနဲ့တောင် မတွေ့ခဲ့ရဘူး''

''ငါမှမသိတာဟာ၊ အချိန်အကြာကြီးစောင့်နေရတော့ စိတ်မရှည်ဖြစ်တာပေါ့''

''စိတ်မရှည်စရာလား၊ အိမ်ကထွက်ရတာလည်း နောက်ကျတယ်၊ လမ်းမှာမီးပွိုင့်က မိသေးတယ်''

''ကားကိုအမြန်မောင်းခဲ့ပါလား၊ မမောင်းတတ်ဘဲနဲ့ နေ့းတုံ့နေ့းတုံ့လုပ်နေတာကို၊ ဒီမှာတစ်ယောက်တည်း စောင့်နေရတာ၊ ကြောင်တောင်တောင် ပျင်းခြောက်ခြောက်နဲ့''

''လဲသေလိုက်၊ ငါ့ကိုများ ကားမမောင်းတတ်ဘူးလေး ဘာလေးနဲ့၊ နင်နဲ့ငါ ကားပြိုင်မောင်းမလား၊ နင့်လိုကောင်မျိုးနဲ့တောင် ကားပြိုင်မောင်းလိုက်ချင်သေးတယ်''

စိန်ခေါ်မှုကြောင့် လင်းထက်ပိုင် မျက်မှောင်ကြုတ်သွားသည်။ ဒီလိုစိန်ခေါ်မှုမျိုး လင်းထက်ပိုင်တို့ အရှုံးမပေးတတ်ပါ။

''အေး . . . အခု ငါဗိုက်ဆာနေတယ်၊ နင့်ကိုစောင့်ရင်းနဲ့ ဗိုက်ဆာတာ ခေါင်းတောင်မူးတယ်၊ ဗိုက်ဖြည့်ပြီးရင် ပြိုင်မယ်''

''အပိုတွေမပြောနဲ့၊ ဒီလိုရေစိုကြီးနဲ့ ဘယ်ဆိုင်မှာဝင်စားမှာလဲ၊ အခုပြိုင်မယ်''

''ကျွတ် . . . အဝတ်အစားတစ်စုံစီ ဝယ်ဝတ်လိုက်မှာပေါ့ဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အဝတ်အစားဆင်တူ စပို့(စ်)ရှပ်လေးတွေ ဝယ်ဝတ်ကြမယ်လေ၊ ပြီးရင်ဆိုင်တစ်ဆိုင်မှာစား၊ ပြီးမှ"

"ဟဲ့ . . . အဝတ်အစားဆင်တူဝတ်တာ ချစ်သူအတွဲတွေမှ ဝတ်ကြတာဟဲ့"

"ဘာဖြစ်လဲ၊ အရမ်းချစ်တဲ့ သူငယ်ချင်းတွေလည်း ဝတ်ကြပါတယ်"

"အေးဟာ အဲဒါဆိုလည်း ဝယ်ဝတ်ကြမယ်၊ နှင့်မှာပိုက်ဆံပါတယ်နော်၊ ငါ့မှာ နှင့်ကိုမုန့်ဝယ်ကျွေးဖို့လောက်ပဲပါမယ်"

"အိုကေ . . . ရတယ်၊ ငါကနှင့်ကို အဝတ်ဝယ်ပေးမယ်၊ နှင့်က ငါ့ကိုအစားဝယ်ကျွေး"

"အိုကေ"

နှစ်ယောက်သား ကားကိုယ်စီဖြင့် အနီးဆုံးစတိုးဆိုင်မှာဝင်လျက် အပြာအစင်းလေးတွေပါသော ဝတ်စုံတူ ဝယ်ဝတ်လိုက်ကြသည်။ ပြီးမှ စားသောက်ဆိုင်တစ်ခုမှာ ဝင်စားကြ၏။

စိတ်ဆိုးဆိုးနှင့် ကားပြိုင်မောင်းဖို့ကိစ္စ အခုခဏမှာတော့ မေ့ထားကြသည်။ ဝက်ပေါင်ခြောက်ကြော်၊ ဂဏန်းချက်နှင့် Seafood တွေမှာပြီး ထမင်းနှင့်မဟုတ်ဘဲ ဒီအတိုင်းအားရပါးရစားကြသည်။

ကုတ်တစ်ဘူးစီ ထပ်ဖြည့်လိုက်မှ အာသာပြေသွားကာ

"နှင် ဗိုက်တင်းပြီလား၊ ပြီးရင် ဒိုးမယ်"

"နေပါဦးဟာ၊ အပြီးသတ်ဆွဲတုန်း"

"မြန်မြန်လုပ်၊ နှင့်ကို ငါ့မှာမကျေနပ်ချက်နှစ်ခုဖြစ်နေတယ်"

"နှစ်ခုတောင်"

"အေးလေ၊ ကားမမောင်းတတ်ဘူးလို့ ပြောတာရယ်၊ ရေထဲ ပြုတ်ကျတာရယ်"





"နှင်ကဟာ . . . ရေထဲကို ငါကဆွဲချလို့လား၊ နှင်ဘာသာ ပြုတ်ကျတာလေ"

"မဆိုင်ဘူး၊ နှင့်ကိုပျော်သွားအောင် လှမ်းဖက်တာ၊ ဒီအတိုင်း ငြိမ်ငြိမ်လေးနေလိုက်ရင် ငါရေထဲပြုတ်ကျစရာလား၊ နှင်ကမြင်းကြော ဆွဲလိုက်လို့ ငါပြုတ်ကျရတာ၊ ငါနောက်ကျရတာလည်း အိမ်အထွက် နောက်ကျလို့ မီးပွိုင့်မိနေလို့ အဲဒီလိုတွေးမှပေါ့၊ အခုတော့ ကားမမောင်း တတ်လို့ နှေးတုံ့ နှေးတုံ့ဖြစ်တယ်တဲ့၊ ငါ့ရဲ့ကူလီကူမာကြိုးစားမှုတွေကို နှင်အရည်ဖျော်ပစ်လိုက်တာ"

"ဖြစ်ရပြန်ပြီ"

"ဖြစ်ရမယ်လေ၊ ငါဘယ်လောက် ကားမောင်းကျွမ်းတယ်ဆိုတာ နှင့်ကိုသက်သေပြမယ်၊ နေခြည်နတဲ့ အိုကေနော်"

လက်မလေးထောင်ကာပြောတော့ လင်းထက်ပိုင် သဘောကျသွားသည်။ အပြန်လမ်းမှာ ယှဉ်ပြိုင်မှုများနှင့် သွေးဆူလှုပ်ရှားရဦးမှာပေါ့။

နေခြည်နှင့် ပေါင်းသင်းရတာ အသစ်အဆန်းတွေချည်းပါ၊ ငယ်ငယ်ကလို နပန်းလုံးရတာမျိုးမဟုတ်တော့ပေမယ့်၊ ပျင်းရိစရာ မကောင်းပေ။

စားသောက်ထားသမျှတွေငွေရှင်းပြီးချိန်မှာတော့ နေခြည်က ကားသော့လေးကိုယမ်းလျက်

"ရယ်ဒီဖြစ်ပြီလား"

"ရယ်ဒီပဲ"

သူလည်း လက်မလေးထောင်ပြကာ ထရပ်လိုက်သည်။ ကားပေါ်တက်ကာ ပြိုင်တူစက်နှိုးလိုက်၏။ တာထွက်ဖို့အတွက် နေခြည်နှာ ရှုံ့ခနဲ့ဝီစီသံထွက်အောင် မှုတ်သည်။

သူမကားလေးက အရင်ဆုံးတာထွက်သွားသည်။ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



အနိုင်မခံ အရှုံးမပေးလိုစိတ်များဖြင့် လီဗာကိုတင်လိုက်၏။

လမ်းမကြီးမှာ လူများ ကားများရှင်းနေသည်မဟုတ်ပါ။ ဒါပေမဲ့ နေခြည်နုကားလေးက ကွေ့ကာဝိုက်ကာဖြင့် လုစ်ခနဲ လုစ်ခနဲဖြစ်နေခဲ့သည်။

သူမကားမောင်းကျွမ်းကျင်ပါသည်ဆိုပြီး ပညာပြနေတာပဲနေမှာပေါ့။ ဒီလောက်ကတော့ သူ့အတွက်လည်း မိုင်နာပါပဲ။ သူ့ရဲ့ကား သစ်လေးက သခင့်အလိုကျဆန္ဒတွေဖြည့်ပေးပေလိမ့်မည်။

နေခြည်နု . . . နင်ရော နင့်ကားရော ငါ့အတွက်တော့ ကလေး လေးပါ။

"ကျွိ . . . ကျွိ"

"ဖြုန်း . . . ဝုန်း"

"ဟာ . . . ကားတိုက်ပြီ"

"လူတွေ ကားတွေရှောင်ပြီး သစ်ပင်ကိုဝင်တိုက်သွားတာ"

"သွားပြီ၊ ကားမောင်းတဲ့သူ သေမလားမသိဘူး"

"ခေါင်းပိုင်းတော့ တော်တော်ထိသွားတယ်၊ ဘာမှမဖြစ်လောက် ပါဘူး"

"ပရမ်းပတာနဲ့အရှိန်မလျှော့ဘဲ မောင်းလာလို့ဖြစ်တာနေမှာပေါ့"

"မသေရင်ဘဲကံကောင်း၊ လူတွေကားတွေရှုပ်နေတာကို ဘာ တွေအရေးကြီးနေလဲမှမသိတာ၊ ဒီလောက်ဖြစ်တာတောင်နည်းသေး တယ်"

"လင်းထက် . . . လင်းထက်"

လူအများရဲ့ ကျိန်ဆဲရေရွတ်သံနှင့် ငယ်သံပါအောင်အော်လိုက် သည့် နေခြည်နုအသံလေးသည်လည်း . . . . ။

❖❖❖



## အခန်း (၁၂)

"လင်းထက် . . . လင်းထက်"

"နေခြည် . . . နေခြည်၊ လင်းထက် ဘာမှမဖြစ်ဘူး၊ သက်သာ နေပြီ"

"နေခြည် နင်သတိရပြီလား"

လူကြီးတွေက လင်းထက်ပိုင်အခန်းဘက်ရောက်နေကြတာမို့ နေခြည်နုအနားမှာ မြင့်အေးနှင့် ချိုချိုသာရှိနေကြသည်။ လင်းထက်ပိုင် ကားအက်ဆီးဒင့်ဖြစ်တာကိုမြင်ပြီး နေခြည်နု ကြောက်အားလန့်အား သတိလစ်နေခဲ့တာပါ။

လင်းထက်ပိုင်ကတော့ သစ်ပင်နှင့်ကား ဆောင့်မိသည့်အရှိန် ကြောင့် ခေါင်းနှင့်နဖူးမှာ ဒဏ်ရာအနည်းငယ်ရသွားခဲ့ပြီး အရေးပေါ်ခန်း မှာ သတိရနေပြီဖြစ်သည်။

"လင်း . . . လင်းထက် ဘာဖြစ်သွားသေးဘဲ၊ ဘာဖြစ်သွား သေးလဲဟင်၊ သူသေသွားပြီလား"

"မသေပါဘူး၊ ဒဏ်ရာတွေလည်း ချုပ်ပြီးသွားပြီ၊ သတိလည်း ရနေပါပြီ၊ လူကြီးတွေ သူ့အနားမှာရှိနေကြတယ်၊ ဘာမှစိုးရိမ်စရာမလို တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ သူ့ကိုသွားကြည့်ချင်တယ်"

"မကြည့်နဲ့ဦး၊ လူကြီးတွေက လင်းထက်ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာမှာ နင်ဘာလို့ရှိနေတာလဲဆိုပြီး တစ်မျိုးထင်နေကြတယ်၊ နင်က ငါ့ဘကြီးနေမကောင်းလို့ ဆေးရုံသွားရမယ်ဆိုပြီး ထွက်လာတာမဟုတ်လား"

"ဟုတ်တယ် ... ဒါပေမဲ့"

"ငါတို့ကသိတယ်၊ နင်တို့တွေ့ပြီးအပြန်မှာ ဒီလိုဖြစ်တယ်ဆိုတာ၊ ဒါပေမဲ့ ကားကပုံမှန်မောင်းလာရင် ဒီလိုဖြစ်စရာအကြောင်း မရှိဘူးမဟုတ်လား"

"ငါတို့ကားပြိုင်မောင်းလာကြတာ"

"ဘာ ... အဲဒါဆိုရင်တော့ ပြဿနာက ပိုရှုပ်တော့မယ်၊ နှစ်ဖက်လူကြီးတွေ နင်တို့ကို တော်တော်တင်းသွားမှာပဲ၊ ရှေ့ကပြဿနာတွေက သိပ်ပြီးအေးဆေးသေးတာမဟုတ်ဘူး"

"အေးလေ .. ဖြစ်လိုက်ရင် အသက်အန္တရာယ်နဲ့နီးတဲ့ အသည်းအသန်တွေချည်းပဲ"

မြင့်အေးနှင့် ချိုချိုပြောတောဟုတ်နေတာမို့ သူမမျက်ရည်လေး ဝဲလာမိသည်။ ဒီလိုကိစ္စမျိုးတွေ နောက်မလုပ်တော့ဖို့လည်း ဆုံးဖြတ်လိုက်၏။

"လင်း ... လင်းထက် တကယ်သက်သာပါတယ်နော်"

"ဒဏ်ရာကြီးကြီးမားမားမဖြစ်သေးလို့ တော်သေးတာပေါ့ဟာ၊ သူ့မိဘတွေတော့ ယာဉ်ထိန်းအဖွဲ့နဲ့ တော်တော်ရှင်းလိုက်ရတယ်၊ လူတွေ ကားတွေတိုက်မိတာနဲ့ အရက်သေစာသောက်စားထားတယ်ဆိုရင် ပြေရှင်းရခက်မှာ၊ ငွေလည်းကုန် လူလည်းထောင်ကျနဲ့၊ နောက်ကျရင် အဲဒီလိုတွေ မစနောက်ကြပါနဲ့တော့ဟာ"





"အေးပါ ... ငါလည်းကြောက်သွားပါပြီ၊ ဒီလိုမျိုးတွေဖြစ်အောင် နောက်မလုပ်တော့ဘူး"

"အေး ... နင့်ကိုယ်နင်လည်းဂရုစိုက်၊ နင်အရမ်းလန့်ပြီး သတိလစ်သွားတာ၊ ဟိုကမရှောဘဲ နင်ကရှောတော့မလို့"

"လင်းထက်သာ တစ်ခုခုဖြစ်ရင်၊ ငါလည်းလိုက်သေမှာပဲ"

"အင်း ... နင်တို့တွေ ဒီလောက်တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးကြရဲ့နဲ့ ဘာလို့နာကျင်ထိခိုက်အောင်လုပ်နေကြတာလဲ နားမလည်နိုင်တော့ဘူး"

"ဒီလိုတွေဖြစ်မယ်မထင်လို့ပေါ့၊ ဘယ်လိုလုပ် သူ့ကိုထိခိုက်နာကျင်စေချင်မှာလဲ"

"အေးပါဟာ ... နောက်သာ အဲဒီလိုမဖြစ်ကြစေနဲ့"

စကားပြောနေဆဲမှာ နေခြည်နုအမေ ဒေါ်ခင်နုဝေ အခန်းထဲ ဝင်လာတာမို့ စကားစပြတ်သွားကြသည်။ နေခြည်နုက လှဲနေရာမှထထိုင်လျက်

"မေမေ ... လင်း ... လင်းထက် သက်သာလားဟင်"

"သတိရနေပြီဆိုတော့ သက်သာတာပေါ့၊ ဒါနဲ့ညည်းက သူ့ကားအက်ဆီးဒင့်ဖြစ်တဲ့နား ဘယ်လိုလုပ်ရောက်နေရတာလဲ"

"မေမေ ... ဟို"

"ညည်းပြောတော့ သူငယ်ချင်းဘကြီးဆေးရုံတက်လို့ ဆေးရုံသွားတာဆို"

"ဟုတ် ... အဲဒါက မေမေ"

"လင်းထက်ကတော့ပြောပါတယ်၊ နေခြည့်ကားကိုရှေ့မှာ မြင်လိုက်လို့ ဖွတ်အတင်း လီဗာတင်လိုက်ရင်းနဲ့ အခုလိုဖြစ်တာပါတဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အပြစ်လွတ်အောင် လင်းထက်ပြောလိုက်သည်ဆိုတာ သူမ သဘောပေါက်လိုက်သည်။ မြင့်အေးနှင့် ချိုချိုလည်း နားလည်သွားၾ၏။

မေမေက ချိုချို့ကို ချိုချိုမှန်းမသိလို့ တော်သေးသည်။ မဟုတ်လျှင် ဘကြီးဆေးရုံတက်လို့ အရေးကြီးနေချိန်မှာ ဘာလို့ဒီမှာရှိနေတာလဲဟု သံသယဝင်နေဦးမယ်။ လင်းထက်မိဘတွေက ဖြေရှင်းဖို့ကိစ္စတွေ ရှိနေတာကြောင့် မြင့်အေးကိုသတင်းပေးလို့ ချိုချိုရောရောက်လာကြတာပါ။

"ဟို ... လင်းထက်ကိုသွားတွေ့လို့ရပြီလား မေမေ"

"ညည်းက နေမကောင်းသေးဘဲနဲ့"

"ကောင်းပါတယ်၊ သမီးဘာမှမဖြစ်ပါဘူး"

"ဒါဆိုလည်း သီးသန့်ခန်းထဲပြောင်းပြီးမှသွားတွေ့တော့၊ ဒါနဲ့ ညည်းက လင်းထက် ကားတိုက်တဲ့နေရာ ဘယ်လိုလုပ်ရောက်သွားတာလဲ၊ လင်းထက်ကပြောတော့ ကားတိုက်သံကြားလို့ လူတွေဝိုင်းအုံနေတာ လာရပ်ကြည့်ရင်းနဲ့ သူ့ကိုတွေ့သွားတာဖြစ်မှာပါတဲ့ ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ မေမေ"

သူမကို အပြစ်တင်ခံရမှာစိုး၍ လိမ်ညာပြောနေသော လင်းထက်စေတနာမေတ္တာတွေကို သိရသည့်အတွက် မေမေ့ကိုပြန်ဖြေနေသည့် သူမအသံတွေက တုန်ယင်ကာ မျက်ရည်တွေပါကျလာသည်။

"ညည်းက ဘာလို့ငိုရတာလဲ"

"လင်းထက်အတွက် စိတ်မကောင်းလို့ပါ၊ သူ့ဒဏ်ရာတွေက အရမ်းနာမှာပဲ"

"ဖြစ်မှဖြစ်တော့လည်း နာမှာပေါ့အေ၊ ဒါ့မှာလည်း ညည်းတို့သတင်းကြားတာနဲ့ ဆေးရုံကိုပြေးလာရတာ၊ ညှော်သည်တွေနဲ့တောင်





စကားကောင်းကောင်း မပြောရဘူး၊ ညည်းကပါ ဆေးရုံရောက်နေတယ်ဆိုတော့ ဘာများဖြစ်နေသလဲလို့၊ ကဲ ... လင်းထက်ကိုကြည့်ဦးမှာဆိုရင် သမီးနေချင်နေခဲ့လိုက်၊ တကယ်ရော နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ တကယ်ပြောတာပါ၊ သူငယ်ချင်းတွေလည်းရှိနေတာပဲ"

"ဒါဆို မေမေပြန်မယ်၊ ကလေးတို့ မင်းတို့သူငယ်ချင်းကို စောင့်ရှောက်လိုက်ကြပါဦး၊ အခုခေါ်သွားလည်း လင်းထက်ကို မကြည့်ရမချင်းလိုက်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ အန်တီ၊ စိတ်ချသွားပါ၊ လိုအပ်ရင် ကျွန်တော်တို့အိမ်အထိ လိုက်ပို့ပေးပါ့မယ်"

"အေး ... ကျေးဇူးပါပဲကွယ်၊ သမီး လင်းထက်ကိုကြည့်ပြီးတာနဲ့ တန်းပြန်လာနော်၊ ကားမမောင်းနိုင်ရင် ဒီကလေးကိုမောင်းပြီး လိုက်ပို့ခိုင်း"

"ဟုတ်ကဲ့ စိတ်ချပါမေမေ၊ သမီးအတွက်မပူပါနဲ့ သမီးဘာမှမဖြစ်ပါဘူး"

မေမေပြန်သွားတော့ လင်းထက်အခန်းကိုသွားဖို့ ထရပ်လိုက်သည်။ လင်းထက်ကို သူမမျက်စိနှင့်မြင်ရမှ စိတ်ချနိုင်မှာပါ။ လင်းထက်သာ တစ်စုံတစ်ခုဖြစ်လျှင် သူမလည်း ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"လင်းထက် . . . လင်းထက်ရယ်၊ ငါ့ကြောင့် ငါ့ကြောင့်ပါဟယ် လင်းထက်ရယ်"

နှုမှုမှာရော ခေါင်းမှာရော ပတ်တီးအဖွေးသားနှင့် လင်းထက်ကိုမြင်လိုက်ရတော့ သူမရင်ထဲဆို့နင့်သွားရသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် လင်းထက်ရင်ဘတ်ပေါ်လက်ကလေးတင်ကာ အသံတိတ်မြည်တမ်းမိသည်။

လင်းထက်က မချိတရိလေးပြုံးလျက်

"မငိုပါနဲ့ နေခြည်၊ မငိုပါနဲ့ဟာ . . . ငါဘာမှမဖြစ်ပါဘူး"

"ဘာမဖြစ်ရမှာလဲ၊ နင့်မှာဒဏ်ရာတွေနဲ့ကို"

"ယောက်ျားလေးတစ်ယောက်အတွက် ဒီလောက်ဒဏ်ရာလေးကို နာစရာလားဟ၊ ပျင်းတောင်ပျင်းသေးတယ်"

"နင်ငါ့ကိုစိတ်မဆိုးဘူးလားဟင်"

"ဘာကိုစိတ်ဆိုးရမှာလဲ၊ နင်နဲ့ငါအတူတူစိန်ခေါ်ပြီး သဘောတူညီမှုနဲ့ ကားမောင်းပြိုင်ခဲ့ကြတာပဲ၊ ဘာလို့နင့်တစ်ယောက်တည်းအပြစ်ဖြစ်ရမှာလဲ"

"နင်ဒီလောက်ဒဏ်ရာတွေနဲ့ သေမလိုဖြစ်တာတောင် ငါ့ကို





ဖြေသိမ့်နေသေးတယ်နော်၊ လူကြီးတွေအပြစ်မမြင်အောင် ငါ့ဘက်ကကာကွယ်ပေးတာလည်း ငါကျေးဇူးတင်ပါတယ်"

"တကယ်နင့်အပြစ်မှမဟုတ်တာ၊ နင့်ကိုကာကွယ်ပေးတာ ငါ့အမှားလား၊ တော်ပြီဟာ နင်မငိုနဲ့တော့၊ နင်ငိုတော့ ငါလည်းငိုချင်တယ်၊ ငါဒဏ်ရာနာလို့မဟုတ်ဘူး၊ နင်မျက်ရည်ကျတာကို စိတ်မကောင်းလို့"

"လင်းထက်ရယ်"

သူမပိုပြီး စိတ်မကောင်းဖြစ်ရသည်။ သူမတို့ရောက်လာတော့ လင်းထက်မိဘတွေ ဒီဆေးရုံက ဆရာဝန်ကြီးနှင့် တာဝန်ရှိသူတွေကို သွားတွေ့နေသည်မို့ လင်းထက်တစ်ယောက်တည်းသာရှိသည်။

လင်းထက်အဖြစ်ကိုမြင်တော့ သူမစိတ်မထိန်းနိုင်ပါ။ သူမ စိန်ခေါ်မိလို့ သူမကြောင့်ဖြစ်ရတာမဟုတ်ပါလား။

မြင့်အေးနှင့်ချိုချိုလည်း စိတ်မကောင်းကြ။ ခဏနေတော့ လင်းထက်မိဘတွေ အခန်းထဲဝင်လာကြပြီး လင်းထက်နှင့်သူမ အကျိုးဆင်တူဖြစ်နေတာကို အကဲခတ်သလိုကြည့်သည်။

ဒါပေမဲ့ တခြားသူငယ်ချင်းတွေရှိနေတာမို့ မသိသလိုနေလိုက်ရင်း

"နေခြည် နေကောင်းသွားပြီလား"

"ဟုတ် . . . ဟုတ်ကဲ့ အန်တီနွယ်"

"သားအဖြစ်ကိုမြင်လိုက်တာ တော်တော်လန့်သွားတယ်ထင်တယ်"

"သွေးတွေမြင်လိုက်တော့ ဘယ်လိုမှကိုယ့်ကိုယ်ကိုယ်ထိန်းမထားနိုင်ဘူး၊ လင်းထက်သေပါပြီဆိုပြီး တစ်ခါတည်း အဲဒီနေရာမှာတင် ပုံကျပြီး ဘာမှကိုမသိမမြင်တော့တာ၊ သတိရလို့ လင်းထက်သေသွားယ်လို့ သိရရင်လည်း သမီးလည်း လိုက်သေလိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟို ... သားက သမီးကားကိုမြင်လို့နောက်က လိုက်တာလို့ပြောတယ်၊ သမီးကရော သားဒီလိုဖြစ်တာ ဘယ်လိုသိပြီး သားအနားရောက်လာတာလဲကွယ်၊ သမီးတို့အတူတူရှိနေရင်းက"

"မေမေရယ် ... ဝုန်းဆိုပြီး ကားတိုက်သံကြားရင် ဘယ်သူမဆို အက်ဆီးဒင့်ဖြစ်တဲ့နေရာလာကြည့်ကြတာပဲ၊ နေခြည်လည်း အသံကြားလို့လာကြည့်ရင်းနဲ့ သားမှန်းသိပြီး အဲဒီလိုဖြစ်သွားတာနေမှာပါ"

"ဟုတ်လား သမီး"

"ဟုတ် ... ဟုတ်ကဲ့"

"အေးလေ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေရာမှာသွားတွေ့ရတယ်လို့ မဝေကတော့ပြောပါတယ်၊ သမီးက ဒီနေ့လင်းထက်နဲ့အတူတူ ထွက်သွားတာမဟုတ်ဘူး၊ သူငယ်ချင်းတစ်ယောက်ဘကြီး ဆေးရုံတက်ရတယ်လို့ ဖုန်းလာတာနဲ့ ညီသည်တွေကိုတောင် စောင့်မတွေ့နိုင်ဘဲ ဆယ်နာရီကျော်လောက်မှ အရေးတကြီးထွက်သွားရတာတဲ့၊ သားကတော့ မနက်ရှစ်နာရီကျော်လောက်ကတည်းက သူ့အဖေဝယ်ပေးတဲ့ ကားအသစ်ကို ကြွားလုံးထုတ်ချင်တာနဲ့ အစောကြီးထွက်သွားတာ"

"သားပြောသလို နေခြည့်ကားကိုရှေ့မှာမြင်လိုက်တော့ နောက်ကလိုက်ရင်းနဲ့ ဒီလိုဖြစ်တယ်ဆိုတာဟုတ်မှာပါ၊ ကဲပါ ... သားရေ နောက်တော့ကားကို သေချာဂရုစိုက်မောင်းမှဖြစ်မယ်၊ လူတိုက်မိ ယာဉ်တိုက်မိတာမျိုးမဖြစ်တာတောင် တော်တော်ရှင်းယူရတယ်၊ ယာဉ်မဆင်မခြင်မောင်းလို့တဲ့ လိုင်စင်ခဏသိမ်းထားတယ်သား"

"ဟုတ်ကဲ့ အဲဒီလိုပဲဖြစ်မှာပေါ့၊ တာဝန်အရလုပ်ကြတာပဲ"

ဖေဖေ့ကိုပြောပြီး မျက်နှာငယ်လေးဖြစ်နေသော နေခြည့်ကို ကြည့်ကာ သနားနေမိသည်။ နေခြည်က သူ့လက်ကလေးကိုဆုပ်ကိုင်ပြီး





"လိုင်စင်သိမ်းလည်း အားမငယ်ပါနဲ့၊ ငါ့ကားကိုစီးပေါ့နော် လင်းထက်"

"အေးပါ၊ ငါ့အတွက်မပူပါနဲ့၊ ငါဘာမှမဖြစ်ပါဘူး၊ ငါ့အနားမှာ နင်တစ်ယောက်လုံးရှိနေတာပဲ"

"သားကတော့ကွယ် နေခြည်ရောက်လာတာနဲ့ မိဘတွေကိုတောင် သတိမရတော့ဘူး၊ မေမေတို့မှာ ဘယ်လောက်တောင်စိတ်ပူသွားရတယ်ထင်လဲ၊ သားကို တစ်ခုခုဖြစ်သွားပြီကို ထင်လိုက်တာ၊ ဘုရားကယ်လိုက်တာပဲ၊ မဟုတ်ရင် ဒီနှစ်စာမေးပွဲကိုဖြေလိုက်ရမှာ မဟုတ်ဘူး"

"စာတွေကို သမီးကူးပေးပါ့မယ် အန်တီနွယ်၊ သူနားမလည်တဲ့ စာတွေလည်း သမီးလာပြပေးပါ့မယ်"

"အေးပါကွယ်၊ စာမေးပွဲကနီးနေပြီ၊ သမီးတို့လည်း အသက်တစ်နှစ်ပိုကြီးတော့မယ်နော်၊ ဘာပဲဖြစ်ဖြစ် ရင့်ကျက်သင့်နေပြီ၊ ကလေးမဟုတ်တော့ဘူးဆိုတဲ့ အတွေးဝင်မှုကိုဖြစ်တော့မှာ"

"ဟုတ်ကဲ့ပါ အန်တီနွယ်"

အန်တီနွယ် ဘာကြောင့်ဒီလိုပြောသည်ဆိုတာ သူမသဘောတော့ပေါက်နေပါသည်။ လင်းထက် ကားအက်ဆီးဒင့်ဖြစ်ရသည့်ကိစ္စ သူမနှင့် ပတ်သက်နေရမည်ဟု သံသယဝင်နေလောက်သည် မဟုတ်လား၊ သူမကတော့ ဒီလိုကိစ္စကြီးကြီးမားမားတွေမဖြစ်အောင် ဂရုစိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

သူမဘဝမှာ လင်းထက်မရှိလို့မှမဖြစ်ဘဲ။ နင် ငါ့ဘဝထဲက ပျောက်သွားလို့မဖြစ်ဘူး လင်းထက်။ နင်သာပျောက်သွားခဲ့ရင်တော့ ငါရူးမှာပဲ။ နင်က ငါ့ဘဝဖြစ်နေတယ်ဆိုတာ ...။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒီလိုပြောမှာပဲလေ၊ လင်းထက်က ညည်းကိုအပြစ်တင်ခံရမှာစိုးလို့ ဖုံးကွယ်နေတယ်ဆိုတာ ငါလည်းသိတယ်၊ ညည်းတို့နှစ်ယောက်ဖြစ်တဲ့အချိန်မှာ အကျီဆင်တူဖြစ်နေတာက သက်သေပဲ၊ ညည်းအိမ်ကထွက်သွားတုန်းက ဒီအကျီမဟုတ်ဘူးလေ၊ လင်းထက်ကားပေါ်မှာ ရေစိုအဝတ်အစားတွေ တွေ့တယ်လို့ သူ့မိဘတွေပြောတယ်၊ ညည်းကားပေါ်မှာလည်း ရေစိုအဝတ်အစားတွေ့တယ်၊ ညည်းတို့ဘယ်လိုပဲဖုံးကွယ် ဖုံးကွယ် အကဲဆိုးဒင့်မဖြစ်ခင်အချိန်လေးအတွင်းမှာ ညည်းတို့အတူရှိနေကြတယ်။ ဟုတ်တယ် မဟုတ်လား နေခြည်"

"ဟုတ် ... ဟုတ်ကဲ့ မေမေ"

နေခြည်နုရဲ့ ဝန်ခံမှုအတွက် ဒေါ်ခင်နုဝေ မျက်မှောင်ကြုတ်သွားခဲ့လေသည်။

"ညည်းအေ ... ဒါဆိုသူငယ်ချင်းဘကြီးဆေးရုံကိစ္စကမဟုတ်ဘူးပေါ့၊ ငါ့မအေကို လှည့်ပတ်လိမ်ညာပြီး ညှော်သည်တွေကိုပါ မျက်နှာပျက်အောင်လုပ်ခဲ့တယ်၊ လင်းထက်နဲ့က အိမ်မှာရော ကျောင်းမှာရော မတွေ့ရလို့လား၊ ငါက လင်းထက်နဲ့မပေါင်းသင်းရပါဘူးလို့ ကြပ်မတ်ထားလို့လား၊ ကျောင်းမှာလည်းအတူတူ၊ ဟိုဘက်အိမ် ဒီဘက်အိမ်လည်း





ကူးလူးနေတာပဲ၊ ဒါကိုမိဘတွေကို လှည့်ပတ်ပြီး ချိန်တွေ့ရလောက်အောင် ညည်းတို့ချင်းက ချစ်သူတွေဖြစ်နေကြလို့လား"

"မ ... မဟုတ်ပါဘူး မေမေ၊ လင်းထက်က သူ့ကားအသစ်ကို သမီးကိုစီးစေချင်တယ်ဆိုလို့ပါ၊ သူကအရင်ထွက်သွားတော့ အဲဒါ သွားတွေ့"

"အံ့ဩဖို့ကောင်းလိုက်တာ နေခြည်ရယ်၊ ညည်းတို့ချစ်သူတွေမဟုတ်ဘဲနဲ့ ဒီလောက်အသည်းအသန် အမြဲလိုတွေ့ချင်နေကြပါ့မလား"

"တကယ်ပါ၊ တကယ်ချစ်သူတွေမဟုတ်ကြပါဘူး"

"ညည်းတို့ချစ်သူတွေဖြစ်တော့ရော ဘယ်သူကသဘောမတူဘဲနေမှာမို့လို့လဲ၊ ငါတို့လူကြီးတွေအကုန်လုံး ညည်းတို့နှစ်ယောက်သံယောဇဉ်ကို နားလည်ကြတယ်၊ ဒါပေမဲ့ ညည်းတို့ ဒီလိုလုပ်နေလို့ကတော့ စဉ်းစားရတော့မယ်"

"မေမေ ... ဟို"

"ဟိုတွေ ဒီတွေမလုပ်နဲ့၊ ညည်းကလေးဆန်တာ မရင့်ကျက်တာ မနွယ်တို့သဘောကျပါတော့မလား၊ သူ့သားသေလုမြောပါးဖြစ်တာ ညည်းကြောင့်ဆိုတာ သေချာသိလို့ကတော့ ပိုတောင်ဆိုးဦးမယ်"

သူမရင်ထဲ ဘာကြောင့်မှန်းမသိဘဲ၊ ဒိတ်ခနဲမြည်ကာ ထိတ်လန့်တုန်လှုပ်သွားမိသလိုပင်။

"သ ... သမီးတို့နောက်ထပ် အဲဒီလိုကိစ္စတွေမဖြစ်စေရတော့ပါဘူး၊ သမီး ကတိပေးပါတယ်မေမေ"

"မေမေ နောက်ထပ် ခဏခဏသတိမပေးချင်တော့ဘူး သမီးမေမေတို့မှာ တခြားအားကိုးစရာမရှိပါဘူး၊ သမီးဖေဖေမရှိကတည်းက ဒီရွှေဆိုင်လေးကိုပဲ အားကိုးပြီးရပ်တည်လာရတာ၊ သူများတွေလို ဒီထက်အောင်မြင်အောင်လည်း မကြိုးစားနိုင်ဘူး၊ အစကတည်းက မေမေက

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကိုနားမလည်တာ၊ လူပြောသူပြောခံရအောင်မနေပါနဲ့ သမီး ရယ်''

''ဟုတ် . . . ဟုတ်ကဲ့ပါ မေမေ၊ နောက်တစ်ခါ ဒီလိုကိစ္စမျိုး တွေ မရှိစေရပါဘူး''

''အေး . . . မေမေဆုံးမတယ်ဆိုတာလည်း သမီးအတွက်ပါပဲ၊ လူဆိုတာ အသက်အရွယ်ရလာတာနဲ့အမျှ ရင့်ကျက်မှုရှိရတယ်၊ သမီးတို့ အရွယ်မငယ်တော့ဘူး၊ ပြီးတော့ မေမေတစ်ခုမေးဦးမယ်၊ ဒါစိတ်ဆိုး လို့မေးတာမဟုတ်ဘူးနော်၊ မှန်မှန်ဖြေဖို့ပဲလိုတယ်''

''ဟုတ်ကဲ့''

''သမီးနဲ့ လင်းထက် ချစ်သူတွေဖြစ်နေကြပြီလား''

''မ . . . မဖြစ်ပါဘူး အဲဒီလိုတွေ မဖြစ်သေးပါဘူး မေမေ''

''မဖြစ်သေးပါဘူးဆိုတာက နောက်တော့ဖြစ်လာနိုင်တယ်လို့ ဆိုလိုတာလား''

''ဟင့်အင်း . . . သမီးတို့အရမ်းသံယောဇဉ်ရှိတဲ့ သူငယ်ချင်း လို့ပဲနေသွားမှာပါ''

''ခက်တော့ ခက်သားပဲသမီး၊ သူငယ်ချင်းလို့ပြောပြီး သူ ရည်းစားထားတာမကြိုက်၊ ကိုယ်ရည်းစားထားတာမကြိုက် သဝန်တွေ တိုကြတယ်၊ ဟိုနေရာ ဒီနေရာတွေမှာ သွားတွေ့ကြတယ်၊ မိဘတွေက ခွင့်မပြုတာမျိုးလည်း မဟုတ်ဘဲနဲ့ သမီးတို့ဘာလို့ ဒီလိုနေနေကြတာလဲ''

နေခြည်နု ခေါင်းယမ်းသည်။ ပြောရမှာ တစ်မျိုးဖြစ်နေပေမယ့် မေမေ့ကိုတော့ ပွင့်လင်းစွာ အမှန်အတိုင်းပဲဝန်ခံရမှာပါ။

''ဒီလိုပါမေမေ၊ ငယ်စဉ်ကလေးဘဝကတည်းက အခုချိန်ထိ သူငယ်ချင်းလိုပဲနေလာတော့ အရောင်ပြောင်းရမှာမျိုး မဖြစ်ချင်တာပါ၊ ဖြူစင်တာလေးက ပိုပြီးခိုင်မြဲမယ်ထင်လို့ပါ မေမေ၊ လင်းထက်လည်း





အဲဒီလိုဆန္ဒမျိုးပါပဲ''

''သမီးတို့အတွေးလေးက ချစ်စရာကောင်းပါတယ်၊ သမီးတို့ တစ်သက်လုံး ဒီလိုနေကြမှာလား။ မဖြစ်နိုင်ဘူးထင်တယ်နော် သမီး။ ဒါက သမီးတို့ဘာသာဆုံးဖြတ်ထားကြတာ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်သူရည်းစား မထားရဘူးဆိုပြီး ကတိထားကြတာလေ၊ ဒါပေမဲ့ ချစ်သူ ရည်းစားမကတဲ့ ဆက်ဆံရေးမျိုးလို့ မေမေထင်မိတယ်၊ သံယောဇဉ် ကြီးကြတာကို မေမေနားလည်ပါတယ်၊ အင်း . . . ပြောရမှာလည်း ခက်တော့ ခက်သားသမီးရယ်''

မေမေ ဘာကိုပြောချင်မှန်း သူမ မသိပေ။ စိုးရိမ်မှုတွေဖြင့် သတိပေးနေသည်ဆိုတာကတော့ နားလည်သည်။

အခုချိန်မှာတော့ တခြားအရာတွေတွေးမနေချင်။ လင်းထက် ဆေးရုံတက်နေစဉ်ကာလအတွင်း ကျောင်းစာတွေကူးပေးရမည်။

ကျောင်းသွားကျောင်းပြန် လင်းထက်ဆီဝင်ပြီး ဆရာတွေ သင် ပေးလိုက်သော စာတွေကို နားလည်အောင်ရှင်းပြပေးဖို့ ဆန္ဒတွေရှိနေ ၏။

နှင်းငါ့အနားက ပျောက်မသွားဘူးဆိုရင်ပဲ တော်ပါပြီလင်းထက် ရယ်။ နှင်းငါ့အနားက ဘယ်တော့မှ ပျောက်မသွားပါနဲ့။ နှင်းတစ်ခုခု ဖြစ်သွားမှာ စိုးရိမ်တဲ့ရင်တွေ ပရမ်းပတာနဲ့။

အဲဒါ ရင်ခုန်တာလား မသိဘူး။ နှင်းနဲ့အနီးကပ်နေရတဲ့အချိန် တိုင်း တသိမ့်သိမ့် တရွေးရွေးခံစားရတယ်။

လင်းထက် ငါတို့ရိုးသားဖြူစင်ဆဲပါပဲနော်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"နင်ကြိုက်တဲ့ လှည်းတန်းကကြက်ကင် ငါဝင်ဝယ်လာခဲ့တယ်"

"ဒုက္ခရှာလို့ နေခြည်ရာ၊ ကျောင်းကနေ ဆေးရုံကိုလာတဲ့လမ်းနဲ့ တစ်နေရာစီကို နင်ကားပတ်မောင်းနေရတာ ပင်ပန်းမှာပေါ့"

"ဘာဖြစ်လဲ နင့်အတွက် အပင်ပန်းခံရတာပဲ ငါအပင်ပန်းခံနိုင်ပါတယ်၊ ငါဆတ်ဆော့လို့ နင်ဒီလိုဖြစ်ရတာ၊ အဲဒီအဖြစ်ကို ငါအခုထိ ကြောက်လန့်နေတုန်းပဲ၊ နင်သာတစ်ခုခုဖြစ်သွားခဲ့ရင်"

ပြောမထွက်ရက်နိုင်အောင် ရင်ထဲကဆို့နင့်နေသည်။ သွေးအလိမ်းလိမ်းနှင့် လင်းထက်အဖြစ်ကိုမြင်ယောင်ပြီး အခုချိန်ထိ ထိတ်လန့်တုန်လှုပ်စိတ်မကောင်းဖြစ်နေမိဆဲပါ။

"နေခြည်"

'အေး . . . နင်သက်သာတယ်မဟုတ်လား"

"ငါက သက်သာပါတယ်၊ နောက်နှစ်ရက်ဆို ဆေးရုံကဆင်းရမှာ၊ နင်ကတော့ စိတ်ပင်ပန်းနေသလိုပဲ"

"ငါစိတ်မကောင်းဖြစ်နေမိလို့ပါ၊ နင်သေသွားရင် ဘယ်လိုလုပ်ပါ့မလဲ"

"နင် ငါ့ကိုလွမ်းနေမှာပေါ့"





"လွမ်းရုံကပါ့မလား၊ ငါရူးချင်ရူး၊ မရူးတောင် သေလိမ့်မယ်လို့ထင်မိတယ်"

"နင် ငါ့ကိုအဲဒီလောက်တောင် ခင်တာလားနေခြည်၊ ငါသေရင် လိုက်သေလောက်တဲ့အထိ"

"နင်ရော ငါတစ်ခုခုဖြစ်ရင် အဲဒီလိုလုပ်ရဲတဲ့သတ္တိမရှိဘူးလား၊ မခင်ဘူးလားဟင်"

လင်းထက်ပိုင်ပြုံး၍ ခေါင်းညိတ်သည်။ နေခြည်နှ ခေါင်းလေးကို ဖွဖွလေးလှမ်းပုတ်ပြီး

"ခင်တာပေါ့ နေခြည်ရယ်၊ နင်က ငါ့ဘဝတစ်သက်တာလုံး သံယောဇဉ်အရှိရဆုံးသူပါ၊ ငါလည်းနင့်လိုပဲပေါ့ နင်သေရင်လိုက်သေမှာ"

"တကယ်နော် လင်းထက်၊ နင်နဲ့ငါ သစ္စာဆိုကြမလား"

"သစ္စာဆိုတိုင်းလည်း သစ္စာမြဲချင်မှမြဲမှာ၊ ငါတို့နှစ်ယောက် ကတိထားရင်ရတာပဲ နေခြည်ရယ်၊ တို့နှစ်ယောက်ရဲ့ကတိကို ဘယ်သူဖျက်လို့ရမှာလဲ"

"အဲဒါလည်းဟုတ်ပါတယ်"

ဒါကိုတော့ ငြင်းလို့မရတာမို့ ထောက်ခံလိုက်ရသည်။ သူမတို့နှစ်ယောက်သံယောဇဉ်ကို ဘယ်သူလာဖျက်လို့ရမှာလဲ။ ဒီလောက်တောင် ခိုင်ခန့်လေးနက်နေတာ။

"လင်းထက် ကြက်ကင်လေးစားလိုက်ဦးလေ၊ ငါဖဲ့ပြီးခွံ့ကျွေးမယ်နော်"

"အင်း"

သူမဖဲ့ပြီးခွံ့ကျွေးသော ကြက်ကင်တွေကို လင်းထက်အားရပါးရစားနေတာတွေ့ရတော့ သူမရင်မှာကြည်နူးရသည်။ လင်းထက်ဆေးရုံတက်နေစဉ် တစ်လျှောက်လုံး သူမကျောင်းသွားကျောင်းပြန် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်းဝင်ကြည့်သည်။

မြင့်အေးနှင့် ချိုချိုကတော့ ကားလည်းမရှိ အလှမ်းလည်းဝေးတာကြောင့် တစ်ခါတစ်ရံမှသာလာဖြစ်ကြသည်။

"လင်းထက် စားလို့ကောင်းလားဟင်"

"အင်း . . . ကောင်းတယ်၊ မနက်ဖြန်လည်းဝယ်ခဲ့ဦး၊ ဆေးရုံက ဆင်းလို့ အိမ်ရောက်သွားရင် စားရမှာမဟုတ်တော့ဘူး"

"နင်စားချင်ရင် ငါဝယ်ကျွေးမှာပေါ့ဟယ်"

"အလကားစတာပါ၊ နင့်လက်နဲ့ခွံ့ကျွေးလို့ ပိုပြီးအရသာရှိနေတာဟ"

"ပိုပြီ . . . ဒါနဲ့ အန်ကယ် အန်တီ ဘာပြောသေးလဲဟင်"

"အခုတော့ ငါနေမကောင်းနေသေးလို့လားတော့ မသိဘူး၊ ဘာမှမပြောသေးဘူး၊ အန်တီဝေကရော နင့်ကိုဘာပြောလဲ"

"ငါတို့နှစ်ယောက်အကျိုးဆင်တူဖြစ်နေတဲ့အပေါ် သံသယဝင်ပြီး မေးတော့တာပေါ့၊ ငါလည်း အမှန်အတိုင်းမဖြေလို့မှမရတော့တာ၊ ဖြေလိုက်တော့ အသားကုန်ဆူတော့တာပဲ၊ မေမေက သူ့ကိုလှည့်ပတ်လိမ်ညာပြီး ထွက်သွားတာကို ပိုတင်းသွားတာ၊ ငါကလည်း ငါပဲမဟုတ်လား၊ ရုပ်တည်ကြီးနဲ့ကိုလိမ်ပြီး ထွက်လာတာ"

"မိဘကိုလိမ်လို့ အဲဒီလိုဖြစ်တာနေမယ်နော်၊ ဒါကြောင့် မိဘကို မစော်ကားမပြစ်မှားနဲ့လို့ ဘုရားကဟောတာ၊ ကံကြီးထိုက်တတ်တယ်ဆိုတာလေ"

"အခုမှ ဘုရားဟောကိုသတိရတော့တယ်၊ နောက်ဆို ငါတို့ အဲဒီလိုအန္တရာယ်ဖြစ်မှာတွေ မလုပ်တော့ဘူးနော်"

"အေးပါ၊ အပျင်းပြေလေး တစ်ခါတစ်ရံတော့"

"အမယ် ပြောနိုင်သေးတယ်"





သူမအပြောကြောင့် လင်းထက်ပိုင် ရယ်သည်။ သူမတို့အတွက်တော့ နာကျင်စရာတွေက ရယ်မောစရာတွေဖြစ်သွားတာချည်းပါပဲ။ မိဘတွေဆူတော့လည်း ခဏပေါ့။

"နေခြည်"

"ပြောလေ"

"ဟိုကောင် နင့်ဆီလာသေးလား"

"ဘယ်ကောင်လဲ"

"ဘယ်သူရှိရမလဲ၊ ဆေးကျောင်းသားကောင်ပေါ့၊ နင့်ကို ဆွဲစားချင်နေတဲ့ကောင်"

"ဟင် . . . ဩ"

နေ့တိုင်းလာသည်ဆိုတာ လင်းထက်ကိုပြောပြလို့မဖြစ်။ တော်ကြာ အလကားနေဒေါသဖြစ်ပြီး စိတ်ကျေနပ်အောင်ပြိုင်ပွဲတွေလုပ်နေလျှင် ခက်ပေဦးမည်။

"နေခြည် ငါမေးတာဖြေလေ"

"ဩ . . . မလာပါဘူး၊ လာတော့လည်း ငါနဲ့ဘာဆိုင်တာမှတ်လို့"

"ဘာမဆိုင်ရမှာလဲ၊ နင့်ကိုရှူးပြီး ပရိုပိုစ့်လုပ်ထားတဲ့သူ၊ နင်အခုစိတ်မပါပေမယ့် သူဖွဲကောင်းနေရင် နင်စိတ်ပါချင်ပါသွားမှာပေါ့"

"စိတ်ကူးထဲကိုမရှိတာ၊ ငါ့ကိုစိတ်မပူပါနဲ့၊ နင်သာနေကောင်းအောင်နေ၊ ပြီးရင် ငါတို့အတူတူကျောင်းတက်မယ်"

"ငါက ဆေးရုံဆင်းတာနဲ့ကျောင်းတက်လို့ရပြီ၊ စာမေးပွဲနားနီးပြီဆိုတော့ အိမ်မှာနားနေလို့ဖြစ်တာမဟုတ်ဘူး"

"အေး ဟုတ်တယ်၊ စာတွေကတော့ ငါအကုန်ကူးပေးထားပါတယ်၊ စာလည်းလာပြပေးမယ်လေ၊ နင်နားမလည်တာရှိလည်း မေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသင်လိုက်တဲ့ဟာတွေ နှင်နေ့တိုင်းပြပေးနေတာပဲ၊ ငါ နားလည်နေပါပြီ၊ နှင့်အတွက်သာလုပ်ဦး။ ကျောင်းသွားကျောင်းပြန် ငါ့ ဆီဝင်နေရတာနဲ့ စာကျက်ချိန်ရောရသေးလား၊ ညဆိုလည်း ငါပျင်းမှာ နိုးလို့ ဖုန်းပြောပေးနေသေးတယ်"

အဲဒါတော့ဟုတ်သည်။ အခုတလော လင်းထက်အတွက်ပဲ အချိန်ပေးဖြစ်နေတာပါ။ သူမကြောင့်ဆိုသည့်အတွေးတစ်ခုနဲ့တင် မဟုတ်ဘဲ၊ ရင်ခုန်နွေးနွေးနှင့် စေတနာတွေ ပိုနေမိသည်ဟုထင်မိသည်။

လင်းထက်လည်း ဘယ်လိုနေမည်မသိ။

"လင်းထက် ငါပြန်တော့မယ်ဟာ"

"ငါလိုက်ပို့မယ်လေ"

"မပို့ပါနဲ့ နှင်ကနေကောင်းတာမဟုတ်ဘူး"

"ဘာမကောင်းရမှာလဲ ဒေါင်ဒေါင်မြည်ပါ၊ ကားပါကင်အထိ လိုက်ပို့ပေးမယ်"

"အန်တီတို့လာတုန်းနဲ့ တွေ့သွားရင် မကောင်းဘူး၊ လူနာကို နှိပ်စက်နေလား ဖြစ်ဦးမယ်"

"မေမေက ထမင်းချိုင့်ပို့ရင်းနဲ့လာပြီးသွားပြီ၊ ဖေဖေက ညဘက် မှလာပြီး ညဉ့်နက်မှပြန်တာ။ ယောက်ျားလေး စပါယ်ရှယ်နပ်စ်တွေ ဆရာဝန်တွေနဲ့ အပ်ခဲ့တာလေ။ အဲဒါကြောင့် ညဘက် နှင်နဲ့စကားပြော လို့ရတာပေါ့၊ ဖေဖေမပြန်သေးရင်သာ ငါနောက်မှပြန်ခေါ်လိုက်မယ်လို့ ပြောတာ"

"အေးပါ ငါလည်းနှင်နဲ့ ဒီထက်ကြာကြာနေချင်ပါသေးတယ်၊ မေမေက အပြန်အရမ်းနောက်ကျရင် စိတ်ပူနေလို့"

"ရပါတယ်ဟာ၊ ဒီလောက်နေပေးတာပဲ ငါကျေနပ်နေပါပြီ၊ လာ ငါလိုက်ပို့မယ်"





နေခြည်နုလက်ကိုဆွဲကာ ဖွတ်ပင်လိုက်ပို့သည်။ နဖူးမှာ ပလတ် စတာကပ်ပြီး ခေါင်းမှာပတ်တီးစည်းထားသည့်ဒဏ်ရာပဲရှိတာမို့ လင်း ထက်ပိုင်က လူကောင်းပကတိအတိုင်းပါပဲ။

သူမ ကားမောင်းထွက်လာမှ လက်လေးပြကာကျန်ရစ်ခဲ့သည်။

ဒီလောက် လေးနက်နီးစပ်သည့်သံယောဇဉ်တွေ ဘယ်တော့မှ ပျောက်ပျက်မသွားပါရစေနဲ့ လင်းထက်ရယ်။

ငါတို့ ဘယ်တော့မှမဝေးပါရစေနဲ့။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"သား ဆေးရုံမဆင်းသေးလို့ မေမေတို့မပြောသေးတာ၊ အက်ဆီးဒင့်ဖြစ်တဲ့ကိစ္စက သားပြောသလိုမဟုတ်ဘူးဆိုတာ မေမေတို့ သိတယ်"

"ဟုတ်တယ်သား၊ အဲဒီနေ့က သားအိမ်ကနေဝတ်သွားတဲ့ အဝတ်အစားမျိုးမဟုတ်ဘူး၊ နေခြည်နဲ့ဆင်တူဖြစ်နေတယ်၊ ကားပေါ်မှာ သားဝတ်သွားတဲ့ အဝတ်တွေက ရေစိုနေတယ်၊ သား ဘာကြောင့်ဖုံးကွယ်တယ်ဆိုတာလည်း ဖေဖေတို့သိတာပဲ"

"မဝေက သူ့သမီးကိုဆုံးမနေတယ်ဆိုတာလည်း မေမေတို့သိတယ်၊ အဲဒါကြောင့်လည်း ဘာမှမပြောဘဲနေလိုက်တာ၊ ဒါပေမဲ့ ဒီထက်ကြီးမားတဲ့ကိစ္စကြီးဖြစ်ရင် ဘယ်လိုလုပ်မလဲသား၊ သားသာ အသက်အန္တရာယ်ဖြစ်ပြီဆို မေမေတို့ရင်ကျိုးရချည်ရဲ့၊ မေမေ့တွေးတောင် မတွေးဝံ့ဘူးသား"

"ကားက အဝင်မတော်လို့လားဆိုပြီး အဲဒီကားကို ဖေဖေ အပျက်ဈေးနဲ့ပဲ အရှုံးခံပြီးထုတ်လိုက်ပါပြီ၊ ကားကကောင်းလည်း ကောင်းမှမကောင်းတော့တာ၊ အခုလောလောဆယ်တော့ သားလည်း ကားမောင်းလို့မရသေးတော့ ဖေဖေ နောက်မှပြန်ဝယ်ပေးမယ်၊ ဒါပေမဲ့ နေခြည့်





ကားစီးပြီး သားကျောင်းတက်ရမှာကိုတော့ ခပ်လန့်လန့်ပဲ၊ နှစ်ယောက်သား ဘာတွေလုပ်ကြ၊ ဘာတွေဖြစ်ကြဦးမလဲလို့"

ဖေဖေနှင့် မေမေက စိုးရိမ်ကြီးစွာ သူ့ကိုတရစပ်ပြောနေကြသည်။ ဆေးရုံကဆင်းတော့ ဖေဖေနှင့်မေမေ လာကြိုကြတာပါ။ နေခြည်က ကျောင်းနားပြီးလာကြိုရမလားမေးတော့ သူငြင်းခဲ့သည်။

အိမ်ရောက်တာနှင့် ဖေဖေတို့ ဒီလိုတွေပြောဦးမည်ဆိုတာ သိနေလို့ပါ။ နေခြည့်ကို အပူတွေမပေးချင်။

အဆူခံထိသည့်အထဲမှာ နေခြည်မပါစေချင်။ သူမျက်နှာသေလေးနှင့်နေလိုက်ကာ

"သားတို့အတွက် စိတ်မပူပါနဲ့ ဖေဖေနဲ့မေမေ၊ နောက်ဒီလိုကိစ္စမျိုးတွေ လုံးဝမဖြစ်စေရပါဘူး"

"ဖေဖေတို့က သားတို့အတွက်ပြောတာပါ၊ ဟိုတစ်ခါလည်း သားကြောင့် နေခြည် သေလုမြောပါးဖြစ်သွားတယ်၊ အခုက နေခြည့်ကြောင့်ဖြစ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ်ပါ' သားတို့အသက်အန္တရာယ်ဖြစ်လောက်တဲ့အထိတော့ မစနောက်သင့် မဲဖန်တီးသင့်ဘူး၊ မိဘတွေက သားသမီးကို ပိုးမွေးသလို မွေးခဲ့ရတာ၊ မိဘတွေ စိုးရိမ်သောကဖြစ်အောင် မလုပ်သင့်ဘူးပေါ့"

"သားတို့ ရင့်ကျက်သင့်ပါပြီ၊ အရမ်းကလေးဆန်နေကြတာ ရှေ့လျှောက် ဘယ်လိုတွေများဘဝကို အလေးအနက်တွေးကြမှာလဲ"

"သားတို့ဆင်ခြင်ပါ့မယ် မေမေ၊ တကယ်ကို ဒီလိုကိစ္စမျိုးတွေ မရှိစေရပါဘူး"

"အေးပါ၊ မဖြစ်ခင်တော့ ဒီလိုပဲပြောကြတာပဲ၊ ဖြစ်ပြီးသွားရင် ဘာမှမတတ်နိုင်ဘူးသား၊ နေခြည်လေးလည်း မိန်းကလေးပီသသင့်နေပြီ၊ လေးနက်ရင့်ကျက်သင့်နေပြီ၊ ဘာလို့များ ပေါ့ပေါ့လွယ်လွယ်နေနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ အမေမရှိတဲ့ကလေး ပရမ်းပတာကိုဖြစ်နေပြီ''

''ဟို . . . နေခြည့်ကို အဲဒီလိုမပြောပါနဲ့ မေမေ၊ သားနဲ့အတူတူပါပဲ၊ ပျော်အောင်နေတဲ့သဘောပါပဲ၊ အန်တီဝေကလည်း ဆုံးမပါတယ်၊ ဒီတစ်ခါကိစ္စအတွက် သားတို့နှစ်ယောက်လုံးနောင်တရနေပါပြီ၊ နောက်တကယ်ကို မဖြစ်စေရပါဘူး၊ သားကတိပေးပါတယ်''

''လင်းထက်ရေ''

သူတို့စကားပြောနေကြဆဲမှာ နေခြည်နု အပြေးအလွှားဝင်လာသည်။ လက်ထဲမှာလည်း စားစရာတွေနှင့်ပါ။

''အန်ကယ်နဲ့ အန်တီပါစားလို့ရအောင် ကြက်ကင်ရော၊ ငါးကင်ရော ဝယ်လာတယ်၊ ခဏလေးနော် ပြင်ပြီးယူလာခဲ့မယ်''

ကိုယ့်အိမ်ကိုယ့်ယာလိုပင် နောက်ဖေးဘက် ကသုတ်ကယက်ဝင်သွားကာ ပန်းကန်ဖြင့်ပြင်ဆင်ပြီး ထည့်ယူလာသည်။ အပြစ်လုပ်ထားသူမို့ မျက်နှာချိုသွေးနေသလိုပါ။

''အန်ကယ် အန်တီ စားလေ၊ လှည်းတန်းက ကြက်ကင်၊ ငါးကင် အရမ်းနာမည်ကြီးတာ၊ လင်းထက်က အဲဒီဆိုင်ကမှ အရမ်းကြိုက်တာလေ၊ အန်တီတို့ ကြိုက်တယ်ဆိုရင်လည်း သမီးနောက်နေ့ကျထပ်ဝယ်ကျွေးဦးမယ်''

''နေပါကွယ် တော်ပါပြီ၊ အန်တီတို့သိပ်မကြိုက်တတ်ပါဘူး''

''စားကြည့်ပါဦး အန်တီရဲ့၊ လက်ရာက အစပ်အဟပ်တည့်လို့ အရမ်းကောင်းတာ၊ မေမေ စားချင်တယ်ဆိုရင်လည်း အဲဒီကပဲမှာစားတာ''

''မေမေကလည်း နေခြည် စေတနာနဲ့ဝယ်လာတာကို စားကြည့်လိုက်ပါဦး''

''အေးပါကွယ်၊ စားပါ့မယ်''





နေခြည်နု မျက်နှာငယ်မှာစိုး၍ လင်းထက်ပိုင်က တိုက်တွန်းပေး၏။ သူလည်း နေခြည်နု ကျေနပ်အောင် အားရပါးရစားပေးသည်။

''နေခြည် နင်ရောစားလေ''

''ငါက ချိုချိုတို့နဲ့ ဆိုင်မှာစားခဲ့သေးတယ်၊ နင်တို့အတွက်ပဲဝယ်လာတာ၊ ဟဲ့ . . . စာကျက်ရဦးမှာနော် မြန်မြန်စား၊ ဒီနေ့ စာမေးပွဲအတွက် အရေးကြီးသင်ခန်းစာတွေ သင်ပေးလိုက်တယ်''

''ဟုတ်လား၊ စားပြီးမှစာဖတ်ခန်းထဲသွားမယ်လေ၊ မေမေ နေခြည့်ကို ညစာကျွေးမယ်နော်''

''ဟုတ်ပါပြီ စာသာလုပ်ကြပါ၊ ညစာကို နေခြည့်အတွက်ပါ မေမေ စီစဉ်ခိုင်းပါ့မယ်''

နေခြည်ရောက်လာတော့လည်း မိဘတွေဘာမှမပြောကြပါ။ နေခြည့်ကို ပြောဆိုပစ်မှာပဲ စိုးရိမ်နေတာ။ မျက်နှာလေးမြင်လိုက်ရလို့ မပြောရက် မဆိုရက်ဖြစ်သွားကြတာဖြစ်မည်။

ခဏနေတော့ စာဖတ်ခန်းထဲသွားကာ စာဖတ်ကြသည်။ သူဆေးရုံတက်နေစဉ်ကာလအတွင်းကစာတွေကို နေခြည်က နားလည်အောင်ရှင်းပြ၏။ ဘယ်လောက်ပဲပျော်အောင်နေနေ ပညာရေးကိုတော့ နှစ်ယောက်လုံး အထိခိုက်မခံကြပေ။

''နေခြည် နင်ဗိုက်ဆာပြီလား''

''အင်း . . . နည်းနည်းတော့ ဆာလာပြီဟ''

''အဲဒါဆို သွားစားကြမယ်လေ၊ နင်လည်း ပင်ပန်းရောပေါ့၊ ထမင်းစားပြီးတာနဲ့ နင်ပြန်နားတော့''

''အေး . . . နင်လည်း ညဉ့်နက်အောင်ထိ စာကျက်မနေနဲ့နော်၊ ဆေးရုံကဆင်းခါစပဲရှိသေးတယ်၊ စောစောအိပ်လိုက်''

''အေးပါ''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားအောက်ထပ်ကို ထမင်းစားဖို့အတွက် ဆင်းလာခဲ့ကြသည်။ မေမေက လှေကားအဆင်းမှာဆီးကြို၍

"မေမေက ထမင်းစားဖို့အတွက် အခုလာခေါ်တော့မလို့၊ အရမ်းနောက်ကျနေပြီ"

"နေခြည်လေ၊ သားစာတွေ နားမလည်မှာစိုးလို့ဆိုပြီး သင်ပြနေတာ၊ ထမင်းစားဖို့တောင် မေ့နေတယ်"

"အေးအေး ....ကဲလာ ထမင်းစားရအောင်"

ဒီနေ့ညစာကို လင်းထက်တို့အိမ်မှာပဲစားဖြစ်လိုက်သည်။ အန်တီနွယ်က သူမကြိုက်သော ပုစွန်စိမ်းသုပ်လေးပါ သုပ်ပေးထား၏။ သူမက ထုံးစံအတိုင်း လူကြီးတွေနှင့် လင်းထက်ပန်းကန်ထဲကို ဟင်းတွေကို ဦးချပြီးမှစားဖြစ်၏။

"စားလို့ကောင်းလိုက်တာ၊ ကျေးဇူးပဲ အန်တီနွယ်"

"အောင်မာ နင်ကဲ့အမြဲတမ်းလာစားနေပြီးတော့ အခုမှ ကျေးဇူးတင်ကြောင်းလာပြောနေသေးတယ်"

"အမယ် ...နင်လည်း အိမ်မှာလာစားတဲ့နေ့ကျရင် မေမေ့ကို ကျေးဇူးတင်တယ်လို့ပြောတာပဲလေ၊ ကဲ ...စားလို့ကောင်းလည်း တော်ပါပြီ၊ တော်ကြာ စားကောင်းကောင်းနဲ့စားရင် ဝိတ်တက်လာလိမ့်မယ်"

"ဝိတ်တက်တက်ကျကျ နင့်ရုပ်က ဒီရုပ်က ဒီရုပ်ပါပဲ၊ ထူးပြီးလှမလာပါဘူး"

"အမယ်လေး၊ ဒီအလှကိုပဲ ယောကျ်ားလေးတွေ ကြွေနေတာ၊ ဒီကသာ စိတ်ဝင်စားလို့ကတော့၊ ခါချနေရပြီ ဟင်း ...ဟင်း"

အနိုင်ပိုင်းကာပြောခဲ့ပြီး သူမအိမ်ပြန်လာခဲ့သည်။ မေမေက ထမင်းစားဖို့ခေါ်သော်လည်း စားပြီးခဲ့ပြီဟုဆိုကာ အပေါ်ထပ်တက်လာ





ခဲ့သည်။

အခန်းထဲရောက်တော့လည်း တော်တော်နှင့် မအိပ်ဖြစ်သေးပါ။ လင်းထက်အိပ်ပြီလားလို့ ဖုန်းခေါ်ကြည့်လိုက်သည်။ ဖုန်းနှစ်ခါလောက်မြည်အပြီးမှာ လင်းထက်ဖုန်းကိုင်လိုက်တာ သိလိုက်ရ၏။

"ဟယ်လို၊ နေခြည် မအိပ်သေးဘူးလား၊ ငါတောင်ဖုန်းခေါ်ကြည့်တော့မလို့ လုပ်နေတာ"

"အင်း ...အိပ်တော့မလို့လေ၊ ဂွတ်နိုက် လင်းထက်"

"ဂွတ်နိုက်ပါ နေခြည်၊ အိပ်မက်လှလှမက်ပါစေ၊ မနက်ဖြန်မှတွေ့မယ်နော်"

"အိုကေ"

လင်းထက်နှင့် အဲဒီလိုလေး နှုတ်ဆက်လိုက်ရမှ အိပ်လို့ပျော်တာ ထုံးစံပါ။ ဒီသံယောဇဉ်တွေ ဘယ်တော့မှ ပြတ်တောက်မသွားနိုင်ဆိုတာတော့ ...။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

သံယောဇဉ်တွေ တစ်ရစ်ပြီးတစ်ရစ်တိုးလာရင်းနှင့် ပထမစာမေးပွဲဖြေပြီး ကျောင်းပြန်တက်ကြရပြန်သည်။ ကျောင်းပိတ်ရက်တွေအတွင်းမှာလည်း သူမတို့နှစ်ယောက် မခွဲခွာကြပါ။

ဟိုဘက်အိမ် ဒီဘက်အိမ်ကူးပြီး စားကြသောက်ကြ။ ရုပ်ရှင်သွားကြည့်ချင်လည်း ကြည့်၊ ရှိုးပွဲရှိလည်း ရှေ့ဆုံးက။

အခုကျောင်းပြန်တက်မှ မြင့်အေးနှင့် ချိုချို့ကိုသတိရကြတော့သည်။

"မင်းတို့ကွာ၊ ကျောင်းပိတ်ရက်လေးမှာ ကျွေးဖို့မွေးဖို့တောင် ငါတို့ကိုမခေါ်ဘူး။ တော်တော်နေနိုင်ကြတယ်"

"ငါတို့နှစ်ယောက်က ငယ်ငယ်ကတည်းက တခြားအဖော်လိုတာမဟုတ်ဘူးကွ၊ တက္ကသိုလ်ရောက်မှသာ မင်းတို့နဲ့ပေါင်းဖြစ်တာ"

"အမယ်လေး တော်တော်ခင်ဖို့ကောင်းတဲ့ဟာတွေ၊ နင်တို့ နေစိမ့်ပေမယ့်၊ ငါတို့ကတော့ သတိရနေတာပါ"

"ဘာလဲ ငတ်ကြီးမကျချင်လို့လား"

"အေးဟုတ်တယ်၊ အာမဟုတ်ပါဘူး၊ ငါနဲ့ မြင့်အေး ဒီကျောင်းပိတ်ရက်အတွင်း ချစ်သူတွေဖြစ်သွားကြတယ်ဆိုတာ ကြွားချင်နေတာ"





"ဟယ် တကယ်၊ အဲဒါဆို ချစ်သူဖြစ်တဲ့အထိမ်းအမှတ်နဲ့ ငါတို့ကို တစ်ဝိုင်းကျွေး"

"ဘာမှမဆိုင်ဘူး"

"အေးလေ"

အခုမှ မြင့်အေးနှင့်ချိုချို အတိုက်အဖောက်တွေ ညီနေကြသည်။ တစ်ယောက်နှင့်တစ်ယောက်ကြည့်သည့်မျက်လုံးတွေက အီစီကလီ ညှိုကလီးယားနှင့်မို့ အသည်းတွေတောင် ယားလာသည်။

ချစ်သူတွေဖြစ်သွားကြလျှင် အဲဒီလို သရိုးသရီပုံစံမျိုးတွေဖြစ်သွားတတ်ကြတာလား။

"ဟဲ့ ... နင်က ဘာရယ်တာလဲ"

ချိုချိုက အိုးမလုံ အုံမွှင့်လျက် နေခြည်နုလက်မောင်းကို ဆွဲဆိတ်ကာမေးသည်။ နေခြည်နု မျက်လုံးလေးမှေးစင်းရီဝေကာ အီစီကလီပုံစံလုပ်ပြပြီး

"အဲဒါ ဘာအထာလဲ၊ အရင်က ပြူးတူးပြဲတဲ့ပြောင်ချော်ချော်မျက်နှာက အခု အချစ်ဆိပ်တွေမွှန်နေသလို"

"ဟဲ့ ... ချစ်သူရည်းစားဖြစ်သွားရင် ဒါသဘာဝလေ၊ နင်နဲ့လင်းထက်လည်း ချစ်သူဖြစ်သွားကြည့်ပါလား။ ကိုရေ အချစ်ရေ မောင်ရေနဲ့ အဲဒီလို ညှိုကလီးယားဖြစ်သွားမှာ"

"တော်စမ်းပါ၊ အဲဒီလိုဖြစ်မှာကြောက်လို့ကို အဲဒီလိုမနေတာ"

"ငါတို့ကို အားမကျဘူးလား"

"ဘာအားကျရမှာလဲ၊ တို့က ရိုးရိုးပဲနော် လင်းထက်"

လင်းထက် အင်တင်တင်ဖြင့် ခေါင်းညိတ်ပြ၏။ မြင့်အေးက လင်းထက်ပခုံးကိုပုတ်ပြီး

"နည်းနည်းအားကျတယ်တော့လုပ်လိုက် လင်းထက်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက် အနေရင်းနီးနေတာကွာ၊ မင်းနေခြည့်ကိုရင်မခုန်ဘူးလား၊ အမှန်အတိုင်းပြောနော် လျှို့ဝှက်ဖုံးကွယ်နေရမယ့်လူတွေမဟုတ်ဘူး''

နေခြည့်မျက်နှာလှမ်းကြည့်ပြီး လင်းထက် ဘာမှမပြော။ နေခြည်က လင်းထက်လက်မောင်းကို တွဲချိတ်လိုက်ပြီး . . .

''အရမ်းကို ပျော်ရွှင်ပေးချင်နေကြတယ်ပေါ့လေ၊ ငါတို့နှစ်ယောက်က နင်တို့ချစ်သူတွေထက်ကို ပိုချစ်တယ်သိလား၊ လင်းထက်ဟုတ်တယ်နော်''

''အင်း''

''နင်တို့ချစ်သူတွေကမှ စိတ်အခန့်မသင့်ရင် ကွဲကြကွာကြတာတွေရှိဦးမှာ၊ ငါတို့က ဘယ်တော့မှ မကွဲဘူး မကွာဘူး၊ စိတ်ဆိုးစိတ်ကောက်မလုပ်ဘူး၊ တစ်ယောက်ဆန္ဒကိုတစ်ယောက် ဖြည့်ဆည်းမယ်၊ တစ်ယောက်ပျော်အောင်တစ်ယောက်လုပ်ပေးမယ်၊ ဘယ်လောက်တောင်ကောင်းလိုက်သလဲ၊ နော် လင်းထက်ရယ်''

''အဟင်း ဟုတ်တယ်၊ ငါတို့ရဲ့ဖြူစင်မှုတွေက တစ်သက်လုံးစာသုံးမကုန်ဘူး၊ ဘယ်တော့မှ ပျောက်ပျက်မသွားဘူး''

''နှစ်ယောက်လုံး အိမ်ထောင်မပြုဘဲ၊ တစ်သက်လုံး ဒီလိုပုံစံမျိုးနဲ့ပဲ ချစ်သွားကြမှာလား''

''အေးပေါ့ ဒီအတိုင်းပဲပေါ့၊ ဒီလိုမဟုတ်ဘဲ အရောင်ပြောင်းခဲ့ရင်လည်း ငါကနေခြည့်ကိုပဲယူမှာ''

''ဟား . . . ဇာတ်တွေပေါ်လာပြီ သတ္တိတွေပြလာပြီ၊ နေခြည်နင်ကရော''

လင်းထက်စကားကို အကျအနကောက်လျက် မြင့်အေးက နေခြည့်ကိုပါ လှည့်မေးလာသည်။ နေခြည်က လင်းထက်လက်မောင်းကို ဖက်တွယ်ထားလျက်နှင့် မျက်နှာလေးကို ခပ်မော့မော့လေးလုပ်ထားပြီး





''ငါလည်း လင်းထက်လိုပဲပေါ့၊ အခုလို သူငယ်ချင်းလိုနေရင်းက အရောင်ပြောင်းရင် ညစ်ပတ်တယ်ဖြစ်မှာစိုးလို့၊ တကယ့်တကယ်လက်ထပ်ဖို့ဟော့ဆိုရင် လင်းထက်ကိုလက်ထပ်မှာ၊ တစ်သက်လုံးအတူနေဖို့ လိုအပ်လာရင် လင်းထက်ကိုပဲယူမှာ''

''တွေ့တယ်နော်၊ ငါတို့နှစ်ယောက်ရဲ့နိုင်မြဲမှု''

''အေးပါ၊ မင်းတို့ဆီက အဲဒီအသံကြားရတာ ဝမ်းသာပါတယ်ကွဲ . . . အဲဒီအထိမ်းအမှတ်လေးနဲ့ ငါတို့ကိုကင်န်တင်းမှာလိုက်ကျွေးကွာ''

''ဘာမှလည်းမဆိုင်ဘူး''

လင်းထက်က မြင့်အေးတို့ပြောသလို ပြန်ပြောသည်။ နေခြည်က ပြန်ချေပလိုက်သည့်အတွက် လင်းထက်ကို လက်မလေးထောင်ပြကာရယ်သည်။ ချိုချိုက နေခြည့်လက်ကိုဆွဲပြီး

''ရယ်မနေနဲ့၊ နင်တို့ကျွေးတာ မစားရတာကြာနေပြီ''

''တော်တော်ငတ်နေလား''

''ငတ်တယ်လို့ပဲထားလိုက်တော့၊ စားရဖို့အရေးကြီးတယ်''

''ကျွေးလိုက်ပါ နေခြည်ရယ်၊ သနားပါတယ်''

''လင်းထက် ဆန္ဒရှိတယ်ဆိုလည်း ကျွေးလိုက်ပါလေ၊ ကုသိုလ်ရတာပေါ့''

''အဟင်း အဟင်း လွန်နေပြီနော်၊ အဲ''

တစ်ယောက်နှင့်တစ်ယောက် စနောက်ပြီး ကင်န်တင်းကိုရောက်သွားကြသည်။ မြင့်အေးနှင့် ချိုချိုက အားမနာတမ်းသူတို့မှာစားချင်တာမှာစားကြ၏။

''ဟင်''

တစ်ဖက်စားပွဲဝိုင်းမှာ ဆရာဝန်လောင်းလျာကို မြင်လိုက်ရသည့်အတွက် နေခြည်နှ အံ့သြတုန်လှုပ်သွားရသည်။ လင်းထက်မြင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကစဦးမှာ။

"လင်းထက် စားလေ၊ ငါခွံ့ကျွေးရမလား၊ ဒီမှာရေနွေးလည်း သောက်"

လင်းထက်ကို စကားရောဖောရှောလုပ်၍ ဒင်းဆမ်းတွေ ခွံ့ကျွေးပြီး ရေနွေးပါငှဲ့ပေးလိုက်သည်။

လင်းထက် နောက်လှည့်မကြည့်ဖို့အရေးကြီးသည် မဟုတ်လား။

"နေခြည် နင်ဘာဖြစ်နေတာလဲ၊ ငါတောင် မြင့်အေးနဲ့ချစ်သူတွေဖြစ်ပြီး တစ်ခါမှ မြင့်အေးကိုခွံ့မကျွေးဘူး"

"နင်တို့အချစ်ထက် ငါတို့အချစ်က ပိုတာကိုဟယ်၊ နော် လင်းထက်ရယ် ... ရော့စား"

"ဒီနေ့ နေခြည်အိုဗာတွေများနေသလိုပဲ၊ နင်ဘာဖြစ်နေတာလဲ နေခြည်"

"ဘာမှမဖြစ်ပါဘူးဟ၊ ချိုချိုတို့ကိုအားကျလို့ အဟီး"

နေခြည်နုအပြောကြောင့် လင်းထက်ပိုင်က ခေါင်းကိုပုတ်လိုက်သည်။ နေခြည်နု မလုံမလဲပုံစံဖြစ်နေတာကြောင့် နောက်လည်ပြန်လှည့်ကြည့်လိုက်တော့ နေခြည်နုကိုပိုးနေသည့် ဆရာဝန်လောင်းကို တွေ့လိုက်ရ၏။

"ဩော် ... နေခြည် နင်အဲဒါကြောင့် ပဲများနေတာကိုး"

"ဟင် ... ဘာပဲများတာလဲ"

"ဟိုကောင်ကြောင့်လေ"

"အဲဒါ ပဲများစရာလား၊ နင်နဲ့ ဒီလိုနေတော့ ချစ်သူတွေထင်ပြီး သူနောက်ဆုတ်သွားတာပေါ့ဟဲ့"

"အဲဒါဆိုလာခဲ့ ... ပိုပြီးချစ်သူတွေလို့ထင်သွားအောင် ဖက်





ထားမယ်"

"ဟဲ့"

လင်းထက်ပိုင်က တကယ်ကို နေခြည်နု ပခုံးလေးကိုတင်းတင်းကျပ်ကျပ်လေး ပွေ့ဖက်ထားလေသည်။ ချိုချိုတို့က မကြည့်ရဲသလို မျက်စိမှိတ်ထားကြ၏။ လင်းထက်နှင့် နေခြည်လည်း ရင်ခုန်နွေးနွေးနှင့်ပါ။

"ဒီက"

"ဗျာ"

မိန်းကလေးတစ်ယောက်အသံကြောင့် မြင့်အေးနှင့် ချိုချိုမျက်လုံးပြန်ဖွင့်လာကြသည်။ အမျိုးသမီးက ခုံလွတ်တစ်ခုမှာ ရဲတင်းစွာပင် ဝင်ထိုင်လျက်

"ကျွန်မကိုမှတ်မိလား မသိဘူး၊ ရှင့်ကို ပါမောက္ခရုံးခန်းမေးတဲ့သူပါ၊ အေမီနိုင်လို့ခေါ်ပါတယ်"

"ဩော် ... ဟုတ်ကဲ့၊ အဲဒီတုန်းကလည်း နာမည်ပြောသွားသေးတယ်နော်၊ ကျွန်တော်က ရုံးခန်းရှာတွေ့ပါ့မလားလို့တောင် စိတ်ပူနေသေးတာ"

"အာ"

လင်းထက်အပြောကိုမကြိုက်၍ နေခြည်နုက သူဖက်ထားသောလက်မောင်းကို မသိမသာဆွဲဆိတ်လိုက်သည်။ လင်းထက်က နာကျင်သွားတာကို အသံတိတ်ကြိတ်အော်ပေမယ့် ဣန္ဒြေမပျက်ပင် နေလိုက်သည်။

အေမီနိုင်က ခပ်လွင့်လွင့်လေးပြုံးလျက်

"ရှင်လမ်းညွှန်တဲ့အတိုင်း သွားလိုက်တာ ရုံးခန်းကိုတွေ့ပါတယ်၊ ပါမောက္ခကြီးနဲ့ပါ တွေ့တဲ့အတွက် တစ်ခါတည်းအဆင်ပြေသွားတယ်၊ ဒီနှစ် ဒီကျောင်းမှာတက်ရမှာလေ၊ သူတို့က ရှင့်သူငယ်ချင်းတွေလား



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးလေ၊ မိတ်ဖြစ်ဆွေဖြစ်ဖြစ်သွားအောင် ဒီဝိုင်းအတွက်လည်း ကျွန်မရှင်းပါ့မယ်''

လေးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ နေခြည်က မကြိုက်သလို ခါးကိုဆွဲဆိတ်ကာ သတိပေးလိုက်၍ လင်းထက်တွန့်ခနဲဖြစ်သွားကာ

''ဟို ... ရပါတယ်ဗျ။ သူတို့နှစ်ယောက်ကလည်း ချစ်သူတွေ၊ ကျွန်တော်တို့နှစ်ယောက်ကလည်း ချစ်သူတွေပါ၊ အထိမ်းအမှတ်တစ်ခုအနေနဲ့ ကျွန်တော်တို့နှစ်တွဲက တစ်ယောက်တစ်လှည့်ကျွေးနေကျမို့ မအေးမီခိုင်ကျွေးတာကို လက်မခံပါရစေနဲ့''

''ဩော်''

အေးမီခိုင် အောင့်သက်သက်ဖြစ်သွားပုံရသည်။ ဒါပေမဲ့ အပြုံးမပျက်တာကတော့ သူမရဲ့ကိုယ်ပိုင်ဟန်ဖြစ်ဟန်တူ၏။

''ဘာပဲဖြစ်ဖြစ်ပါ၊ ဒီကျောင်းမှာ အသိမိတ်ဆွေမရှိသေးတဲ့အတွက် ကျွန်မက ရှင်တို့အားလုံးနဲ့ ခင်ချင်ပါတယ်၊ အဲဒါတော့ ရတယ်မဟုတ်လား''

''ဩော် ... ဟုတ်ကဲ့ အဲဒါကတော့ အခက်အခဲမရှိပါဘူး''

''တော်သေးတာပေါ့၊ ကျွန်မက အပေါင်းအသင်းမက်တယ်၊ ရှင်တို့အဖွဲ့နဲ့ ဒီလိုရေစက်ဆုံရတာ အရမ်းကျေးဇူးတင်တာပဲ''

''လင်းထက် သွားရအောင်''

''ဟင် ... ဘာလို့''

''လာပါဆို''

ခင်မင်ရင်းနှီးမှုမျိုးဖြစ်သွားမှာစိုး၍ လင်းထက်လက်ကိုဆွဲ၍ ထွက်လာခဲ့သည်။ မြင့်အေးတို့အတွက်လည်း ပိုက်ဆံမရှင်းခဲ့ရ၍ ဘယ်လိုဖြစ်ကျန်ခဲ့မည်မသိ။





''နေခြည် ဘာဖြစ်တာလဲဟ''

''ဟိုက မိတ်ဖွဲ့နေတာလေ၊ သူနဲ့ခင်သွားမှာစိုးလို့''

''ဘာဖြစ်လဲဟာ၊ နင်နဲ့ချစ်သူတွေပါလို့ မိတ်ဆက်ပေးထားတာပဲ''

''မလိုချင်ဘူး၊ နင်ဘယ်မိန်းကလေးနဲ့မှ မခင်ရဘူး လင်းထက်၊ ငါမကြိုက်ဘူး''

''အေးပါဟာ၊ ငါကလည်း နင့်လောက်ဘယ်သူ့ကိုမှ မခင်ပါဘူး၊ နင်သာ ဟိုကောင်နဲ့သွားမပတ်သက်နဲ့''

''မပတ်သက်ပါဘူး၊ ပတ်သက်စရာလား''

''ပြီးရော''

နှစ်ယောက်သားလက်ချင်းချိတ်လျက် ပြုံးရယ်လိုက်ကြသည်။ ဒီလိုပျော်ရွှင်စရာနေ့တွေချည်းပဲလားဆိုတာတော့ ...။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တစ်နေ့တော့ စာသင်ချိန်ကုန်ဆုံးလို့ အိမ်ပြန်ရမည့်အချိန်မှာတော့ ကားမောင်းခွင့်မရသေးသော လင်းထက်ပိုင်က နေခြည်နှ မောင်းသည့်ကားပေါ် လိုက်စီးရသည်။

"နေခြည် ငါတို့အိမ်တန်းပြန်ကြမှာလား၊ ဘယ်သွားဦးမလဲ၊ ကန်ပေါင်မှာ ဘူးသီးကြော်ဝင်စားမလား"

"သွားလေ၊ အများကြီးတော့ စားလို့မဖြစ်ဘူး"

"အေးပါ၊ ဒါဆို မြင့်အေးတို့ကိုခေါ်ဦးမလား"

"သူတို့အတွဲက ဘယ်မှာချိန်းတွေ့မလို့လဲမသိဘူး၊ အစောကြီးကတည်းက လစ်သွားပြီ"

"ဟုတ်လား၊ ဒါဆိုတို့နှစ်ယောက်တည်းပေါ့၊ သွားမယ်လေ"

နှစ်ယောက်သား ကန်ပေါင်ကိုလာခဲ့ကြသည်။ စကားတပြောပြောနှင့်မို့ နောက်ကကားတစ်စီးကပ်ပါလာတာပင် သတိမထားမိပါ။

အကြော်ဆိုင်ကိုရောက်သည့်အခါမှာတော့ ထိုင်နေကျထိုင်ခုံဝိုင်းကိုပင် နေရာယူလိုက်ကြသည်။

"ဘူးသီးကြော်နှစ်ပွဲ ဆလပ်ရွက်များများလေး"

လင်းထက်က အော်ပြောပြီး နေခြည့်အတွက် ရေနွေးငှဲ့ပေး





ထား၏။ နေခြည်က သိုင်းကျူးဟုပြောလျက် လင်းထက်အတွက် ရေနွေးတစ်ခွက်ပြန်ငှဲ့ပေးလိုက်သည်။

"ငါတို့ အသက်တွေလည်း မငယ်တော့ဘူးနော်၊ ပညာတွေလည်း တစ်နှစ်ပြီးတစ်နှစ်ပြီးဆုံးလာခဲ့ပြီ"

"အရင်ကထက် ရင့်ကျက်သင့်ပြီလို့ သတိပေးတာလား"

"ငါတို့အတွက် မိဘတွေစိုးရိမ်ပူပန်မှုမရှိအောင်နေသင့်တဲ့အချိန်ရောက်ပြီလို့ပြောချင်တာ၊ တို့မှားခဲ့တာတွေကလည်း အကြီးကြီးတွေ"

"ငါကတော့ အဲဒါတွေကို တကယ်နောင်တရပါတယ်၊ နင့်ကိုဆုံးရှုံးလိုက်ရရင်ဆိုတဲ့အတွေးမျိုး တကယ်ကိုမတွေးရဲတော့တာ"

"နင်ငါ့ကို အဲဒီလောက်တောင်ဆုံးရှုံးမှာကြောက်သလား"

"ငါ့ဘဝမှာ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း သံယောဇဉ်ရှိရမယ့်သူဆိုလို့ နင်တစ်ယောက်ပဲရှိတာ၊ ငါ့အပေါ်အနွံတာခံတဲ့သူကလည်း နင်တစ်ယောက်တည်းပဲ"

"မြင့်အေးတို့ပြောသလို ငါတို့ချစ်သူတွေလုပ်လိုက်ကြမလားဟင်"

နေခြည် မျက်နှာလေးနီရဲသွား၏။ ဒါပေမဲ့ ခေါင်းညိတ်ပြသည်။

"ငါတို့မခွဲခွာရဘူးဆိုရင်တော့ အဲဒီလိုလုပ်ချင်ပါတယ်၊ ချစ်သူဘဝမှာဖြစ်လာနိုင်တဲ့ ပြဿနာတွေကြောင့်တော့ မကွဲချင်ဘူး"

"ဘာကွဲစရာရှိလဲဟ၊ ငါတို့တစ်ယောက်နဲ့တစ်ယောက် ဒီလောက်တောင် သံယောဇဉ်ကြီးကြတာ၊ တစ်ယောက်အကြောင်းလည်း တစ်ယောက်နားလည်နေကြတဲ့ဟာကို"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ..."

"စဉ်းစားမနေနဲ့တော့ဟာ၊ အခုပဲ ချစ်သူဖြစ်လိုက်ရအောင်နော်နေခြည်နော်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ချစ်သူဖြစ်ရအောင်ဆိုတော့လည်း နေခြည်နုမငြင်း။ မျက်လုံးတွေက ပြောင်းလာလျက် ရီဝေညို့မှိုင်းစွဲမက်မှုတွေပါလာသည်။

လင်းထက်လည်း ထိုအတိုင်းပင်။ နေခြည်နုလက်ကလေးကို ကိုင်ဖို့ မရဲတရဲလေး လက်ကမ်းလာသည်။

"ဟား ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း"

နှစ်ယောက်သား ဘာမပြောညာမပြော တစ်ယောက်အဖြစ်ကို တစ်ယောက်ကြည့်လျက် ဝါးလုံးကွဲရယ်ချလိုက်မိကြသည်။

"ဘာကြီးမှန်း မသိဘူးနော်၊ ရိုးတိုးရွတနဲ့ စိတ်ထဲက ကလိကလိ ဖြစ်လာသလိုပဲ"

"အေးလေ၊ ရယ်ချင်လိုက်တာ အူတွေကိုယားနေတာပဲ၊ သူငယ်ချင်းဘဝကနေ ချစ်သူဘဝပြောင်းတာ ဘာလို့အဲဒီလိုရယ်စရာကောင်းတာလဲ"

"အစမို့ ရှိန်းတိမ်းဖိန်းတိမ်းဖြစ်နေတာပါ၊ နောက်တော့ တခြားချစ်သူတွေထက် တို့နှစ်ယောက်သံယောဇဉ်က ပိုခိုင်မြဲမယ်လို့ထင်တယ်"

"ငါလည်း အဲဒီလိုပဲယူဆထားပါတယ်၊ လင်းထက် ဘယ်လိုအကြောင်းမျိုးပဲရှိရှိ နင်ငါ့ကိုမထားခဲ့ရဘူးနော်၊ ငါ့ကိုကတိပေး"

"သူငယ်ချင်းဘဝကတည်းက ကတိပေးပြီးသားကို အခုထပ်ပေးရဦးမှာလား"

"ပေးရမှာပေါ့၊ ပိုပြီးခိုင်ခန့် ခိုင်မြဲသွားရအောင်"

"ပြီးရောဟာ၊ ငါကတိပေးတယ် ဟုတ်ပြီလား၊ သေတပန်သက်တစ်ဆုံး ရိုးမြေကျအတူတူနေကြမယ် ဟုတ်ပြီလား၊ ဟင် ... ဟိုကောင်"





စကားပြောနေရင်းနှင့် ခုံတစ်ဝိုင်းမှာ ထိုင်နေသော ဆရာဝန်ကောင်ကို လင်းထက်မြင်တွေ့သွားသည်။ နေခြည်နုလည်း လှည့်ကြည့်ပြီး အလန့်တကြားလေးဖြစ်သွား၏။

"ဒီကောင်မဟုတ်တော့ဘူး၊ နင့်နောက်ကို အရိပ်လိုလိုက်နေတာ၊ ပညာပေးမှဖြစ်တော့မယ်"

"နေစမ်းပါ လင်းထက်ရယ်၊ သူ့ဘာသာဘယ်လောက် လိုက်လိုက် ငါလက်ခံမှ ပတ်သက်ချင်မှ ဖြစ်တာ"

"မဟုတ်သေးဘူးလေ၊ နင်ဒီလောက် မပတ်သက်ပါဘူး၊ လက်မခံပါဘူး ပြောထားတာကို တောက်တဲ့လိုကပ်နေရလား၊ ယောကျ်ားဆို အရှက်ရှိရမှာပေါ့၊ တောက် ဒီကောင်"

"ဟဲ့ ... ဟဲ့ လင်းထက်၊ နင်မသွားရဘူးနော်"

ဒေါသတကြီး ထထိုးမည်ပြင်နေတာကြောင့် လင်းထက် လက်ကို အလျင်အမြန်ဆွဲထားလိုက်ရသည်။

"လင်းထက်နော်၊ ငါ့စကားနားမထောင်ရင် ငါထပြန်လိုက်မှာ"

"ဒီကောင် ဒီလိုတွယ်ကပ်နေတာကို နင်ကျေနပ်နေတာလား နေခြည်၊ နင့်ကိုဘယ်ကောင်မှ မျက်လုံးစွေ့ကြည့်တာတောင် ငါမကြိုက်ဘူး"

"ကြည့်တာ အသားပွဲ့ပါသွားတာမှတ်လို့ လင်းထက်ရယ်၊ ငါ့အတွက်က နင်တစ်ယောက်တည်းပဲ၊ ငါ့စိတ်ကသာ အဓိကပါ၊ ငါလက်မခံဘူးဆိုတာသိရင်၊ ဘယ်သူက ကြာကြာစိတ်ရှည်မှာလဲ"

"ယောကျ်ားတွေအကြောင်း နင်မသိလို့ပါ၊ မရဘူးဆိုမှ ပိုလိုချင်ကြတာ၊ မဖြစ်နိုင်ဘူးဆိုရင် တန်ဖိုးပိုထားပြချင်ကြတယ်၊ ငါနဲ့ချစ်သူဖြစ်နေပြီဆိုတာတောင် ဒီကောင်မျက်နှာပြောင်တိုက်နေတာ မတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဲဖြစ်ဖြစ်ပါဟယ်၊ နင်ပြဿနာတော့ သွားမရှာနဲ့နော်"

"နည်းနည်းအကြောင်းသိအောင်တော့ ပြောပြထားရမှာပဲ"

"ဟဲ့ ... လင်းထက်"

နေခြည့်လက်ကိုဆွဲဖြုတ်ထားခဲ့ပြီး ဟိုကောင်ထိုင်နေသော စားပွဲဝိုင်းကိုလာခဲ့လိုက်သည်။

"ဟိတ်ကောင် ... နေခြည်က ငါ့ချစ်သူ၊ မင်းဘာကိစ္စရှိနေ ...ာလဲ"

"ဟာ ... ခင်ဗျား"

အကျီကော်လံစကို ဆုပ်ကိုင်ပြီး အမေးခံလိုက်ရ၍ ဟိုကောင်လည်း ရှုံးရှုံးရှားရှားဖြစ်ကာ ထရပ်လာသည်။ နေခြည်က လင်းထက်လက်ကိုဆွဲပြီး

"လင်းထက် ဘာလုပ်တာလဲ၊ အဲဒီလိုမလုပ်နဲ့လွှတ်လိုက်"

"နင်အသာနေစမ်းပါ၊ ဒီကောင် ဘာအကြံအစည်ရှိလို့ တွယ်ကပ်နေတာလဲမေးနေတာ၊ ရည်းစားရှိမှန်းသိလျက်နဲ့ အရှက်မရှိ အနား မကပ်သင့်ဘူး"

"ကျွန်တော်သိထားတာတော့၊ ခင်ဗျားတို့နှစ်ယောက်က အရမ်းကို သံယောဇဉ်ရှိတဲ့သူငယ်ချင်းတွေ၊ အခုတလောမှ ကျွန်တော်ကြောင့် ပျာပျာသလဲချစ်သူဖြစ်ချင်ဟန်ဆောင်လိုက်တာဆိုရင်တော့ မသိဘူး"

"ဘာကွ"

"လင်းထက် တော်ပြီလာ၊ လာ့ပါဆို"

လင်းထက် ဒီထက်ပိုပြီးဒေါသဖြစ်လာမှာစိုး၍ ဆွဲရုန်းခေါ်လာရသည်။

"ငါ့ကိုဘာလို့ဆွဲခေါ်လာတာလဲ၊ ဒီကောင်လူပါး၀ စကားပြောတာတွေ့လား၊ တစ်ချက်လောက် ထိုးပစ်လိုက်ရမှာ"





"ထိုးမနေနဲ့၊ နင့်ဖုန်းမြည်နေတယ် ကိုင်လိုက်ဦး"

တရှုံးရှုံး မကျေမချမ်းဒေါသဖြစ်နေလျက်က အိတ်ကပ်ထဲက ဖုန်းကိုထုတ်၍ ကိုင်လိုက်ရသည်။

"ဟယ်လို ... ပြော်ာ မေမေ၊ ဟုတ်ကဲ့ပြောပါ"

"......."

"ဗျာ ... ဖေဖေ၊ ဘာဖြစ်တယ် မေမေ"

"..........."

"သွေးဆောင့်တိုးလို့ ရှော့(ခ်)ဖြစ်တယ်၊ လေ... လေဖြတ်သွားတာလား၊ ဟုတ်... ဟုတ်ကဲ့၊ သားအခုပဲပြန်လာခဲ့ပါ့မယ်"

ဖုန်းပိတ်ပြီး လင်းထက် မျက်စိမျက်နှာပျက်နေသည်။ နေခြည်နှလည်း စိုးရိမ်နေကာ

"ဘာဖြစ်တာလဲဟင် လင်းထက်၊ အန်ကယ် လေဖြတ်သွားလို့တဲ့လား"

"ဟုတ်တယ် မေမေငိုပြီးပြောနေတာ"

"ဘယ်လိုဖြစ်ရတာလဲဟယ်၊ စိတ်မကောင်းလိုက်တာ"

"တခြားကိစ္စတွေလည်းရှိနေတယ်ထင်တယ်၊ အခုသွားမှဖြစ်မယ်"

"အေးလေ... ပြန်ကြရအောင်၊ ဘူးသီးကြော်ဖိုးတွေ ရှင်းလိုက်ဦးမယ်"

ကပျာကသီပင် အကြော်ဖိုးတွေရှင်းပေးပြီး အမြန်ဆုံးကားမောင်းကာ ပြန်လာခဲ့ကြသည်။ နေခြည်နှတို့ရောက်လာသည့်အခါမှာ ဆရာဝန်တောင် ပြန်သွားပြီဖြစ်၏။

လင်းထက်အဖေကတော့ ခုတင်ပေါ်မှာ ပက်လက်ကလေးပါ လင်းထက်ကိုမြင်တော့ မျက်ရည်ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား"

ခေါ်လိုက်သည့်အသံက တိုးသဲ့တာလား၊ မပီတာလား မသိပေ။ လင်းထက်က သူ့အဖေလက်ကိုဆုပ်ကိုင်ပြီး

"ဖေဖေ ဘယ်လိုဖြစ်ရတာလဲဗျာ၊ သွေးတိုးရောဂါရှိတာ နေ့တိုင်းဆေးပုံမှန်သောက်ပြီး ဆရာဝန်နဲ့လည်း တစ်လတစ်ခါ ပုံမှန်ဆေးစစ်နေတာမဟုတ်လား။ ဆရာဝန်ကတောင် စိုးရိမ်စရာမရှိပါဘူးလို့ အာမခံထားသေးတာ"

"ရှော့(ခ်)ဖြစ်ရမယ့်အကြောင်းအရင်းရှိသွားလို့ပေါ့သား၊ အဲဒီအကြောင်းကို မေမေနောက်တော့ပြောပြပါ့မယ်"

"အခု ဖေဖေ့အခြေအနေကရော မေမေ"

"ဆရာဝန်က အချိန်နည်းနည်းပေးပြီးကုမှဖြစ်မယ်လို့ ပြောတယ်၊ ပြန်ကောင်းဖို့တော့ ရာခိုင်နှုန်းများပါတယ်၊ ဖြစ်ခါစက ပါးတစ်ခြမ်းလုံးရွဲ့ပြီး စကားတောင်ပြောနိုင်တာမဟုတ်ဘူး။ အခုမှ ပါးစပ်က တဖြည်းဖြည်းပြန်ပြီး အဆင်ပြေလာတာ"

"ကျွတ်. . . ဖေဖေ့ကို သနားလိုက်တာဗျာ၊ သားဘာလုပ်ပေးရမလဲ မေမေရယ်"

လင်းထက် ငိုတော့ သူမပါမျက်ရည်ကျလာမိသည်။ အကောင်းအတိုင်းရှိသောလူက ဒီလိုချက်ချင်းကြီး အိပ်ရာပေါ်လှဲနေရသည့် ရောဂါဝေဒနာမျိုးလည်း ရတတ်တာပဲလား။

"လင်းထက် နင်ကမငိုနဲ့လေ၊ အန်ကယ်အားလျော့သွားပါဦးမယ်၊ နင်က ဒီအချိန်မှာ အားပေးရမှာ"

"ဟုတ်တယ်သား၊ ဖေဖေ့ကို သားအားပေးရမှာ၊ ဖေဖေ အရမ်းကိုစိတ်ခတ်ကျနေတယ်၊ သားပဲအားကိုးစရာရှိတယ်လေ"

"မေမေရယ်"





သူဘာမှမပြောနိုင်သေးပါ။ ဖေဖေ့အတွက် ရင်နင့်စွာ စိတ်မကောင်းဖြစ်နေတာပဲ သိသည်။ ဖေဖေ့ကို ဒီလိုမျိုးကျဆုံးနေသည့်ပုံစံမျိုးကြီး မမြင်ချင်ပါ။

ဖေဖေ မမြင်အောင် လက်သီးကိုဆုပ် အံကြိတ်မျက်ရည်ကျရင်း . . .။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ဗျာ ... ဖေဖေက"

"ဟုတ်တယ်သား၊ အဲဒီကိစ္စကြောင့် ရှော့(ခ်)ရသွားတာ၊ ဒီကိစ္စတွေကို သားအဖေကိုယ်တိုင်လုပ်တာတော့ မဟုတ်ဘူး၊ မန်နေဂျင်းဒါရိုက်တာတစ်ယောက်အနေနဲ့တော့ အရေးကြီးတာဝန်ရှိတဲ့နေရာကပေါ့လေ၊ ဖြစ်သင့်တာကတော့ လက်မှတ်ထိုးရမယ့် စာရွက်စာတမ်းတွေကို သေချာစစ်သင့်တာပဲ၊ အဲဒီမန်နေဂျာကို သားအဖေက ယုံကြည်တယ်လေ၊ လုပ်ငန်းတစ်ခု အတူတွဲလုပ်တာ၊ ငွေရေးကြေးရေး အမြတ်အစွန်းအားလုံး အညီအမျှမခွဲခြင်းမချွန် သစ္စာရှိတယ်တဲ့"

"ဟင် အဲဒီလူကဘာလို့"

"တစ်ဖက်က ယုံကြည်မှုကိုယူပြီး တစ်ဖက်က သစ္စာမဲ့တာပေါ့သားရယ်၊ ဆောက်လုပ်ရေးပိုင်းမှာ အဝင်အထွက်ပစ္စည်းတွေ လက်မှတ်ထိုးရတာ သားအဖေလေ၊ သူက လုပ်ငန်းအကြောင်းတွေပြောရင်း ငွေတွေပေးရင်းနဲ့ လက်မှတ်ထိုးခိုင်းတယ်သား၊ အဖေကလည်း လက်ထဲငွေရောက်တာနဲ့ ကျန်တာတွေ သတိမထားတော့ဘူး၊ သူ့အတွက်က ဟိုဘက်မိဘ ဒီဘက်မိဘ၊ ပြီးတော့ မိသားစုအတွက် သူ့မှာငွေက အရမ်းအရေးကြီးနေတာ လိုအပ်နေတာ"





"ဟာ ... ဖေဖေရာ"

သူယူကျုံးမရစွာနှင့် မျက်ရည်တွေကျလာမိသည်။ ဖေဖေတာဝန်တွေ အများကြီးယူနေရသည်ဆိုတာ သူနားလည်ပါသည်။

"မေမေ ... ဖေဖေ ဒါဆိုဘာဖြစ်မှာလဲဟင်"

"ကိစ္စက အကြီးကြီးဖြစ်သွားတာသား၊ ပစ္စည်းအဝင်အထွက်စာရင်းက သိန်းတစ်သောင်းကျော်ဖိုးလောက်ကို ကွာဟနေတယ်"

"ဗျာ"

"မေမေတို့ ရှယ်ယာထည့်ထားတာလေး ပြန်လျော်ရင်တောင်ထောင်ကျဦးမှာပဲ၊ သူ့မှာတာဝန်အရှိဆုံးလေ"

"ဟာ ... အဲ ... အဲဒါဆို ဘယ်လိုလုပ်ကြမှာလဲ မေမေ ဖေဖေ့ကိုအဲဒီလိုတော့ ထောင်ကျမခံနိုင်ဘူး၊ ဒီအိမ်တွေ ကားတွေ အတွင်းပစ္စည်းတွေအားလုံးရောင်းပြီး လျော်ချင်လျော်ရပါစေ၊ ဖြေရှင်းလို့ရရင် ဖြေရှင်းလိုက်ပါ မေမေ"

"မေမေလည်း အဲဒီလိုလုပ်လို့ရရင် လုပ်လိုက်ချင်ပါတယ်သား၊ ဒါပေမဲ့ သားအဖေက အခြေပျက်အနေပျက်ဖြစ်အောင်လုပ်လို့ မဖြစ်ဘူး၊ သူဒီကိစ္စရအောင်ရှင်းမယ်ပြောရင်းက သွေးတွေဆောင့်တိုးပြီး ဒီလိုပုံစံဖြစ်သွားတာ"

"ဒီကိစ္စကြီးက ဘယ်လိုဖြေရှင်းလို့ရမှာတဲ့လဲ၊ ဖေဖေ့လက်မှတ်နဲ့ ပစ္စည်းအဝင်အထွက်စာရင်းတွေ ဖျောက်ထားတာကို"

"သူ့ဌေးဆီမှာ သူ့ဒါကြောင့် ဒီလိုဖြစ်သွားရပါတယ်ဆိုတာ ဖွင့်ပွင့်လင်းလင်းဝန်ခံမယ်တဲ့၊ အခုလုပ်သွားတဲ့ မန်နေဂျာကိုလည်း ရအောင်ဖမ်းမယ်တဲ့လေ"

"လွယ်တဲ့ကိစ္စလား၊ ဒါလွယ်တဲ့ကိစ္စလား မေမေ၊ သူဌေးတွေဆိုတာ တောင်းပန်လို့ရတဲ့လူစားမျိုးလား၊ အမှားလုပ်ပြီး သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးမရှိတဲ့လူကို ခွင့်လွှတ်မှာတဲ့လား၊ နားလည်ပေးမှာတဲ့လား"

သားပြောတာလည်း ဟုတ်နေတာမို့ ဒေါ်မြင့်မြင့်နွယ် ရင်တွေပူလာမိသည်။ အားလုံးအခြေပျက် အနေပျက်ဖြစ်သွားမှာ စိုးရိမ်ရတာတစ်မျိုး၊ ယောက်ျားရဲ့ရောဂါအတွက် စိတ်ပူပန်ရတာတစ်မျိုးနှင့် သေချင်စိတ်ပင် ပေါက်လာမိသည်။

"သား ... အခုချိန်မှာတော့ မင်းအဖေကျန်းမာရေးက အရေးကြီးတယ်၊ ဆရာဝန်နဲ့သေချာကြပ်မတ်ပြီးကုလိုက်ရင် ကောင်းသွားမယ်လို့ မေမေထင်တယ်၊ မေမေတို့ကလေ ဖြတ်တယ်ထင်ပေမယ့်၊ ဆရာဝန်က စိတ်ဖိစီးမှုများပြီး လေဖြန်းတာလို့ပြောသွားတာပဲ၊ လေဖြန်းတာက ကုလို့ရတယ်၊ နောက်တစ်ခါ ထပ်မဖြစ်ဖို့ဘဲ ဂရုစိုက်ရမှာတဲ့"

"သားလည်း ဖေဖေ့ကိုအိပ်ရာထဲလှဲနေရတဲ့ ဝေဒနာသည်ပုံစံမျိုးမမြင်ရပါဘူး၊ အမြဲတမ်း တက်တက်ကြွကြွနဲ့ မိသားစုတွေအများကြီးအတွက် ရုန်းကန်နေတာ၊ ပင်ပန်းတယ်လို့ မညည်းညူဘူး၊ မငြိုငြင်ဘူး၊ ဒီလောက်စေတနာကောင်းတဲ့သူကဗျာ"

"စေတနာကောင်းလို့ သူများချောက်ချတာ ခံရတာပေါ့သားရယ်၊ ကိုယ့်ရဲ့လောဘလည်းပါတာပေါ့၊ မေမေ ဒီလောက်သတိပေးနေတဲ့ကြားက ငွေကိုသဲကြီးမဲကြီးရှာတယ်"

"သူ့အပေါ် ဒီလိုလုပ်လိမ့်မယ်လို့ မထင်လို့နေမှာပေါ့ မေမေ၊ အဲဒီလူက ဘယ်ရောက်သွားပြီလဲ"

"အရင်ကတော့ အနည်းအကျဉ်းပဲလုပ်တယ်ထင်ပါတယ်၊ အခုမှ ငွေတွေအလုံးအရင်းပိုက်ပြီး ထွက်ပြေးသွားတာ၊ နိုင်ငံခြားပဲ ထွက်ပြေးမှာပေါ့"

"နိုင်ငံခြားထွက်ပြေးတဲ့သူကို ဘယ်လိုလုပ်ဖမ်းမှာလဲ မေမေ၊ အခုလတ်တလောက ဖေဖေကပဲ တရားခံဖြစ်နေတာ"





"သူဌေးရောက်လာမှ ဆုံးဖြတ်ချက်ချတဲ့အတိုင်း နာခံရမှာပေါ့၊ အဲဒီသူဌေးက နိုင်ငံခြားမှာပဲ လုပ်ငန်းတွေအများကြီးနဲ့ အခြေချနေတာ၊ ဒီကတာဝန်ရှိသူတွေကလည်း သားအဖေကို ချစ်ကြခင်ကြတော့ ဘယ်လိုကူကြ ကယ်ကြမလဲတော့ မပြောတတ်ပါဘူး၊ ကြောက်စရာကောင်းလိုက်တာ သားရယ်၊ ဘာတွေဖြစ်မလဲ မေမေတော့ တွေးတောင်မတွေးရဲဘူး"

ဒေါ်မြင့်မြင့်နွယ် မျက်ရည်ကျရုံသာ တတ်နိုင်သည်။ ကိုယ်နားလည်သည့်ကိစ္စတွေလည်း မဟုတ်ပါ။ ပြဿနာ ဒီလောက်ကြီးကြီးမားမားဖြစ်လာလိမ့်မည်ဟုလည်း မထင်မိ။ တကယ်ကို ဆိုးဝါးလှသည့်ကိစ္စ။

"မေမေ ဖေဖေ့ကို ဆေးတိုက်ရဦးမယ်မဟုတ်လား၊ သားတိုက်လိုက်မယ်လေ၊ မေမေလည်း ပင်ပန်းနေပြီ နားချင်နားလိုက်ဦး"

"ရပါတယ်သားရယ်၊ ကျေးဇူးရှင်ကြီးကို ဒီလိုကျန်းမာရေးမကောင်းတဲ့အချိန်မှာ ကိုယ်ဖိရင်ဖိပြုစုရမှာပေါ့"

"ဒါဆိုလည်း မေမေတို့အခန်းမှာပဲ သားစောင့်အိပ်ပေးပါ့မယ်၊ ဖေဖေ့ကိုစိတ်မချလို့"

"အေး ... အဲဒီလိုအိပ်ရင်တော့ ကောင်းတာပေါ့သား၊ သားအဖေလည်း အားရှိတာပေါ့"

"ဟုတ်ကဲ့ မေမေ"

ဒီနေ့တော့ ဖေဖေ့အခန်းမှာပဲ အိပ်ရတော့မည်။ နေခြည့်ကို ဂွတ်နိုက်လုပ်ဖို့ပင် သတိမရပါ။

ဖေဖေ့ကိုပဲ အရေးတကြီးပြုစုနေရသည်။

"ဟင်"

ဖေဖေ့အခန်းထဲသွားအိပ်ဖို့ ကိုယ့်အခန်းထဲမှာ စောင်တွေယူနေစဉ်မှာပင် သူ့ဖုန်းလေးကမြည်နေသည်။ ဒီအချိန်ဆို နေခြည်ဂွတ်နိုက်လုပ်ဖို့ ဖုန်းဆက်တာပဲဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို နေခြည်"

"အဆင်ပြေရဲ့လား၊ အန်ကယ် ဘယ်လိုနေသေးလဲလင်းထက်"

"သက်သာတယ်လို့ပြောရမလား၊ ဒါပေမဲ့ ငါဖေဖေ့အတွက် စိတ်မကောင်းဘူးဟာ၊ ကိစ္စကြီးတွေဖြစ်နေတယ်"

"မေမေက ပြောပါတယ်၊ ဖြစ်တဲ့အချိန်မှာ မေမေအိမ်မှာရှိနေလို့ ရောက်လာသေးတယ်လို့ပြောအေယ်၊ ရှုန်းရင်းဆန်ခတ်ဖြစ်နေသံတွေကြားလို့ မေမေသွားလိုက်တာတဲ့"

"အေး အန်တီဝေလည်း စိတ်မကောင်းဖြစ်နေမှာပေါ့၊ ဘယ်တတ်နိုင်မလဲဟာ၊ ဖြစ်ချိန်တန်လို့ဖြစ်ရတာပဲ၊ ကံတရားပေါ့၊ မနက်ဖြန် ငါကျောင်းတက်နိုင်မှာမဟုတ်ဘူး၊ နောက်ရက်တွေလည်း မသေချာဘူး"

"ဟင် ... လင်းထက်ရယ်"

"အေးဟာ ... ဖေဖေ့အခြေအနေကြည့်ပြီး အဝေးသင်ပြောင်းပြီး ဘွဲ့ယူချင်လည်း ယူရမှာပေါ့၊ ဖေဖေ ဒီလိုဖြစ်နေရင် သားတစ်ယောက်အနေနဲ့ ငါ့မှာတာဝန်ရှိနေပြီလေ၊ ဖွတ်နိုက်နေခြည် နောက်မှပြောရအောင်"

"ဖွတ် ... ဖွတ်နိုက်ပါ လင်းထက်"

နေခြည်နု စိတ်မကောင်းဖြစ်သွားမည်ဆိုတာ သူသိ၏။ ဘာကြောင့်ကံကြမ္မာက ဒီလိုအလှည့်အပြောင်းဖြစ်သွားတာလဲ မသိနိုင်ပေ။ ဘဝဟာ တစ်သမတ်တည်းမရှိပါလား။

နေနိုင် စားနိုင်အဆင်ပြေနေသည့်ဘဝကနေ၊ ခြေမဲ့လက်မဲ့ အခြေအနေပျက်ဖြစ်ရတော့မည့်ဘဝမျိုးပါလား။

တကယ်ကို ဘဝကမရေရာပေ။

❖❖❖



# အခန်း (၂၀)

"မေမေလည်း သူတို့သတင်းကြားရတာ စိတ်မကောင်းပါဘူး သမီးရယ်၊ ကိုထက်အောင် အဲဒီလိုဖြစ်သွားမယ်လို့မထင်မိဘူး၊ မိသားစုအတွက် တော်တော်ရုန်းကန်နိုင်တဲ့သူပါ၊ ဟိုတက်အသိုက်အဝန်း ဒီဘက်အသိုက်အဝန်း ထောက်ပံ့ရင်းနဲ့ မိသားစုကိုလည်း လူတန်းစေ့နေနိုင်အောင်၊ တင့်တောင့် တင့်တယ်ထားနိုင်အောင် အတော်ကိုကြိုးစားသဘောထားကြီးမြတ်တဲ့သူပဲ"

"လင်းထက် သူ့အဖေအတွက် အရမ်းကိုယူကျုံးမရဖြစ်နေတာ အရမ်းကို စိတ်ထိခိုက်ခံစားနေရတယ်ထင်တယ်"

"ခံစားရမှာပေါ့ သမီးရယ်၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်သူကမျှော်လင့်မိမှာလဲ၊ ပြဿနာတွေဖြစ်ပြီးတော့ ကိုထက်အောင်အိမ်ပြန်လာတယ်၊ မနွယ်ကိုပြောပြတော့ မနွယ်ငိုတယ်၊ မေမေလည်း ရွှေဆိုင်ကပြန်ရောက်ခါစ အသံဗလံတွေကြားတာနဲ့ ပြေးလိုက်တာ၊ အကြောင်းစုံသိပြီး စိတ်မကောင်းဘူး"

"ဘာတွေဆက်ဖြစ်မှာလဲ မေမေ"

ဒေါ်ခင်နုဝေ သက်ပြင်းတွေချရင်းနှင့် ခေါင်းယမ်းမိသည်။ ဒီကိစ္စဘယ်လိုဖြစ်မယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တောင် ဘယ်လိုဖြစ်မယ်ဆိုတာ သိမယ်မထင်ဘူး၊ ဒီလိုကိစ္စဆိုတာ ကိုယ်ကဖြောင့်မတ်ပေမယ့် သက်သေပြစရာရှိဦးမှလေ၊ ကုန်ပစ္စည်းအထုတ်အသွင်း လက်မှတ်ထိုးတဲ့သူမှာ တာဝန်အရှိဆုံးပဲ၊ ဘီလပ်မြေဆို ကားအစီးလိုက်ပါတယ်၊ ဟိုဘက်က ဝင်လာတဲ့မီးဆိုင်းတွေ ဖော်မီကာတွေ အလူမီနီယံတွေ၊ ကြွေပြား ကျောက်ပြား အများကြီးပဲ"

"အဲဒီလူကလည်း ဒီလောက်အများကြီးတောင် လုပ်နိုင်ရသလား"

"ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့သူက လောဘသတ်နိုင်ပါ့မလား၊ ကိုထက်အောင်လုပ်တဲ့ကုမ္ပဏီ ဆောက်လုပ်ရေးလုပ်ငန်းပိုင်းအနေနဲ့နာမည်ကြီးပဲ၊ သိန်းတစ်သောင်းတန်ဖိုးဟာ သူတို့အတွက် အသေးအမွှားပဲဖြစ်ဦးမှာ၊ မြန်မာတစ်ပြည်လုံးအဆောက်အဦတွေ ဟိုတယ်တွေ ကန်ထရိုက်ဆွဲထားတာ နည်းတာမှမဟုတ်တာ"

"လင်းထက်တစ်ခါပြောတာကြားဖူးတာတော့ သူ့အဖေရှယ်ယာထည့်ထားတာ သိန်းငါးထောင်လောက်လို့ပြောတယ်"

"အဲဒီလောက်ထည့်ထားလို့ ရလာတဲ့အကျိုးအမြတ်နဲ့ အားလုံးကို ကြည့်ရှုစောင့်ရှောက်နိုင်တာပေါ့ကွယ်၊ အခုက အဲဒီရှယ်ယာရော၊ အိမ်ကိုပါရောင်းပြီး လျော်ရင်တောင် အဆင်ပြေပါ့မလားပဲ"

နေခြည်နု ဟင်းခနဲသက်ပြင်းတွေချမိကာ မျက်ရည်တွေ ဝိုင်းလာမိသည်။ လင်းထက်တို့ မိသားစုကို သနားမိလို့ပါ။ လင်းထက် ဘယ်လောက်တောင်စိတ်ဆင်းရဲနေရှာမလဲ။

ကျောင်းတောင်ထွက်ရမည့်အခြေအနေမို့ ရင်တွေတောင်နာလာမိသည်။ လင်းထက်နှင့် အတူစား အတူသွား အတူလာ အတူနေခွင့်ဘယ်လိုလုပ်ရှိတော့မှာလဲ။

"သမီး"





"ရှင်"

"သူတို့ကိစ္စကို သိပ်လည်းအမေးအမြန်းမထူပါနဲ့သမီး၊ ဒီလိုကိစ္စမျိုးဆိုတာ သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိလုပ်ချင်ကြမှာပဲလေ၊ လူကြားကောင်းတဲ့ကိစ္စမှ မဟုတ်တာ၊ အပြစ်ကထင်ရှားနေတော့ ရှိသမျှ လျော်လိုက်ရမယ်ဆိုရင်တောင် ထောင်တန်းကတော့ ကျနိုင်သေးတယ်"

"အန်ကယ် ကျန်းမာရေးမကောင်းဘဲ ထောင်ကျမယ်ဆိုရင် သေသွားမှာပေါ့မေမေ၊ အဲဒီလိုဆိုရင်တော့ လင်းထက်တို့ဘဝသွားပြီ"

"အားလုံးကို အခြေပျက် အနေပျက်ဖြစ်ပြီပေါ့ကွယ်၊ ဟိုဘက်မိဘ ဒီဘက်မိဘကလည်း အသက်တွေကကြီးနေကြပြီ၊ ကိုထက်အောင်အထောက်အပံ့ကြောင့်သာ အသက်ရှင်နေကြတာ၊ မနွယ်လည်း စိတ်ထောင်း ကိုယ်ကြေဖြစ်တော့မှာပဲ"

"လင်းထက်တို့ကို သမီးတို့ ဘာအကူအညီပေးနိုင်မလဲ မေမေ"

"ဘာအကူအညီပေးနိုင်မှာလဲကွယ်၊ မေမေတို့လည်း ကိုယ့်ဘာသာဟန်မပျက်နေနိုင်အောင် မနည်းကြိုးစားနေရတာ၊ လိုအပ်ရင်ဘဏ်မှာစုဆောင်းထားတဲ့ငွေလေး ယူသုံးပါလို့ မနွယ်ကိုတော့ပြောပြထားပါတယ်".

မေမေ ဒီစကားပြောထားတာတော့ တော်ပါသေးသည်ဟု တွေးလိုက်မိသည်။ လင်းထက်အတွက် သူမ ဘာအကူအညီပေးနိုင်မှာလဲ။ စဉ်းစားပေမယ့်လည်း အဖြေမပေါ်ပါ။

သူတို့မိသားစုကိစ္စကြီးမဟုတ်ပါလား။ သူမတို့ရဲ့အထောက်အပံ့လေးဟာ အရာဝင်မည်မဟုတ်ပေ။ သူမ ငြိမ်သက်တွေဝေစွာ ရှိနေဆဲမှာ

"သမီးကျောင်းသွားရတော့မှာမဟုတ်လား သွားတော့လေ"

"ဟုတ်ကဲ့"

"လင်းထက်ကတော့ ကျောင်းတက်နိုင်မှာမဟုတ်သူ ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

"သူညာကပြောတယ်၊ အဝေးသင်ပြောင်းချင် ပြောင်းရမှာတဲ့"

"အေး ... ကလေးပညာရေးပါထိခိုက်ရပြီပေါ့၊ ကံကြမ္မာဆိုတာ မဖြစ်နိုင်တဲ့အရာ၊ ကြိုတင်ခန့်မှန်းလို့မရနိုင်တဲ့အရာပဲ၊ သမီးလည်း အတူတူ သွားလာနေကျဆိုတော့ အကျင့်ဖြစ်သေးမှာမဟုတ်ဘူး၊ ဒါပေမဲ့ အလေ့အကျင့်ဖြစ်အောင် နေတတ်အောင်သာနေတော့သမီး၊ ကိုယ်ကယ် လို့ရတဲ့ ဒုက္ခတွေမှမဟုတ်တာ၊ သူတို့မိသားစုအကြောင်း သူတို့ပဲသိတယ်"

"လင်းထက် အရမ်းအားငယ်နေမှာပဲ မေမေရယ်"

"အားငယ်သိမ်ငယ်မှာတော့ အမှန်ပဲပေါ့သမီး၊ ထည်ထည်ဝါဝါ နေနိုင်တဲ့ဘဝကနေ အခြေအနေပျက်ဖြစ်သွားရတာလေ၊ ဒါပေမဲ့ သူတော်ကောင်းကို နတ်ကောင်းဆောင်မတတ်ပါတယ်၊ အဆင်ပြေပါစေ လို့ပဲ ဆုတောင်းပေးရတော့မှာပေါ့ သမီးရယ်၊ ကိုယ့်မိတ်ဆွေတွေ ဒီလို ဖြစ်တဲ့သတင်းကြားရတာ တကယ်စိတ်မကောင်းမိပါဘူး''

မေမေလည်း တကယ်ကိုစိတ်မကောင်းဖြစ်နေဟန်တူသည်။ သူမအတွက်တော့ ပြောစရာပင်မရှိပါ။ ကျောင်းသွားရမှာလည်း စိတ်မပါပေ။ တစ်ယောက်တည်း ငါမနေတတ်ဘူးလင်းထက်ရယ်။ နင်မရှိဘဲ ငါမနေနိုင်ဘူး။ ဘာကြောင့် ကံကြမ္မာကြီးက ဒီလိုပြောင်းလဲသွားရတာလဲ။

အဲဒီကံတရား ငါမကျေနပ်ဘူး လင်းထက်...။

❖❖❖



## အခန်း (၂၁)

"လင်းထက်ရော ... လင်းထက်ပါမလာဘူးလား နေခြည်"

"နင်တို့စိတ်ကောက်ပြန်ပြီလား၊ အဲဒါကြောင့် လင်းထက်ကို နင့်ကားနဲ့ခေါ်မလာတာမဟုတ်လား"

"ဖြစ်နိုင်တယ်၊ သူလည်း မျက်နှာမကောင်းဘူး၊ စိတ်ဆိုးပြီး ခေါ်မလာဘဲထားခဲ့တာ၊ အခုမှစိတ်မကောင်းဖြစ်နေတာမဟုတ်လား နေခြည်"

"နင်တို့ကလေ နေလည်းနေနိုင်ကြတာမဟုတ်ဘဲနဲ့ အရမ်းကို တစ်ယောက်နဲ့တစ်ယောက် အပြစ်ပေးချင်ကြတာပဲ၊ အခုကျတော့ စိတ်မကောင်းဖြစ်နေရပြီ"

မြင့်အေးနှင့် ချိုချိုတစ်ယောက်တစ်ပေါက် ဝေဖန်သမျှကို နေခြည်နှ ဘယ်ကစပြီးဖြေရှင်းရမှန်းမသိပေ။ ကင်န်တင်းမှာ ထိုင်နေပေမယ့် ဘာအစားအသောက်မှလည်း မှာမစားဖြစ်။

အနားမှာ လင်းထက်မရှိသည့်အတွက် စိတ်မှမပါတော့တာ။

"နေခြည် နင်ဘာဖြစ်နေတာလဲ"

"လင်း ... လင်းထက်တို့အိမ်မှာ ပြဿနာအကြီးကြီးဖြစ်နေ တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာ"

"အဲဒါကြောင့် လင်းထက်ကျောင်းနေချင်မှနေရတော့မှာ"

"ဟ . . . ဘယ်လိုဖြစ်ရတာလဲ၊ ဘာကိစ္စကြောင့်လဲ နေခြည်"

မြင့်အေးနှင့် ချိုချို စိတ်ဝင်တစားဖြစ်သွားကြသည်။ နေခြည်နု မျက်နှာကညှိုးမှိုင်းလို့နေကာ

"သူ့အဖေကုမ္ပဏီမှာ ပြဿနာတက်လို့ ရှော့(ခ်)ဖြစ်သွားတယ်၊ အခုလေဖြန်းပြီး အိပ်ရာထဲလဲနေတယ်"

"ဟာ . . . အဲဒီလိုတောင်ဖြစ်သွားတာလား"

"ဟုတ်တယ် . . . သူ့အဖေက မိသားစုတွေအများကြီးကို တာဝန်ယူထားရတာ နင်တို့လည်းအသိပဲ၊ အရမ်းစိတ်ရင်းကောင်းတာ၊ စိတ်သဘောထားပြည့်ဝတာပါ၊ လောဘကြောင့်လို့လည်း ပြောလို့မရပါဘူး၊ ယုံကြည်မှုလွန်ကဲမိလို့ ချောက်ချခံရတာပေါ့၊ အိမ်ရော ရှယ်ယာတွေရော ရောင်းပြီးလျော်ရင်တောင် ထောင်ကျနိုင်တယ်တဲ့"

"ဟယ် . . . ဒုက္ခပါပဲ"

"အဲဒါကြောင့် လင်းထက်ကျောင်းတက်နိုင်မှာမဟုတ်တော့ဘူး"

"စိတ်မကောင်းလိုက်တာဟယ်၊ ချက်ချင်းကြီးအပြောင်းအလဲက မြန်လှချည်လား၊ အဲဒီလောက်ဆိုးဝါးမယ်လို့ ထင်မထားမိဘူး"

"လင်းထက် အရမ်းစိတ်ထိခိုက်သွားမှာပဲ၊ ဒီကောင်လည်း အရမ်းစိတ်ရင်းကောင်းတာ၊ သူ့အဖေ ဒီလိုဖြစ်လိမ့်မယ်လို့ သူလည်း မျှော်လင့်ထားမှာမဟုတ်ဘူး"

"မျှော်လင့်မထားတာတွေဖြစ်လာလို့ ပိုပြီးထိခိုက်ရတာပေါ့ဟာ၊ တစ်သက်လုံး ဒီအတိုင်းနေရမယ်ထင်ပြီး လူတွေကပျော်သလိုနေနေကြတာ၊ လောကကြီးက အရမ်းကိုအပြောင်းအလဲမြန်တာပဲ၊ ငါဖြင့်အံ့သြ





လွန်းလို့၊ ဘယ်လိုမှတောင်တွေးလို့မရဘူး၊ လင်းထက်ကို အရမ်းသနားတာပဲဟယ်"

နေခြည်နု မျက်ရည်ဝဲလာသည်။ မြင့်အေးနှင့် ချိုချိုလည်း စိတ်မကောင်းကြပေ။

"နင်တို့နှစ်ယောက်က အတူသွားအတူလာ အနေနီးတော့ ပိုပြီး စိတ်မကောင်းဖြစ်မှာ ငါတို့နားလည်ပါတယ်"

"ဟုတ်တယ်၊ စိတ်မကောင်းဖြစ်ရလွန်းလို့ ရူးတောင်ရူးသွားကြတယ်၊ ခါတိုင်း ငါ့ဘေးမှာ လင်းထက်အမြဲပါတယ်၊ အခုမပါတော့ ရင်ထဲမှာ ဟာတာတာကြီးနဲ့ ဘယ်လိုမှနေလို့ထိုင်လို့မကောင်းဘူး၊ သူ့ဒုက္ခတွေ မှန်သမျှ ငါသာအကုန်ယူပစ်လိုက်ချင်တယ်ဟယ်"

"ဖြစ်မှမဖြစ်နိုင်တာဟာ၊ သူ့အကြောင်းတရားနဲ့သူပဲ၊ အိမ်နားနီးနေတော့တော်ပါသေးတယ်၊ သူ့ကိုအနီးကပ်အားပေးလို့ရတာပေါ့"

"သူ့တို့အိမ်မှာ အပူတွေနဲ့ မိသားစုကိစ္စဖြစ်နေတော့၊ အရင်လို မဆင်မခြင်ဝင်လို့ ထွက်လို့မကောင်းဘူး၊ မေမေက ဆင်ခြင်ဖို့ သတိပေးတယ်၊ ကိုယ့်ကြောင့်စိတ်အနှောင့်အယှက်မဖြစ်စေချင်လို့တဲ့"

"အဲဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ လင်းထက်အဖေရော သက်သာရဲ့လား"

"လင်းထက်ကတော့ သက်သာတယ်လို့ပြောတာပဲ၊ ဖြစ်ဖြစ်ချင်းက ပါးတွေပါးစပ်တွေ ရွဲ့သွားတာတဲ့၊ အခုကစကားပြောနိုင်ပြီ၊ နည်းနည်းတော့ လေးလေးပင်ပင်ရှိသေးတာပေါ့၊ အကျယ်တဝင့် မဖြစ်အောင် အိမ်မှာပဲကုနေတာ"

"လင်းထက်ပြုစုနေရမှာပေါ့"

"ဒါပေါ့ဟယ်၊ သူ့အဖေနားကနေ လင်းထက်ဘယ်ခွာနိုင်ရပါ့မလဲ၊ ညက ဖွတ်နိုက်လို့ သူနှုတ်မဆက်နိုင်ဘူး၊ မနက်ကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မမောနင်းနိုင်ဘူး''

''သူဒီလိုဖြစ်နေတဲ့အချိန်မှာ နင်ကနားလည်ပေးလိုက်ပါ၊ ဒီကောင်အရမ်းကိုစိတ်ရှုပ်နေမှာ''

နေခြည်နု သက်ပြင်းတွေနှင့်အတူ ခေါင်းညိတ်သည်။ မျက်ရည်တွေကတော့ ဝဲနေလျက်ပင်။ ချိုချိုကလက်တို့ပြီး

''နေခြည် နင်တစ်ခုခုစားဦးလေ၊ အတန်းတက်ရဦးမှာ''

''စားချင်စိတ်မရှိပါဘူးဟယ်၊ ဘာမှကိုမစားချင်တာ၊ လင်းထက်စိတ်ညစ်နေတဲ့ပုံမြင်ပြီး ရင်တွေကအလိုလိုပြည့်နေဘယ်''

''အေး ... နင်တို့နှစ်ယောက်သံယောဇဉ်ကလည်း တော်တော်ကြီးမားတာပဲ၊ လင်းထက် နင့်ကိုသံယောဇဉ်ထားတာလည်း တော်တော်အံ့သြလောက်တယ်၊ ငါ ဒီကောင့်ကို တခြားမိန်းကလေးတွေကြွေကြည့်ဖို့ မြှောက်ပင့်ပေးသေးတယ်၊ ဒါပေမဲ့ ဒီကောင်က စိတ်ကူးတောင်မယဉ်ဘူး၊ ငါ့မှာနေခြည်ရှိနေတာ တခြားမိန်းကလေးတွေကို စိတ်ဝင်စားစရာလားတဲ့၊ နင့်ကွယ်ရာမှာတောင် သူအဲဒီလိုပြောတာ''

''ငါလည်း သူကလွဲရင် တခြားယောကျ်ားလေးတွေကို ဖွဲ့နှဲ့ဆန်ကွဲပါပဲ၊ သူငယ်ချင်းလိုနေကြပေမယ့် အရောင်ပြောင်းရင်တောင် သူ့အပေါ်ပဲ ပြောင်းမယ်လို့ စိတ်ဆုံးဖြတ်ထားတာ''

''အခုနင်တို့''

''ချစ်သူတွေလို့ ပြောလို့ရပါပြီ၊ တစ်ရက်တစ်မနက်ပဲရှိသေးတယ်လို့ပြောရမလား။ နင်တို့မြှောက်ပင့်ပေးနေတာနဲ့ စိတ်ပါသွားကြတာ''

''ဟာ ... ဟုတ်လှချည်လား''

''ဟိုတစ်ယောက်ကြောင့်လည်းပါတယ်''

''ဘယ်တစ်ယောက်လဲ''





''ဟိုဆေးကျောင်းသားတစ်ယောက်လေ၊ ငါတို့နောက်ကိုတကောက်ကောက်လိုက်နေတာ၊ လင်းထက် စိတ်မထိန်းနိုင်ဘဲထိုးမယ်ကြိတ်မယ်တောင်ဖြစ်လိုက်သေးတယ်၊ ငါ့မှာမနည်းဆွဲထားရတာ''

''ဟဲ့ ... အဲဒီတစ်ယောက်ကလည်း ဖွဲ့တော့ရှိသားနော်၊ နင့်ကိုတကယ်ကြိုက်နေလို့ဖြစ်မယ်''

''ပြောရရင် မိန်းကလေးတွေ ကြွေလောက်တဲ့အရည်အချင်းမျိုးပါပဲ၊ ဒါပေမဲ့ ငါ့မှာလင်းထက်ရှိတယ်၊ သူ့ထက်တန်ဖိုးရှိတဲ့လူဖြစ်နေရင်တောင် ငါစိတ်ကူးယဉ်မိမှာမဟုတ်ဘူး''

''နင်ကလည်း လင်းထက်မှလင်းထက်ဖြစ်နေတာ ခက်တာပဲ၊ တခြားယောကျ်ားလေးတစ်ယောက်နဲ့ငြိကြည့်ပါဦးလား''

''တော်ပါ လုံးဝပဲ''

နေခြည်နု ဆုံးဖြတ်ချက်က ပြတ်သားသည်။ ခါခနဲခေါင်းကိုယမ်းလျက် ယတိပြတ်စကားဆို၏။ မြင့်အေးနှင့် ချိုချိုက ခေါင်းညိတ်လျက်

''ကောင်းပါတယ်၊ လင်းထက်ကလည်း အဲဒီအတိုင်းပဲ၊ နင်တို့နှစ်ယောက်က လိုက်ဖက်ပါတယ်၊ ဒါပေမဲ့ မထင်မှတ်ဘဲ အခြေအနေတွေပြောင်းသွားသလို၊ နင်တို့စိတ်တွေရော ပြောင်းမသွားနိုင်ဘူးလား''

''ဘာလို့ပြောင်းရမှာလဲဟ၊ ငါတို့နှစ်ယောက် စိတ်ကအရင်ကတည်းက ဒီအတိုင်းပဲ၊ ဘယ်သူဖျက်ဖျက်မပျက်ဘူး၊ ဘာအကြောင်းကြောင့်မှ ပျက်စရာအကြောင်းလည်းမရှိဘူး၊ သူဘယ်ဘဝရောက်နေနေ ငါချစ်မှာပဲ''

''သူ့ဘက်ကရော''

''သူရောဘာပြောင်းစရာရှိလဲ၊ သူငါ့ကို ကတိပေးထားတယ်၊ ဘယ်တော့မှမခွဲဘူး မခွာဘူးတဲ့၊ တို့နှစ်ယောက်ရဲ့သစ္စာတရားက ခိုင်မြဲ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ငါကတော့ တို့နှစ်ယောက် ဘယ်တော့မှမကွဲကွာနိုင်ဘူးလို့ ယုံကြည်တယ်''

နေခြည်နုအဖြေကတော့ ပြတ်သားနေဆဲပင်။ ကံကြမ္မာက ယုံကြည်ရလို့လား။ ခုဖြစ်ပြီး အခုပျက်နေတာ။

မမြင်နိုင်သည့် ကံကြမ္မာကို ယုံကြည်နေတော့လည်း . . .။

❖❖❖



# အခန်း (၂၂)

''ကားရောင်းလိုက်ရတော့လည်း ဘာဖြစ်လဲသား၊ သားအဖေဆေးကုဖို့ငွေလိုနေတာကို၊ သက်သာလာတာပဲ တော်သေးတယ်၊ ဟိုဘက်မိဘ ဒီဘက်မိဘထောက်ပံ့ဖို့တော့ သားအဖေကိုတိုင်ပင်မနေဘဲ မေမေ့အတွင်းပစ္စည်းလေးတွေရောင်းပြီး ပေးလိုက်တယ်၊ ဒီပြဿနာတွေ သူတို့သိရင် ဗုန်းဗုန်းလဲကုန်ကြမှာလေ၊ ဒါကြောင့်မသိအောင်နေလိုက်တာပဲ ကောင်းတယ်''

''ဒါတော့ ဒါပေါ့မေမေ၊ ဖေဖေက သူ့ကားမရှိတော့ဘူးဆိုတာ သိရင်''

''သားအဖေက ရောင်းခိုင်းတာပါ၊ ပြဿနာဖြစ်နေတဲ့အချိန်မှာ ကုမ္ပဏီက ရှယ်ယာလည်းထုတ်လို့မရ၊ အတိုးအမြတ်လည်း ထုတ်မပေးနဲ့ ငွေလိုနေပြီဆိုတာ သားအဖေသိတယ်၊ ဘဏ်အကောင့်ကလည်း အခုလောလောဆယ် ထုတ်လို့အဆင်မပြေသေးဘူး၊ ဖြေရှင်းဖို့ကိစ္စတွေလည်းရှိသေးတယ်လေ၊ သားအတွက် ကားပြန်ဝယ်မပေးနိုင်တာကိုလည်း သူကစိတ်မကောင်းဖြစ်နေတာ''

''သားအတွက်က အရေးကြီးလို့လား၊ လိုင်စင်ပြန်ရတောင် ဒီအတိုင်း ကားမစီးဘဲနေရတော့ ဘာဖြစ်မှာမို့လဲ၊ အဓိကက ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပကာတိဖြစ်ပြီး ထောင်မကျဘဲ ပြဿနာဖြေရှင်းနိုင်ဖို့ပါပဲ''

''ကုမ္ပဏီက လူကြီးပိုင်းတွေတော့ သားအဖေနဲ့လာတွေ့သွားတာပဲလေ၊ ခဏနေမှ သူ့ကိုမေးကြည့်ရမှာ၊ လူကြီးတွေ ပြန်သွားသွားချင်း သူ့ကိုထမင်းကျွေးဆေးတိုက်ပြီး အိပ်ခိုင်းထားလို့ အိပ်ရာနိုးမှပဲ မေးကြည့်ရတော့မှာ''

တစ်ခဏချင်း ဖြစ်ပျက်သွားသော အခြေအနေတွေအတွက် အခုထိဖြေမဆည်နိုင်သေးပေ။ 'နေ့ချင်းညချင်းပြောင်းလဲမှုအပေါ်' မယုံကြည်နိုင်သေးပါ။

ဟုတ်မှဟုတ်ရဲ့လား၊ ဖြစ်မှဖြစ်နိုင်ရဲ့လား။

''ဆရာဝန်က နောက်ထပ်ဒါမျိုးရှော့(ခ်)မဖြစ်ပါစေနဲ့လို့ သတိပေးထားတော့ ဖေဖေ့အတွက် စိုးရိမ်နေရတုန်းပဲ၊ ကုမ္ပဏီလူကြီးတွေက သတင်းကောင်းပေးခဲ့တာဆိုရင်ကောင်းမှာပဲ မေမေ''

''ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ပြီး ပြန်သွားတာဆိုတော့ အခြေအနေမဆိုးလောက်ပါဘူးသားရယ်၊ သားအဖေက မှန်မှန်ကန်ကန်နဲ့ သက်တမ်းကြာကြာလုပ်လာတဲ့သူပဲ၊ သူ့ဘက်က ရပ်တည်ပေးမယ့်လူတွေရှိရင် သူ့ဒွေးကလည်း နားလည်မှာပါ၊ ဒီလိုလူကောင်းတွေရှိလို့ မြန်မာပြည်မှာ လုပ်ငန်းတွေလွှဲထားနိုင်ခဲ့တာမဟုတ်လား၊ ဟိုမန်နေဂျာကို ဖမ်းမမိတာတစ်ခုကြောင့်သာ စိုးရိမ်နေရတာ''

''ဒီလူဗျာ၊ တစ်နပ်စားညဏ်နဲ့ လူတစ်ယောက်ဘဝကိုဖျက်ဆီးသွားတယ်၊ သူရောဘယ်လောက်ကြာကြာကောင်းစားမှာမို့လဲ''

''ဒီလိုလူတွေရှိလို့ လောကကြီးပျက်စီးနေတာပေါ့သားရယ်၊ သူတို့အတွက်က သူတို့ကောင်းစားဖို့ပဲ၊ သူတို့ကောင်းစားမယ်ဆိုရင် ဘနဖူးသိုက်တူးမယ့်လူတွေ၊ သူများဘဝကို မစာနာတတ်လို့ပေါ့သားရယ်၊ သူတို့ကိုယ်သူတို့တော့ ဒီလိုလုပ်ပြီးပြေးလိုက်ရင် တစ်သက်လုံး





လုံခြုံပြီလို့ထင်နေမှာပေါ့၊ ဥပဒေဘောင်အတွင်းက ပြေးလွတ်မယ်ဆိုရင်တောင် ဂုဏ်သိက္ခာကတော့ ဆွေစဉ်မျိုးဆက်တစ်သက်လုံးအဖတ်ဆယ်လို့ မရတော့ဘူးဆိုတာ သူတို့မတွေးမိကြလို့ ဖြစ်ပါလိမ့်မယ်''

''ဟော..ဖေဖေနိုးပြီထင်တယ်၊ အခန်းထဲကအသံကြားတယ်''

''သွားရအောင်သား''

စကားပြောနေဆဲမှာ အခန်းထဲကအသံကြားရတာကြောင့် သားအမိနှစ်ယောက် အခန်းထဲဝင်လာခဲ့ကြသည်။ ဦးထက်အောင်က သူ့ဘာသာ ငုတ်တုတ်ထထိုင်ပြီး ရေကရားထဲကရေကို ဖန်ခွက်ထဲထည့်သောက်.နေ၏။

''ဖေဖေသက်သာရဲ့လား''

''သက်သာပါတယ်သား၊ နေလို့ထိုင်လို့ကောင်းနေပါပြီ အိပ်ဆေးဝဝအိပ်လိုက်တော့ လန်းဆန်းသွားသလိုပဲ''

''ဆရာဝန်ပေးတဲ့ဆေးတွေက တော်တော်ကောင်းတယ်၊ ရှင် အမြန်ဆုံးသက်သာလာမှာပါလို့ ပြောသွားပါတယ်''

''ဖေဖေဒီလိုထူထူထောင်ထောင်ဖြစ်တာပဲ ဝမ်းသာစရာတောင်းလှပါပြီ၊ စကားပြောရတာလည်း မလေးတော့ဘူးမဟုတ်လား ဖေဖေ''

''အင်း အဆင်ပြေပါတယ်''

ဦးထက်အောင်အနား သားအမိနှစ်ယောက်ဝင်ထိုင်လိုက်ကြသည်။

''ကုမ္ပဏီကလူကြီးတွေ ဘာပြောသွားကြလဲကိုထက်၊ ရှင်က သူတို့လွတ်လွတ်လပ်လပ်ပြောချင်တာပြောသွားလို့ရအောင် အပြင်ထွက်နေဆိုလို့ ကျွန်မတို့မှာထွက်နေရတာ''

''ကိုယ်လည်း သူတို့ဘာပြောမလဲသိချင်လို့ပါ၊ မိသားစုရှိနေတော့ အားနာနေမှာစိုးလို့လေ၊ မငဲ့ညှာမှဘာဖြစ်နိုင်တယ်ဆိုတာ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေမှန်သိရမှာမဟုတ်လား''

''ဘာပြောသွားလဲ ပြောပါဦး''

''သူဌေးဆီကို သူတို့အစီရင်ခံစာတင်ထားတယ်၊ သူတို့ရဲ့ သဘောထားကိုလည်း တင်ပြထားတယ်တဲ့၊ သူဌေးက ဒီရက်ပိုင်းမြန်မာပြည်ကို လာလိမ့်မယ်၊ ပြဿနာဇစ်မြစ်ကို ဟိုကနေသေချာစုံစမ်းပြီးမှ ရောက်လာမှာ''

''အခြေအနေက ...''

''လူကြီးပိုင်းအားလုံး ကိုယ့်ဘက်ကဆိုတော့ အခြေအနေတော့ ကောင်းမယ်ထင်ရတာပဲ၊ သူဌေးကရောက်တာနဲ့ ဒါရိုက်တာအစည်းအဝေး ခေါ်လိမ့်မယ်၊ အဲဒီအချိန်ကို ကိုယ်ကျန်းမာရေးကောင်းအောင်ကြိုးစားပြီး အစည်းအဝေးတက်ရမှာပေါ့''

''ဖြစ်ပါ့မလား ဖေဖေ၊ သူဌေးရဲ့ဆုံးဖြတ်ချက်က ဖေဖေ့ကို စိတ်ထိခိုက်စေရင် ဖေဖေထပ်ပြီးရှော့(ခ်)ရမှာ စိုးရတယ်''

ဦးထက်အောင် သက်ပြင်းတွေချကာ

''ဘယ်တတ်နိုင်မလဲသားရယ်၊ ကိုယ့်ကြောင့်ဖြစ်တဲ့ကိစ္စကို ကိုယ်တိုင်ဝန်ခံဖြေရှင်းရမှာပေါ့၊ သူဌေးဆုံးဖြတ်ချက်ချတဲ့အတိုင်း စီရင်တဲ့အတိုင်း နာခံရုံပဲရှိတာပေါ့၊ ပေးတဲ့အပြစ်ကို ကြည်ကြည်ဖြူဖြူခံယူရုံကလွဲပြီး ဘာတတ်နိုင်တော့မှာလဲ''

စိတ်ဓာတ်ကျနေသော ဖေဖေ့ကိုကြည့်ကာ စိတ်မကောင်းဖြစ်မိသည်။ အခုချိန်မှာ သူကအားကိုးလောက်သည့် သားတစ်ယောက်ဖြစ်လျှင် ဘယ်လောက်များကောင်းမည်လဲ။

''တစ်ခုခုဖြစ်ရမယ်ဆိုလည်း၊ စိတ်ဓာတ်တော့မကျပါနဲ့ ဖေဖေ၊ သားတစ်ယောက်လုံးရှိပါသေးတယ်၊ သားခွန် သားအားနဲ့ဖေဖေတို့ကို လုပ်ကိုင်ကျွေးပါ့မယ်''





''သားဆီက အခုလိုစကားမျိုးကြားရတာ ဖေဖေ ဝမ်းလည်းသာ ကျေးဇူးလည်းတင်ပါတယ်သားရယ်၊ အားလည်းရှိပါတယ်''

''သားကလိမ္မာပြီးသားပါ၊ မိသားစုအတွက် သိပ်စိတ်မပူနဲ့ ကိုထက်၊ ရှင့်ကျန်းမာရေးကောင်းမှ အားလုံးကိုကြည့်ရှုစောင့်ရှောက်နိုင်မှာ''

''စိတ်မပူလို့ရမလားမြင့်ရယ်၊ အားလုံးက ကိုယ်တို့ကိုပဲ အားကိုးနေကြတာ၊ ကိုယ်ဒီလိုဖြစ်တယ်ဆိုတာသိရင် သူတို့မိုးစာကုန် ဆီခန်းဖြစ်သွားကြမှာ၊ မိဘတွေရဲ့နောက်ဆုံးအချိန်တွေကို ကိုယ်အပြည့်အဝ လုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်သွားချင်တာ''

''ရှင့်စေတနာမှန်နေတာပဲ၊ အဆင်ပြေသွားမှာပါ ကိုထက်ရယ်၊ အဲဒီလိုလုပ်နိုင်ဖို့အတွက် ရှင့်ကျန်းမာရေးကောင်းနေဖို့ပဲ အရေးကြီးတာလေ''

''အင်းပါ.. ကိုယ်ဂရုစိုက်ပါ့မယ် မြင့်ရယ်''

ဖေဖေ့ရဲ့အားတင်းသံက အားပျော့လွန်းလှသည်။ အားလုံးအပေါ်တာဝန်ကျေချင်သော ဖေဖေ့မေတ္တာတွေကြောင့် ဖေဖေကျန်းမာပြီး ကိစ္စတွေအဆင်ပြေဖို့ပဲ ဆုတောင်းရမည်။

ထို့ကြောင့်ပဲ မေမေလည်း ဘုရားခန်းက မထွက်နိုင်အောင် အချိန်တိုင်း ဆုတောင်းနေခဲ့တာဖြစ်မည်။ ဆုတောင်းတိုင်းသာပြည့်မည်ဆိုလျှင် အခြေအနေတွေ ဒီလိုဖြစ်လာမည်မဟုတ်။

နေခြည်၊ နင်ရော ငါမပါဘဲ ကျောင်းတက်ရတာ ဘယ်လိုနေနေလဲ။ ငါတော့ သတိရနေတယ်နေခြည်။ အချိန်တိုင်းတွေ့မြင်နေရတဲ့ နင့်မျက်နှာလေးကို တစ်ခဏလေးမတွေ့ရတာတောင် ငါလည်း လွမ်းနေပါတယ်။ ဒါပေမဲ့ အခုချိန်က ...။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"အန်ကယ် တော်တော်သက်သာသွားပြီပဲ"

ညှော်ခန်းမှာထိုင်နေသော ဦးထက်အောင်ကိုမြင်လိုက်ရ၍ နေခြည်နု ဝမ်းသာအားရလေးပြောလိုက်သည်။ လက်ထဲကချိုင့်ကို စားပွဲပေါ်ချ၍

"ဒီနေ့ကျောင်းပိတ်ရက်မို့ အိမ်မှာနန်းကြီးသုပ်လုပ်စားတာနဲ့ လာပို့တာပါ"

"အေး . . . ကျေးဇူးပါကွယ်၊ သမီးအန်တီတော့ ထမင်းစားခန်းထဲမှာ မနက်စာပြင်နေတယ်ထင်တယ်၊ သားလည်းရှိတယ် ဝင်သွားလိုက်လေ သမီး"

"ဟုတ်ကဲ့"

ချိုင့်လေးကိုဆွဲကာ ထမင်းစားခန်းထဲဝင်လာခဲ့သည်။ လင်းထက်က သူမကိုမြင်သွားကာ

"ဟား . . . နေခြည်ဘာတွေလာပို့တာလဲ"

"နန်းကြီးသုပ်လေ၊ အိမ်မှာလုပ်စားတာနဲ့၊ နင်ကရော ဘာတွေလုပ်နေတာလဲ"

"မေမေပေါင်မုန့်ကြော်တာ ကူလုပ်ပေးနေတာ၊ ဖေဖေက အဆီ





အစိမ့်နဲ့ အငန်တွေ စားလို့မရသေးဘူး။ ဘာမှမပါဘဲ ဒီအတိုင်းပဲကြော်နေရတာ၊ နင်နန်းကြီးသုပ်ယူလာတာတော့ အိုကေပဲ၊ ငါဆွဲရတာပေါ့"

"အားလုံးအတွက် အများကြီးထည့်လာတာပါ၊ အန်တီ သမီးလုပ်ပေးမယ်လေ"

"ရပါတယ်ကွယ်၊ အန်တီလုပ်တာပြီးနေပါပြီ။ သားရေ ဖေဖေ့ကိုသွားခေါ်၊ သေချာတွဲခဲ့နော်၊ လမ်းက သေချာကောင်းကောင်း မလျှောက် နိုင်သေးဘူး"

"ဟုတ်ကဲ့ မေမေ"

လင်းထက်က သူ့အဖေကို သေချာတွဲ၍ ခေါ်လာခဲ့သည်။ သန်သန်မာမာ လူတစ်ယောက်က ဒီလိုပုံစံဖြစ်သွားတာ စိတ်မကောင်းစရာပင်။

"အန်ကယ် မြန်မြန်ကောင်းလာတာ ဝမ်းသာစရာပဲ"

"အေးပေါ့ကွယ်၊ အိပ်ရာထဲလဲနေတာထက်စာရင်တော့ တော်သေးတာပေါ့၊ ဒါပေမဲ့ လူကောင်းပကတိလိုတော့ မဖြစ်နိုင်တော့ဘူးထင်ပါတယ်၊ တုံ့ဆိုင်းလေးကန်နေတာ လူမမာတစ်ယောက်လိုပဲလေ"

"ဩော် . . . ကောင်းသွားမှာပေါ့ အန်ကယ်ရယ်၊ ဆရာဝန်ကောင်း ဆေးကောင်းဝါးကောင်းနဲ့ ကုနေတာပဲ၊ မေမေကလည်း အန်ကယ်နေကောင်းလာလို့ သတင်းမေးခိုင်းလိုက်ပါတယ်"

"အေးအေး၊ မဝေလည်း စိတ်မကောင်းဖြစ်မှာပဲ၊ နေကောင်းတယ်၊ သက်သာတယ်လို့ပြောလိုက်ပါ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ဩော် . . . အန်တီနန်းကြီးသုပ်တွေ ပန်းကန်ထဲထည့်ပြီး သမီးပြင်လိုက်မယ်နော်"

"အေးအေး . . . သမီးရော စားမလာခဲ့ရသေးရင် တစ်ခါတည်း ဝင်စားလိုက်လေ၊ အန်တီကော်ဖီဖျော်ပေးမယ်"

"နေခြည့်အတွက် သားဖျော်ပေးလိုက်မယ်မေမေ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထက်က ကပျာကယာပင် နေခြည်နုအတွက် ကော်ဖီထဖျော်ပေး၏။ အခြေအနေကောင်းလို့ ဒီလိုအေးအေးချမ်းချမ်းဖြစ်နေတာလားဆိုပြီး စိတ်ချမ်းသာရသေးသည်။

အတွင်းရေးကိစ္စမို့ မေးကြည့်လို့တော့မကောင်းပါ။

"ဒီနေ့ ဖေဖေကုမ္ပဏီမှာ သူဌေးနဲ့သွားတွေ့ရမှာနော်၊ ကားငှားပြီး သွားလိုက်ပို့မယ်လေ၊ ဖေဖေတစ်ယောက်တည်း ဘယ်လိုလုပ်ဖြစ်မှာလဲ"

"ဟဲ့လင်းထက် ဘယ်ကကားငှားရမှာလဲ၊ နင်ကားမောင်းလို့ရပြီမဟုတ်လား ငါ့ကားယူသွားပေါ့"

"ဩော်. . . သမီးကားယူသွားရမှာ အားနာစရာကွယ်"

"ဘာလို့အားနာရမှာလဲ အန်တီရယ်၊ ဒီလူနဲ့ဒီလူ အားနာစရာလား၊ ယူသွားပါ ဘာမှမဖြစ်ပါဘူး"

"အဲဒါဆိုလည်း နေခြည့်ကားကိုသာယူသွားလိုက်သားရယ်၊ ဖေဖေ့ကိုတွဲရဦးမှာဆိုတော့ သားလိုက်ပို့မှပဲဖြစ်မှာ အရေးအကြောင်းကိစ္စရှိရင် မေမေ့ကိုဖုန်းအမြန်ဆက်နော်သား"

"ဟုတ်ကဲ့ပါ မေမေ"

"ကိုယ့်ကိုစိတ်မပူပါနဲ့မြင့်ရယ်၊ ကိုယ့်စိတ်ကို အတတ်နိုင်ဆုံးအဆင်သင့်ဖြစ်အောင်ပြင်ဆင်ထားပါတယ်၊ သူဌေးကိုရင်ဆိုင်နိုင်ဖို့ အင်အားတွေမွေးထားပါတယ်"

ဦးထက်အောင်ပြောစကားအရ ဒီနေ့က ပြဿနာရဲ့အဆုံးအဖြတ်ခံရမည့်နေ့ဖြစ်မည်ထင်သည်။ ဒါကြောင့် မိသားစုတွေ မျက်နှာမကောင်းဖြစ်နေကြသည်လား။

လင်းထက်မျက်နှာလေးလည်း ညှိုးငယ်လို့ပါ။ သူ့မျက်နှာကို အရိပ်တကြည့်ကြည့်လုပ်နေမိရင်း ရင်ထဲမကောင်းလှ။





အားလုံးစားသောက်ပြီးချိန်မှာ စားပွဲပေါ်ကဟာတွေအားလုံးသူမသန့်ရှင်းရေးလုပ်ပေးလိုက်သည်။ လူကြီးနှစ်ယောက်ညှော်ခန်းဘက်ထွက်သွားတော့ လင်းထက်နှင့် သူမ နှစ်ယောက်သာကျန်ခဲ့၏။

"နေခြည်"

"ဟင်"

"နင်ကျောင်းတက်ရတာ အဆင်ပြေလား"

"နင်မှမပါတာ အဆင်ပြေမလားလင်းထက်ရယ်၊ ကားမောင်းရတာလည်း တစ်ယောက်တည်း ပျင်းခြောက်ခြောက်နဲ့၊ ကျောင်းမှာမြင့်အေးနဲ့ချိုချိုရှိပေမယ့်လည်း ယောင်လည်လည်နဲ့ပါပဲ၊ နင်တကယ်ကိုကျောင်းထွက်တော့မှာလားဟင်"

"အခြေအနေက အဲဒီလိုဖြစ်သွားတာ စိတ်မကောင်းပါဘူးဟာ၊ ဖေဖေ့ပြဿနာက ဘယ်လိုဖြစ်မယ်မှန်း မသိသေးဘူး၊ ဖေဖေ မစွမ်းဆောင်နိုင်တော့ရင် သားတစ်ယောက်အနေနဲ့ ငါ့မှာတာဝန်ရှိတယ်လေ၊ ငါလည်းနင်နဲ့မခွဲချင်ပါဘူး"

"ခွဲရတယ်လို့တော့ မပြောပါနဲ့၊ ငါတို့အိမ်မှာတွေ့လို့ရတာပဲ၊ ဖုန်းနဲ့လည်း စကားပြောလို့ရတယ်"

"ကျောင်းမှာတော့ နင်ငါ့ကိုလွမ်းတယ်မဟုတ်လား နေခြည်"

နေခြည်နု မျက်ရည်ဝဲစွာ ခေါင်းညိတ်ပြသည်။ ဝန်ခံဖို့လည်း မရှက်ပါ။

"လွမ်းတယ် လင်းထက်၊ မနေတတ်မထိုင်တတ်အောင်ကို လွမ်းတယ်၊ ကျောင်းတက်ကျောင်းဆင်းချိန်တွေက ဘာမှအဓိပ္ပာယ်မရှိတော့သလိုပဲ၊ ငါတကယ်ကိုအရူးနဲ့တူနေပြီ"

"နေခြည်ရယ်"

နေခြည့်ကိုယ်လေးကို မရဲတရဲလေးဖက်တွယ်လိုက်မိသည်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကလေးမ်ကို နှစ်သိမ့်ဖို့ သူ့မှာအင်အားမရှိပါ။

ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်ရာရဖို့တောင် အင်အားမဲ့နေသည် မဟုတ်ပါလား။

"ငါလည်း ဘာလုပ်ရမှန်းမသိတော့ပါဘူး နေခြည်ရယ်၊ ဖေဖေ့ကိစ္စ ဘယ်လိုဖြစ်မယ်မှန်းမသိလို့ ရင်ပူနေရတယ်၊ မေမေ့ကိုလည်း သနားတယ်၊ အဘိုးအဘွားတွေရောပဲ၊ ဖေဖေသာ တစ်ခုခုဖြစ်ရင် အားလုံးဒုက္ခရောက်ပြီ"

"လင်းထက်ရယ်၊ ဒီအပူတွေ ငါလည်းမျှဝေခံစားချင်ပါတယ်၊ နင်ဒီလိုခံစားနေတာကြည့်ပြီး ငါတကယ်စိတ်မကောင်းဘူး"

"ငါကတော့ ဒီအပူတွေနင့်ကိုမပေးရက်ပါဘူး၊ ပျော်ရွှင်မှုတွေ စိတ်ချမ်းသာမှုတွေပဲ ပေးချင်တာ၊ ဒါပေမဲ့ အခုအဲဒါမပေးနိုင်တော့ ဝမ်းနည်းရတယ်၊ ကျောင်းမှာနင်ပျော်ပျော်နေပါနေခြည်၊ ငါမရှိတဲ့အချိန်တွေမှာ ငါရှိသလိုပဲ ခံစားနေပါ"

"လင်းထင်ရယ် ငါဘယ်လို"

နေခြည့်စကားဆက်လို့မရအောင် နေခြည်နှုတ်ခမ်းလေးကို လင်းထက်လက်ညှိုးလေးကန့်လန့်ဖြတ်လေးတင်ကာ ပိတ်လိုက်သည်။

"နင်ဝမ်းနည်းတာ ငါမမြင်ချင်ဘူးနေခြည်၊ 'နင်မငိုပါနဲ့ မလွမ်းပါနဲ့၊ ငါလည်း ဒီလိုဖြစ်ချင်လို့ဖြစ်နေရတာမှမဟုတ်တာ၊ အခက်အခဲအကျိုးအကြောင်းတွေကြောင့်ပါ၊ အိမ်မှာဒီလိုမျိုးတွေ့လို့ရနေတာပဲဟာ နော်နေခြည်"

သူမခေါင်းလေးညိတ်လိုက်ရသည်။ လင်းထက်ကို ဒီထက်လည်း စိတ်ဒုက္ခတွေမပေးချင်ပါ။ အခုတောင် လင်းထက်စိတ်တွေဆင်းရဲနေရတာ။

သူမကြောင့်ထပ်ပြီးစိတ်အနှောင့်အယှက်မဖြစ်စေချင်။ ရင်ထဲ





မှာ သူမလိုပင်ခံစားနေရမှာမဟုတ်ပါလား။

အတိတ်ကံက ဒီလိုတွေပါလာလို့ဖြစ်မှာပေါ့ လင်းထက်ရယ် ဒီထက်ပိုမဝေးရဖို့ပဲ ဆုတောင်းပါတယ်။

ဟိုးငယ်ငယ်လေးကတည်းက အတူတူနေခဲ့ကြပြီးမှ အခုတို့နှစ်ယောက် ....။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကိုထက်အောင်တို့ကားရောင်းလိုက်တယ်ဆို ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ မေမေ"

"လင်းထက်လည်းကားနဲ့ အိမ်အတွက်လည်းကားနဲ့ ကားတွေမှ အရင်ကကားတွေထက်တောင် တန်ဖိုးဈေးကြီးသေးတယ်"

"ဟုတ်လားမေမေ၊ သူတို့ဝယ်လိုက်တာလား။ ပြဿနာတွေက ပြေလည်သွားလို့လား ဒါမှမဟုတ်"

ကျောင်းကအပြန် မေမေ့ပြောစကားကြောင့် အံ့အားသင့်ကာ ဘယ်လိုမေးခွန်းထုတ်ရမည်မသိပေ။ မေမေလည်း အံ့သြနေပုံရကာ

"မေမေ ဒီနေ့ရွှေဆိုင်ကပြန်လာတာစောတယ်၊ လမ်းမှာ လင်းထက်ကားမောင်းလာတာနဲ့တွေ့ပြီး မေမေ့ကိုနှုတ်ဆက်တယ်၊ အဲဒါ သူတို့အိမ်ဘက်ကိုလှမ်းကြည့်တော့လည်း ကားတစ်စီးတွေ့တယ်၊ အဲဒီ ကားပေါ်က ကိုထက်အောင်ဆင်းလာတယ်"

"ဟင်"

"အဆင်ပြေနေတဲ့ပုံတော့ပေါ်တာပဲ၊ ပြဿနာတွေ တက်နေတဲ့ကြားက ဘယ်လိုပြေလည်သွားတယ်ဆိုတာတော့ မသိဘူး"





"ပြေလည်သွားတယ်ဆိုတာတော့ ဝမ်းသာစရာပေါ့ မေမေ၊ ဒါပေမဲ့ ချက်ချင်းကြီးပြဿနာတွေဖြစ်၊ ချက်ချင်းကြီးပြေလည်သွားတယ်ဆိုတော့ ဘာတွေကဘယ်လိုဖြစ်"

သူမပြောပင်မပြောတတ်။ လင်းထက်ကို ဖုန်းဆက်မေးကြည့်ရအောင်လည်း ဘယ်လိုမေးကြည့်ရင်ကောင်းမလဲ။ လင်းထက်ကတော့ အကျိုးအကြောင်းပြောတော့ပြောပြမှာပါ။

မေမေပြောတာဟုတ်မဟုတ် ဝရန်တာကနေ လင်းထက်တို့အိမ်ဘက်လှမ်းကြည့်လိုက်သည်။ ကားအနက်ရောင်တစ်စီး အဖြူရောင်တစ်စီးရပ်ထားတာအမှန်ပဲဖြစ်၏။

"အရင်ကားတွေမဟုတ်တာတော့အမှန်ပဲမေမေ၊ ရောင်းလိုက်တာကို သမီးသိတယ်၊ ဒီကားတွေက အသစ်တွေ"

"ဟုတ်ပါတယ်ဆို မေမေလည်း အဲဒါကိုအံ့သြနေတာ၊ အဆင်ပြေတယ်ဆိုရင်တော့ ဝမ်းသာစရာပါ၊ ကိုထက်အောင်လည်း ထွားထွားထောင်ထောင်လေးတော့ဖြစ်လာတယ်၊ မနေ့ယ်က ကားမောင်းပြီး ကိုထက်အောင်ကိုတွဲရတုန်းပဲဆိုတော့ လုံးဝကြီးတော့ ကောင်းသေးပုံမပေါ်ဘူး လေဖြန်းထားတာဆိုတော့ နဂိုလိုတော့ ကောင်းသေးမှာမဟုတ်ဘူးပေါ့"

"သမီးလင်းထက်တို့အိမ်ဘက် အခြေအနေသွားကြည့်လိုက်ရမလား မေမေ"

"စပ်စုသလိုဖြစ်နေမှာပေါ့သမီး၊ သူတို့မှာသူတို့အကြောင်းတွေနဲ့သူတို့ရှိနေဦးမှာ၊ နောက်တော့ လင်းထက်ပြောချင်ပြောလာမှာပါ၊ သူပြောတာပဲ စောင့်နားထောင်လိုက်ပေါ့"

"ဟုတ်ကဲ့"

ပြောသာပြောရပေမယ့် သူမစိတ်တို့ကမနေနိုင်ပါ။ လင်းထက်တို့ ဘာတွေဖြစ်နေတာလဲ သိချင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရှေ့ကထွက်လာကာ အခန်းထဲမှာ လွယ်အိတ်ကိုထားပြီး လင်းထက်ကိုဖုန်းခေါ်ကြည့်လိုက်သည်။ စက်ပိတ်ထားတာလည်း မဟုတ်ပါပဲ သုံးလေးခါခေါ်ကြည့်တာတောင် လင်းထက်ဖုန်းမကိုင်။

ဖုန်းကတခြား လူကတစ်နေရာဖြစ်နေလို့ပဲလား။

သူမ ဖုန်းဝင်ထားတာတွေ့လျှင်တော့ လင်းထက်ဖုန်းပြန်ခေါ်မှာပါ။

လင်းထက် နင်ဘာတွေဖြစ်နေလဲ လင်းထက်ရယ်။ ငါ့ရင်တွေဘာကြောင့်ပူနေရတာလဲ။

❖❖❖



## အခန်း (၂၅)

"ကိစ္စတွေ ဒီလိုအလွယ်တကူပြီးပြီး အဆင်ပြေသွားတာ ကျွန်မတော့ ဝမ်းသာတယ်ကိုထက်ရယ်၊ ဒီတစ်သက်တော့ သူဌေးရဲ့ကျေးဇူးတွေဆပ်လို့ကုန်မှာ မဟုတ်တော့ဘူး"

"အမှန်ပဲမြင့်၊ ဒီကျေးဇူးတွေ ဘယ်ဆပ်လို့ကုန်ပါ့မလဲ၊ ကိုယ့်ရဲ့ရိုးသားဖြောင့်မတ်မှုကို ထောက်ခံပေးတဲ့ကုမ္ပဏီကလူကြီးတွေလည်း ကောင်းလို့ပေါ့လေ၊ သူတို့ကြောင့်သာမဟုတ်ရင် သူဌေးလည်း စဉ်းစားရခက်သွားမှာပဲ၊ သူဌေးက တစ်ဖက်နိုင်ငံမှာ မန်နေဂျာကိုဖမ်းမိသွားတာကလည်း ကိုယ့်အတွက်လွတ်လမ်းရသွားတယ်ပြောရမယ်"

"ဖေဖေ သူဌေးကတကယ်တော်တယ်ပြောရမယ်၊ နိုင်ငံတကာမှာ အဆက်အသွယ်ကောင်းတွေရှိနေတော့ စုံစမ်းရလွယ်သွားတာပေါ့၊ ဒီလူကို အလုပ်မခန့်ခင်က တခြားကုမ္ပဏီတွေမှာ နာလည်ပျက်ရှိခဲ့တာကို မစုံစမ်းမိတာ သူ့အမှားပါလို့ဝန်ခံပြီး လုပ်ငန်းအတွေ့အကြုံကျွမ်းကျင်မှုကို မက်မောမိသွားတာတဲ့၊ ဒါကြောင့် သူလည်း ဒီလိုလူမျိုးကို အလုပ်ခန့်မိတာ မှားသွားပါတယ်လို့ပြောတယ်၊ တကယ့်လူကြီးလူကောင်းအစစ်ပါတယ်၊ သားဖြင့် ဒီလိုသူဌေးတစ်ယောက်က ဒီလိုမျိုးသူမှားတွေ ဝန်ခံလိမ့်မယ်လို့ မထင်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်လားသား"

ဒေါ်မြင့်မြင့်နွယ် အခုမှစိတ်ချမ်းသာရသည်။ သူဌေးနှင့် တိုက်ရိုက်တွေ့ဆုံစကားပြောပြီးမှပဲ စိတ်အေးချမ်းရတော့တာပါ။

ဦးထက်အောင်မျက်နှာလည်း အခုမှလန်းဆန်းပြုံးရွှင်နေကာ

"သားကိုလည်း သူဌေးက သဘောကျသွားတယ်မြင့်ရဲ့၊ ကိုယ်က ကျန်းမာရေးကြောင့် ကုမ္ပဏီမှာအလုပ်မလုပ်နိုင်တော့ဘူးဆိုတော့ သားကိုလစ်လပ်သွားတဲ့ မန်နေဂျာနေရာမှာလုပ်စေချင်တယ်တဲ့၊ လုပ်ငန်းအတွေ့အကြုံကိုတော့ လက်တွေ့သင်ယူသွားလို့ပြောတယ်၊ သားကျောင်းကတော့ ထွက်လက်စနဲ့ထွက်ရတော့မှာပဲ"

"ဖေဖေ မလုပ်နိုင်တဲ့အချိန်မှာ သားလုပ်ရမှာပေါ့ ဖေဖေ၊ အဝေးသင်နဲ့ဘွဲ့ရအောင်ယူပြီး လုပ်ငန်းပိုင်းဆိုင်ရာအတွက် ဒီအတိုင်းပဲလေ့လာသင်ယူသွားရမှာပေါ့၊ အဲဒီအတွက်တော့ စိတ်မကောင်းမဖြစ်ပါနဲ့ဖေဖေ"

"ဖေဖေ စိတ်မကောင်းမဖြစ်ပါဘူးသား၊ ဖေဖေ အားရကျေနပ်နေတာပါ၊ သားကိုအားကိုးလို့ရတော့မယ်လေ၊ ဖေဖေ့တုန်းကလည်း အလုပ်တစ်ဖက်နဲ့ဘွဲ့ရအောင်ယူခဲ့တာပဲ၊ ဒါကြောင့်လည်း အောင်မြင်တဲ့အချိန်က နောက်မကျတာ၊ ဘွဲ့ရပြီးမှ အလုပ်လုပ်မယ်ဆိုရင် အောင်မြင်ချိန်တွေနောက်ကျတာပေါ့ သားရယ်"

"ဟုတ်ကဲ့ပါဖေဖေ၊ သားလုပ်ပါ့မယ်၊ သားသည်းအလုပ်လုပ်ရမှာကို စိတ်ဝင်စားပါတယ်"

"အေးပါသားရယ်၊ နှစ်ဖက်အဘိုးအဘွားမိသားစုတွေကိုပါ သားကျွေးမွေးစောင့်ရှောက်ခွင့်ရတယ်လို့ သဘောထားပေးပါသားရယ်နော်၊ ဖေဖေ့တာဝန်တွေ သားအပေါ်ပခုံးထမ်းတင်ပေးရတာ အားနာပါတယ်၊ ပြီးတော့ ..."

ဦးထက်အောင် စကားမဆက်။ တစ်ခုခုအတွက်ပြောထွက်ရ





မှာ ဝန်လေးနေပုံရသည်။ ဒေါ်မြင့်မြင့်နွယ်က အားမလိုအားမရဖြစ်လာလျက် ...

"ဘာလဲကိုထက် ဆက်ပြောလေ"

"သူဌေးက သားကို သူ့သမီးနဲ့သဘောတူနေတယ်"

"ရှင်"

"ဗျာ"

"သားကို ညှိခန်းမှာထားခဲ့ပြီး ဖေဖေ့ကိုသီးသန့်ခန်းထဲခေါ်တွေ့ပြီး စကားပြောခဲ့တာ အဲဒီအကြောင်းပဲသား၊ ပြောရရင် သူ့သမီးကို နိုင်ငံခြားမှာမထားချင်ဘူး၊ ဟိုမှာက သစ္စာရှိ ရိုးသားဖြောင့်မတ်တဲ့ ယောကျ်ားကောင်း ရှာမတွေ့ဘူးတဲ့၊ သူ့သမီးကို ချစ်ကြိုက်နေတဲ့ ကောင်လေးကို သဘောမကျဘူးထင်ပါတယ်၊ ဂုဏ်တွေ ငွေတွေမက်လို့ ချဉ်းကပ်တယ်ပေါ့၊ အဲဒါ သူပြန်သွားတာနဲ့ မြန်မာပြည်ကို လွှတ်ချင်တယ်၊ လူငယ်ချင်းရင်းနှီးအောင် ဒီအိမ်မှာထားပေးပါတဲ့"

"ဟာ ... အဲဒီလိုကြီးလား၊ ဒါက"

"ဒါကကောင်းတဲ့အကြောင်းတရားပဲ မဟုတ်လားသား၊ သူဌေးက ဖေဖေတို့အတွက် ကျေးဇူးတရားအရမ်းကြီးမားတဲ့သူဖြစ်သွားပါပြီ၊ အဲဒါကြောင့် အဲဒီကိစ္စကို ဖေဖေလက်ခံခဲ့တယ်သား"

"ဟာ ... ဖေဖေရာ၊ အဲဒါတော့၊ သား ... သားလက်မခံချင်ဘူး"

သားရဲ့ငြင်းဆန်မှုကြောင့် ဦးထက်အောင်အခက်တွေ့သွားရသည်။ ကိုယ်ကတော့ ဂုဏ်ချင်းထပ်ကာမြှတ်မည့်ကိစ္စမို့ ဝမ်းသာအားရလက်ခံခဲ့တာပါ။ ဒီလိုသူဌေးတစ်ယောက်နှင့် ဆွေမျိုးတော်ရမှာ ဘယ်လောက်တောင် ဝမ်းသာစရာကောင်းလိုက်မလဲ။ ဒေါ်မြင့်မြင့်နွယ်က သားလက်ကလေးကို ဆုပ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သား . . . ဒါက မေမေတို့မိသားစုအတွက် မမျှော်မှန်းနိုင်တဲ့ ကံစွမ်းပဲ၊ ကိုယ့်ရဲ့ရိုးသားမှုကို အသိအမှတ်ပြုလို့ ယုံကြည်ပြီး စီစဉ်တာ ဂုဏ်တောင်ယူရဦးမှာသား"

"မေမေရယ်၊ သားမှာက"

"ချစ်သူမရှိသေးဘူးဆိုတာ မေမေသိတယ်၊ ရှိခဲ့ရင်တောင် အမိ အဖ အဘိုး အဘွား အားလုံးအတွက်တွေးပြီး သားစွန့်လွှတ်ရမှာပဲ၊ သားကို မေမေအတင်းအကျပ်တော့ မတိုက်တွန်းချင်ပါဘူး၊ ဒါပေမဲ့ သားစဉ်းစားပါ၊ သားအဖေက ဘယ်သူ့ကိုမှမစောင့်ရှောက်နိုင်တော့ဘူး၊ သားက စောင့်ရှောက်ရမှာ သားကိုအားလုံးကမှီခိုရမှာ"

"ဖေဖေတို့အခြေအနေမပျက်အောင် သူဌေးက အားလုံးစီမံပေးတာ သားလည်းအသိပဲ၊ ကားရော လုပ်ငန်းရော အားလုံးအခြေတကျပြန်ဖြစ်နေပြီ၊ သားဒီကိစ္စလက်ခံလိုက်တာနဲ့ အားလုံးက အဆင်ပြေနေပြီသားရယ်၊ ဖေဖေ တောင်းဆိုတာပါ၊ ဖေဖေ့မှာ အင်အားတွေခွန်အားတွေ မရှိတော့လို့ တောင်းဆိုတာပါသားရယ်"

"ဖေဖေရယ်၊ ကျွတ် . . . ဒီကိစ္စကြီးက"

ဘယ်လိုမှမဖြစ်ပါဘူးလို့ ပြောထွက်ရမှာ မထွက်နိုင်ဖြစ်နေသည်။ ဖေဖေ မေမေမျက်နှာနှင့် အဘိုးအဘွားတို့ရဲ့ဘဝပေါင်းများစွာကို ထောက်ထားငဲ့ညှာသင့်သည်မဟုတ်လား။

ဒါပေမဲ့ နေခြည့်ကို ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုပြောရမလဲ။

"သား"

"ဗျာ"

"နေခြည်နဲ့ ချစ်သူတွေဖြစ်နေကြပြီလား"

"ဟုတ် . . . ဟုတ်ကဲ့"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်





ကာ သက်ပြင်းချကြသည်။

"မေမေတို့လည်း ဒီကိစ္စသာရှိမလာခဲ့ရင် သားနဲ့နေခြည်ကို လက်ခံသဘောတူဖို့ တိုင်ပင်ပြီးသားပါ၊ နေခြည်လေးကို မေမေတို့လည်း ချစ်ပါတယ်၊ ဒါပေမဲ့ အခုချိန်မှာ မိသားစုအတွက်တွေးပြီး အိမ်ထောင်ဖက်အဖြစ် အသင့်တော်ဆုံးက သူဌေးရဲ့သမီးဖြစ်နေတယ်"

"ကိုယ်ရေးကိုယ်တာခံစားမှုကို ဦးစားမပေးပါနဲ့လို့ပြောရမှာ ဖေဖေ အားနာပါတယ်သားရယ်၊ သားနဲ့ နေခြည် ဘယ်လောက်တောင် သံယောဇဉ်ကြီးကြတယ်ဆိုတာ ဖေဖေတို့သိနေလို့ပါ၊ ဒါပေမဲ့ကိစ္စတွေက ဖြောင့်ဖြူးနေခဲ့တာမဟုတ်တော့လည်း"

"သား . . . သားနားလည်ပါတယ် ဖေဖေ၊ ဒါပေမဲ့ နေခြည့်ကို"

"သားမပြောရက်ဘူး ပြောမထွက်ဘူးမဟုတ်လား၊ နေခြည်လေးသိရင်လည်း ခံစားနိုင်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ဖေဖေတို့ဖျောင်းဖျပေးပါ့မယ်သား၊ သားလက်မခံချင်ဘဲ လက်ခံလိုက်ရတယ်ဆိုရင် သူလည်းဖြေသာမှာပါ"

"မထင်ဘူး ဖေဖေ၊ သူအရမ်းခံစားရမှာပါ၊ သားတို့ကတိသစ္စာတွေထားထားကြတယ်၊ ဘယ်တော့မှမခွဲဘူး ဘယ်လိုအကြောင်းကြောင့်မှ မခွဲရဘူးလို့"

"ကံကြမ္မာဆိုတာ အလှည့်အပြောင်းရှိနေတာပဲသားရယ်၊ ကိစ္စတိုင်းက ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာတာမှမဟုတ်တာ၊ မျှော်လင့်မထားတာတွေ ဖြစ်ပျက်လာလို့ ကိစ္စတွေက ဒီလိုပြောင်းလဲကုန်ရတာပဲ"

"မဝေကိုလည်း မေမေပြောပါ့မယ်၊ နေခြည့်ကိုလည်း မေမေ နှစ်သိမ့်ပါ့မယ်၊ သမီးရင်းလေးလိုချစ်လို့ သူ့ကိုမခံစားစေချင်ပေမယ့် ဘယ်တတ်နိုင်ပါတော့မလဲသားရယ်၊ ဒီကြားထဲမှာ နေခြည့်ကို သားမပြောရက်ရင် ပြောရမှာခက်နေရင် ခဏရှောင်နေလိုက်ပါ နော်သား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာပြောစရာစကားမရှိတော့ပါ။ ဘာကြောင့် အဖြစ်အပျက်တွေက အပြောင်းအလဲမြန်နေတာလဲ နားမလည်နိုင်တော့တာ။

နေခြည်ရယ် နင့်ကိုငါခွဲရဖို့ မရည်ရွယ်ပါဘူး။ ဘာကြောင့် ဒီလိုတွေဖြစ်လာတာလဲ။ နင်ခံနိုင်ရည်မရှိမှာ ငါစိုးရိမ်တယ်။

ငါလည်း ခံနိုင်ရည်မရှိပါဘူးဟာ။ ရင်ထဲမှာ မီးစတွေနဲ့အထိုးခံနေရသလိုပဲ ပူလောင်နေတယ်။

ငါဘာလုပ်ရမှာလဲ နေခြည်။

❖❖❖



# အခန်း (၂၆)

"တောက်"

လင်းထက် ဖုန်းပြန်မခေါ်တာကြောင့် နေခြည်နှ ဒေါသတွေထွက်လာမိသည်။ ဒီအချိန်ထိတော့ ဖုန်းနှင့်လူနှင့် ဝေးနေစရာအကြောင်းမရှိ။ ဘာကြောင့် ဖုန်းပြန်မခေါ်တာလဲ။

ဘာတွေဖြစ်နေလို့လဲ။ တကယ်ဆို သူမနှင့် မတွေ့ရသည့်အချိန်တွေအတွက် သူကတောင်ဖုန်းအရင်စဆက်သင့်တာ။

"ဒင်းတော့လား တွေ့မယ်"

ဝရန်တာကထွက်ကြည့်တော့လည်း သူ့အိမ်ဘက်မှာ အရိပ်အရောင်မမြင်ရတာမို့ ဖုန်းဆက်ပြီးကောဖို့အတွက် ဖုန်းခေါ်လိုက်သည်။

"ဟင်"

ဖုန်းက စက်ပိတ်ထားသည်တဲ့။ လင်းထက် ဒါမျိုးတစ်ခါမှမလုပ်ဖူးပါ။ ဖုန်းစက်ပိတ်ရအောင် သူ့မှာဘာကိစ္စတွေနှင့်များ အလုပ်ရှုပ်နေလို့လဲ။ ညမိုးချုပ်နေပြီမို့ သူ့အိမ်ဘက်ကိုသွားလို့တော့ မသင့်တော်။ ညအိပ်ခါနီး ဂွတ်နိုက်လေးတောင်လုပ်လို့မရတာမို့ အသံမက်ဆေ့ချ်ပို့ထားလိုက်သည်။

ဒါလည်း ဘာတုံ့ပြန်မှုမှမရှိ။ သူမ ဒေါသထွက်ရင်းဖြေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလဲ စိုးရိမ်ပူပန်လာမိသည်။

စာပို့လိုက် အသံမက်ဆေ့ချ်ပို့လိုက်နှင့် တစ်ညလုံး သူမအိပ်လို့မပျော်ပါ။ မနက်မိုးလင်းချိန်မှာတော့ မေမေနှင့် မနက်စာစားပြီး လင်းထက်တို့ အိမ်ဘက်ထွက်လာခဲ့သည်။

လင်းထက်အဖေနှင့် အမေကို ဘရိတ်ဖတ်စ်ဝိုင်းမှာတွေ့လိုက်ရ၏။

"အန်တီ လင်းထက်ရော"

"ဩော် သမီး . . . သားက အပြင်သွားတယ်သမီးရဲ့"

"ဟင် . . . အစောကြီးလား၊ ညကတည်းက ဖုန်းဆက်တာမကိုင်လို့ ဘာများဖြစ်လို့လဲလို့ သမီးထွက်လာတာ"

"အင်း . . . ကိစ္စလေးတွေရှိလို့ သမီးရဲ့"

"ဟုတ်ကဲ့ . . . ဟို. . . သူဘယ်အချိန်လောက်ပြန်လာမှာလဲအန်တီ"

"မသိဘူးကွဲ့၊ အရေးကြီးကိစ္စလေးတွေရှိနေလို့ပါ"

အန်တီနှယ်တို့ မပြောချင်လို့ မရေမရာပြောနေကြတာထင်သည်။ ဘာကြောင့်လဲ ဘာကိစ္စလဲ။ သူမအပေါ် အန်တီနှယ်တို့ ဟက်ဟက်ပက်ပက်ပုံစံမျိုးမရှိတာလည်း စိတ်မကောင်းဖြစ်ရသည်။

"အန်ကယ် သက်သာရဲ့လားဟင်"

"သက်သာပါတယ်သမီး၊ ကော်ဖီသောက်ရအောင်ထိုင်ဦးလေ"

"ဟုတ်ကဲ့"

"မဝေရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ မနေ့ကတော့ သိပ်နေမကောင်းချင်တာနဲ့ ဆိုင်စောစောသိမ်းပြီး ပြန်လာတယ်"

"အင်း . . . အသက်ကြီးလာရင် ဒီလိုပါပဲ၊ ရောဂါမဖြစ်ချင်





လည်း ဖြစ်ရတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာလှပြီထင်နေရင်းက ကောက်ခါငင်ခါ ဝေဒနာသည်ဖြစ်ချင်လည်း ဖြစ်သွားတာပဲ၊ သခါရပေါ့ကွယ်"

"ဟုတ်ကဲ့ . . . မေမေလည်း ဆေးအမျိုးမျိုးတော့ လှည့်သောက်နေရတာပါပဲ၊ အန်ကယ်ဖြစ်သွားတာကို စိတ်မကောင်းဖြစ်နေတာ၊ အခုလို ကျန်းကျန်းမာမာ ထူထူထောင်ထောင်တွေ့ရတော့ စိတ်ချမ်းသာရပါသေးတယ်"

"ဒါလည်း သူဌေးရဲ့ကျေးဇူးကြောင့်ပေါ့ကွယ်၊ ရောဂါဖြစ်တယ်ဆိုတာ စိတ်ကြောင့်ပဲလေ၊ အခုစိတ်ချမ်းသာရတော့ ကျန်းမာရေးလေးလည်း ကောင်းသွားတာပေါ့လေ"

"အန်ကယ်တို့ ပြဿနာတွေအားလုံးပြေလည်သွားပြီလား။ တော်သေးတာပေါ့ အန်ကယ်၊ ဘာမှမဖြစ်ဘဲ အခုလို အေးအေးဆေးဆေးပြီးသွားတာ"

"လွယ်လွယ်နဲ့တော့ ပြီးဆုံးတာတော့ မဟုတ်ဘူးပေါ့ သမီးရယ်၊ ဟို . . ."

အန်တီနှယ် အပြောခက်နေတာ ဘာအကြောင်းရယ်မသိပေ။ တစ်ခုခုကြောင့် တုံ့ဆိုင်းနေသလို ဖြစ်နေ၍ စိတ်ထဲမှာတစ်မျိုးကြီး ခံစားနေရသည်။

သူမကို ဘာတွေပြောစရာရှိပြီး ဘာကြောင့်ပြောမထွက်ဖြစ်နေသည်မသိ။ ဦးထက်အောင်က ဒေါ်မြင့်မြင့်နွယ်ကို မေးငေါ့၍

"ပြောစရာရှိတာ ပြောလိုက်ပါမြင့်ရယ်၊ နောက်လည်း အသိပေးရမှာပဲဥစ္စာ၊ မပြောလည်းသိမယ့်ကိစ္စ"

"အင်း . . . ဒီလိုပါသမီး၊ သားလင်းထက်ကို အန်တီတို့ အိမ်ထောင်ချပေးတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကုမ္ပဏီပိုင်ရှင်သူဌေးက သားကို သူ့သမီးနဲ့လက်ထပ်ပေးချင်တယ်၊ အန်တီတို့အနေနဲ့လည်း ပြဿနာတွေက လွတ်မြောက်သွားတော့ သူဌေးက တစ်သက်ဆပ်မကုန်တဲ့ ကျေးဇူးရှင်ပဲ၊ အဲဒါကြောင့် သားကိုနားချရတယ်"

"လင်း . . . လင်းထက်က ဘာပြောလဲ"

"သားက ဘယ်လက်ခံချင်ပါ့မလဲ၊ ခါးခါးသီးသီးကိုငြင်းတာ၊ သမီးကိုသံယောဇဉ်ရှိလို့ လက်မခံနိုင်တဲ့အကြောင်းလည်း ပြောတယ်၊ ဒါပေမဲ့ သားဒါကိုလက်မခံရင် အန်တီတို့မှာ ဒီပြဿနာအခက်အခဲကြားက လွတ်မြောက်ဖို့ခက်တယ်သမီး"

"အန်ကယ်တို့မှာက ဒီမိသားစုသုံးယောက်ဘဝကိုတင်ကြည့်လို့မရဘူးလေ၊ သားရဲ့နှစ်ဖက် အဘိုးအဘွားတွေကိုပါကြည့်ရှုစောင့်ရှောက်နေရတာ၊ အန်ကယ်က ကျန်းမာရေးကြောင့် ဒီတာဝန်တွေ မထမ်းနိုင်တော့ သားအပေါ်ပဲ တာဝန်တွေပုံချရတော့မှာလေ၊ အဲဒါကြောင့်"

"လင်း . . . လင်းထက် လက်ခံလိုက်တယ်ပေါ့"

ဦးထက်အောင်တို့ လင်မယားနှစ်ယောက် ပြိုင်တူခေါင်းညိတ်ပြလိုက်ချိန်မှာ သူမရင်တစ်ခုလုံး ပူလောင်ဆူဝေသွားသည်။ မျက်ရည်တွေက မျက်ဝန်းအိမ်တစ်ခုလုံး ချက်ချင်းပြည့်လျှံလာသည်။

ရင်ထဲမှာဆို့နင့်ကာ ဘာစကားမှမပြောနိုင်ပါ။ ဒေါ်မြင့်မြင့်နွယ်က သူမလက်ကလေးကိုဆုပ်ကိုင်လာပြီး

"သားကိုနားလည်ပေးလိုက်ပါ သမီး၊ သားက သမီးကို သံယောဇဉ်ရှိပါတယ်၊ ချစ်သူတွေဖြစ်နေပြီလို့လည်း ဖွင့်ပြောပါတယ်၊ ဒီကိစ္စကို သူလက်မခံချင်ဘဲ လက်ခံရတာပါ၊ မိသားစုမျက်နှာကို ကြည့်လိုက်ရတဲ့သဘောပါပဲ"





"ဟို . . . လင်း . . . လင်းထက်နဲ့တွေ့ချင်တယ်၊ လင်းထက် ဘယ်သွားတာလဲ အန်တီ"

"သမီးကို သူရင်ဆိုင်ဖို့ ခက်နေတာသမီး၊ သူဒီကိစ္စမပြောရက်ဖြစ်နေတာ"

သူမ မကြားနိုင်တော့ပါ။ ဒီစကားတွေ ဒီလိုနားထောင်ရလိမ့်မည်ဟု တွေးပင်မတွေးမိ။

သူမ လူကြီးတွေပင် အားမနာနိုင်တော့ဘဲ ထိုနေရာက ပြေးထွက်လာခဲ့သည်။ မခံစားနိုင်ပါ။ ရင်ထဲမထည့်နိုင်ပါ။

ဘာလို့ ရင်ဘတ်ထဲက မီးတောက်တွေ ထတောက်နေသလို ပူလောင်နေရတာလဲ။ ဟင့်အင်း ငါနင့်ကိုမခွဲနိုင်ဘူး လင်းထက်။

မဖြစ်ဘူး။ နင်တခြားတစ်ယောက်ကို။ ငါမဟုတ်တဲ့ တခြားတစ်ယောက်ကို လက်ထပ်လို့မဖြစ်ဘူး။

လက်မထပ်ရဘူး။ ငါနင့်ကိုသိပ်ချစ်တာ အရမ်းချစ်တာ လင်းထက်ရယ်။ တစ်ဘဝလုံးစာ တစ်သက်လုံးစာ ရည်ရွယ်ပြီးတော့ပါ။

ဘာကြောင့် . . . ဘာကြောင့် အခုလို . . ။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"သမီး ... သမီး ဘာဖြစ်လာတာလဲ"

ရွှေဆိုင်ထွက်ဖို့ စလင်းဘက်ဒ်အိတ် ကောက်လွယ်နေဆဲမှာ သမီးက ငိုကြီးချက်မနှင့် ပြေးဝင်လာတာကြောင့် အထိတ်တလန့်ဖြစ်သွားမိသည်။ စလင်းဘက်ဒ်အိတ်ကိုပြန်ချပြီး သမီးလက်ကိုဖမ်းဆွဲလျက်

"နေခြည် ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လို့လဲ သမီး"

"မေမေ"

"အေးပြော၊ သမီးဘာဖြစ်လို့လဲ"

"လင်း ... လင်းထက်ကလေ လက် ... လက်ထပ်တော့မယ်တဲ့"

"ဟင် ... ဘယ်သူနဲ့လဲ"

"သူ့အဖေကုမ္ပဏီပိုင်ရှင်သူဌေးရဲ့သမီးနဲ့တဲ့"

"ဩော် ... ဘယ်လိုဖြစ်ပြီးတဲ့လဲ"

"သူတို့အခု အဆင်ပြေသွားတာ အဲဒီသူဌေးရဲ့ကျေးဇူးကြောင့်တဲ့၊ အဲဒီကျေးဇူးကြောင့် သူ့သမီးကို လင်းထက်လက်ထပ်ရမှာ"

"ဟင်း ... အဲဒါသူတို့အဆင်ပြေသွားတာ ဝမ်းသာပေးလိုက်ပါ သမီးရယ်၊ ဘာကြောင့်ငိုလာရတာလဲ"





"မေမေရယ် ... သ ... သမီး"

"သမီးလေး"

မျက်ရည်တွေ တသွင်သွင်ကျနေတာမို့ သမီးအတွက် စိတ်မကောင်းပေ။ လင်းထက်အပေါ်ဘယ်လောက်ထိ သံယောဇဉ်ကြီးသည်ဆိုတာ မသိဘဲနေပါ့မလား။

"လင်းထက်ကို သမီးမပိုင်ဘူးလေ သမီးရယ်၊ သူ့မိသားစု သူ့အကြောင်းနဲ့ သူတို့ကိစ္စတွေရှိမှာပေါ့"

"လင်းထက်ကို သမီးမခွဲနိုင်ဘူး မေမေ၊ သူ့ကိုမခွဲနိုင်ဘူး"

"မခွဲနိုင်ဘူးဆိုလည်း သမီးတို့ကသူငယ်ချင်းသံယောဇဉ်ရှိရုံ ဒါမှမဟုတ် ချစ်သူဘဝဖြစ်ရုံပဲမဟုတ်လား၊ သက်ဆိုင်မှုတွေဘာမှမရှိတဲ့အတွက် လင်းထက်ဘဝကို သူ့မိဘတွေပိုင်တယ်သမီး၊ လင်းထက်ဆန္ဒကရော"

"သူ ... သူကလက်မခံချင်ဘဲ လက်ခံရတာတဲ့၊ သူ့အဖေ တာဝန်တွေ သူ့အပေါ်ပြောင်းသွားလို့"

"အဲဒါပဲရှိမှာပါ သမီး၊ လင်းထက်လည်း သမီးအပေါ်သံယောဇဉ်ရှိပါတယ်၊ တာဝန်တွေမယူမဖြစ်လို့ သူယူလိုက်ရတာပဲဖြစ်မှာပါ"

"ဟင့်အင်း ... သူ ... သူကတိတွေပေးထားတယ်၊ သစ္စာတွေဆိုထားတယ်၊ သမီးကို ဘယ်တော့မှမခွဲဘူးတဲ့၊ ဘာအကြောင်းကြောင့်နဲ့မှ မကွဲစေရဘူးတဲ့"

"သမီးရယ် ခေါင်းမမာပါနဲ့ကွယ်၊ သူတို့မိသားစုဒုက္ခရောက်တုန်းက မေမေတို့မကယ်တင်နိုင်ဘူး၊ အခု သူတို့ဒုက္ခကိုကယ်တင်ပေးတဲ့သူဟာ သူတို့အတွက် ကျေးဇူးရှင်ပေါ့၊ သူတို့အဆင်ပြေသွားတာကို ပီတိဖြစ်ပေးလိုက်ပါ၊ ကျေနပ်ပေးလိုက်ပါ သမီးရယ်"

နေခြည်မှ ခေါင်းမာစွာပင် ခေါင်းယမ်းလိုက်သည်။ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



လင်းထက်ကို အဆုံးရှုံးမခံနိုင်ပါ။

"ဟင့်အင်း ... လင်းထက်နဲ့တွေ့ပြီး သူဘယ်လိုလုပ်မှာလဲ သေချာမေးရမယ်၊ သူသမီးကိုမထားခဲ့ရဘူးမေမေ၊ သမီးတို့က အလွယ်တကူဖြတ်တောက်မရတဲ့ သံယောဇဉ်တွေနဲ့ ငြိတွယ်ခဲ့ကြတာပါ။ သူ့မိသားစုအတွက် တွေးမယ်ဆိုရင် သမီးအတွက်လည်း သူတွေးပေးရမယ် မေမေ"

"ခက်လိုက်တာသမီးရယ်၊ လင်းထက်လည်း ဆုံးဖြတ်ရခက်ခဲ့မှာပါ၊ မိသားစုဒုက္ခတွေကို လျစ်လျူရှုဖို့ မဖြစ်လွန်းလို့သာ လက်ခံလိုက်ရတာဖြစ်ပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် သမီးကနားလည်ပေးလိုက်ပါကွယ်"

နေခြည်နမရပါ။ ခေါင်းကိုတွင်တွင်ယမ်းလျက် အိမ်ပေါ်ထပ်ကိုပြေးတက်ခဲ့သည်။ ဒီနေ့ကျောင်းမတက်ဘဲ လင်းထက်ကိုစောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

သူမကို ရှောင်နေတာ။ မပြောရက် အသိမပေးရက်လို့တဲ့။

အဲဒီလိုလုပ်လို့မဖြစ်ပေ။ လင်းထက်ကို ဖုန်းအကြိမ်ကြိမ်ခေါ်သည်။ ငါ့ကိုဒီနေ့မတွေ့လျှင် နင်နဲ့ငါ သေခန်းပြတ်ဟု မက်ဆေ့ချ်ပို့လိုက်၏။

ကျောင်းမတက်ဘဲ နင့်အိမ်ဘက်ကိုကြည့်ပြီး စောင့်နေတယ်ဟု ပြောလိုက်သည်။ လင်းထက် ဘယ်လောက်ထိနေနိုင်မှာမို့လဲ။

"ဟင်"

မက်ဆေ့ချ်ပြန်ဝင်လာ၍ အလျင်အမြန်ပင် ဖုန်းဖွင့်ကြည့်လိုက်၏။

"လင်းထက်"

ကန်တော်ကြီးကို လာခဲ့ပါတဲ့။ တွေ့နေကျနေရာမှာစောင့်နေ



လိမ့်မည်။ သူမကပျာကယာပင် ကားသော့လေးယူကာ ထွက်လာခဲ့၏။ မေမေက ရွှေဆိုင်သွားပြီမို့ မချောကိုပဲအပြင်သွားဦးမည်ဟု ပြောထားခဲ့လိုက်၏။

သူမကားကိုအမြန်ဆုံးမောင်းလာခဲ့သည်။ ကန်တော်ကြီးထဲရောက်သည့်အခါမှာ သူမလင်းထက်ကို စနောက်ဖို့အတွက် လှမ်းဖက်လိုက်၍ ရေထဲပြုတ်ကျခဲ့ဖူးတာ ပြန်အမှတ်ရမိသည်။

လင်းထက်စိုးရိမ်တကြီး အသည်းအသန်ရေထဲ ဆင်းဆယ်ခဲ့ဖူးသည့် အမှတ်တရတွေရှိခဲ့ဖူးတာပဲ။ တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင်မခွာရက် စိုးရိမ်ပူပန်ခဲ့ကြသည့် ငြိတွယ်မှုတွေ။

"လင်းထက်"

ကန်ဘက်ကို မျက်နှာမူထားသော လင်းထက်က သူမခေါ်သံကိုကြားမှာဖြစ်ပေမယ့် သူမကိုလှည့်ကြည့်မလာပေ။ သူမကို ရှောင်နေဖို့အတွက် ဒီနေရာကို ဘယ်အချိန်ကတည်းကရောက်နေခဲ့တာလဲ။

"လင်းထက် ... ဟင်"

စိတ်မရှည်စွာ ပခုံးကနေ ဆွဲလှည့်လိုက်သည့်အခါမှာ လင်းထက်မျက်ရည်တွေကျနေတာ မြင်လိုက်ရ၍ သူမတုန်လှုပ်သွားခဲ့ရသည်

"လင်း ... လင်းထက်"

"နေခြည်"

တင်းကျပ်သော ဖက်တွယ်မှုနှင့်အတူ လင်းထက်ဆီကရှိုက်သံကိုပါကြားလိုက်ရသည်။ သူမလည်း စိတ်မထိန်းနိုင်ပါ။

ဒေါသတွေ ဘယ်ဆီလွင့်ပျောက်သွားမှန်းမသိလျက်၊ လင်းထက်ကိုဖက်ကာ ဝမ်းနည်းစွာ ငိုရှိုက်ပစ်လိုက်သည်။

"နေခြည်ရယ် ... ငါ ... ငါလေ"

"မပြောနဲ့၊ နင် ... နင် ငါမဟုတ်တဲ့ တခြားမိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ရဘူး''

''နေခြည်ရယ် ငါလည်းလက်မထပ်ချင်ပါဘူးဟာ၊ ငါ့အတွက် မိန်းကလေးက နင်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ မိသားစုရဲ့ အခက်အခဲတွေကို ငါတာဝန်ယူရတော့မှာ အဲဒါကြောင့်''

''လင်းထက် . . . အဲဒါနဲ့ပဲ ငါတို့ခွဲရတော့မှာလား၊ ငါတို့အတူ မနေရတော့ဘူးလား၊ ငါမဟုတ်တဲ့ ဘယ်မိန်းကလေးနဲ့မှ နင်မပတ်သက်ပါဘူးလို့ နင်ကတိပေးထားတယ်လေ''

''ငါ . . . ငါ အဲဒီကတိကိုတည်ချင်ပါတယ်၊ နင်နဲ့ပဲအတူနေချင်ပါတယ်၊ နင့်ကိုပဲ လက်ထပ်ချင်ပါတယ်၊ ဒါပေမဲ့ မထင်မှတ်တဲ့ ပြဿနာတွေကြောင့် ဒီလိုဖြစ်သွားရတာပါ''

''ဟင့်အင်း . . . နင်ကိုယ်တိုင်က သူဌေးသမီးနဲ့လက်ထပ်ဖို့ စိတ်ပါလက်ပါလက်ခံလိုက်တာ မဟုတ်လား၊ နင့်ဘဝအရမ်းကိုမြင့်မားသွားမှာ၊ မိသားစုထဲမှာ ဂုဏ်ယူစရာလူတစ်ယောက်ဖြစ်သွားမှာ''

''နေခြည်ရယ်၊ ငါတစ်ခါမှ မမြင်ဖူးတဲ့မိန်းမတစ်ယောက်ကို လက်ထပ်ချင်ပါ့မလားဟာ၊ ငါ့ဘဝကိုရောင်းစားရတဲ့အဖြစ်မျိုး ဖြစ်လာလိမ့်မယ်လို့ တစ်ခါမှတောင် မတွေးမိပါဘူး၊ ငါဘယ်လိုမှကို မျှော်လင့်မထားတဲ့ကိစ္စပါ၊ ဖေဖေ့ရောဂါဖြစ်လိုက်တဲ့အချိန်မှာ အရမ်းကိုသနားစရာကောင်းတာ နင်လည်းသိပါတယ်၊ အခု ဖေဖေ့တာဝန်တွေက ငါ့အပေါ်''

လင်းထက် စကားမဆက်။ နေခြည်နု လက်ကလေးကိုလွှတ်ကာ ကန်ဘက်ကိုငေးသည်။ ဒီနေရာက အမှတ်တရတွေ မကြာခင်မေ့ဖျောက်ပစ်ရတော့မှာ မဟုတ်ပါလား။

နေခြည်နုက သူ့ခါးကိုနောက်ကနေ သိုင်းဖက်လျက်

''ငါမခံစားနိုင်ဘူး လင်းထက်ရယ်၊ ငါနင့်ကိုမခွဲနိုင်ဘူး''





''ငါလည်း အဲဒီလိုပါပဲ နေခြည်ရယ်၊ အခုက မိဘတွေကို ဘယ်လိုမှကို အတိုက်အခံမလုပ်ရက်လောက်အောင် အခြေအနေတွေ ဖြစ်လာလို့''

''နင် . . . အဲဒီမိန်းမကိုမချစ်ရဘူး''

''ဟင်''

''တစ်သက်လုံး အဲဒီမိန်းမကိုမချစ်ဘူးလို့ ကတိပေး လင်းထက်''

''မ. . . မချစ်ပါဘူးဟာ၊ ငါကဘာလို့ သူ့ကိုချစ်ရမှာလဲ''

''ကလေးနှစ်ယောက် သုံးယောက် မဟုတ်ဘူး ကလေးအများကြီးရတဲ့ထိလည်း သူ့ကိုချစ်မသွားရဘူး''

''နေခြည်''

''ငါကလွဲပြီး နင်ဘယ်သူ့ကိုမှ မချစ်ဘူးလို့ ကတိပေးထားတယ်လေ၊ အဲဒီကတိတော့ တည်ပေးပါလင်းထက်၊ နင်တခြားမိန်းမကို လက်ထပ်မှာ ငါမခံစားနိုင်ပါဘူး၊ ဒါပေမဲ့ နင့်မိသားစုကိစ္စကြောင့် နင်လက်ထပ်ရမှာ သိသိကြီးနဲ့ နင်စိတ်ဆင်းရဲအောင် ငါဖိအားမပေးချင်ပါဘူး၊ ဒါပေမဲ့ ငါနင့်ကို ခွင့်လွှတ်ပေးလိုက်တာ နားလည်ပေးလိုက်တာ မဟုတ်ဘူး၊ ငါခံစားနိုင်လို့ ခံနိုင်ရည်ရှိလို့ အလျှော့ပေးလိုက်တာမဟုတ်ဘူး၊ နင်သူ့ကိုချစ်သွားရင် ငါနင့်ကို လုံးဝခွင့်မလွှတ်ဘူးလင်းထက်၊ အဲဒါကို နင်သိထားပါ''

''နေခြည်ရယ်''

မျက်ရည်တွေနှင့် ပြောနေတာမို့ စိတ်မချမ်းမြေ့နိုင်။ နှစ်သိမ့်မှုတွေဖြင့် အချိန်အကြာကြီးထွေးဖက်ထားမိသော် နေခြည်နုမရုန်းဘဲ သူ့ကိုပြန်ပြီး တင်းတင်းကျပ်ကျပ်ဖက်တွယ်ထားသည်။

နေခြည်နု ကျောပြင်လေးက သိမ့်ခနဲလှုပ်ခတ်လျက်

''နင်နဲ့ငါရဲ့ဆက်ဆံရေးလည်း မပြောင်းလဲရဘူး လင်းထက်၊



www.burmeseclassic.com

www.burmeseclassic.com



အရင်ကလိုပဲ ဂွတ်နိုက်လုပ်ပါ၊ မောနင်းလုပ်ပါ၊ ဒါကြောင့်ပါလို့ ဆင်ခြေတွေနဲ့ ငါ့ကိုပစ်ထားလို့မရဘူး၊ နင်ငါ့ကို တစ်သက်လုံးတန်ဖိုးထားနိုင်တယ်မဟုတ်လားဟင်''

''အင်း ... ထား ... ထားနိုင်ပါတယ်နေခြည်''

''ငါပြောတာကို သဘောတူတယ်မဟုတ်လား''

''အင်း ... သဘောတူပါတယ်''

''ငါ့ကိုနမ်းပါ''

''ဟင် ... ဟို''

''နမ်းလေ''

မျက်နှာလေးမော့ပေးလာသော နေခြည့်နဖူးလေးကို သူနွေးခနဲဖြစ်သွားအောင် ရှိုက်နမ်းလိုက်သည်။ အနမ်းခံနေသော နေခြည်နပါးပြင်မှာ မျက်ရည်တွေလိမ့်ဆင်းကျနေသလို၊ သူ့ပါးပြင်မှာလည်း မျက်ရည်တွေ စိုစွတ်လို့ပါ။

အချစ်တွေပဲ ပေးခွင့်ရလိမ့်မည်ဟု ထင်ထားတာ။

ဝေဒနာတွေနှင့် နာကျင်မှုတွေပါ ပေးနေရပါလား။ ငါ့ရင်ထဲလည်း ဝေဒနာတွေနဲ့ပါ နေခြည်ရယ်။ နင်နဲ့ပတ်သက်သမျှ ဘယ်တော့မှ မေ့ပစ်လို့ရမှာ မဟုတ်ဆိုတာ သစ္စာဆိုပါတယ်။

အဲဒီသစ္စာတရားဟာ ကမ္ဘာတည်သရွေ့ဆိုတာလည်း ...။

❖❖❖



# အခန်း (၂၈)

''သူဌေး ဦးအောင်မြင့်ထွန်းရဲ့သမီး ဆုအစ္စဏီတဲ့သား၊ သမီးလေး ဒါအန်တီတို့ရဲ့သား လင်းထက်ပိုင်ပါ''

''ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ဆုရောက်လာတော့ အပြင်သွားတယ်ဆိုတာနဲ့ စောင့်နေတာ၊ လေယာဉ်စီးရတာ ပင်ပန်းလို့ နားချင်နေပြီ၊ အိမ်ရှင်က ညှိဝတ်မကျေသလိုပဲနော်''

''ဗျာ ... ကျွန်တော်က ဆုအစ္စဏီ လာမယ်မထင်လို့ပါ၊ ဖုန်းကြိုဆက်ထားရင်ကို လေယာဉ်ကွင်းမှာလာကြိုပါတယ်''

''လွတ်လွတ်လပ်လပ်နေချင်လို့ပါ၊ လာကြိုရင် တခမ်းတနားဖြစ်နေဦးမှာ၊ အဲဒါကြောင့် ဒယ်ဒီ့ကိုတောင် ဖုန်းကြိုမဆက်ထားနဲ့လို့မှာထားတာ''

''အခုလိုလာလိုက်တော့လည်း အဆင်ပြေတာပါပဲ၊ သမီးလေးညစာစားရအောင်လေ၊ အန်တီပြင်ပြီးသွားပြီ''

ဆုအစ္စဏီ နှာခေါင်းလေးရှုံ့သွားလျက်

''ဆုက ညစာထမင်းမစားပါဘူး အန်တီ၊ အိပ်ခါနီးမှ သစ်သီးနဲ့ နွားနို့တစ်ခွက်လုပ်ပေးပါ၊ ဘရိတ်ဖတ်စ်ကိုတော့ အစားစုံအောင် ဖွယ်ဖွယ်ရာရာလေး စားတတ်တယ်၊ နေ့လယ်စာကိုတော့ အသား၊ ငါးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အသီးအရွက် မျှတအောင်လုပ်ပေးလို့ရတယ်မဟုတ်လား။ ကျန်းမာရေးနဲ့ ကိုယ်ခန္ဓာအလှအတွက်မို့ပါ''

''ဖြစ်ပါတယ် ရပါတယ်ကွယ်၊ အန်တီ အဆင်ပြေအောင်စီစဉ်ပေးပါ့မယ်''

မေမေ ပျာပျာသလဲဖြစ်နေသည်။ ဆုအစ္စဏီကို အရမ်းကို ကြီးကျယ်သည့်မိန်းမဟု မှတ်ချက်ချမိ၏။

ယောက္ခမလောင်း လူကြီးသူမတွေအပေါ် အထက်စီးကနေ ဒီလိုမျိုးမဆက်ဆံသင့်တာ နားမလည်ဘူးလား။

ဖေဖေ့မျက်နှာပေါ်မှာလည်း ကျိုးနွံမှုတွေရှိနေတာမို့ သူစိတ်မကောင်းပေ။ သူ့မျက်နှာကတော့ လိုတာထက်ပိုပြီး တင်းမာနေမှာသေချာပါသည်။ ဆုအစ္စဏီကတော့ သူ့ကိုလည်းဂရုစိုက်ပုံမရပါ။

''ဪ . . . နောက်နေ့တွေ ဆုသွားချင်တဲ့နေရာတွေ လိုက်ပို့ဦးနော်၊ မြန်မာပြည်ကနေ ဒယ်ဒီခေါ်သွားတာ ရှစ်နှစ်သမီးလောက်ကတည်းကဆိုတော့ မြန်မာပြည်နဲ့အရမ်းကို ကင်းကွာနေတာ''

''သားကလိုက်ပို့မှာပါ သမီးရဲ့၊ သမီးမလာခင်ကတည်းက သားက အဲဒီအကြောင်းပဲပြောနေတာ၊ မြန်မာပြည်မှာက လည်စရာ ပတ်စရာတွေလည်း ပေါနေပါပြီ''

''နာမည်ကြီးကလပ်တွေလည်း ရှိမှာပေါ့''

''ဟင် . . . ရှိ . . . ရှိတာပေါ့ကွယ်''

ဒီမိန်းမသိပ်တော့မဟုတ်တော့။ လူကြီးသူမကိုဆက်ဆံတာ ပေါ့ပျက်လွန်းသည်ဟု ထင်မိသည်။ မြန်မာပြည်ဖွားဖြစ်ပါလျက် နိုင်ငံခြားဓလေ့စရိုက်များဖြင့် အရှိအသေတန်လွန်းလှသည်။

''မေမေ သားဗိုက်ဆာပြီ''

''ဪ . . . အေး သား၊ မေမေ ထမင်းပွဲအဆင်သင့်ပြင်ပြီး





သားပါ၊ သားအဖေနဲ့အရင်စားနှင့်လိုက်လေ၊ မေမေက သမီးဆုအတွက် သစ်သီးနဲ့နွားနို့လုပ်ပေးပြီးမှ စားလိုက်မယ်''

''အိပ်ရာဝင်မှ စားမယ်ပြောတာပဲ၊ စောပါသေးတယ်''

''ဆုက နွားနို့ပူရင် မသောက်တတ်ဘူး၊ အခုကတည်းက သေချာကျက်အောင်ကျိုပြီး ရေခဲသေတ္တာထဲထည့်ထားပါ၊ အေးသွားမှ သစ်သီးနဲ့စားတတ်သောက်တတ်တာ၊ အန်တီသစ်သီးကို လတ်ဆတ်တာလေးဝယ်ပါနော်''

''ဪ . . . အေးပါကွယ်''

သူ့ဘာမှမပြောချင်တော့၊ လူမှုရေး မသိတတ်ဘူးထင်ချင်လည်း ထင်ပစေတော့စိတ်နှင့် ထိုနေရာက ထထွက်လာပြီး ထမင်းစားခန်းမှာ ထိုင်နေလိုက်သည်။

ခဏနေတော့ ဖေဖေဝင်လာသည်။ လူမတွဲရတော့ဘူးဆိုသော်လည်း ဖေဖေကတော့ အိမ်ထဲမှာတောင် တုတ်ကောက်ဆောင်ထားရသည်။

''သား''

''ဖေဖေ''

ဖေဖေ့အတွက် ပန်းကန်ထဲမှာ ထမင်းထည့်ပေးပြီး ဟင်းအုပ်ဆောင်းလှမ်းလိုက်သည်။ ဆုအစ္စဏီရောက်လာ၍ မေမေဟင်းတွေ ဖွယ်ဖွယ်ရာရာ ချက်ထားတာပါ။

ဒါကိုဆုအစ္စဏီ အသိအမှတ်မပြု။ သူမ လိုအပ်တာသာ အားမနာတမ်း အလိုက်မသိ တောင်းဆိုမှုလုပ်သည်။

ညီ့သည်ဆိုသည့် အသိလေးနဲ့ဆိုရင်တောင် အားနာတတ်ဦးမှာပါ။

''သားရော စားလေ''



www.burmeseclassic.com

www.burmeseclassic.com



"စားချင်စိတ်တောင်မရှိတော့ပါဘူး ဖေဖေရယ်"

"ဘာဖြစ်လို့လဲ သားရယ်"

"ဆုအစွဏီ ဘယ်လိုမိန်းကလေးမျိုးလဲ ဖေဖေ၊ အလိုက်လည်း မသိ အားနာရကောင်းမှန်းလည်းမသိ၊ လူကြီးသူမလည်း ရှိသေရကောင်းမှန်းမသိဘူး"

"အဲခြေအနေ အဆင့်အတန်းက ကွာတာကိုသားရယ်၊ နိုင်ငံခြားမှာနေလာတော့ ယဉ်ကျေးမှုလည်းနည်းတာပေါ့"

"အဲဒီလိုဆိုရင်တော့ ယောက္ခမလောင်းဖြစ်တဲ့ ဖေဖေနဲ့ မေမေ့အပေါ်တော့ လေးစားရကောင်းမှန်း သိဦးမှပေါ့"

"ဖေဖေတို့ကို သူ့အဖေလက်အောက်ငယ်သား ဝန်ထမ်းလို့ပဲ သိထားတော့ ဆက်ဆံတဲ့နေရာမှာ အထက်စီးဆန်ချင်တာပေါ့၊ ဂုဏ်ဒြပ်ကလည်း ဖေဖေတို့ထက်မြင့်တယ်လေ၊ နားလည်ပေးလိုက်ပါ သားရယ်၊ လက်ထပ်ပြီးသွားရင် သူလည်းသဘောပေါက်သွားမှာပါ"

သူ့ဟင်းခန့် သက်ပြင်းတွေချလိုက်မိသည်။ သူလည်း တစ်သက်လုံးကျိုးနွံစွာနေပေးရမှာလား။

"ဖြစ်ပါ့မလား ဖေဖေရယ်၊ ကိုယ့်ထက်မြင့်တဲ့မိန်းကလေးကို လက်ထပ်ပြီး မိဘတွေကအစ ကျိုးနွံပြီးနေရမယ့်အဖြစ်မျိုးက မဟုတ်သေးပါဘူး"

"သူဌေးက သူ့သမီးစရိုက်ကို ပြောပြထားတယ်၊ နည်းနည်းသည်းညည်းခံပေးပါတဲ့၊ သူဌေးအတွက်လည်း သမီးဆိုးလေးဖြစ်တယ်ထင်ပါတယ်၊ အိမ်ထောင်ကျပြီးရင် အဆင်ပြေသွားလိမ့်မယ်လို့ ယုံကြည်လို့ဖြစ်မှာ"

"မကောင်း ကျောင်းပို့ဆိုသလို ဖြစ်မနေဘူးလား ဖေဖေ၊ သူ့သမီးကိုမနိုင်တာနဲ့ သားနဲ့လက်ထပ်ပေးမှာ ဖြစ်သင့်လို့လား"





"အဲဒီလိုမယူဆပါနဲ့ သားရယ်၊ သူဌေးက ဖေဖေတို့အပေါ်ကောင်းတဲ့သူပါ။ ဖေဖေ့ဘဝကို ကယ်တင်ထားတာနဲ့တင် တစ်သက်ဆပ်မကုန်တဲ့ ကျေးဇူးတွေရှိနေပါပြီ၊ အဘိုးအဘွား မိသားစုတွေရဲ့ဘဝကို ဖေဖေတို့ အထောက်အပံ့ပေးနိုင်တယ်၊ သားသူ့ကိုလက်ထပ်လိုက်ရင် အခုကုမ္ပဏီကြီးကို သားကိုလွှဲပေးမှာ"

"သား အဲဒါတွေမမက်ပါဘူး ဖေဖေ"

"ဖေဖေလည်းမက်လို့မဟုတ်ပါဘူး။ ဖေဖေတစ်ယောက်တည်းအတွက်သာဆို အလုပ်တွေလည်းကြိုးစားခဲ့မှာမဟုတ်ဘူးသား။ မိသားစုတွေအတွက်မို့ ဖေဖေလည်း ရုန်းကန်ခဲ့တာပဲ၊ သားလည်း အဘိုးအဘွားတွေအတွက်၊ ဖေဖေ မေမေတို့အတွက် ပေးဆပ်ရတယ်၊ ကျေးဇူးတွေဆပ်ခွင့်ရတယ်လို့ သဘောထားပါသားရယ်နော်"

ဖေဖေ့ရဲ့တောင်းဆိုမှုများကြောင့် သူ့မှာစောဒကတက်ခွင့်မရှိတော့ပါ။ ရွေးချယ်စရာလမ်းလည်းမရှိ။

ဆင်ခြေပေးကာ ထွက်ပြေးလွတ်မြောက်ခွင့်လည်း မရ။

ဘဝဟာ ကံကြမ္မာအလှည့်အပြောင်းအတိုင်း အလိုက်သင့်စီးမျောရတော့မှာလား။ မစားဖြစ်သော ထမင်းပွဲက အေးစက်နေသလို သူ့နှလုံးသားတွေ အေးစက်နေရလေပြီ။

နေခြည်ရယ်၊ နင့်အချစ်တွေကို ဥပေက္ခာပြုမိသလိုဖြစ်လို့ ငါလည်း ဒဏ်ခတ်ခံရတာထင်ပါတယ်။

ငါမချစ်မနှစ်သက်တဲ့သူကို လက်ထပ်ရမှာမို့လို့လေ။

ဒါပေမဲ့ ငါ့အချစ်တွေက နင့်ဆီမှာပဲဆိုတာတော့ . . .။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဘာ ... လင်းထက်က လက်ထပ်တော့မှာ၊ ဟုတ်လို့လား နေခြည်ရယ်၊ နင်ပေါက်ကရလျှောက်ပြောနေတာ မဟုတ်လား"

"ငါ့ရုပ်က ပျော်လို့ စနောက်နေတဲ့ပုံစံပေါက်နေလို့လား"

"အေး ... အဲဒီလိုတော့ မပေါက်ဘူး၊ နင်ကျောင်းမတက်တာကရော"

"အဲဒါကြောင့်ပေါ့၊ အဲဒီသတင်းကြောင့် ငါမခံစားနိုင်ဖြစ်ပြီး ကျောင်းတောင်မတက်နိုင်တာ"

"ဟယ် ... တကယ်လားဟယ်"

"နင်တကယ်ပြောနေတာလား နေခြည်"

သူမ ခေါင်းညိတ်ပြတာတောင် မြင့်အေးနှင့် ချိုချို ယုံရခက်နေပုံရသည်။ သူမတို့နှစ်ယောက် သံယောဇဉ်ကိုသိနေတာမို့ သူတို့မယုံချင်တာလည်း အလွန်မဟုတ်ပေ။

"ငါတို့အခုလိုပုံစံနဲ့ ခွဲရမယ်လို့ ငါမထင်မိဘူး၊ သူတကယ်လက်ထပ်ရတော့မယ်ဆိုတာ ငါလည်းမယုံချင်ခဲ့ပါဘူး၊ ဒါပေမဲ့ အဲဒါက တကယ်ဖြစ်လာတဲ့အခါကျတော့ ငါဘယ်လိုလုပ်ခံစားနိုင်မှာလဲဟယ်"

"အေးလေ ... အေးလေ၊ နင်တို့ဒီလောက်တောင် သံယောဇဉ်





ရှိကြတာ၊ ဒါနဲ့ လင်းထက်က ဘယ်ကမိန်းကလေးနဲ့ လက်ထပ်မှာလဲ"

"သူ့အဖေကုမ္ပဏီပိုင်ရှင်သူဌေးရဲ့ သမီးတဲ့၊ သူ့အဖေရဲ့ရိုးသားဖြောင့်မတ်မှုကို ယုံကြည်ပြီး ပြဿနာတွေကို လျှော်ပစ်လိုက်တဲ့အတွက် ကယ်တင်ရှင်ကျေးဇူးရှင်ကြီးဖြစ်သွားတာ၊ အခုကျတော့ လင်းထက်ကို သဘောကျပြီး သမီးနဲ့ပါပေးစားတယ်"

"ဟာ ... ဒါဆို လင်းထက်က နေ့ချင်းညချင်းဘောစိဖြစ်ပြီပေါ့၊ ဒီကောင် တကယ့်သူဌေးဖြစ်ပြီ"

မြင့်အေး ဝမ်းသာအားရဝင်ပြောတာကို ချိုချိုကမျက်စောင်းထိုးပြီး လက်ကုတ်သည်။

"ဒီမှာ နေခြည်ခံစားနေရတာ အလိုက်မသိပြောနေတယ်၊ တကယ်ပဲ"

"မဟုတ်ပါဘူး၊ ငါက လင်းထက်ကံကောင်းတာကို ဝမ်းသာလို့ပါ၊ နေခြည် ဝမ်းနည်းရမှာကိုမေ့သွားတယ်၊ အေးဟာ စိတ်မကောင်းပါဘူး၊ ဒီကိစ္စကို လင်းထက်ကရော စိတ်ပါလက်ပါ လက်ခံလိုက်တာလား"

"စိတ်မပါလည်း မိသားစုဖိအားတွေရှိတယ်၊ သူ့အဖေက ကျန်းမာရေးမကောင်းဘူးလေ၊ အားလုံးရဲ့တာဝန်တွေ သူ့အပေါ်ပိသွားတာ၊ မိဘတွေကိုပေးဆပ်ရမယ်ဆိုတဲ့အသိနဲ့ သူဒါကိုမဖြစ်မနေ လက်ခံလိုက်ရတာ"

"အေးဟာ ... ဒီလိုဆိုတော့လည်း လင်းထက်မှာလည်း အပြစ်မရှိပါဘူး၊ လင်းထက်က နင့်ကိုသံယောဇဉ်ရှိတော့ ဒီကောင်လည်း ခံစားနေရမှာပါ"

"အဲဒီလိုဆိုပြီး နားလည်ပေးလိုက်ရမှာတော့ မဟုတ်သေးဘူးထင်တယ်၊ ငါအခု အရမ်းခံစားရတယ်၊ ဘယ်လိုမှကိုမနေနိုင်ဘူး၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ၊ ဟင် ပြောကြစမ်းပါဦး"

"နေခြည်ရယ်၊ နင်တို့ဘယ်လောက်ပဲချစ်ချစ်၊ သံယောဇဉ်ရှိရှိ ဖူးစာကံမပါဘူးလို့ဘဲ သဘောထားလိုက်ပါ၊ လင်းထက်ကိုနားလည်ပေးလိုက်ပါဟယ်"

"အားလုံးက လင်းထက်ကိုပဲနားလည်ပေးခိုင်းနေကြတယ်၊ ငါခံစားနေရတာကိုကျတော့ ဘယ်သူမှနားလည်မပေးကြဘူး၊ ငါသူ့ကိုဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ နင်တို့ရောမသိကြဘူးလား ဟမ်"

"မသိဘဲနေပါ့မလားဟာ သိတာပေါ့၊ နင်ဘယ်လောက် လင်းထက်ကို သံယောဇဉ်ရှိတယ် ချစ်တယ်၊ ဒါပေမဲ့ ဖူးစာကံမပါရင် ဘယ်လောက်ချစ်ချစ် မပေါင်းရဘူး၊ လင်းထက်လည်း နင့်ကိုမချစ်လို့မဟုတ် မှန်းသိသိကြီးနဲ့ အရမ်းကြီး စိတ်အပင်ပန်းမခံပါနဲ့ နေခြည်"

သူမကို နှစ်သိမ့်သည့်စကားဖြစ်မည်မှန်းသိလျက်နှင့် သူမ ခေါင်းယမ်းမိသည်။ လက်ခံဖို့ခက်ခဲနေသည်မို့ပါ။

ဘယ်လောက်ချစ်ခဲ့ရလဲ၊ ဘယ်လောက်ငြိတွယ်ခဲ့ရလဲ။ အလွယ်မေ့ဖျောက်လို့ရသည့် ရိုးရိုးရှင်းရှင်း ပတ်သက်မှုမျိုးမှမဟုတ်တာ။

"ဟဲ့ နေခြည် ဟိုမှာ"

ချိုချို မေးငေါ့ပြရာကိုလှည့်မကြည့်မိ။ အနီးကပ်ရှိနေမည့် ပုံရိပ်တစ်ခုအတွက် အတွေးမလွန်ချင်။

"သူ ဒီလာနေပြီ"

ချိုချို့အသံကြောင့် စားပွဲခုံကိုတင်းနေအောင် ဆုပ်ထားမိ၏။ ဒီနေရာက ထထွက်သွားဖို့ အသင့်ပြင်လိုက်သည်။ လင်းထက် မကြိုက်တာကို ဘာမှမလုပ်ချင်။

"နေခြည် ဘယ်လဲ"

"အတန်းတက်တော့မယ်"





"ခဏနေပါဦး"

မြင့်အေးနှင့် ချိုချို့အသံမဟုတ်။

"ကျွန်တော့်နာမည် ရှိန်းသူရဇော်၊ တစ်ချိန်လုံး နာမည်တောင် ပြောခွင့်မရှိလို့ ကျွန်တော်ခံရခက်တယ်၊ ကျွန်တော်က နေခြည့်အတွက် ဘာကြောင့်အသုံးမဝင်တဲ့ကောင်ဖြစ်ရတာလဲ"

မြင့်အေးနှင့် ချိုချိုနားထောင်နေ၏။ သူမ ခေါင်းယမ်းလိုက်သည်။ စိတ်မှမဝင်စားတာ။

"ဟဲ့ နေခြည် . . . နေခြည်"

စကားတစ်ခွန်းမဆိုဘဲ ထွက်သွားတာကြောင့် ချိုချိုတို့ ရှိန်းသူရဇော်ကို အားနာနေကြသည်။ ရှိန်းသူရဇော်က

"ကျွန်တော်ကိုထိုင်ခွင့်ပြုပါ"

"ဩော် ထိုင်ပါ ရပါတယ်"

"ဟိုတစ်ယောက် ဘာလို့ကျောင်းမတက်တော့တာလဲဟင်"

"ဟင် . . . ဘယ်သူ ဩော် . . . လင်းထက်ကိုပြောတာထင်တယ်"

"ဟုတ် . . . နေခြည်နဲ့ သူငယ်ချင်းဆိုတာလေ"

"အဲ . . . အဲဒီတစ်ယောက်က လက်ထပ်တော့မှာလေ"

"ဩော် . . . ဒါကြောင့် နေခြည် ဒီလိုဖြစ်နေတာလား၊ စိတ်ထိခိုက်မှာပဲနော်၊ အရမ်းရင်းနှီးတဲ့တစ်ယောက်ဆိုတော့လေ"

"အင်း . . . အင်းဟုတ်တယ်၊ သူတို့ချင်းက အရမ်းခင်ကြတာ"

"အဲဒီတစ်ယောက်မရှိရင် ကျွန်တော့်ကို စိတ်ဝင်စားလာလောက်ပါ့မလား"

"ရှင် . . . အဲဒါက"

"ကျွန်တော့်ကို ကူညီပေးကြပါလားဗျာ၊ ကျွန်တော်နေခြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်လို့ပါ''

''လွယ်မယ်မထင်ဘူး၊ သူက လင်းထက်ကိုအရမ်းချစ်တာ''

''အရမ်းသံယောဇဉ်ရှိတဲ့ ငယ်သူငယ်ချင်းတွေဆို၊ ချစ်သူတွေ ထိဖြစ်သွားတာလား''

''အဲဒါက ... ဟို''

အမှန်အတိုင်းမပြောချင်။ နေခြည့်အတွက် အစားထိုးဖြေသိမ့်ရာရမယ်ဆိုရင်ပေါ့၊ မြင့်အေးနှင့် ချိုချို မျက်စပစ်လိုက်ပြီး

''ချစ်သူတွေထက်တောင် ပိုချစ်တဲ့သူငယ်ချင်းတွေလို့ ပြောချင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်သူရည်းစားမထားကြေးဆိုတာမျိုးတောင် ကတိတွေထားကြတာ''

''ကျွန်တော် သဘောပေါက်တယ်၊ ဟိုတစ်ယောက် ကျွန်တော့်ကိုပွဲတောင် ကြမ်းလိုက်သေးတယ်၊ ချစ်သူတွေလို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြောသေးတွဲသေးတယ်၊ အဲဒါကောင်းတယ်လို့ ကျွန်တော်ကတော့ တွေးတယ်၊ ချစ်သူရည်းစားအများကြီးထားတဲ့ ကောင်မလေးတွေထက်စာရင်လေ၊ ဟုတ်တယ်မဟုတ်လား၊ ဟိုတစ်ယောက်က ထိန်းချုပ်သွားတာ''

''အဲ ... ဟုတ်တယ် ဟုတ်တယ်''

''ကျွန်တော်နေခြည်ရဲ့ချစ်သူဖြစ်ခွင့်ရချင်ပါတယ်၊ နေခြည့်ကိုပြောပေးပါ''

''ဩော် အင်း''

''ကျွန်တော့်ကို ခွင့်ပြုပါဦး''

ရှိန်းသူရဇော် ထထွက်သွားတော့ မြင့်အေးနှင့် ချိုချို မေးငေါ့မိကြသည်။

''နေခြည် အစားထိုးဖြေသိမ့်မယ်လို့ ထင်လား''





''မထင်ဘူး၊ ဒါပေမဲ့ ဖြေသိမ့်စေချင်တယ်၊ လင်းထက်အတွက် အရမ်းခံစားနေရတော့လေ၊ ဘာဖြစ်ဖြစ် ဖြေသာရာတော့ရနိုင်တယ်မဟုတ်လား၊ နေခြည့်ကိုသနားလို့ပါ''

''လင်းထက်ကို ပြောကြည့်ကြတာပေါ့၊ နေခြည့်အတွက် တစ်ခုခု စဉ်းစားပေးဖို့၊ ဒီအတိုင်းဆို နေခြည်ရူးသွားလိမ့်မယ်''

''အေးလေ ... လင်းထက်နဲ့ အဆက်အသွယ်ရအောင် လုပ်လိုက်''

ချိုချိုနှင့် မြင့်အေး စိတ်ညစ်နေကြသည်။ လင်းထက်နှင့် နေခြည်နှ နှစ်ယောက်လုံးကို ခင်တွယ်မိလို့ပါ။

သူတို့နှစ်ယောက် ဒီလိုနည်းနှင့်ကွဲကြလိမ့်မည်လို့မှ ထင်မထားတာ။ အခုထိ မယုံနိုင်သေးစွာဖြင့် ...။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟင် . . . လင်းထက်နဲ့ ဟိုမိန်းမ"

ကျောင်းကအပြန် ထုံးစံအတိုင်း လင်းထက်တို့အိမ်ဘက်လှမ်းရှိုးမိသည်။ နှစ်ယောက်သား အိမ်ရှေ့မှာရပ်ပြီး ဘာစကားတွေပြောနေကြတာလဲ။

လင်းထက်မျက်နှာက ပြုံးလို့ ဖြီးလို့၊ ဟိုမိန်းမကလည်း မျက်နှာတစ်ခုလုံး သကာလောင်းထားသလိုပင်။

သူမကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်ပါဘူးပြောသည့် လင်းထက်မျက်နှာက အဲဒီလိုဖြစ်နေရလား။

"မချော"

"ရှင် မမလေး"

ခြံထဲမှာ ပန်းပင်တွေရေလောင်းနေသော မချောအနားကို ဆင်းလာခဲ့သည်။

"မချော . . . နင်အိမ်ထဲမှာလုပ်စရာရှိတာသွားလုပ်ချေ"

"ဘာမှသိပ်လုပ်စရာမရှိတော့ပါဘူး မမလေးရဲ့၊ အန်တီက သူပြန်လာရင် ပန်းပင်တွေရေလောင်းထားပြီးတာမြင်ရမှ ကြိုက်တာ"

"ငါလုပ်လိုက်မယ်"





"ရှင်"

"ငါရေဖျန်းထားပါ့မယ်ဆို၊ လွှာကိုရှည်တယ် သွားတော့၊ ငါ့ကိုရေပိုက်ပေး"

"ဟုတ်"

မချော လက်ထဲကရေပိုက်ကိုဆွဲယူလိုက်သည်။ မချောရှေ့မှာတော့ အပင်တွေကို ဟိုဟိုဒီဒီရေဖျန်းလိုက်၏။

မချော အိမ်ထဲရောက်သွားမှ ခေါင်းတစ်လုံးစာလောက်မြင့်နေသော အုတ်တံတိုင်းကနေ လင်းထက်နှင့် ဟိုမိန်းမဘယ်နားမှာရှိနိုင်လဲခုန်ကြည့်လိုက်ပြီး ရေပိုက်နှင့် အသားကုန်လှမ်းပက်ပြီး ဟိုဘက်က အော်သံတွေကြားတော့ အိမ်ထဲကိုပြေးဝင်ခဲ့သည်။

မှတ်ကရော။ အဲဒီလောက်တောင်ရှိလှတာ။ လင်းထက် နင် ငါ့အကြောင်းသိစေရမယ်။

နောက်ဆို ဒီထက်ပိုပြီး . . .။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဘာ . . . ဘာတွေလဲ၊ စိုရွှဲကုန်ပြီ၊ မိုးရွာတာလည်း မဟုတ်ဘဲနဲ့၊ ဘယ်ကရေတွေလဲ၊ ဘာရေတွေလဲ"

ဆုအစ္စဏီ ဆွေ့ဆွေ့ခုန်လျက် ဖျပ်ဖျပ်ခါအောင်အော်သည်။ လင်းထက်လည်း တစ်ကိုယ်လုံးစိုရွှဲသွားတာပါ။

ဘယ်သူ့လက်ချက်ဆိုတာ လင်းထက်ကတော့ သဘောပေါက်နေသည်။

ဒီအချိန်ဆို နေခြည်နု ကျောင်းကပြန်ရောက်ချိန်မို့ အရိပ်အယောင်လေးပဲ မြင်ရမြင်ရ သူထွက်ကြည့်နေခဲ့တာပါ။

ဒါကို ဆုအစ္စဏီက အနားရောက်လာပြီး ကလပ်လိုက်ဖို့မို့ လာပြောခြင်းဖြစ်သည်။ သူတောင်ယောကျ်ားလေးဖြစ်ပြီး ကလပ်ကို ဘစ်ခါမှမရောက်ဖူးဘူး ပြောတာကြောင့် ဆုအစ္စဏီက သူ့ကိုလှောင်ရယ်နေခြင်းဖြစ်သည်။

တုံးလိုက်အလိုက်တာတဲ့။ ပြောပြီးမှ ဟော့ဟော့ရမ်းရမ်းမနေတာတော့ သဘောကျသည်ဟု ပြောပြန်၏။

ဒါပေမဲ့ သူမစရိုက်နှင့်ဖြစ်မှာမဟုတ်ဘူး၊ လက်ထပ်ဖို့ဆို စရိုက်တူမှတဲ့။ သူမကပဲ လျှော့မှာလား။ သူ့ဘက်ကပဲ အလျှော့ပေးရမှာလား





တော့ မသိပေ။

"ဘယ်လိုလုပ်ရမလဲ၊ အခုမှ ကလပ်သွားဖို့ အဝတ်အစားတွေလဲထားတာ ဒုက္ခပါပဲ၊ ဟိုဘက်အိမ်က စည်းမရှိ ကမ်းမရှိလုပ်လိုက်တာဖြစ်မယ်၊ လင်းထက် မပြောဘူးလား၊ ဒါရန်တွေ့သင့်တယ်"

"ပန်း . . . ပန်းပင်ရေလောင်းရင်း ဒီဘက်ကိုစင်တာဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ဘက်က ရေလောင်းရင်လည်း အဲဒီလိုဖြစ်တတ်တာပဲ"

"ဒါရေလောင်းရင်းနဲ့ စင်တာမဟုတ်ဘူး၊ သက်သက်မဲ့ရေနဲ့လှမ်းပက်တဲ့ပုံစံမျိုး။ ဘယ်သူလဲ အဲဒီဘက်က ဘယ်သူလုပ်တာလဲ၊ လုံးဝမကျေနပ်ဘူး ရှင်းရမယ်"

"ဆုရယ်လာပါ၊ အဝတ်အစားလဲလိုက်ရင် ပြီးရောပေါ့၊ ပြောမနေပါနဲ့"

"မပြောလို့ရမလား၊ ဒီဘက်မှာလူရှိလား မရှိလား ကြည့်ဦးမှပေါ့၊ အခု ကြည့်ပါဦး၊ ရေချိုးသလို စိုရွှဲသွားတာ၊ ဘယ်က မိမဆုံးမဖမဆုံးမ စည်းကမ်းမရှိ ဒီလိုလုပ်ရတာလဲ"

"ဆု . . . ကဲ . . . လာပါဗျာ"

လင်းထက် စိတ်မရှည်။ နေခြည့်ကို ဒီလိုတွေပြောတာလည်း မကြိုက်တာကြောင့် ဆုအစ္စဏီလက်ကိုဆွဲ၍ အိမ်ထဲခေါ်လာခဲ့သည်။ ဧည့်ခန်းမှာထိုင်နေသော ဖေဖေနှင့်မေမေက သူတို့အဖြစ်ကိုမြင်ပြီး အံ့သြသွားကြ၏။

"ဟယ် . . . သားနဲ့ ဆု ဘာတွေဖြစ်လာတာလဲ၊ ရေတွေစိုရွှဲလို့ပါလား"

"ဟိုဘက်ခြံက ပက်လွှတ်လိုက်တာပဲ အန်တီ၊ ဘယ်လိုပေါက်လွှတ်ပဲစား စည်းကမ်းမရှိတဲ့သူလည်း မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ပန်း . . . ပန်းပင်ရေလောင်းတာပါ မေမေ၊ မချော ဖြစ်မယ်ထင်တယ်"

"မချော . . . မချောဆိုတာ ဘယ်သူလဲ"

"ဟိုဘက်အိမ်က အလုပ်သမားကောင်မလေးပါ၊ ရေလောင်းရင် အဲဒီအတိုင်းပဲ၊ ဟိုဘက်ရော ဒီဘက်ရော စိုရွှဲသွားတာ"

သားပျာပျာသလဲ ဖြေရှင်းနေပုံထောက်လျှင် နေခြည်နှဖြစ်ရမည်ဆိုတာ ဒေါ်မြင့်မြင့်နွယ်သဘောပေါက်လိုက်သည်။ သားနှင့်ဆုအစ္စဏီကိုတွဲမြင်ပြီး အမြင်ကတ်လို့ ဒီလိုလုပ်တာပဲဖြစ်မည်။

"သမီးဆု အဝတ်အစားအရင်လဲလိုက်ပါကွယ်၊ တော်ကြာ အအေးပတ်သွားပါဦးမယ်၊ သွားသွား အဝတ်လဲလိုက်နော်သမီး"

"ဆုမကျေနပ်ဘူး အန်တီ၊ အဲဒီအိမ်ရှင်တွေကိုပြောထားပေးပါ၊ နောက်တစ်ခါ ဒါမျိုးလုပ်လို့ကတော့ လုံးဝခွင့်မလွှတ်ဘူး"

"အေးအေး . . . အန်တီပြောထားပေးပါ့မယ်သမီး၊ အဝတ်အစားသာ မြန်မြန်လဲလိုက်ပါနော်"

ပါးလွှာသောအဝတ်အစားများကို ဝတ်ထားတာမို့ ရေစိုသွားတော့ အတွင်းသားတွေက ဒီအတိုင်း။

ယောက်ျားနှင့် သားရှေ့မှာ ဘယ်လိုမှအမြင်မတော်တာမို့ ဆုအစ္စဏီကို အမြန်ပင် အဝတ်လဲခိုင်းနေရသည်။ ဆုအစ္စဏီက မကျေမချမ်း ခြေဆောင့်နှုတ်ခမ်းစူလျက် အပေါ်ထပ်တက်သွားသည်။ ဒေါ်မြင့်မြင့်နွယ် သက်ပြင်းတွေချလိုက်မိ၏။

"နေခြည် လုပ်လိုက်တာမဟုတ်လားသား"

"ဟုတ်မယ်ထင်တယ်၊ မချောက အဲဒီလိုမှမဟုတ်တာ"

"ဆုအစ္စဏီကို အားနာစရာကွယ်၊ နေခြည် အဲဒီလိုမလုပ်သင့်ဘူး"





"မဝေကိုပြောထားလိုက်ဦး မြင့်၊ ဆုအစ္စဏီအပေါ် အားနာစရာတွေဖြစ်ရရင် မကောင်းဘူး"

"မ . . . မပြောပါနဲ့၊ အန်တီဝေက နေခြည့်ကိုဆူနေပါဦးမယ်"

"သား . . . အခုနေခြည့်ဘက်ကို တွေးပေးနေရမယ့်အချိန်မဟုတ်ဘူးသား၊ ဆုအစ္စဏီနဲ့သာ အဆင်ပြေအောင်နေရမှာ၊ သူ့ဖွေးက အမြဲတမ်း ဖုန်းလှမ်းဆက်မေးတယ်၊ ဒီမှာနေရတာ သူ့သမီးလေးအဆင်ပြေရဲ့လားတဲ့၊ လက်ဆောင်ပစ္စည်းတွေလည်း လေယာဉ်နဲ့တင်ပို့ပေးနေတယ်၊ လူငယ်ချင်းအဆင်ပြေသွားပြီဆိုရင် လက်ထပ်ပေးဖို့အတွက် သူလာခဲ့မယ်တဲ့"

"နေပါဦးမေမေ၊ အဲဒီကိစ္စမလောပါနဲ့ဦး၊ သားတို့ချင်း အဲဒီကိစ္စအာမှမဆွေးနွေးရသေးပါဘူး၊ ဆုအစ္စဏီကလည်း လက်ထပ်ဖို့ကို စိတ်မဝင်စားတဲ့ပုံစံပဲ၊ ဒီကိုရောက်ကတည်းက ဟိုသွားမယ် ဒီသွားမယ်၊ ဒါစားမယ်၊ ဒီလိုတွေပဲလုပ်နေတာ၊ သူ့ဘာသာတစ်ယောက်တည်း ကားယူပြီးထွက်သွားလိုက်ရင်လည်း တစ်နေကုန်ပေါ်ကိုမလာတော့ဘူး၊ မိန်းကလေးဆိုတာ အဲဒီလိုနေချင်တိုင်းနေလို့မရဘူးမေမေ"

ဦးထက်အောင်ရော ဒေါ်မြင့်မြင့်နွယ်ရော လေးပင်သော သက်ပြင်းတွေချကြ၏။ ဆုအစ္စဏီစရိုက်ကို နှစ်သက်လွန်းလို့မှမဟုတ်တာ၊ သူဌေးမျက်နှာကရှိသေးသလို အားလုံးအဆင်ပြေဖို့အတွက် သည်းခံရမှာပဲမဟုတ်လား။

"မချစ်သေ်ာလည်း အောင့်ကာနမ်းရမယ့်အခြေအနေကို သားလည်း သိနေတာပဲကွယ်၊ တဖြည်းဖြည်း သူ့စရိုက်တွေလည်း ပြောင်းလာမှာပါ၊ အကျင့်တစ်ခုလိုဖြစ်နေခဲ့တော့ ခဏလေးနဲ့ဖျောက်ဖို့တော့ ခက်နေမှာပေါ့၊ သားကနားလည်ပေးပါ လိုက်လျောပေးပါ၊ အဆင်မပြေတာရှိလည်း ညှိနှိုင်းပေးပါသား နော်သား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပေါင်းသင်းရမယ့်ကိစ္စမဟုတ်ဘူးနော်၊ တစ်သက်လုံး အတူနေရမှာ၊ ဖြစ်ပါ့မလား မေမေ"

"ဖြစ်မှာပါ ဖြစ်အောင်နေရမှာပေါ့သား၊ သားက အဘိုးအဘွား တွေမျက်နှာကြည့်ပါ၊ ကျန်းမာရေးမကောင်းတဲ့သားအဖေကို ထောက်ထားငဲ့ညှာပါသားရယ်၊ မိုးစာကုန် ဆီခန်းဖြစ်နေတဲ့လူတွေအတွက် သားပေးဆပ်ရတာ အရှုံးကသိုလ်ရပါတယ်"

"သားရယ်၊ ဖေဖေလည်းတောင်းပန်ပါတယ်၊ ဖေသောအရင်လိုကျန်းမာရေးကောင်းနေရင် သားဆန္ဒမရှိတာကို ဖေဖေတောင်းဆိုမိမှာမဟုတ်ပါဘူးသားရယ်၊ ဖေဖေက သားကိုစိတ်ချမ်းသာစေချင်တာပါ"

"သားနားလည်ပါတယ် ဖေဖေ၊ ဖေဖေကအားလုံးအတွက် တာဝန်ကျေခဲ့သူပါ၊ ဖေဖေ့ကျေးဇူးတရားတွေအတွက် ပြန်ပေးဆပ်ခွင့်ရတယ်လို့ သဘောထားပါတယ်၊ ဒါပေမဲ့ လက်ထပ်ပြီးမှ စိတ်ဆင်းရဲစရာတွေဖြစ်နေမလားလို့"

"ဒါလည်း ကံတရားပေါ့သား၊ လူတွေက ရွှေပင်နားရင် ရွှေကျေးဖြစ်လာတတ်တာမျိုးပါ၊ ဆုအစ္စဏီ ဘယ်လောက်ပဲစရိုက်ဆိုးဆိုး ဖေဖေတို့မေတ္တာကြောင့် ပြောင်းလဲလာပါလိမ့်မယ်၊ သားက အဲဒါကို ကြိုပြီးတွေးမပူဘဲ ဆုအစ္စဏီနဲ့အဆင်ပြေအောင်နေပါနော်သား"

"ဟုတ်ကဲ့ပါ ဖေဖေ... ဖေဖေတို့ စိတ်ချမ်းသာအောင်နေကြပါ"

ပြောခဲ့ပြီး သူလည်း သူ့အခန်းရှိသောအပေါ်ထပ်သို့ တက်လာခဲ့သည်။ ဖေဖေက ခြေထောက်မကောင်းတော့တာမို့ ဆင်းရတက်ရတာ မလွယ်၍ အောက်ထပ်မှာပြောင်းနေပြီး ဖေဖေတို့နေခဲ့သောအခန်းကို ဆုအစ္စဏီအတွက် ပေးထားရသည်။ အခန်းကိုဇိမ်ခံပစ္စည်းမျိုးစုံ ဝယ်ထည့်ပေးပြီး သေချာရှယ်ပြင်ပေးထားရတာပါ။

"ဒေါက်ဒေါက်"





"ဟာ"

အဝတ်အစားလဲနေဆဲမှာ တံခါးခေါက်သံကြားရပြီး တစ်ဆက်တည်း အခန်းထဲ ဆုအစ္စဏီဝင်လာတာမို့ ဗလာကျင်းနေသောအပေါ်ပိုင်းကို တဘက်စောင်နှင့်အမြန်ပတ်လိုက်ရသည်။ ယောက်ျားလေးတစ်ယောက်အခန်းထဲ ဒီလိုရဲတင်းစွာ ဝင်ထွက်ရဲတာမျိုး သူမကြိုက်ပါ။

"ဘာလဲ ... ဘာကိစ္စရှိလို့လဲ"

"ပြောစရာရှိလို့ဝင်လာတာပဲ၊ လူကိုမြင်တာနဲ့ ပြူးတူးပြဲတဲ အထိတ်တလန့်ဖြစ်သွားရလား"

"ဒီ ... ဒီမှာအကျီလဲနေတာ"

"ဘာဖြစ်လဲ၊ ဆုက ရှင့်ကိုဘာလုပ်မှာမို့လို့လဲ၊ နိုင်ငံခြားမှာဆို ယောက်ျားလေးနဲ့ မိန်းကလေး တစ်ခန်းတည်းမှာ အဝတ်အစားအတူတူ လဲချင် လဲကြတာပဲ"

"ဒါနိုင်ငံခြားမှ မဟုတ်ဘဲဗျာ၊ မြန်မာပြည်၊ သူ့စည်းသူ့ကမ်း ယဉ်ကျေးမှုဆိုတာရှိတယ်"

"အပိုတွေ ...ကဲပါ ဆုပျင်းနေလို့ ဝရန်တာမှာဂစ်တာလာ တီးပြပါလို့ပြောမလို့"

"ဗျာ ... ကျွန်တော် ဂစ်တာမတီးတတ်ဘူး"

"ဂစ်တာမတီးတတ်ဘဲ ဘာလို့အခန်းထဲမှာထောင်ထားတာလဲ"

အခန်းထောင့်မှာ ထောင်ထားသောအနီရောင်ဂစ်တာလေးကို မေးငေါ့၍မေးသည်။ လူမရှိသော သူ့အခန်းထဲကို ဘယ်နှခေါက်လောက်တောင် ရောက်ပြီးနေပြီလဲ။

"အဲဒါက ပျင်းတဲ့အခါ ဟိုခေါက်ဒီခေါက် ခေါက်ဖို့ဝယ်ထားတာ"

"ဒါဆိုလည်း ဆုပျင်းနေလို့ ခေါက်တတ်သလောက် ခေါက်ပြ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ကျွန်တော်"

"ကဲ ... ခေါက်မပြဘူးလား၊ ခေါက်မပြရင် ဒီအခန်းထဲက မထွက်ဘူးနော်"

"ကျွတ် ... ရှုပ်လိုက်တာ"

အခန်းထဲက မထွက်လျှင်ဒုက္ခ၊ ဝရန်တာထွက်ပြီး သူမကို ဂစ်တာတီးပြလျှင်လည်း နေခြည်သိကာ ဝမ်းနည်းသွားပေလိမ့်မည်။

ဟိုအရင်က နေခြည်မျှင်းလျှင် သူဂစ်တာတီးပြနေကျမဟုတ်ပါလား။

"အမြန်ထွက်လာနော်၊ မလာရင် ပြန်ဝင်လာမှာ"

ဆုအစ္စဏီက ခြိမ်းခြောက်မှုများဖြင့် တံခါးကိုဂျိမ်းခနဲပိတ်သွား၏။ မထူးတော့။ အကျီလဲကာ ဂစ်တာကိုယူ၍ ဝရန်တာဘက်ထွက်ခဲ့လိုက်သည်။ သူလဲဝတ်ခဲ့သောအကျီက နေခြည်ရေနစ်တုန်းက ဆင်တူဝယ်ဝတ်ခဲ့သည့် စပို့ရှပ်အပြာစင်းလေးပါ။

"ဟင်"

ဝရန်တာမှာ စားပွဲဝိုင်းတွေ ထိုင်ခုံတွေရောက်လို့ပါလား။ စားပွဲပေါ်မှာ သစ်သီးပန်းကန်နှင့် နွားနို့ခွက်ကို တွေ့လိုက်ရတော့ သူ အံ့ဩသွားသည်။ ဒါတွေအားလုံး မေမေ့ကို ဆုအစ္စဏီလုပ်ခိုင်းထားတာဖြစ်မည်။ သူမ အိပ်ခါနီး မေမေအစားအသောက်ပြင်ဆင်ပေးပြီး သူက ပျော်တော်ဆက်ပေးရမည်ပေါ့။

"လင်းထက် ထိုင်လေ၊ ဒီမှာထိုင်ပြီး တီး၊ လင်းထက်က ညဘက်ဘာသောက်တတ်မှန်းမသိလို့ အန်တီ့ကို မမှာလိုက်ရဘူး၊ ဆုကတော့ ညဘက်ဆို နွားနို့နဲ့သစ်သီးကို စားသောက်မှ အသားအရေလှလို့ အကျင့်ဖြစ်နေပြီ၊ ကဲ ဘာသီချင်းဆိုပြမှာလဲ"

"သူငယ်ချင်း"





"ဘာ"

"ဩော် ... သူငယ်ချင်းသီချင်းဆိုမှာလို့"

သူဂစ်တာကို ကြိုးညှိကာ စမ်းလိုက်သည်။ အရင်ကတော့ ဒီသီချင်းလေးက နေခြည့်အတွက်ပါ။ ဒီသီချင်းလေးကို သူရော နေခြည်ရော အရမ်းကြိုက်သည်။ သူအခုတီးနေတာ ဆုအစ္စဏီကို ဖျော်ဖြေနေခြင်းမဟုတ်ပေ။

နေခြည်ရယ် ... နင့်အတွက် အလွမ်းပြေပါ။ အရမ်းလွမ်းတယ် နေခြည်။ တစ်နေ့မမြင်တွေ့ရရင် မနေနိုင်တဲ့ နင့်မျက်နှာလေးကို ငါပုံဖော်ပြီး ငေးငိုင်လွမ်းမောနေပါတယ်။

နင်လည်း ငါ့ကိုလွမ်းနေတယ်မဟုတ်လား။ တစ်ခါတလေ နင်က ငါ့ပခုံးပေါ်မှီပြီး ဒီသီချင်းကို ခပ်ညည်းညည်းလိုက်ဆိုရင်းနဲ့ နေတတ်တယ်လေ။

"ခွမ် ... ခွမ်"

"အမယ်လေး"

"ဘာလဲဟ"

စားပွဲပေါ်က နွားနို့ဖန်ခွက်နှင့် သစ်သီးပန်းကန်တွေပေါ် ကျောက်ခဲလာမှန်၍ ကျကွဲကုန်တာမို့ ဆုအစ္စဏီရော လန့်ဖျပ်တုန်တက်သွားကြသည်။ ကျောက်ခဲက ဘယ်ကလာသည်ဆိုတာ သူချက်ချင်းပင် ခန့်မှန်းမိလိုက်၏။

"ဒါဘယ်ကနေ ခဲနဲ့ပေါက်တာလဲ၊ ဘယ်သူလုပ်တာလဲ"

"ကျ ... ကျွန်တော့်အသံမကောင်းလို့ထင်တယ်"

"ဘာလဲ၊ ကိုယ့်ဘာသာ ကိုယ့်အိမ်ထဲမှာ သီချင်းဆို ဂစ်တာတီးတာ ဘယ်သူ့ကိုအနှောင့်အယှက်ပေးနေလို့လဲ"

"ဒီရပ်ကွက်က တိတ်ဆိတ်တော့လေ၊ အဲဒီလိုပဲ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆူညံတာတောင် မကြိုက်ကြဘူး''

''အမိပွာယ်မရှိတာ၊ အဲဒါ ဘယ်ဘက်ကလာတဲ့ ခဲလုံးလဲ၊ လင်းထက် သိလား''

''မ . . . မသိဘူးဗျ။ ဟိုလေလမ်းပေါ်က ကလေးတွေ လက်ဆော့သွားတာလား မသိပါဘူး''

''ခွမ်း''

''ဟော . . . ပေါက်ပြန်ပြီ၊ ကျွန်တော်တို့ ဒီနားမှာနေလို့မဖြစ်ဘူးထင်တယ်၊ အိမ် . . . အိမ်ထဲဝင်ရအောင်''

''ဘာလို့ဝင်ရမှာလဲ ကိုယ့်အိမ်ထဲပဲလေ၊ ဘယ်နေရာနေနေပေါ့၊ ဘယ်ကလာတဲ့ခဲလုံးလဲ သေချာကြည့်စမ်းပါ၊ ဘယ်က မိမဆုံးမဖမဆုံးမ ကလေးကချေ ကလေးကဝက လက်ကမြင်းနေလဲမသိဘူး၊ ရဲစခန်းကို ဖုန်းဆက်ပြီးကိုတိုင်မယ်''

''မလုပ်ပါနဲ့ဗျာ၊ ဘယ်သူမှန်းလည်းမသိဘဲနဲ့၊ ကျွန်တော်ကတော့ ဒီနေရာမှာ မနေရဲတော့ဘူး၊ ဆုနေချင်လည်းနေခဲ့''

''ဟယ် . . . လင်းထက်''

လင်းထက်က ဂစ်တာယူကာ အထဲဝင်ပြေးသွားသည်။ ဆုအစွတ်မကျေမချမ်း တက်ခေါက်လိုက်၏။

''ခွမ်း''

''အမယ်လေး''

ဆုအစွတ်လည်း ဆက်မနေရဲတော့။ ဘယ်ကပေါက်နေမှန်းမသိသောခဲလုံးတွေက အဆက်မပြတ်ကျနေတာ။ လူကိုတည့်တည့်မှန်လျှင် မခက်ပေဘူးလား။

ဘယ်လိုပေါက်လွှတ်ပဲစားတွေလည်း မသိ။

❖❖❖



# အခန်း (၃၂)

''သမီးလာဦး''

လွယ်အိတ်ကိုလွယ်ပြီး ကားသော့ယူနေချိန်မှာ မေမေခေါ်လိုက်တာကြောင့် မေမေ့နားထိုင်ရသည်။ မေမေက မျက်မှောင်ကြုတ်လျက် ဘာတွေ မကျေမနပ်ဖြစ်နေသည်မသိပေ။

''ညည်းလင်းထက်တို့ကို ဘာတွေပြဿနာရှာနေတာလဲနေခြည်''

''ဘာပြဿနာရှာလို့လဲ၊ ဘာမှမရှာပါဘူး''

''ဘာမရှာရမှာလဲ၊ လင်းထက်နဲ့ သူယူမယ့်ကောင်မလေးကို ဒီဘက်ကနေ ရေနဲ့လှမ်းပက်တယ်ဆို''

''အဲဒါ အမြင်ကတ်လို့''

''ညည်းနှယ်အေ . . . ညည်းနဲ့ဘာဆိုင်တော့လို့ အမြင်ကတ်တယ်တွေ ဘာတွေပြောနေရတာလဲ၊ သူတို့ဘာသာဘယ်လိုနေနေ ညည်းမမြင်ချင်ယောင် မသိချင်ယောင်ဆောင်နေရတော့မှာ''

''မျက်စိရှေ့မှာ တွေ့နေရတာကို''

''ဟဲ့ . . . ကြည့်လို့တွေ့တာလေ၊ မကြည့်ဘဲနေရင် မြင်ပါ့မလား။ မကြည့်မိအောင် မမြင်ရအောင်ကြိုးစားပေါ့၊ ဟိုကလက်ထပ်တော့မယ့်

www.burmeseclassic.com

www.burmeseclassic.com



ဟာကို''

''သမီး မနေနိုင်ဘူး''

''ဘာ''

''လင်းထက်ကိုလည်းလွမ်းတယ် သတိရတယ်၊ အမြဲမြင်တွေ့နီးနီးကပ်ကပ်နေလာခဲ့ပြီးမှ အခုချက်ချင်းကြီး မေ့ပျောက်ပစ်လိုက်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား''

''သမီးရယ်''

ဒီလိုဆိုတော့လည်း သမီးအတွက် ဒေါ်ခင်နုဝေ စိတ်မကောင်းပေ။ ကလေးဘဝကတည်းက ငြိတွယ်လာခဲ့ကြသည့် သံယောဇဉ်တွေ မဟုတ်ပါလား။

''မာမီ ခွေးတစ်ကောင်ဝယ်ချင်တယ်''

''ဟဲ့ . . . ဘာလို့ ခွေးဝယ်ချင်ရတာလဲ၊ ဘာလုပ်ဖို့လဲ''

''သမီးနားမှာ လင်းထက်မှမရှိတော့တာ၊ အဖော်ရအောင်လို့ပေါ့''

''ဩော် . . . ခွေးကိုအဖော်လုပ်မလို့ပေါ့။ အေးလေ သမီးဝယ်ချင်လည်းဝယ်ပါ။ ခွေးနဲ့အဖော်ရနေရင် စိတ်ပြေလက်ပျောက်လေးဖြစ်တာပေါ့၊ သမီးပိုက်ဆံယူသွားလေ''

''ဟုတ်ကဲ့ မေမေ''

သူမ စိတ်ဆင်းရဲနေတာသိနေ၍ မေမေသိပ်ပြီး ဆူဆူပူပူမလုပ်ရက်တာ သူမသိသည်။ မေမေ့မီးခံသေတ္တာထဲက ပိုက်ဆံယူပြီးမှ သူမ ကျောင်းကိုထွက်လာခဲ့၏။

မြင့်အေးနှင့် ချိုချို ကင်န်တင်းမှာရှိနေမည်ဆိုတာ သိနေတာမို့ ကင်န်တင်းကိုပဲ လာခဲ့လိုက်သည်။

''ဟင်''



ချိုချိုတို့နားမှာ လင်းထက်ကို ပါမောက္ခရုံးခန်းမေးဖူးသော မိန်းကလေးကိုတွေ့ရတာကြောင့် အံ့ဩသွားသည်။ သူမရောက်လာချိန်မှ ထိုမိန်းကလေးက ထထွက်သွား၏။

''အဲဒီတစ်ယောက်ဘာလာလုပ်တာလဲ''

''လင်းထက်ကို လာမေးတာ၊ လက်ထပ်တော့မယ်ပြောလိုက်လို့ မျက်နှာကိုရှုံ့မဲ့သွားတာပဲ''

''ဖြစ်ရမယ်၊ အဲဒီလိုမှတ်သွားမှာပဲ၊ လာပြီး ဖွန်ကြောင်နေသေးတယ်''

''သူများကိုပြောနေတယ်၊ နင်ကရော လင်းထက်ကို အသာတကြည်စွန့်လွှတ်နိုင်ပြီလား''

''ညကတောင် ပညာပေးလိုက်တယ်''

''ဘယ်လို''

''ဟိုမိန်းမကို ဂစ်တာတီးပြီး သီချင်းဆိုပြနေတယ်လေ၊ အမြင်ကတ်လို့ ခဲနဲ့ပေါက်ပစ်လိုက်တယ်''

''ဟယ် နေခြည်ရယ်၊ နင်မှန်းသိပြီး ဟိုမိန်းမပြဿနာမရှာဘူးလား''

''အဲဒီမိန်းမက ဘယ်သူမှန်းမသိဘူး၊ ဆဲဆိုနေသံတော့ကြားတယ်၊ လင်းထက်ကတော့ ငါမှန်းသဘောပေါက်မှာပေါ့၊ ချက်ချင်းအိမ်ထဲပြေးဝင်သွားတာပဲ''

''လုပ်ချလိုက်ပြန်ပေါ့ နေခြည်ရေ၊ ဟိုနေ့ကလည်း နင်ရေနဲ့ပက်လိုက်သေးတယ်ဆို''

''ငါ့ရှေ့မှာ အမြင်ကတ်စရာတွေ့လို့ကတော့ လုပ်မှာပဲ၊ အခုလည်း ခွေးနဲ့ရှူးတိုက်ဖို့အတွက် ကျောင်းကအပြန် ခွေးဝင်ဝယ်ဦးမှာ''

''ဘာ''

www.burmeseclassic.com

www.burmeseclassic.com



မြင့်အေးနှင့် ချိုချို မျက်လုံးပြူးကာ ထိတ်လန့်သွားကြသည်။ ချိုချိုက စားလက်စအစားတွေတောင် ပါးစပ်ထဲက ထွက်ကျ၏။ မြင့်အေးက ပါးစပ်ထဲကရေနွေးတွေ ဖူးခနဲထွက်ကျလာသည်။

"နင် ... နင် ဘယ်သူ့ကို ခွေးနဲ့ရှူးတိုက်မှာလဲ"

"သူတို့နှစ်ယောက် တတွဲတွဲနဲ့ဖြစ်နေတာကို ငါမကြည့်ချင်ဘူး။ အမြင်ကတ်လာရင်တော့ ငါလုပ်ချင်တာတွေ လုပ်ပစ်မှာ"

"နေခြည်ရယ် နင်အဲဒီလိုတွေလျှောက်လုပ်နေလို့ဖြစ်မလား။ လင်းထက်က နင့်ကိုချစ်နေဆဲပဲရှိသေးတယ်။ နင်အဲဒီလိုတွေလုပ်လို့ နင့်ကိုမုန်းသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို ငါကတခြားမိန်းမနဲ့ ပြုံးပျော်နေတာကို ဒီအတိုင်းလက်ပိုက်ကြည့်နေရမှာလား၊ ငါမခံစားနိုင်ဘူး၊ ငါ့ရင်ထဲမှာ ပြောင်းဆန်နေတယ်၊ ဆူဝေနေတယ်၊ ခံပြင်းနေတယ်၊ ဖြေသိမ့်စရာ ဘာတစ်ခုမှရှာမတွေ့ဘူး"

"ဟို ... နင်ဟိုဆေးကျောင်းသား ရှိန်းသူရဇော်အချစ်ကို လက်ခံလိုက်ပါလား"

"ဘာ"

"လင်းထက်နေရာမှာ အစားထိုးပြီး ဖြေသိမ့်လိုက်ပါလား ဟယ်၊ သူလည်း နင့်ကိုတကယ်ချစ်ပုံရပါတယ်"

"တော်စမ်းပါ၊ သွားစမ်းပါ၊ ခေါက်ထားလိုက်စမ်းပါ၊ လင်းထက်နေရာမှာ ငါဘယ်သူ့ကိုမှအစားမထိုးဘူး"

"မဟုတ်သေးဘူး နေခြည်၊ အခုလင်းထက်အတွက် ခံစားနေရတာတွေ သက်သာသေးတာပေါ့ဟယ်၊ အခု လင်းထက်ကို နင်တိုက်ခိုက်နေတော့ရော ဘာတွေပြန်ရမှာမို့လို့လဲ၊ သူတို့က လက်ထပ်တော့မှာ၊ နင်လင်းထက်ကိုပြန်ရမှာလား၊ လင်းထက်အချစ်တွေ သံယောဇဉ်တွေ



ပြန်ရမှာမို့လား ပြောပါဦး"

နေခြည်နှ ခဏတော့ တွေဝေသွားသည်။ မျက်လုံးလေးက မျက်ရည်ရိပ်တွေဖြင့် လည်နေအောင် စဉ်းစား၏။

ပြီးမှခေါင်းကို ချာခနဲနေအောင် ယမ်းလိုက်ကာ

"လင်းထက် မကြိုက်တာ ငါဘာမှမလုပ်ဘူး။ သူက ငါ့ကို ရည်းစားမထားစေချင်ဘူး။ အဲဒီရှိန်းသူရဇော်ဆိုတဲ့ကောင်နဲ့ ပတ်သက်တာ မကြိုက်ဘူး၊ ငါ့ကို သူ့ချစ်သူပါဆိုပြီး အဲဒီကောင်ကိုသွားပြောတဲ့နေ့က ငါတို့တွေချစ်သူဖြစ်ခဲ့ကြတာ၊ အဲဒီကောင်နဲ့ ပတ်သက်ရဲ ပတ်သက်ကြည့် ငါ့ကိုသတ်ပစ်မယ်တဲ့"

"အဲဒါ သူ့မှာဒီလိုကိစ္စတွေမဖြစ်ခင်ကလေဟယ်၊ အခု နင်ဘယ်သူ့ကိုကြိုက်ကြိုက် ဘယ်သူနဲ့ဘာဖြစ်ဖြစ် သူဘာမှပြောမှာ မဟုတ်တော့ပါဘူး၊ သူ့ကိုနင်ဘာမှပြောပိုင်ခွင့်မရှိတော့သလို နင့်ကိုလည်း သူဘာမှပြောပိုင်ခွင့်မရှိတော့ဘူး"

"အဲဒီလိုဆိုပြီး ငါတို့ထားခဲ့တဲ့ကတိသစ္စာတွေကို ဖျက်ပစ်လိုက်ရမှာလား၊ လွယ်လွယ်ပေါ့ပေါ့ထားခဲ့တဲ့ ကတိတွေမှမဟုတ်တာ၊ လင်းထက် ဒီလိုလုပ်သွားတယ်ဆိုတာလည်း မိသားစုတွေအတွက် ပေးဆပ်လိုက်ရတာကြောင့်ပါ၊ သူငါ့ကို မုန်းလို့မဟုတ်ဘူး၊ ကတိဖျက်ချင်လို့မဟုတ်ဘူး၊ အဲဒီအတွက် ငါလည်း သူ့အပေါ် ကတိသစ္စာမပျက်ဘူး၊ ဘယ်တော့မှ မပျက်ဘူး"

"အေးဟယ် ... နင့်သဘော နင့်သဘောပဲ နေခြည်ရေ၊ မပြောတော့ဘူး၊ တကယ်မနိုင်ဘူး စိတ်ညစ်တယ်"

ချိုချိုတို့ လက်လျှော့သွားသည်။ သူမလည်း ဒီလိုပြောလိုက်ရမှ စိတ်ထဲပေါ့သွား၏။ ဘာလို့ လင်းထက်အပေါ် ကတိသစ္စာပျက်ရမှာလဲ။ သူမကို မချစ်လို့မှမဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် မဟုတ်လား လင်းထက်။ နင်ငါ့ကိုချစ်နေတုန်းပဲ မဟုတ်လား။ သူများကိုတော့ နင်ချစ်သွားလို့မရဘူးနော်။

ငါလုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး။ အဲဒါတစ်ခုတော့ . . .။

◆◆◆

## အခန်း (၃၃)

"ဒီနေ့ အပြင်မသွားချင်ဘူး၊ အိမ်မှာပဲ ပါတီလေးကျင်းပရအောင်"

ဆုအစ္စဏီရဲ့ တောင်းဆိုမှုကြောင့် အိမ်ရှေ့ကမြက်ခင်းလေးမှာ စားပွဲတွေ ထိုင်ခုံတွေချ၍ အစားအသောက်နှင့် ဝိုင်ကိုပါ စီစဉ်ပေးထားရသည်။

မိဘတွေရှေ့မှာ ဝိုင်သောက်ဖို့တောင်ပြောရဲသော မိန်းကလေးကို သူ့အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရမှာ ဝမ်းနည်းကြေကွဲဖို့ ကောင်းလှ၏။ ဒါပေမဲ့ မေမေတို့ကကျေနပ်ပေးနေသည်မို့ သူလည်းလိုက်လျောစွာ နေတတ်ဖို့ပဲရှိတော့သည်။

"မေမေ ပင်ပန်းပါတယ်၊ တစ်နေကုန်အလုပ်လုပ်နေရတာ၊ ဒေါ်ကြီးကျော့က ပြန်မလာသေးဘူးလား၊ ဒေါ်ကြီးကျော့ရှိတော့ မေမေ သက်သာတာပေါ့"

"သူ့သမီးကလေးမွေးလို့ ပြန်တာ၊ တန်းခနဲဘယ်ပြန်လာနိုင်ဦးမှာလဲသားရယ်၊ မေမေက အေးအေးဆေးဆေးနေခဲ့လို့ မှာလိုက်တယ်၊ တခြားအလုပ်သမားလည်း မခေါ်ဘူးလို့"

"မဟုတ်ဘူးလေ၊ သားက မေမေပင်ပန်းတာမကြည့်ရက်လို့

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဈေးသွားတာရော ချက်တာပြုတ်တာရော မေမေတစ်ယောက်တည်း လုပ်နေတယ်၊ ညည်းသည်ရှိတော့ ပိုဆိုးတာပေါ့၊ အလုပ်သမားတစ်ယောက်ထပ်ရှာလိုက်ပါ၊ ဒေါ်ကြီးကျော့လာတော့လည်း ခေါ်ထားပေါ့"

"အေးပါ သားရယ်၊ မေမေကိုယ်တိုင်က အရင်ကတည်းက အိမ်မှုကိစ္စလုပ်တာ ဝါသနာပါမှန်း သားသိသားနဲ့၊ ဒီလောက်ကတော့ မပင်ပန်းပါဘူး သားရယ်"

ချွေးစို့နေသော မေမေက သူစိတ်သက်သာအောင် ပြောလိုက်မှန်း သူသိပါသည်။ ဆုအစွဏီရောက်မလာခင်က မေမေ ဒီလောက်ထိ ပင်ပင်ပန်းပန်း တစ်ခါမှမလုပ်ဖူးပေ။ နေခြည်သာဆို ဒီလိုအလုပ်တွေ မေမေ့ကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ကူလုပ်ပေးမှာပါ။

အခုတော့ ဆုအစွဏီက သူမဖြစ်ချင်တာတောင်းဆိုထားပြီး ကူလုပ်ဖို့တော့ အတွေးတောင်ရှိပုံမရပေ။

"ပြီးပြီလား အန်တီ၊ အဆင်သင့်ဖြစ်ပြီလား"

"ဩော် . . . သမီး ပြီးတော့မယ်၊ အသားကင်က ကင်နေရင်းနဲ့ ပူပူနွေးနွေးလေးစားမှကောင်းမှာမို့ မီးဖိုကို ဒီနားမှာပဲလုပ်နေတာလေ၊ သား မီးသွယ်ပြီးရင် ရပါပြီကွယ်"

"အိုကေ . . . ဒါဆို အန်ကယ့်ကိုလည်း ခေါ်လိုက်တော့လေ၊ အန်ကယ့်ကို ညေ့ခန်းထဲမှာတွေ့ခဲ့တယ်"

"အေးအေး သမီး"

ဒေါ်မြင့်မြင့်သွယ် အိမ်ဘက်ခပ်သုတ်သုတ်ဝင်သွားသည်။ မီးကြိုးတွေ အလှဆင်နေသော လင်းထက်ပိုင်အနား ဆုအစွဏီရောက်လာ၏။

"မပြီးသေးဘူးလား လင်းထက်"

"ပြီးပါပြီ၊ စိတ်ကျေနပ်ရဲ့လား"



"အင်း . . . မဆိုးပါဘူး။ ခြံဝင်းလေးက နည်းနည်းကျယ်တော့ အိမ်ရှေ့မှာ ပါတီလုပ်ရတာ မိုက်သားပဲ၊ ဟိုမှာဆိုလည်း ဒယ်ဒီတို့နဲ့ တခြားဧည့်သည်တွေပါ ဖိတ်ပြီး အိမ်မှာ ပါတီခဏခဏလုပ်ဖြစ်တယ်၊ ဒီလိုနေရတာ စိတ်လွတ်လပ်တယ်လေ၊ လင်းထက်ရော ဘယ်လိုမြင်လဲ"

"ကျွန်တော်ကတော့ မြန်မာပြည်မှာမွေးတဲ့ ဗုဒ္ဓဘာသာ တစ်ယောက်မို့ထင်တယ်၊ လူကြီးမိဘတွေရှေ့မှာ သောက်တာ စားတာ မသင့်တော်ဘူးလို့ထင်တာပဲ၊ ကိုယ့်ဘာသာ အပြင်မှာနေချင်သလိုနေတာက တစ်မျိုးလေ"

"အဲဒါ ရှင့်အတွေးတွေ အန်းဒိတ်ဖြစ်တာပဲ၊ ဆုတို့အယူအဆက ဒီလိုမျိုးနေမှ မိသားစု ရင်းနှီးနွေးထွေးမှုရတယ်လို့ ထင်ကြတာ၊ အတူစားသောက် စကားတွေပြောကြတာလေ"

"ဟုတ်မှာပါ၊ အနောက်တိုင်း အယူအဆတော့ ကျွန်တော်တို့ လိုက်မမီပါဘူး"

"ကဲပါ ပြောမနေနဲ့တော့ ဝိုင်ထည့်ပါ၊ အန်ကယ်လည်း ထွက်လာပြီ ချီးယားစ်လုပ်ရအောင်"

မေမေက မသောက်တတ်တာမို့ ဖန်ခွက်သုံးခွက်ထဲမှာ ဝိုင်ထည့်ပေးရသည်။ ဒီမိန်းမနှင့်လက်ထပ်ပြီးလျှင်တော့ ဒီမိန်းမသောက်ဖို့ အမြဲတမ်း ဝိုင်ငှဲ့ပေးရသည့် အညံ့စားယောကျ်ားဘဝရောက်ရတော့မည်ထင်သည်။

"အန်ကယ်လာပါ ချီးယားစ်"

"ချီးယားစ် သမီး"

"လင်းထက်"

ဖန်ခွက်ချင်းပဲ တိုက်ပေးလိုက်သည်။ ပါးစပ်က ဘာမှမပြောမိ။ အပျော်လုပ်တာဆိုသော်လည်း သူကတော့ စိတ်မပါလှပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ပြုံးနေရတာကိုပဲ ကိုယ့်ကိုယ်ကိုယ် ရွံမုန်းလှသည်။

"သမီး . . . အသားကင်နဲ့ အကြော်အလှော်တွေ မြည်းကြည့်ပါဦး၊ ကြိုက်ရဲ့လားလို့"

"ဝွတ်တယ် အန်တီ၊ ဟိုတယ်ကလက်ရာတွေထက်တောင် မိုက်သေးတယ်၊ နောက်လည်း အဲဒီလိုမျိုးလုပ်ပေးနော် အန်တီ"

"ဩော် . . . အေးပါကွယ်"

မေမေ အောင့်သက်သက်တော့ဖြစ်နေမှာပါ။ ဒါပေမဲ့ ပြုံးတော့ ပြုံးနေသည်။ သူကတော့ မချိပြုံးဟုပဲ ထင်မိ၏။

"ဒီလိုအတူတူစားရ သောက်ရတော့ ဆုတို့ပိုပြီး ရင်းနှီးမသွားဘူးလား အန်တီ"

"အင်း . . . ရင်းနှီးတာပေါ့ကွယ်၊ နေ့ဘက်ဆို သမီးကအပြင်ထွက်များတယ်၊ ညဘက်ဆိုလည်း ထမင်းကမစားတော့ အတူလက်ဆုံစားရသောက်ရတာကနည်းတယ်၊ ဒီလိုမျိုး မိသားစုစုံစုံညီညီလေးဆိုတော့ ကောင်းတာပေါ့"

"အန်ကယ်တို့အနေနဲ့ကတော့ သမီးစိတ်ချမ်းသာဖို့ပါပဲ၊ သမီးပျော်တယ် အဆင်ပြေတယ်ဆိုရင် သူဌေးက သားနဲ့လက်ထပ်ပေးဖို့အတွက် သူလိုက်လာတော့မယ် ပြောတယ်"

"ဟင်းဟင်း . . . ဒယ်ဒီက ဖွတ်အတင်းကို ယောက်ျားပေးစားချင်နေတော့တာပဲ၊ ဆုက ဒီအတိုင်းလွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေချင်တာ၊ ဒါပေမဲ့ အန်ကယ်တို့မိသားစုက ဆုစိတ်ကြိုက်လိုက်လျောမယ့်သူတွေ၊ ပြီးတော့ ဆုကိုချုပ်ချယ်ကန့်သတ်မယ့်သူတွေ မဟုတ်ဘူးဆိုတော့လည်း လက်ထပ်လိုက်လည်း မဆိုးပါဘူး၊ အဲဒါကြောင့် ဆုစမ်းသပ်ကြည့်နေတာ၊ ဟင်းဟင်း ဒယ်ဒီ့အရှိန်အဝါက အရမ်းကြီးတာပဲ"





ဆုအစွဏီစကားကြောင့် သားအဖသုံးယောက် မျက်လုံးချင်းဆုံသွားကြသည်။ ဒါဟာ ငွေတွေဂုဏ်တွေမက်လို့ဟု စော်ကားလိုက်ခြင်းပဲ မဟုတ်ပါလား။ ကိုယ့်ဘက်က အားနည်းချက်ကိုလည်း သိသင့်သလောက် သိထားပုံရကာ အထင်သေးချင်နေခြင်းဖြစ်မည်။

ဖေဖေ မေမေတို့နှင့် ဆုအစွဏီတို့ ရယ်သံတွေ စည်ဝေနေပေမယ့် သူကတော့ အံကိုသာကြိတ်ထားမိ၏။

မာနတွေ အပိုင်းပိုင်းရိုက်ချိုးခံနေရတာကြောင့်ပါ။ ဖေဖေကတော့ မျက်နှာပြောင်စွာနှင့်ပင်။

"ဒါဆို သူဌေးဆီကို ဖုန်းဆက်လိုက်ရတော့မလား သမီး၊ သမီးက ဒီမှာပျော်ပြီး လက်ထပ်ပွဲကို လက်ခံလိုက်ပြီလို့"

"ဆုဘာသာ ဒယ်ဒီ့ဆီကို ဆက်လိုက်ပါ့မယ်၊ အရမ်းလောစရာလည်းမလိုဘူး မဟုတ်ဘူးလား၊ ဒီအတိုင်းလည်း အန်ကယ်တို့ အဆင်ပြေနေသေးတာပဲ၊ တစ်ခုတော့ရှိတာပေါ့လေ၊ ဆုကိုလက်ထပ်ရင် ကုမ္ပဏီကြီးတစ်ခုလုံးပိုင်ဆိုင်မှာဆိုတော့လည်း အန်ကယ်တို့အနေနဲ့ မက်လောက်စရာရှိတာပေါ့"

"မင်းလက်ထပ်ချင်တဲ့အချိန်မှ လက်ထပ်လို့ရပါတယ်ဆု၊ ကျွန်တော်တို့ဘက်က မလောပါဘူး၊ သူဌေးက ခဏခဏဖုန်းဆက်နေလို့ ဖေဖေကအားနာလို့ ပြောတာပါ"

"ဩော် . . . ဟုတ်လား၊ လင်းထက်က အဲဒီလိုပြောတော့ အခုပဲ လက်ထပ်လိုက်ရကောင်းမလား၊ လင်းထက်က သိပ်မက်မောပုံမရဘူး၊ ဟုတ်တယ်နော် အန်ကယ် အန်တီ"

"ဟုတ်တယ် ဟုတ်တယ်"

"ဟင်းဟင်း သားကအဲဒီလိုပါပဲ၊ စကားပြောတာ ဘုဆတ်ဆတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့မကျေနပ်သည့်လေသံကို အကဲခတ်မိသလို မေမေက အားနာစကားဆိုသည်။ လက်ထပ်ဖို့ကိစ္စ စော်ကားမှုတွေနှင့် ပေါ့ပျက်ပျက်လုပ်နေသော မိန်းကလေးအပေါ် ဒီလောက်ထိတော့ သူအောက်မကျို့နိုင်ပါ။

"ဟယ် ... ခွေး ... ခွေး ဘယ်ကခွေးလဲ လုပ်ပါဦး"

"ဟင် ... ဘယ်ကခွေးက အိမ်ထဲဝင်လာတာလဲ၊ သားရေ ခွေးခြောက်ပါဦး"

"ဟ ... ဟ ... ဟဲ့ခွေး၊ ဟဲ့ခွေး၊ သားရိုက်လွှတ်လိုက်၊ ဘယ်အပေါက်ကနေ ဒီခွေးဝင်လာတာလဲ"

စားသောက်နေသည့်အနား ခွေးတစ်ကောင်ရောက်လာတာမို့ အားလုံးဝရုန်းသုန်းကားဖြစ်သွားကြသည်။ ခွေးက ဂါဝန်တဖားဖားနှင့် ဖြစ်နေသော ဆုအစ္စဏီကိုဝင်ဆွဲ၍ ဆုအစ္စဏီ ကိုးရိုးကားယားအော်ဟစ်ကာ ထွက်ပြေးနေရသည်။

"လုပ်ပါဦးလင်းထက်၊ ခွေးကိုရိုက်လေ ဘာလုပ်နေတာလဲ"

"ခွမ် ... ချွမ် ... ဝုန်း"

စားသောက်နေသော ပုလင်းတွေ ဖန်ခွက်တွေနှင့် စားပွဲခုံပါ ပြိုလဲကုန်သည်။ သူတုတ်တစ်ချောင်းကောက်ကာ လိုက်ရိုက်တော့ လူတစ်ယောက်ဝင်ပေါက်စာလုပ်ထားသော ပုဏ္ဏရိပ်ပင်တွေကြားထဲကနေ နေခြည်နှတို့အိမ်ဘက်ပြေးဝင်သွားသည်။

နေခြည် ဘယ်အချိန်တုန်းက ခွေးမွေးလိုက်ပါလိမ့်။ သူတို့စားသောက်နေသည့်နေရာကို နေခြည်အမြင်ကတ်ကတ်နှင့် ထိုခွေးကို လွှတ်လိုက်တာဖြစ်မည်။

အားလုံး ဝရုန်းသုန်းကား ကစဉ့်ကလျားဖြစ်သွားရပေမယ့် သူပြုံးလိုက်မိသည်။ ဒါနေခြည့်လက်ချက်ပဲ။



သူလည်း ဆုအစ္စဏီဆိုသည့် မိန်းကလေးကို ပညာပေးချင်နေတာပါ။ စော်ကားအထင်သေးမှုတွေအတွက် လက်တုံ့ပြန်ချင်နေတာပါ။

ဒါပေမဲ့ မာနမဲ့ အင်အားမဲ့နေရတာ။ ပေးဆပ်ရမည့်ဘဝပေါင်းများစွာအတွက်ပင်။ နေခြည် နင်အရမ်းတော်ပါတယ်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"တော်ပြီ သမီး၊ အဲဒီခွေး ပြန်ပေးလိုက်တော့၊ ရောင်းလို့မရရင် အဲဒီဆိုင်မှာပြန်သာထားခဲ့"

"မေမေကလည်း ဘာလို့ပေးရမှာလဲ၊ ဈေးကြီးပေးဝယ်ထားရတဲ့ဟာကို၊ မေမေလည်း အဖော်ရအောင်ဝယ်လို့ အားပေးခဲ့သေးတယ်လေ"

"အဲဒါက ညည်းရည်ရွယ်ချက်ကို ငါမသိသေးလို့ပေါ့၊ အခုတော့ ကြည့်စမ်းပါဦး၊ ဟိုဘက်အိမ်ကလူတွေကို ခွေးနဲ့ရှူးတိုက်ဖို့တဲ့၊ ညည်းအမြင်ကတ်တိုင်း အဲဒီလိုတွေလုပ်နေလို့ဖြစ်မလား နေခြည်၊ ဘယ်လောက်အားနာဖို့ကောင်းလဲ၊ မျက်နှာပျက်စရာတွေ ဖြစ်သွားလဲ"

"ဒါတော့ မတတ်နိုင်ဘူး"

"ဘာ"

"သူတို့ကတော့ ပြုံးပျော်နေပြီး သမီးကတစ်ယောက်တည်း ခံစားနေရတာ တရားလို့လား"

"နေခြည်၊ ညည်းကလေးမဟုတ်တော့ဘူးနော်၊ မရင့်ကျက်တဲ့ကလေးအထာတွေနဲ့ ငါတို့လူကြီးချင်းတွေပါ မျက်နှာပျက်အောင်လုပ်နေတာလား၊ ကိုထက်အောင်နဲ့ မနွယ်တို့ကို ဘယ်လောက်တောင်





အားနာမျက်နှာပူဖို့ကောင်းလဲ၊ သူတို့လည်း ဒီကောင်မလေးကို လက်ခံချင်လို့ လက်ခံနေတာမဟုတ်ဘူး၊ အခက်အခဲတွေကြောင့် သည်းခံနေရတယ်ဆိုတာ ငါ့ကိုရင်ဖွင့်တယ်"

"ဟင် ... အန်တီနွယ်က"

သူမ စိတ်ဝင်စားသွားသည်။ အန်တီနွယ်တို့လည်း မချစ်သော်လည်း အောင့်ကာနမ်းနေရသည့်အဖြစ်မျိုးတွေရှိနေသည်လား။

မေမေ့ဘေးနားလေး ဝင်ထိုင်လိုက်ကာ

"အန်တီနွယ်က ဘာပြောလဲမေမေ"

"ဒီလက်ထပ်ပွဲကို လင်းထက်လည်း လက်မခံဘူး၊ သူတို့လည်း သဘောမကျပါဘူးတဲ့၊ ကောင်မလေးက စရိုက်ဆိုးလို့တဲ့လေ၊ ပြောရရင် သူ့တို့အပေါ် အထက်စီးဆန်ပြီး အထင်သေးစော်ကားချင်တယ်ပေါ့"

"အမယ်လေး ... သူ့တို့သားကိုလည်း ယူချင်သေးတယ်၊ သူက အဲဒီလိုလုပ်လို့ဖြစ်မလား"

"မနွယ်တို့လည်း ဘယ်ကြိုက်ပါ့မလဲကွယ်၊ မရှုနိုင်မကယ်နိုင် အခက်အခဲတွေကြောင့်သာ မချစ်သော်လည်း အောင့်ကာနမ်းနေရတာပေါ့၊ ကိုထက်အောင်အမှုအခင်းပြဿနာတွေကို သူ့အဖေကကျေအေးပေးထားတယ်၊ အမှုမှန်ပေါ်အောင် စုံစမ်းပေးထားတယ်၊ အဲဒီအတွက် ကိုထက်အောင် ထောင်မကျဘူး၊ အခြေပျက်အနေပျက်မဖြစ်ဘူး၊ ပြီးတော့ ဒီကောင်မလေးနဲ့လက်ထပ်လိုက်ရင် ဒီကုမ္ပဏီကြီးလည်း ပိုင်မှာဆိုတော့ သူတို့ရဲ့အဖေအမေ၊ လင်းထက်ရဲ့ အဘိုးအဘွားဆွေမျိုးသားချင်းတွေကအစ မှီခိုလို့ရပြီ၊ အထောက်အပံ့ကောင်းရသွားပြီလေ"

"အဲဒါတွေမရတော့ရော ငတ်သေမှာမို့လို့လား"

"ငတ်သေမှာထက် ကျေးဇူးတရားဆိုတာ ဆပ်လို့ကုန်တာမဟုတ်ဘူးသမီး၊ ကောင်မလေးအဖေကြောင့် သူတို့မိသားစု ဥမကွဲ သိုက်



www.burmeseclassic.com

www.burmeseclassic.com



မပျက် အခြေအနေမပျက်နေနိုင်တာလေ၊ မဟုတ်ရင် ကိုထက်အောင်က ရောဂါလည်းရ ထောင်လည်းကျ၊ အိမ်ရောင်း ကားရောင်း၊ အဘိုးအဘွား တွေ မကြည့်ရှု မစောင့်ရှောက်နိုင်နဲ့ ဘယ်လောက်တောင် ဒုက္ခရောက် ကြမလဲ၊ မေမေတို့ကရော အခက်အခဲကို ကူညီနိုင်လို့လား''

နေခြည်နု ဘာမှပြန်မပြောနိုင်ပါ။ မေမေပြောတာက အမှန် တွေပဲ မဟုတ်ပါလား။ လင်းထက် စိတ်ညစ်ဒုက္ခရောက်နေချိန်မှာ သူမ ဘာမှအထောက်အပံ့လုပ်မပေးနိုင်ခဲ့။

မေမေက သူမလက်ကလေးကို ဆုပ်ကိုင်လာပြီး

''သူတို့ အဆင်ပြေနေတာကို ပီတိဖြစ်ပေးလိုက်ပါသမီးရယ်၊ သမီးကြောင့် အနှောင့်အယှက်ဖြစ်ပြီး စိတ်ကသိကအောက် မဖြစ်ပါစေ နဲ့၊ ပြောရရင် သူတို့လည်း ပျော်နေကြတာတော့ မဟုတ်ပါဘူး''

''ဒီလိုနဲ့ပဲ သမီးကတော့ လင်းထက်ကိုစွန့်လွှတ်လိုက်ရဖို့ သေချာနေပြီပေါ့ မေမေ''

''ဒါကတော့ သမီးရယ်၊ ကိုယ်နဲ့ဖူးစာကံမပါဘူးလို့ပဲ အောက် မေ့ပါ၊ ကံတရားဆိုတာကိုယ်ဖြစ်ချင်တိုင်း ဖြစ်ရတာမဟုတ်ဘူး၊ သမီး အတွက် တခြားကုစားစရာတွေရှိမှာပါ''

မဖြစ်နိုင်လို့ပေါ့ မေမေလို့ မပြောချင်တော့။ အချစ်က ပူလောင် မယ်မှန်း မသိခဲ့ပါ။ သိခဲ့ရင် သူငယ်ချင်းလိုပဲနေခဲ့ကြရင် အကောင်းသား။ အခုတော့ လင်းထက်ရယ်။ အစားထိုးဖို့လည်း မဖြစ်နိုင်နဲ့ ငါရင်တွေ ပူလောင်လိုက်တာ။

❖❖❖



# အခန်း (၃၅)

''ဩော် . . . ခင်ဗျား''

လင်းထက်ပိုင်က သူ့ရှေ့မှာ ဝိတ်ရပ်လိုက်၍ ရှိုင်းသူရဇော် အံ့ဩသွားသည်။ ကိုယ်က နေခြည်နုတို့ရှိနေမည်ဖြစ်သော ကင်နို့တင်း ဘက်ကိုသွားဖို့အတွက် လာတာပါ။

''ခင်ဗျား ဘာကိစ္စရှိလို့လဲ''

''ကျွန်တော်ပြောစရာရှိလို့ပါ၊ ဟို . . . ကျွန်တော်နဲ့နေခြည်နု က ချစ်သူတွေ မဟုတ်ကြပါဘူး''

''ဗျာ''

''သူငယ်ချင်းတွေပါ၊ အဲဒါသိစေချင်လို့လာပြောတာ၊ ကျွန်တော် ကလည်း လက်ထပ်တော့မှာပါ''

''အဲဒီတော့''

''ခင်ဗျား သူ့ကိုကြိုးစားချင်တယ်ဆိုရင် ကြိုးစားလို့ရတယ် ဆိုတာ အသိပေးတာပါ၊ ပြီးတော့ နေခြည့်ကို စိတ်ချမ်းသာမှုတွေ ပျော်ရွှင်မှုတွေ ပေးစေချင်တယ်၊ နေခြည်က အရမ်းကိုဖြူစင်ရိုးသားတဲ့ မိန်းကလေးပါ''

''ခင်ဗျား ဘာသဘောနဲ့ ကျွန်တော့်ကို ဒါတွေလာပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''ကျွန်တော် ခင်ဗျားကိုပွဲကြမ်းထားတယ်လေ၊ အဲဒီအပေါ်မှာ ခင်ဗျား အထင်လွဲနေမှာစိုးလို့ပါ၊ တကယ်တော့ ကျွန်တော်တို့က အရမ်း ခင်မင်ကြတဲ့ သူငယ်ချင်းတွေ၊ တစ်ယောက်နဲ့တစ်ယောက် ရည်းစား မထားကြေး ဘာညာပြောပြီး။ အဲ ... အဲဒါကြောင့်''

''အခု ခင်ဗျားမိန်းမယူတော့မယ်ဆိုတော့ သူ့ကိုရည်းစားထား ခွင့်ပေးလိုက်ပြီပေါ့''

လင်းထက်ပိုင် ခေါင်းညိတ်ပြ၏။ ရင်ထဲကပါလှသည်တော့ မဟုတ်။ နေခြည် စိတ်ဖြေသာရာရမလားလို့ ဒီကောင့်ဆီကိုလာလိုက် တာပါ။ ဘာပဲဖြစ်ဖြစ် တခြားအကြောင်းတွေးစရာရှိလျှင် သူနှင့်ပတ်သက် ပြီး စိတ်ပေါ့သွားနိုင်သည် မဟုတ်လား။

အခုက သူနှင့် ဆုအစ္ထီကိုမြင်တိုင်း သူမမှာဒေါသတွေ အမြင်ကတ်မှုတွေနှင့် ပင်ပန်းနေရတာ။

''ကျွန်တော်တစ်ခုတော့ နားမလည်ဘူး''

''ဟင် ... ဘာကိုလဲ''

''ခင်ဗျား အခုလိုလာပြောတာ၊ ကျွန်တော့်အတွက်လား၊ နေခြည့်အတွက်လား''

''သေချာတာကတော့ ... နေခြည့်အတွက်ပေါ့၊ ကျွန်တော် လက်ထပ်တော့မှာကို သူစိတ်မကောင်းဖြစ်နေတယ်၊ အဲဒီအချိန်မှာ သူ တခြားစိတ်ခံစားမှုရှိသွားမယ်ဆိုရင် သူ့အတွက်ဖြေသာရာရသေးတာပေါ့''

''ခင်ဗျားတို့နှစ်ယောက် တော်တော်သံယောဇဉ်ကြီးကြတာပဲ''

''ဗျာ''

''ကျွန်တော် ကြိုးစားကြည့်ပြီးပါပြီ၊ ခါးခါးသီးသီး လက်မခံ ဘူး၊ ကျွန်တော်ကတော့ စိတ်မလျှော့ပါဘူး၊ ချိုချိုနဲ့ မြင့်အေးကို အကူ



အညီတောင်းထားတယ်''

''ဩော်''

''ခင်ဗျာ မတိုက်တွန်းလည်း ကျွန်တော်က ကြိုးစားမှာပါ၊ ကျွန်တော့်မှာ ဘာမပြည့်စုံတာ ချွတ်ယွင်းတာရှိလို့လဲဆိုတာ သိချင်လို့ ပဲ''

ရှိုင်းသူရဇော်အဖြေကို သူ မကြိုက်။ ဘာလို့ သူ့ကိုမကြိုက် တာလဲ သိချင်လို့ ကြိုးစားမည်ဆိုတာ ဖြစ်သင့်လို့လား။ ဒါပေမဲ့ ဒီအချိန် မှာတော့ နေခြည်စိတ်ပြောင်းသွားဖို့သာ အရေးကြီးနေသည်။

ဒါမှ သူ့အတွက် နေခြည်ခံစားနေရတာတွေ သက်သာမှာ မဟုတ်ပါလား။

''ကျွန်တော်တစ်ခုတော့ တောင်းဆိုချင်တယ်၊ နေခြည့်အပေါ် တကယ်သစ္စာရှိပေးပါ ချစ်ပေးပါ၊ သူ့အပေါ် အပျော်ကြံတာမျိုးတော့ မဖြစ်ပါစေနဲ့''

''ခင်ဗျားက တောင်းဆိုတာမဟုတ်ဘဲ သတိပေးသလိုဖြစ်နေ ပြီ၊ ကျွန်တော့်ကို မခြိမ်းခြောက်ပါနဲ့၊ နေခြည့်အချစ်ကိုသာရရင် သစ္စာ ရှိဖို့ ရိုးသားဖို့ဆိုတာ ကျွန်တော့်တာဝန်ပါ''

''ဟုတ်ပါပြီ၊ ကျွန်တော် ခင်ဗျားကိုယုံကြည်လိုက်ပါ့မယ်''

ပြောပြီး ထွက်သွားသော လင်းထက်ပိုင်ကို ရှိုင်းသူရဇော် နား မလည်နိုင်စွာ ကျန်ရစ်ခဲ့သည်။ နေခြည်နုအတွက်တော့ အားတက်သွား မိတာ အမှန်ပဲဖြစ်၏။

နေခြည်နုတို့ရှိမည့်နေရာကို လာခဲ့လိုက်သည်။ အတန်းချိန် စောနေသေးတာမို့ ကင်န်တင်းမှာပင်ရှိနေကြသေး၏။

''ကျွန်တော်ထိုင်မယ်နော်''

ရှိုင်းသူရဇော် ဝင်ထိုင်လိုက်သည်နှင့် နေခြည်နုမျက်နှာက ချာခနဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကိုလှည့်သွားသည်။

"နေခြည်က ကျွန်တော့်ကိုစိမ်းနေတုန်းပဲနော်၊ ဟိုတစ်ယောက်ကတော့ နေခြည့်ကိုချစ်ပေးပါ၊ သစ္စာရှိပေးပါ၊ နေခြည့်အပေါ် ကောင်းပေးပါလို့မှာနေတာ"

"ဘာ ... ဘယ်သူကလဲ"

"လင်းထက်ပိုင်ကလေ"

"ဘာ ... လင်းထက်က"

"ဟုတ်တယ်၊ နေခြည်နဲ့သူနဲ့က သူငယ်ချင်းတွေပါ၊ ချစ်သူတွေမဟုတ်ပါဘူး၊ သူကလက်ထပ်တော့မှာပါတဲ့"

"ဘာ ... ဘာပြောတယ်၊ သူ ... သူက အဲဒီလိုလာပြောတယ်"

"အဲဒီကောင် နေခြည့်အပေါ်တကယ်ခင်တာပဲဗျာ၊ သူလက်ထပ်တော့မှာကို နေခြည့်စိတ်မကောင်းဖြစ်နေလို့ ဖြေသိမ့်နိုင်အောင် ဂရုစိုက်ပေးပါတဲ့လေ"

"ဘာလို့လဲ၊ သူက ဘာလို့နင့်ကို ဒီစကားတွေလာပြောနေရတာလဲ၊ ငါ့ဘာသာ ဘာဖြစ်ဖြစ်၊ နင့်ကိုဒီလိုမျိုး အားပေးအားမြှောက်လုပ်စရာလိုလို့လား၊ ငါ့ဘာသာ ဘယ်လိုနေနေ ဘာဖြစ်ဖြစ်"

"နေခြည်"

နေခြည်နု ဒေါသတကြီးအော်နေတာမို့ ချို့ချိုက လက်ကိုဆွဲကာ သတိပေးရသည်။ နေခြည်နုကတော့ မရပါ။ မျက်နှာလေးပင် နီရဲနေကာ

"ရှင့်ကိုလည်း ကျွန်မပြောရဦးမယ်၊ သူပြောတဲ့စကားကြောင့်လည်း ကျွန်မကိုမပတ်သက်နဲ့၊ တခြားလူကို အကူအညီတောင်းပြီးတော့လည်း ရင်းနှီးဖို့မကြိုးစားနဲ့၊ ကျွန်မအတွက် တစ်သက်မှာတစ်ယောက်ပဲ





ချစ်မယ်၊ အဲဒီလူ ကိုယ့်ကိုမချစ်ချစ် တခြားတစ်ယောက်ကိုလက်ထပ်ထပ်၊ ကျွန်မရဲ့သစ္စာတရားကတော့ ဘယ်တော့မှ ပျက်ယွင်းမသွားဘူး၊ ပျောက်ပျက်မသွားဘူး၊ အဲဒါ ရှင်မြဲမြဲမှတ်ထား"

"ကျွန်တော့်အပေါ် အဲဒီလောက်တောင် ဘာလို့ခါးသီးနေရတာလဲ နေခြည်၊ ကျွန်တော့်မှာ ဘာတွေမပြည့်မစုံဖြစ်နေလို့လဲ၊ လိုအပ်ချက်တွေဘာများ"

"ပြည့်စုံနေတိုင်း လိုအပ်ချက်မရှိတိုင်း၊ ယောကျ်ားတစ်ယောက်သူကြိုက်တယ်ဆိုတာနဲ့ ပြန်ကြိုက်ရမှာလား၊ အချစ်ဆိုတာ ရင်ထဲမှာဘယ်သူ့အတွက်ဆိုတာ သပ်သပ်ရှိပြီးသား၊ ရှင့်ကိုဘာလို့ပြန်မကြိုက်တာလဲဆိုတော့ သိပ်ပြီးအတွေးခေါင်မနေနဲ့၊ ကျွန်မရင်ထဲမှာ နောက်လူတစ်ယောက်အတွက် နောက်ထပ်အချစ်ဆိုတာ မရှိတော့လို့ပဲ"

"ရှင်းပါတယ်၊ နေခြည်ပြောတာ ရှင်းသွားတာပဲ၊ ဟိုလူပြောတော့ တကယ့်ချစ်သူတွေမဟုတ်ဘူးလို့ ထင်ခဲ့တာ၊ နေခြည်တို့က ချစ်သူတွေဖြစ်ခဲ့ကြသေးတာကိုး၊ ဒါတောင် ဟိုလူလက်ထပ်တော့မှာကို တမ်းတမ်းစွဲနေသေးတယ်၊ ဟိုကတော့ မိန်းမယူတော့မှာဆိုတော့ မင်းကိုရက်ရက်ရောရော"

"တော်တော့၊ နင်သွားလိုက်တော့ ဒီနေရာက အခုထွက်သွားလိုက်တော့ ရှိုင်းသူရဇော်၊ နင့်ကိုအစကတည်းက မိန်းမဆန်မှန်းသိလို့မပတ်သက်ချင်တာ၊ ဒီလိုစကားနာထိုး အရွဲ့တိုက်တတ်မှတော့ ယောကျ်ားစစ်စစ်ဖြစ်ပါဦးမလား၊ ငါ့ရှေ့မှာ ဘယ်တော့မှပေါ်မလာခဲ့နဲ့၊ အခုသွား"

ရှိုင်းသူရဇော် ခပ်ကုတ်ကုတ်နှင့်ထွက်သွားသည်။ နေခြည်နု အခုထိဒေါသတွေ မပြေသေးပါ။

"နေခြည်ရယ်၊ ဘာလို့ ရှိုင်းသူရဇော်ကို ဒေါသတွေပေါက်ကွဲလိုက်ရတာလဲ၊ တော်ကြာ အငြိုးထားသွားရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာလား၊ သူပြောသွားတဲ့ပုံလည်း ကြည့်ဦး၊ တော်တော့်ကို ယောကျာ်းမဆန်တဲ့ကောင်၊ ဒါပေမဲ့ ငါပြောချင်လို့ ပြောလိုက်တာမဟုတ်ပါဘူး၊ ငါပြောချင်တာက လင်းထက်ကို"

"လင်းထက်ကို"

"အေးလေ၊ သူဘာလို့ ရှိုင်းသူရဇော်ကို လျှောက်ပြောလိုက်တာလဲ၊ ချစ်သူမဖြစ်ခဲ့ပါဘူး ဘာညာနဲ့"

"ဒါကတော့ နှင့်ကိုဖြေသာစေချင်လို့ဖြစ်မှာပါဟယ်၊ ငါတို့လို စေတနာမျိုးပေါ့၊ နှင်ခံစားရမှာ စိုးရိမ်တာ၊ ချစ်သူတွေပါဆိုရင် တစ်မျိုးဖြစ်မှာစိုးလို့ စေတနာနဲ့"

"တော်စမ်းပါ၊ ငါက အဲဒီလိုခပ်လွယ်လွယ်မိန်းကလေးလား။ သူနဲ့မပေါင်းသင်းရတာနဲ့ တခြားတစ်ယောက်ကို ကြိုက်စရာလား။ လင်းထက်ကို အဲဒီကိစ္စရှင်းကိုရှင်းမှာ"

"နှင်ကလည်းဟယ် လင်းထက်ကို အဲဒီလိုတော့ သွားမဖောက်ပါနဲ့၊ နှင့်အပေါ်တကယ်ကောင်းပါတယ်၊ သူအရင်က ပတ်သက်မှာစိုးလို့ ခါးသီးခဲ့တဲ့ ရှိုင်းသူရဇော်ကို ဒီလိုသွားပြောတယ်ဆိုတာ၊ နှင်တကယ် စိတ်ဖြေရာရစေချင်တဲ့ စေတနာနဲ့ဆိုတာ သေချာပါတယ်"

"ဟုတ်တယ်ဟ၊ တခြားယောကျာ်းလေးသာဆို ဘာဖြစ်ဖြစ် အနေသာကြီးနဲ့ရှိမှာပေါ့၊ နှင်ခံစားရတာရောမှုနေမလား၊ သူ့ဘာသာ ဘယ်သူနဲ့လက်ထပ်ထပ်၊ နှင့်ဘာသာ ဘယ်လောက်ပဲ ခံစားခံစား မဆိုင်တော့သလို နေလို့ရတာပဲ၊ လင်းထက် စေတနာကို အသိအမှတ်ပြုလိုက်ပါတာ"

နေခြည်နု လက်မခံ။ ခေါင်းကိုတွင်တွင်ယမ်းလျက်

"ဒီကိစ္စမရှင်းလို့မရဘူး၊ သူမြှောက်ပင့်ပေးလို့ ဟိုကောင်ပြောသွားတာကြည့်ဦး၊ မခန့်လေးစား မထီလေးစားတွေပြောသွားတာ၊



မိန်းကလေးတစ်ယောက်ကို ဘယ်လိုတန်ဖိုးထားရမှန်း မသိတဲ့လူကို ငါက မှုနေစရာလား"

"အေးပါ စိတ်တွေကြီးမနေပါနဲ့တော့ နေခြည်ရယ်၊ လင်းထက်တို့ကို နှင်ပြဿနာရှာတာလည်း တော်တော်များနေပါပြီ၊ အခုခွေးရော ဘယ်ရောက်သွားပြီလဲ"

"ငါနောက်တစ်ခါ ပြဿနာရှာမှာစိုးလို့ မေမေ သူများကိုပေးလိုက်ပြီ"

"အေး ... ကောင်းတယ်၊ နှင့်အမေလည်း နှင့်ကိုမနိုင်တော့ဘူး၊ ခွေးကိုပဲနိုင်လို့ သူများကိုပေးလိုက်တာဖြစ်မယ်၊ နှင့်စိတ်တွေလျှော့တော့ နေခြည်၊ နှင့်အမေလည်း နှင့်ကြောင့်စိတ်ဆင်းရဲနေလောက်ပြီ"

နေခြည်နု ငြိမ်သက်သွားသယောင်နှင့် မျက်နှာလေးကတော့ တင်းမာနေသည်။ လင်းထက်ကို မကျေမချမ်းနိုင်ဖြစ်နေလို့ပါ။ ရှိုင်းသူရဇော်ကို ဒီလိုမျိုးသွားပြောစရာအကြောင်းမရှိဘူးဟု ထင်သည်။

အဲဒီကောင်ပြောသလို၊ သူလက်ထပ်တော့မယ်ဆိုတာနဲ့ပဲ၊ ရက်ရက်ရောရော သူများကိုပေးလိုက်စရာလား။

နှင် ငါ့ကို အဲဒီလောက်တောင် ဥပေက္ခာပြုနိုင်နေပြီလား။

သူများကို အလကားကိုပေးရက်နိုင်ပြီလား။

ငါကတော့ နှင့်ကိုအခုချိန်ထိ ....။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၆)

"အန့်တီ လင်းထက်ရော"

"ဪ ... နေခြည်"

ဆုအစ္စဏီနှင့် ဘရိတ်ဖတ်စ်ဝိုင်းမှာရှိနေဆဲမှာ နေခြည်နု ရောက်လာပြီး မေးလိုက်တာကြောင့် ဒေါ်မြင့်မြင့်နွယ် မျက်စိမျက်နှာပျက်ကာ ပျာယာခတ်သွားသည်။ ဦးထက်အောင်က

"သား သူ့အခန်းထဲမှာ ကုမ္ပဏီသွားဖို့ ပြင်နေတယ်"

"သမီး သူနဲ့ခဏသွားတွေ့လိုက်ဦးမယ် အန်ကယ်"

နေခြည်နုက ပြောပြောဆိုဆို အပေါ်ထပ်ပြေးတက်သွားသည်။

ဆုအစ္စဏီက နေခြည်နုကိုလိုက်ကြည့်နေပြီးမှ

"အဲဒီကောင်မလေးက ဘယ်သူလဲအန့်တီ"

"ဪ ... သားသူငယ်ချင်းပါ၊ ဟိုဘက်အိမ်ကလေ၊ ငယ်ငယ်လေးကတည်းက သူငယ်ချင်းတွေပေါ့"

"လင်းထက် အခန်းထဲ ရဲရဲတင်းတင်းဝင်ရဲတာ လင်းထက်က လက်ခံတယ်ပေါ့၊ ဆုဝင်တုန်းကတော့ အရမ်းကိုထိတ်လန့်ချောက်ချားနေတဲ့ပုံနဲ့၊ ဆုနဲ့ အဲဒီကောင်မလေး ဆက်ဆံရေးကွာသွားတဲ့သဘောလား"

"မ ... မဟုတ်ပါဘူးကွယ်၊ ငယ်ငယ်လေးကတည်းက သူငယ်



ချင်းတွေဆိုတော့ သွားနေလာနေကျဖြစ်နေလို့ပါ"

"အဲဒီလောက်တောင်ရင်းနှီးတာတော့ ထူးဆန်းသားပဲ"

"ရိုးရိုးသားသားပါကွယ်၊ သူငယ်ချင်းတွေပါ၊ အိမ်ချင်းလည်းနီး၊ မိဘချင်းလည်းရင်းနှီးလို့ သူတို့လေးတွေ ခင်တွယ်ကြရုံပါ"

ဦးထက်အောင်နှင့် ဒေါ်မြင့်မြင့်နွယ်တို့အဖြေကို ဆုအစ္စဏီ သဘောကျပုံမရပေ။ မျက်လုံးများက အပေါ်ထပ်ဆီသို့သာရောက်လျက် မယုံသင်္ကာဖြစ်နေပုံရသည်။

ဦးထက်အောင်က နေခြည်နု ဆင်းမလာသေးတာကို အားနာလျက်

"နေခြည်နဲ့ သားက အဲဒီလိုပဲသမီးရဲ့၊ အရမ်းကိုရင်းနှီးကြတာ၊ ငယ်ငယ်လေးကတည်းက ကလေးပေါင်း ခွေးပေါင်းပေါ့၊ အရမ်းကိုအဆော့သန်ကြတာ၊ နပန်းလုံးတယ်၊ ဘောလုံးကန်တယ်၊ ကုန်းပိုးစီးတယ်၊ ဟင်းဟင်း တကယ်ကိုမလွယ်တဲ့ကလေးတွေ"

"ဟုတ်ပုံပါသမီးရယ်၊ ပြောရရင် ပြောမဆုံးပေါင် တောသုံးထောင်ပဲ၊ တကယ်ကို မနိုင်တဲ့ကလေးတွေပါ"

"တော်တော်သံယောဇဉ်ကြီးကြမှာပဲနော်"

"အင်း ... အင်း အဲဒီလိုပေါ့"

"ဆုအပြင်သွားလိုက်ဦးမယ်၊ နေ့လယ်စာ ပြန်မစားဖြစ်လောက်ဘူး၊ လင်းထက်ကားကိုယူသွားမယ်၊ လင်းထက်ကို အန်ကယ့်ကား သုံးခိုင်းလိုက်ပါ"

"ဪ အေးပါကွယ်"

ဆုအစ္စဏီ ထွက်သွားသည့်အခါမှာ လင်မယားနှစ်ယောက်လေးပင်သော သက်ပြင်းကြီးတွေ ချလိုက်မိကြသည်။

"ဆုရှိတဲ့အချိန် ဘာလို့များ နေခြည်ကရောက်လာရတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး ကိုထက်ရယ်၊ တစ်မျိုးထင်သွားတော့မှာပဲ''

''အင်း . . . မသိတော့ပါဘူး မြင့်ရယ်၊ အထင်လွဲစရာကြီးတော့လည်း မဟုတ်ပါဘူး၊ ခင်မင်ကြတယ်လို့ထင်ရုံပါ''

''အိမ်ပေါ်ထပ်ထိတက်သွားတာက ဆိုးတယ်၊ ဒီဘက်မှာ လက်ထပ်ပွဲမယ်လို့ ပြောထားတာ၊ နေခြည်မရဲတင်းသင့်တော့ဘူးလေ၊ အရင်က ဘယ်လောက်ပဲ ခင်တွယ်ခဲ့ ခင်တွယ်ခဲ့၊ အခုချိန်မှာ စည်းလေးတော့ရှိဦးမှာပေါ့''

''နေခြည့်ကို အရမ်းလည်းအပြစ်မပြောပါနဲ့ကွာ၊ သားနဲ့ ဘယ်လောက်တောင် သံယောဇဉ်ရှိတယ်ဆိုတာ မင်းလည်းအသိပဲ၊ သားနဲ့ နေခြည် ဒီလောက်ဆင်ခြင်သွားတာပဲ ကျေးဇူးတင်ရမှာ''

''အဲဒီလိုပြောရင်လည်း အဲဒီလိုဆိုပေမယ့် နေခြည် ဒီကြားထဲ ပြဿနာရှာတာလည်း နည်းတာမဟုတ်ဘူး၊ ဆုအစွဏ်ကို ရေနဲ့ပက်တယ်၊ ခွေးနဲ့ရှူးတိုက်တယ်၊ သီချင်းဆိုကြတော့လည်း ခဲနဲ့ပေါက်တယ်၊ အခုကြည့် ဆုရှေ့မှာ သားအခန်းကိုတက်သွားတယ်၊ အားလုံးကိစ္စတွေရဲ့တရားခံက နေခြည်ဆိုတာသိရင် ပြဿနာမကြီးနိုင်ဘူးလား ကိုထက်''

ဦးထက်အောင် အင်းခနဲ သက်ပြင်းချမိပြန်၏။ သားနှင့် ဆုအစွဏ်တို့ အမြန်ဆုံးလက်ထပ်ဖြစ်မှဖြစ်မှာပါ။

ဆုအစွဏ် ဘာကြောင့်အချိန်ဆွဲနေသည်ဆိုတာ မသိပေ။ ဆုအစွဏ်သာ ခေါင်းညိတ်လက်ခံလိုက်ပြီဆိုလျှင် သူမအဖေက ချက်ချင်းလက်ထပ်ပေးဖို့အတွက် ရောက်လာမှာပါ။

ဒီကြားထဲ နေခြည်ပြဿနာဆက်မရှာဖို့ကလည်း အရေးကြီးသေးသည်။ အခုရော သားနဲ့နေခြည် ဘာတွေဖြစ်နေကြတာလဲ။

အပေါ်ကအသံတွေက အောက်ထပ်အထိ ဝိုးတဝါးလွင့်ပျံ့လျက်။

❖❖❖



# အခန်း (၁၇)

''နင်ဘာသဘောနဲ့ အဲဒီလိုလုပ်တာလဲ ပြောလင်းထက်''

''ငါက . . . ဟို''

''ဟိုတွေ ဒီတွေမလုပ်နဲ့၊ နင်ယောကျ်ား စကားကိုဗွင်းဗွင်းရှင်းရှင်းပြော''

''နင် စိတ်သက်သာစေချင်လို့''

''ဘာအတွက်လဲ''

''ငါနဲ့ပတ်သက်ပြီး''

''ငါ့ဟာငါ ခံစားတာ ဘာဖြစ်လို့လဲ၊ နင်ကခံစားရအောင် လုပ်ထားတာလေ၊ နင်သာ အဲဒီမိန်းမနဲ့ လက်ထပ်ရမယ့်ကိစ္စမျိုးရှိမလာရင် ငါလည်း ခံစားရမှာမဟုတ်ဘူး၊ အသည်းကွဲတာတွေ လက်တုံ့ပြန်ရတာတွေ''

''ငါနင့်ကို အဲဒီလိုတွေမဖြစ်စေချင်ဘူး၊ ငါနဲ့ပတ်သက်ပြီး နာကျင်တာတွေ တခြားမှာဖြေသာအောင်''

''အစားထိုးဖို့လား''

''အဲဒီလိုမဟုတ်ပေမယ့်''

''အဲဒီလိုလုပ်ဖို့ ဆန္ဒရှိရင် နင်တိုက်တွန်းစရာတောင် မလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့သာသာ စိတ်ဖြေဖို့ နည်းလမ်းတွေမှအများကြီး၊ အခု ငါ၀မ်းနည်းတာ မကျေနပ်တာတစ်ခုတည်းရှိတယ်''

''ဘာလဲ''

မေးလိုက်သည့်အပေါ်မှာ မျက်လုံးရွဲကြီးများဖြင့် နေခြည်နု မော့ကြည့်လာ၏။ ရင်တွေက လှိုက်ခုန်ကာ မသင့်တော်တာမို့ မျက်နှာလွှဲဖို့ပြင်ရသည်။

နေခြည်နု မျက်နှာလွှဲမခံဘဲ၊ သူမလက်ကလေးနှစ်ဖက်ဖြင့် သူ့မျက်နှာကို ညှပ်ကိုင်ထား၏။

''နင် ငါ့ကိုသူများကိုပေးလိုက်ရအောင်ထိ ရက်ရောနေတာ ငါ့ကိုမချစ်တော့လို့လား လင်းထက်''

''ဟို ... ဒီလို''

''နင်ဘယ်ချိန်ကတည်းက သတ္တိတွေနည်းပြီး တွေဝေသွားတာလဲ၊ ငါတောင်းဆိုတာတစ်ခုတည်း၊ နင်တခြားတစ်ယောက်ကို လက်ထပ်ချင်လည်း လက်ထပ်သွား၊ ဒါပေမဲ့ ငါ့ကိုမချစ်ဘဲနေလို့တော့ မရဘူး၊ အဲဒီမိန်းမကို နင်လိုချင်လို့ယူရတာလား၊ အကြောင်းကြောင်းတွေကြောင့်ဆိုပြီး ငါနားမလည်ချင်ဘဲ နားလည်ပေးထားရတာ၊ ငါဒီထက်မက ပေါက်ကွဲချင်တယ်၊ ဒါပေမဲ့ နင့်ကိုသနားလို့''

''နေခြည်ရယ်၊ ငါကနင့်အတွက်စေတနာ''

''အဲဒီစေတနာမျိုး ငါမလိုချင်ဘူး၊ ငါနင့်အချစ်ခံချင်တာ၊ ဘယ်သူနဲ့မှမပတ်သက်ရဘူး၊ ဘယ်ယောကျာ်းလေးကိုမှ မချစ်ရဘူးဆိုတဲ့ သ၀န်တိုမှုတွေကို သာယာတာ၊ ငါ့ကိုအဆုံးထိချုပ်ချယ်သွား၊ နင်မိန်းမရ၊ ကလေးတွေရတဲ့အထိ တစ်သက်လုံး ငါ့ကိုအမိန့်တွေပေးသွား ငါကျေနပ်တယ်၊ အခုက သူများကိုတောင်းတောင်းပန်ပန် ငါနဲ့ပတ်သက်ခိုင်းနေရလား၊ ငါ့ရင်ထဲထိတယ် လင်းထက်''





သူမ မျက်ရည်ကျတော့ ရင်ဘတ်ထဲက စူးခနဲအောင့်၏။ အမြဲ တွေးပွေ့ထားချင်စိတ်တွေနှင့် မြတ်နိုးခဲ့ရတာပါ။

''နေခြည်''

''ငါနင့်ကို တစ်သက်လုံးချစ်သွားမှာလင်းထက်၊ အတိတ်တွေကိုလွမ်းရင်းနဲ့ တစ်သက်လုံး မြတ်နိုးသွားမှာ၊ တစ်သက်လုံးနာကျင်ရမယ်ဆိုလည်း နင့်ကိုချစ်လို့ပဲဆိုတဲ့စိတ်နဲ့ပဲ ဖြေမယ်၊ တခြားတစ်ယောက်နဲ့ ဖြေသိမ့်ဖို့ ငါသက်သာဖို့ မတိုက်တွန်းပါနဲ့၊ ငါလွမ်းရမယ်ဆိုရင်လည်း နင့်ကိုပဲလွမ်းမယ်၊ ငါခံစားရမယ်ဆိုရင်လည်း နင့်ကြောင့်ပဲ ခံစားမယ်၊ တို့နှစ်ယောက်ရဲ့အတိတ်တွေ ငါ့ရင်ထဲမှာ တစ်သက်လုံးသိမ်းထားမှာ''

''နေခြည်ရယ်၊ ငါ့ရင်တွေအရမ်းကို ကွဲအက်နေပါပြီဟာ၊ နင်ခံစားရတာမြင်တိုင်း ငါယူကျုံးမရဖြစ်ရတယ်၊ ဒီလိုပေးဆပ်ရမယ့်အဖြစ်မျိုးတွေသာမရှိခဲ့ရင် ငါနင့်ကိုတစ်သက်လုံး တွေးပွေ့ထားချင်တာပါ ဒါပေမဲ့''

''အခါခါ အထပ်ထပ်ရှင်းပြမနေနဲ့၊ ဘာမှပြင်ဆင်လို့မရတော့ဘူး၊ ငါတစ်ခုပဲပြောမယ်၊ နင့်ကြောင့်ခံစားရတဲ့ဝေဒနာတွေ သက်သာပါစေလို့တောင် ဆုတောင်းမပေးပါနဲ့၊ နင်ဟိုမိန်းမကို ချစ်မသွားဘူးဆိုရင်ပဲတော်ပြီ၊ နင့်ရင်ထဲမှာ ငါရှိသေးတယ်ဆိုရင် ကျေနပ်ပြီ၊ ငါအဲဒါနဲ့ပဲ ဖြေသိမ့်နေမယ်''

''နေခြည်ရယ်''

ရင်ထဲမှာ မချိပေ။ ပစ်စလက်ခတ်ပေါက်ကွဲပစ်တာကမှ ခံသာဦးမှာပါ။ ချစ်သမျှအကြောင်းတွေ ဖွင့်ပြောနေတော့ ရင်ကနင့်၏။ တွေးရေးကာ နှစ်သိမ့်ချင်ပေမယ့် စည်းတွေကခြားနေသည်။

''ငါ့စိတ်ပါတဲ့ လက်ထပ်ပွဲမဟုတ်ဘူးဆိုတာ နင်သိထားပေးပါ နေခြည်၊ စည်းတစ်ခုကြောင့် အနေဝေးသွားတယ်ဆိုရင်တောင် ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကတော့ နင့်ဆီမှာပါပဲ၊ ငါတို့ရဲ့ ခွဲခွာမှုဟာ အမုန်းတွေ နာကြည်းမှုတွေကြောင့် မဟုတ်ဘူးဆိုတာ နင်သိထားပေးပါ''

''နင်သူ့ကိုတကယ်ချစ်မသွားပါဘူးနော်''

လင်းထက် ခေါင်းညိတ်ပြသည့်အချိန်တွင် နေခြည်နုနှုတ်ခမ်းလေးမှာ ကျေနပ်သောအပြုံးတို့ ဖူးပွင့်သွားသည်။ ရင့်သန်ခဲ့သော သံယောဇဉ်တွေက အလွယ်ဖြတ်တောက်လို့ရမှာတဲ့လား။

ဒါကို သူတို့နှစ်ယောက်သာသိသည်မို့ ...။

❖❖❖



## အခန်း (၃၈)

''နင် အဲဒီလိုဆုံးဖြတ်ပြီးပြောခဲ့တာပေါ့''

နေခြည်နု ခေါင်းညိတ်ပြလျက်

''ငါ့ရဲ့သစ္စာတရားပဲ၊ လင်းထက် ငါ့ကိုချစ်နေသရွေ့ ငါခံစားနိုင်တယ်၊ သူနာကျင်မှုတွေ ငါ့ကိုပေးချင်လို့ပေးနေတာ မဟုတ်ဘူးဆိုတာနဲ့တင် ငါနာကျင်နေရလည်း ကျေနပ်တယ်''

''နေခြည်နုရယ်၊ နင့်လိုအချစ်မျိုးကတော့ ရှားပါတယ်ဟာ၊ လင်းထက်နဲ့နင် တကယ်ရသင့်တာ၊ ဒီလောက်ချစ်တဲ့သူနှစ်ယောက် လက်ထပ်ရရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ''

''ငါတို့ တကယ်အားကျမိပါတယ် နေခြည်၊ ငါတို့နှစ်ယောက်လည်း ချစ်ကြတယ်ဆိုပေမယ့် နင်တို့လောက်တော့ ချစ်နိုင်မှာမဟုတ်ဘူးထင်တယ်''

''ငယ်သံယောဇဉ်တွေက ခိုင်မြဲလာတာကြောင့် ဖြစ်မယ်၊ ငါစိတ်ဆိုးအောင်လုပ်လည်း သူစိတ်မဆိုးဘူး၊ သူစိတ်နာအောင်လုပ်လည်း ငါစိတ်မနာဘူး။ တို့နှစ်ယောက်အချစ်တွေက တစ်သက်လုံးခိုင်မြဲမှာ။ ဖူးစာကံမပါလို့ မပေါင်းရတာကို ငါသူ့ကိုနာကြည်းရမှာလား၊ မဖြစ်သင့်တဲ့စည်းတွေရှိမှန်းသိပေမယ့်လည်း သူငါ့ကိုချစ်နေသေးတယ်ဆိုရင် တစ်



www.burmeseclassic.com

www.burmeseclassic.com



သက်လုံး နာကျင်ခံစားပေးသွားလိုက်မယ်၊ အဲဒီသစ္စာတရားတွေနဲ့ ငါ နေသွားမှာ''

မြင့်အေးနှင့် ချိုချိုတို့ နေခြည်နုအချစ်ကို လေးစားစွာ ဦးညွှတ်လိုက်ကြ၏။

''ကဲ နေခြည်၊ နင့်ကိုဂုဏ်ပြုချင်လို့ ငါတို့တစ်ခုခုလိုက်ကျွေးမယ်၊ နင်ဘာစားချင်လဲပြော''

''တကယ်ကျွေးမလို့လား''

''တကယ်ပေါ့၊ ငါတို့ကအမြဲတမ်း နင်တို့ဆီကပဲ ကပ်စားလာတာ၊ လင်းထက်မရှိတဲ့အချိန်မှာ နင့်ကိုငါတို့ပိုဂရုစိုက်ပေးပါ့မယ်၊ နင်က တခြားဖြေသိမ့်စရာလည်း မရှာဘူးဆိုတော့ ငါတို့က ပျော်အောင်ထားပေးရမှာပေါ့၊ နင်ဘာစားချင်လဲ ဘာလုပ်ချင်လဲပြော''

''ပန်းသတင်းသွားမယ် ကန်တော်ကြီးထဲက အဲဒီဆိုင်မှာ လင်းထက်နဲ့ငါ အမြဲတမ်းစားနေကျ''

''အတွဲတွေ အများဆုံးထိုင်တဲ့ဆိုင်မဟုတ်လား၊ သီးသန့်ခန်းတွေလည်း ရှိတယ်၊ အရမ်းလွတ်လပ်တာ''

''ဟုအေး''

''နင်နဲ့ လင်းထက်က သီးသန့်ခန်းထဲတောင် ရောက်တယ်ပေါ့၊ ဒါဆိုရင်တော့ . . .''

''တခြားဘာမှမတွေးနဲ့၊ ငါတို့က ရိုးရိုးပဲ၊ တခြားအတွဲတွေကိုသာ ရှိုးချင်ရှိုးတာ၊ နင်တို့လည်းရောက်ဖူးတယ် မဟုတ်လား''

''တစ်ခါတလေပါ၊ ဒါပေမဲ့ ငါတို့လည်းရိုးပါတယ်''

''ယုံချင်စရာပဲ၊ ကဲ ဒိုးမယ်ဟာ၊ လင်းထက်ကို အလွမ်းပြေပေါ့''

''အေးပါ''





နေခြည်အလွမ်းပြေဖို့အတွက် မြင့်အေးနှင့် ချိုချိုက ပါရမီဖြည့်ကာ လိုက်ပို့ကြသည်။ အတန်းချိန်တစ်ချိန်ကျန်သေးတာကို ဆက်မတက်ဘဲ စိတ်ပြေလက်ပျောက် ထွက်လာခဲ့ကြခြင်းဖြစ်၏။

''ဟဲ့ . . . ဆိုင်ရှေ့မှာ လင်းထက်ကား မဟုတ်လား''

''ဟင် . . . ဟုတ်လား။ ဒီကောင်ရောက်နေတာလား၊ လင်းထက်လည်း နင့်ကိုသတိရလို့လာတာဖြစ်မယ်''

မြင့်အေးစကားကြောင့် ရင်တောင်ခုန်သွားသလိုပင်။ မြင့်အေးပြောတာဖြစ်နိုင်သည်မဟုတ်လား။ သူမတို့နှစ်ယောက်က အမုန်းတွေကြောင့် အနေဝေးနေကြရတာမှမဟုတ်တာ။

လင်းထက်ကားနှင့်ဘေးချင်းယှဉ်လျက် ပါကင်ထိုးလိုက်ပြီး သုံးယောက်သား ဆိုင်ထဲဝင်လာခဲ့ကြသည်။

''ဟဲ့ လင်းထက်လည်း မမြင်ပါလား''

ဆိုင်ထဲကို သုံးယောက်လုံး မျက်လုံးဝေ့ရှာပေမယ့် လင်းထက်အရိပ်အယောင်ကို မမြင်ရပေ။

''ဒီကောင် သီးသန့်ခန်းထဲဝင်ထိုင်နေမလား''

''ဟဲ့ . . . ဟိုမိန်းမနဲ့အတူလာတာ ဖြစ်နေဦးမယ်နော်''

''ငါနဲ့အတူထိုင်နေကျဆိုင်ကို အဲဒီမိန်းကလေးကိုခေါ်ပြီး မလာလောက်ပါဘူး''

''နေခြည် နင်ဝင်ကြည့်မလို့လား၊ တော်ကြာတခြားသူတွေ ရှိနေရင် အားနာစရာနော်၊ ဝိတ်တာတွေကလည်း အဝင်ခံမှာမဟုတ်ဘူး''

''ဒီဆိုင်က ဝိတ်တာတွေက ငါနဲ့သိပြီးသားပါ၊ အသိမိတ်ဆွေတစ်ယောက်ရှာချင်လို့လို့ပြောမှာပေါ့''

နေခြည်နုက ဖွတ်တရွတ်။ ဝိတ်တာလေးကို ခွင့်တောင်းပြီး အခန်းတွေကိုလိုက်ကြည့်သည်။ သီးသန့်ခန်းတွေဆိုပေမယ့် အခန်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



လော့ခ်ချထားတာမျိုးမဟုတ်ဘဲ ခန်းဆီးလေးတွေသာ ကာထားခြင်းဖြစ်၏။

"ဟင် ... ဟို ... ဟိုမိန်းမ"

"ဘယ်မိန်းမလဲ"

သူမ အံ့ဩတကြီးဖြစ်သွားချိန်မှာ နောက်ကလိုက်လာသော ချိုချိုနှင့် မြင့်အေးက ခပ်တိုးတိုးလက်တို့မေး၏။

"ဒီအထဲမှာ လင်းထက်နဲ့လက်ထပ်မယ့်မိန်းမနဲ့ တခြားယောကျ်ားတစ်ယောက်၊ ပလူးပလဲနဲ့ ဘာတွေလုပ်နေကြတာလည်း မသိဘူး"

"ဟင့် ... လင်းထက်နဲ့ယူမယ့် မိန်းကလေး"

မြင့်အေးနှင့် ချိုချိုခန်းဆီးကို အသာဖယ်လျက် ချောင်းကြည့်ကြသည်။

"ဟာ ... ဘယ်လိုကြီးလဲ"

"အေးလေ ... အမြင်မတော်လိုက်တာ"

"လာလာ ... လင်းထက်လာတာမဖြစ်နိုင်ဘူး။ လင်းထက်ကားကို ဒီမိန်းမယူလာတာဖြစ်လိမ့်မယ်"

သူမတို့အပြင်ဘက်က ဝိုင်းတစ်ဝိုင်းမှာပဲ ထိုင်လိုက်ကြသည်။

"ဒီမိန်းမ ဘာလဲ၊ လင်းထက်နဲ့လက်ထပ်မယ်ပြောပြီး ကွယ်ရာမှာ တခြားယောကျ်ားတစ်ယောက်နဲ့ ဒီလိုနေတာမဟုတ်သေးဘူး၊ ရိုးရိုးပတ်သက်တဲ့ ဆက်ဆံမှုမျိုးလည်းမဟုတ်ဘူး၊ ဒီကိစ္စ လင်းထက်ကို အသိပေးမှဖြစ်မယ်"

"ဟဲ့ ... လင်းထက်တင် အသိပေးလို့ဖြစ်မလား၊ လင်းထက်မိဘတွေကိုပါ အသိပေးရမှာပေါ့၊ ဒီမိန်းကလေးကို လင်းထက်ကယူချင်တာမှမဟုတ်တာ သူတို့ပေးစားတာ"





"အဲဒါတော့ဟုတ်တယ်၊ လက်မထပ်ခင်ကတောင် ဒီလိုအကျင့်ပျက်နေရင် လက်ထပ်ပြီးမှဆို ပိုဆိုးမှာ၊ လင်းထက်တော့ ဒီမိန်းကလေးနဲ့မဖြစ်သင့်ပါဘူးကွာ"

မြင့်အေးလည်း စိတ်တိုနေသည်။ ချိုချိုကလည်း နှာခေါင်းတရှုံ့ရှုံ့။

နေခြည်က ခပ်ပြင်းပြင်းတက်ခေါက်လျက်

"ဒီမိန်းမ ပိုက်ဆံချမ်းသာလို့ လူပါးဝနေတာ၊ အိမ်မှာဆိုလည်း အခြေကြီးအနေကြီးနဲ့ လူကြီးတွေကိုရှိသေရမှန်းသိတာမဟုတ်ဘူးတဲ့၊ လင်းထက်အမေက ငါ့အမေကိုတော့ ရင်ဖွင့်ရှာပါတယ်၊ ဒါပေမဲ့အတွင်းရေးကိစ္စတွေကြောင့် သူတို့လည်း သည်းခံနေရတဲ့ပုံပဲ"

"အဲဒီလိုဆိုတိုင်း လူမှုရေးဖောက်ပြန်တာကိုပါ ခွင့်လွှတ်ပေးလို့ဖြစ်မလား၊ အခုမြင်လိုက်ရတဲ့ပုံစံက လုံးဝဖောက်ပြန်မှုကြီးနော်၊ လင်းထက်သိရင် အရမ်းကြေကွဲသွားမှာ"

"လင်းထက်ကို မပြောသေးဘဲ အန်တီနွယ်ကို အရင်သတိပေးလိုက်ရင်ရော"

"လုပ်ကြည့်လေ၊ လူကြီးတွေကတော့ အဲဒီကိစ္စကို လုံးဝခွင့်လွှတ်မှာ မဟုတ်ပါဘူး၊ ဒါကြောင့်မို့ လက်မထပ်ဖြစ်တော့လည်း ကောင်းတာပေါ့ဟာ၊ လင်းထက် ဒီအကြောင်းသိရင်တော့ ကြေကွဲမှာ"

"ငါပြန်မယ်ဟာ"

"ဘာဖြစ်လို့လဲ"

"အန်တီနွယ်ကို အသိပေးချင်လို့ပါ"

"ဘာမှမစားတော့ဘူးလား"

"စားလို့လည်း ဝင်မှာမဟုတ်ဘူး၊ လင်းထက်အတွက် ငါဒေါ်တော်ရင်ခံနေတယ်၊ သူတို့အဆင်ပြေစေချင်လို့ ငါစွန့်လွှတ်ထားရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်စွန့်စားမှုကြီးလဲ၊ ရင်တွေကွဲပြီး အသည်းနှလုံးတွေ ဖြောင်းဆန်နေတာ၊ လင်းထက် စိတ်ချမ်းသာမယ် ကောင်းစားမယ်ဆိုဖြေသာသေးတာပေါ့၊ အခုတော့"

နေခြည်နု တကယ်ကို မကျေချမ်းနိုင်။ မြင်ခဲ့ရသည့်မြင်ကွင်းက မျက်လုံးထဲကပျောက်မသွား။

ဘာကြောင့်များ ဒီလိုကိစ္စတွေကရှိရသေးတာလဲ။ လင်းထက်နင်ကံဆိုးမှာတော့ ငါအဖြစ်မခံနိုင်ဘူး။

နင့်ဘဝလေး သာယာမယ်ဆိုရင်သာ ငါနားလည်ပေးဖို့ ကြိုးစားနိုင်မှာ။ မဟုတ်ရင်တော့ . . .။

❖❖❖



## အခန်း (၃၉)

"လင်းထက်နဲ့ လက်ထပ်မယ့်မိန်းမကို တခြားယောကျ်ားတစ်ယောက်နဲ့ တွေ့ခဲ့တယ်အန်တီ"

"ဘာ"

ဒေါ်မြင့်မြင့်နွယ် မျက်စိမျက်နှာပျက်သွား၏။ အဖေဖြစ်သူ ကြားမှာစိုး၍ နေခြည်နုကို အပြင်ဘက်ဆွဲခေါ်ထုတ်လာရသည်။

"ဘယ်မှာလဲ ဘယ်မှာတွေ့ခဲ့တာလဲ"

"ကန်တော်ကြီးထဲက စားသောက်ဆိုင်တစ်ခုမှာ၊ လင်းထက်ကားကိုမြင်တော့ လင်းထက်ရှိမှာပဲဆိုပြီး ဝင်သွားတာ ဟိုရောက်တော့"

"နေ . . . နေခြည်၊ သမီးကဘယ်လိုပုံစံနဲ့ တွေ့လို့ ဘာတွေလာပြောနေတာလဲ၊ ဘယ်သူနဲ့ဖြစ်ဖြစ် သူတွေ့နိုင်တာပဲ"

"မဟုတ်သေးဘူး၊ တွေ့တဲ့ပုံစံက မရိုးသားလို့ သမီးလာပြောတာပါ၊ တကယ်ကို"

"နေခြည် . . . လင်းထက်လည်း လက်ထပ်တော့မှာ၊ သမီးကိုယ့်ဘာသာနေပါတော့လားကွယ်"

"ရှင်"

"သမီး အဲဒီလိုစိတ်အနှောင့်အယှက်တွေပေးနေတာ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



တို့ အနှောင့်အယှက်ဖြစ်ရပါတယ်၊ တစ်ဖက်ကို အားနာနေရတာနဲ့ အန်တီတို့လည်း အနေခက်တယ်၊ သမီး ဒီလိုတွေလုပ်နေလည်း မိသားစုအတွက် သားက ဆုအစွဏီကို လက်ထပ်ကို လက်ထပ်ရမှာပါ''

အထင်လွဲနေသောစကားတွေက သူမကိုရှက်ရွံ့ထူပူသွားစေသည်။ သူမက လင်းထက်ကိုမရလို့ ရန်လိုတိုက်ခိုက်နေသလိုဖြစ်နေသည့် ပုံစံမျိုးမဟုတ်ပါလား။

''သမီး အခုပြောနေတဲ့ကိစ္စက လင်းထက်နဲ့ အန်တီတို့အတွက်ပါ၊ လင်းထက်နဲ့လက်ထပ်မှာကို သမီးမနာလိုပြီး ရန်လာတိုက်ပေးနေတာမဟုတ်ပါဘူး။ အဲဒီမြင်ကွင်းကို နောက်ထပ်သူငယ်ချင်းနှစ်ယောက်လည်း အတူတူတွေ့ခဲ့တာပါ။ မယုံရင် သူတို့ကိုခေါ်မေးလို့လည်းရပါတယ်''

''တော်ပါတော့ကွယ်၊ အန်တီက လူကြီးချင်းမျက်နှာမပျက်ချင်လို့ သမီးကိုဘာမှမပြောတာပါ၊ သမီးလုပ်ရပ်တွေက အရမ်းကိုအောက်တန်းကျလွန်းတယ်''

''အန်တီနွယ်''

''သမီးတို့ချင်း သံယောဇဉ်ရှိတာကို အန်တီနားလည်ပါတယ်၊ အန်တီတို့မှာကိစ္စတွေပေါ်မလာရင် လက်ထပ်ပေးဖို့အထိတောင် သဘောတူထားတာပါ၊ ဒါပေမဲ့ သမီး အခုကအန်တီတို့မိသားစု အခက်အခဲတွေကို သားကူညီမှဖြစ်မှာ၊ အဲဒီတော့ ဒီကိစ္စအမှန်ဖြစ်နေမယ်ဆိုရင်တောင် သမီးက မသိသလိုနေပေးပါ၊ ပြီးတော့ ဒီကိစ္စသားကိုလည်း မပြောပါနဲ့''

ကျွတ်ခနဲ အသံထွက်မတတ် အန်တီနွယ်ကို စိတ်ပျက်သွားမိလေသည်။ ဘဝပြည့်စုံဖို့အတွက် လင်းထက်ကို နွားလုပ်ခိုင်းမယ့်အစီအစဉ်ပဲမဟုတ်ပါလား။





''ဒီကိစ္စက တကယ်ကိုမဖြစ်သင့်တာ အန်တီနွယ်၊ သူ့ကိုလက်ထပ်လိုက်လို့ အန်တီနွယ်တို့ ဘယ်လောက်ထိပိုပြည့်စုံသွားမှာမို့လဲ၊ တစ်သက်လုံး စိတ်ဆင်းရဲရမှာကိုရော မတွေးတော့ဘူးလား''

''နောက်ကိစ္စကို အရင်တွေးနေလို့မဖြစ်တဲ့အခြေအနေမို့ပေါ့ကွယ်၊ အခက်အခဲဆိုတာကို သမီးကမကြုံဖူးလို့ သိမှာမဟုတ်ဘူး။ တွေးပူစရာရှိလည်း သမီးတို့သားအမိနှစ်ယောက်စာပဲရှိလိမ့်မယ်၊ အန်တီတို့မှာက မီးစာကုန် ဆီခန်းနေတဲ့နှစ်ဖက်အဘိုးအဘွားတွေရှိတယ်၊ မရှန်းကန်နိုင်တဲ့ ဆွေမျိုးတွေရှိတယ်၊ ပြီးတော့ သားအဖေ''

''သမီးနားလည်ပါတယ်၊ ဒါတွေကြောင့်လည်း လင်းထက်ကိုသမီးစွန့်လွှတ်ခဲ့တာပါ၊ အန်တီတို့အားလုံးကို ညှာခဲ့လို့ပါ အန်တီ၊ မဟုတ်ရင် လင်းထက်ကို သမီးစွန့်လွှတ်စရာအကြောင်းမရှိပါဘူး၊ လင်းထက်လည်း သမီးကိုစွန့်လွှတ်နိုင်လို့ အဲဒီလက်ထပ်ပွဲကိုစိတ်ပါလို့ လက်ခံတာမဟုတ်ဘူးဆိုတာ အန်တီနွယ်တို့ သိပါလိမ့်မယ်''

''ဟုတ်ပါတယ်၊ အဲဒီအတွက်သမီးကို အန်တီနွယ်ကျေးဇူးတင်ချင်ပါတယ်၊ ဒါပေမဲ့ သမီးလုပ်ခဲ့တဲ့လုပ်ရပ်တွေကိုလည်း ပြန်စဉ်းစားကြည့်ပါဦး။ သားကိုလုယူမသွားတာဘဲရှိတယ်၊ စိတ်အနှောင့်အယှက်ပေးပြဿနာရှာနေတာကတော့ အသိသာကြီးပဲမဟုတ်လား၊ တကယ်လို့ကန်တော်ကြီးမှာ တခြားယောကျ်ားတစ်ယောက်နဲ့ရှိနေတယ်ဆိုရင် ဆုအစွဏီက သားကိုလှမ်းခေါ်ပါ့မလား''

''ရှင်''

''သားရဲ့ကားကိုယူပြီးထွက်သွားတာမှန်တယ်၊ အခုအပြန် ကားမမောင်းချင်လို့ဆိုပြီး သားကိုလှမ်းခေါ်တယ်၊ အဲဒါ သားကကုမ္ပဏီကနေပြန်လာပြီး အိမ်ကကားကိုထားခဲ့ပြီးမှ တက္ကစီနဲ့ သူရှိတဲ့နေရာကိုသွားတယ်၊ တခြားယောကျ်ားနဲ့ မရှိးမသားရှိနေမယ့်နေရာကို သူခေါ်စရာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှမရှိတာ ဟုတ်တယ်မဟုတ်လား နေခြည်''

ရင်ထဲက တိုးတိတ်စွာ တက်ခေါက်လိုက်မိ၏။ ဒီမိန်းမလူလည်ကျတာ သက်သက်ကျောတာ။

ဒီမျက်စိနဲ့ကွက်ကွက်ကွင်းကွင်းမြင်ခဲ့တာတောင် ပုံမှားရိုက်သေးသတဲ့လား။

''သမီးကိုခွင့်ပြုပါဦး အန်တီ''

ဆက်ပြီးငြင်းခုံနေလည်း မထူးတော့တာမို့ ကားကိုမောင်း၍ပြန်ထွက်လာခဲ့သည်။ အိမ်ဘက်ကိုလည်း မဝင်ချင်သေး။

လင်းထက်ကို ဟိုမိန်းမခေါ်ထားသည်ဆိုတာပဲ စိတ်ဝင်စားနေမိသည်။ တခြားယောကျ်ားနှင့်ရှိနေရင်းက ဘာလို့ခေါ်ရတာလဲ။

ဟိုယောကျ်ားမရှိတော့မှ ခေါ်လိုက်တာလား။ ထိုနေရာကို ကားပြန်မောင်းလိုက်သည်။

''ဟင်''

လမ်းခုလတ်မှာတင် လင်းထက်ကားကိုတွေ့လိုက်ရသည်။ လင်းထက်ကမောင်းလို့ သူတို့အိမ်ပြန်လာကြတာလား။

ကားကိုဂငယ်ကွေ့ပြန်ကွေ့ကာ လင်းထက်ကားနောက်ကလိုက်လာခဲ့သည်။ သူမလိုက်လာတာ သိကိုသိမှဖြစ်မည်။

''ကျွိ''

''ကျွိ''

''ဟင်''

ကားက ဘေးချင်းကပ်လိုက် ရှေ့ကိုကျော်တက်လိုက်၊ နောက်က ကပ်လိုက်လိုက်ဖြင့် ပညာပေးလိုက်သည့်အချိန်မှာ ဟိုမိန်းမလန့်ဖျပ်၍ ဖြုံသွားပေလိမ့်မည်။ လင်းထက်လည်း သူမမှန်းသိပြီး လန့်တော့လန့်နေမှာပါ။





ဟိုတစ်ခါလည်း အက်ဆီးဒင့်ဖြစ်ပြီးပြီ မဟုတ်ပါလား။

နင့်ကို ငါအသေမသတ်ပါဘူးလင်းထက်။ ဒဏ်ရာလည်း မရစေချင်ပါဘူး။ ငါတစ်ယောက်တည်းပဲ နာကျင်ခံမှာပါ။

အဲဒါနင့်ကိုချစ်လို့ ချစ်လို့လင်းထက်။

နင့်ကိုသိပ်ချစ်လို့ပါ ...။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၀)

"အဲဒီကောင်မလေးက ဟိုဘက်အိမ်က လင်းထက်သူငယ်ချင်းလို့ပြောတဲ့ နေခြည်မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

"သူက ဘာသဘောလဲ၊ ကားပြိုင်မောင်းတာလား၊ တမင်သက်သက်ကားနဲ့လိုက်တိုက်တာလား"

"ကျ ... ကျွန်တော်တို့က ကားပြိုင်မောင်းနေကျမို့ပါ၊ အဲဒါ"

"တောက် ... ကားပြိုင်မောင်းရအောင်၊ အဲဒါအက်ဆီးဒင့်ဖြစ်ပြီး လူသေသွားနိုင်တယ်သိလား၊ တို့ကတော့မထင်ဘူး၊ အလကားစနောက်ပြီး ကားပြိုင်မောင်းတာလို့ မထင်ဘူး၊ တမင်သက်သက် တို့ကိုအမြင်ကတ်လို့ ကားနဲ့လိုက်တိုက်တာလို့ပဲ ထင်တယ်"

"မ ... မဟုတ်ပါဘူး၊ သူက အဲဒီလိုပဲ စနောက်တတ်ပါတယ်၊ ကျွန်တော်တို့အရင်ကဆို ခဏခဏ"

"ကျွတ်"

အရမ်းကို ထိတ်လန့်သွားခဲ့သော ဆုအစ္စဏီမျက်နှာလေးကနီရဲတင်းမာနေလေသည်။ တကယ်ကြီးလိုက်တိုက်နေသလိုဖြစ်ခဲ့တာမို့သူလည်း အလန့်တကြားနှင့် လွတ်အောင်ကိုရှောင်မောင်းခဲ့ရတာပါ။





လမ်းမှာကားရပ်ပြီး ဘာဖြစ်လို့လဲလို့မေးနေလျှင် ဆုအစ္စဏီနှင့် မလိုလားအပ်သည့်ပြဿနာတွေဖြစ်နေမှာစိုး၍ အိမ်ကိုပဲရောက်အောင် မောင်းလာခဲ့သည်။

အိမ်ကိုရောက်ရောက်ချင်း ကားပေါ်ကဆင်းကာ ဆုအစ္စဏီရန်တွေ့နေခြင်းဖြစ်သည်။ သူ့ရှင်းပြမှ ပိုပြီးမကျေမချမ်းဖြစ်သွားပုံနှင့်

"လင်းထက်နဲ့ အဲဒီကောင်မလေးရဲ့ပတ်သက်မှုက ရိုးရောရိုးရဲ့လား"

"ဗျာ ... ဟို"

"ဆက်ဆံမှုတွေက မရိုးသားဘူးလို့ထင်ရတာပဲ၊ ယောကျ်ားတစ်ယောက်အိပ်ခန်းထဲ ရဲရဲတင်းတင်းဝင်ရဲတဲ့ မိန်းကလေးနဲ့ ရိုးသားတဲ့ပတ်သက်မှုပါလို့တော့မပြောနဲ့၊ ဒီလိုအထာမျိုးက အတွေ့အထိများတဲ့ မိန်းကလေးမျိုးသာ"

"ဆုအစ္စဏီ စကားကိုဆင်ခြင်ပြောပါဗျာ၊ ကျွန်တော်တို့က သူငယ်ချင်းတွေမို့ပါ၊ အရမ်းကိုပွင့်လင်းရိုးသားတဲ့"

"ယုံနိုင်းနေတာလား၊ ဆုအစ္စဏီ ငတုံးမဟုတ်ဘူးနော်၊ ဒီလက်ထပ်ပွဲ ဆုလက်မခံရင် ရှင်တို့ဘာဖြစ်သွားမယ်ထင်လဲ၊ ပြာပုံထဲကိုတန်းခနဲရောက်သွားမှာ"

"ဆုအစ္စဏီ ... ခင်ဗျား ကျွန်တော်တို့ကို ခြေးနဲ့နိုင်းလိုက်တာလား၊ ခင်ဗျားအဖေ ကျွန်တော်တို့အပေါ် ကျေးဇူးရှိတာမှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မိဘတွေနဲ့ ကျွန်တော့်ကိုတော့ ခင်ဗျား အဲဒီလောက်ထိမစော်ကားသင့်ဘူး"

"နင်က အမိန့်ပေးရအောင် ဘယ်လောက်အဆင့်ရှိလို့လဲ"

"ဆုအစ္စဏီ"

"ငါ့အဖေကြောင့် ရှင်သန်ရာရတဲ့သူတွေက ကိုယ့်အဝကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူးလား”

“မင်း”

အထင်သေးစော်ကားခံရခြင်းက မာနကိုထိခိုက်လျက် မေးကြောကြီးတွေတင်းရင်းလာသည်။ လက်သီးကို တင်းတင်းဆုပ်ထားမိလျက် တက်ခေါက်ချင်စိတ်တွေက ရင်ထဲကလှုံ့ထွက်လာ၏။

ဆုအစ္စထီက မကျေမချမ်းမျက်စောင်းထိုးလျက်

“ငါအပြင်သွားမယ်၊ နင်တို့အိမ်မှာမအိပ်ဘူး”

“ဘာ”

“ငါ့ကိုများ လှည့်ဖို့ပတ်ဖို့ ကြိုးစားနေကြတယ်၊ နင်တို့ကိစ္စတွေ ပြတ်အောင်ရှင်းထား၊ မဟုတ်ရင်တော့ လက်ထပ်လိမ့်မယ်မထင်နဲ့၊ ငါနဲ့လက်မထပ်ရင် နင်တို့ဘဝတွေ ဘယ်လိုဖြစ်သွားမယ်ဆိုတာ သိတယ်မဟုတ်လား”

ပြောပြီး ကားမယူဘဲ ဆုအစ္စထီပြန်ထွက်သွား၏။ သူလက်သီးကိုလေထဲမှာပစ်ထိုးပြီး အံကြိတ်ကာ မျက်ရည်ကျမိ၏။

မေမေက အိမ်ထဲကနေပြေးထွက်လာခဲ့ပြီး

“သား . . . သား ဘာဖြစ်ကြတာလဲ၊ သားတို့ပြောနေတာတွေက”

“မေမေ ကြားသင့်သလောက် ကြားလိုက်တယ်မဟုတ်လား၊ သားတို့ကိုအထင်သေးပြီး စော်ကားတာ မေမေကြားတယ်မဟုတ်လား”

“အေး . . . ကြားတယ်သား၊ ဒါပေမဲ့ နေခြည့်ကြောင့်”

“အကြောင်းရှာတာက နေခြည်ကြောင့်၊ သူစော်ကားနေတာကတော့ သားတို့ကိုပါမေမေ၊ မိန်းကလေးတစ်ယောက်ရဲ့ အထင်သေးစော်ကားခံရတဲ့ဘဝမျိုးနဲ့ တစ်သက်လုံးသိမ်ငယ်နေရတော့မှာလား”

“သား”





“မိသားစုအတွက်ငဲ့ပြီး သားသည်းခံပါတယ်၊ အလျှော့ပေးပါတယ်၊ မာနတွေလည်း ဘာမှမရှိတော့ဘူးမေမေ၊ ချစ်တဲ့သူကိုလည်း စွန့်လွှတ်ထားပါတယ်၊ ဒါတောင် မလုံလောက်သေးလို့ မိဘတွေကို ခွေးနဲ့နှိုင်းတာကိုပါ သားသည်းခံလိုက်ရဦးမှာလား”

“သားရယ် . . . သားရယ်၊ မေမေတို့အဖြစ်က အစစအရာရာသည်းခံလိုက်လျောရမယ့်အနေအထားဖြစ်နေတာကိုကွယ်၊ ဆုအစ္စထီရိုင်းတာကို မေမေလည်းသိပါတယ်၊ ခွေးမတစ်ယောက်အဖြစ် မေမေလည်း လက်မခံချင်ပါဘူး၊ ဒါပေမဲ့ သား . . . မေမေတို့က”

သူခေါင်းကို ခါခနဲယမ်းလိုက်မိသည်။ မိသားစုအခက်အခဲကြောင့် သူ့ဘဝကို ဈေးပေါပေါနှင့် ရောင်းစားနေရတာနှင့် အတူတူပဲမဟုတ်ပါလား။ သူအိမ်ထဲကိုဝင်ခဲ့သည်။

မေမေက နောက်ကလိုက်လာ၏။

“သားအဖေမသိစေနဲ့ဦး၊ ဆုအစ္စထီထွက်သွားတာသိရင် စိတ်ထိခိုက်နေဦးမယ်၊ သူ့ငွေကိုရှင်းပြရခက်မယ်လေ”

“သား အခန်းထဲဝင်တော့မယ်”

“ဆုအစ္စထီပြန်မလာရင် သားထွက်ရှာရဦးမှာ”

“သူပြန်မလာဘူးလို့ ပြောသွားတာပဲ၊ ဘာလို့ထွက်ရှာရမှာလဲ”

“မဟုတ်ဘူး၊ မေမေတို့မှာ တာဝန်ရှိတယ်လေသားရယ်၊ မေမေတို့အိမ်မှာနေတာ”

“သားတို့တာဝန်ကျေတော့ရော သူကအသိအမှတ်ပြုလို့လား၊ သူနေချင်သလိုနေပြီး သူသွားချင်တဲ့နေရာသွားနေတာ”

“သူ့ဒီမှာ တခြားအသိမိတ်ဆွေမရှိဘူး မဟုတ်လားသားရယ်၊ ဟိုတယ်တွေဘာတွေသွားအိပ်ပြီး သူ့ငွေသိသွားရင် မကောင်းဘူး၊ ကိစ္စအားလုံးအတွက် မေမေတို့မှာတာဝန်ရှိနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို မေမေဖုန်းဆက်ကြည့်ပါ၊ သူရှိတဲ့နေရာပြောရင် သားသွားခေါ်ပေးမယ်၊ အလကားသက်သက် ဘယ်မှာမှန်းမသိဘဲ လိုက်တော့ မရှာနိုင်ဘူး မေမေ''

သူ့စိတ်တွေကျွတ်ဆတ်လျက် မေမေ့ကိုပါ မချေမငံပြောလိုက်မိသည်။ မေမေ စိတ်မကောင်းဖြစ်သွားမှာသိသော်လည်း သူ မတတ်နိုင်တော့။ ရင်ထဲမှာ ဆုအစ္စဏီအပေါ် ခါးသီးမှုတွေပဲရှိသည်။

ရွေးချယ်စရာမရှိသောဘဝမှာ သူ့အတွက် ဘာတွေကျန်ခဲ့မှာလဲ။

နေခြည်နှင့်ပတ်သက်သည့်အလွမ်းတွေ အဆွေးတွေ။

နာကျင်မှုတွေ။

ငါဘယ်လိုမှမေ့လို့ရမှာမဟုတ်ဘူး နေခြည်။ ငါတို့ဘဝတွေ ဝေးလေ ပိုသတိရလေပဲ နေခြည်ရယ်။

ဝရန်တာကိုထွက်ကာ နေခြည့်အိမ်ဘက်ကိုလှမ်းကြည့်၍ ဂစ်တာတီးသီချင်းဆိုကာ လွမ်းမိသည်။ ဒီနေ့ ဆုအစ္စဏီမရှိတာမို့ လွတ်လပ်စွာ နေခြည့်ကိုလွမ်းလို့ရသည် မဟုတ်လား။

ဖုန်းဆက်ပြီးလည်း နှုတ်ဆက်ချင်နေသည်။ နေခြည်အိပ်မက်လှလှမက်ပါစေလို့လည်း ဆုတောင်းပေးချင်၏။

ငယ်စဉ်ကတည်းက အလေ့အထလေးတောင် ပျောက်လုလုပါ။

လွမ်းတယ်နေခြည် ...။

❖❖❖



# အခန်း (၄၁)

''ဆုအစ္စဏီ ဘာလို့ ဒီနေ့ထိပြန်မလာတာလဲ၊ ဖုန်းဆက်တော့လည်း စက်ပိတ်ထားတယ်၊ ဘယ်လိုမှအဆက်အသွယ်မရဘူးလား သား''

''သားလည်း စုံစမ်းနေတာပဲ၊ သူသွားလာတတ်မယ့်နေရာတွေ လိုက်ရှာတယ်၊ သူရှိမယ်ထင်တဲ့နေရာတွေ လိုက်ကြည့်တယ်၊ ဘယ်လိုမှ ကိုမတွေ့တာ''

''ဘယ်လိုလုပ်မလဲသား၊ ဒီကြားထဲသူ့ဒွေးဖုန်းဆက်လာရင် ဖေဖေတို့ ဘယ်လိုဖြေကြမလဲ၊ ဖေဖေတို့ရဲ့စခန်းမှာ လူပျောက်ပဲတိုင်ထားမလား''

''အဲ ... အဲဒီလိုတော့ မလုပ်ပါနဲ့ဦး၊ အကျယ်တဝင့်ဖြစ်သွားမှ ပိုဆိုးသွားလိမ့်မယ်''

''ဒါဖြင့် ဘယ်လိုလုပ်မှာလဲ၊ သားနဲ့ဘယ်လိုကိစ္စတွေဖြစ်ပြီး အိမ်ကထွက်သွားတာလဲ၊ ပြဿနာမရှိဘဲ ဒီလိုလုပ်မှာမဟုတ်ဘူး၊ ဘာဖြစ်တာလဲသား ဖေဖေ့ကိုပြောစမ်း''

''ဟို''

ပြောဖို့အရေး မေမေ့ကိုလှမ်းကြည့်ရသေးသည်။ မေမေက မပြောစေချင်လို့ တားထားသည့်ကိစ္စမဟုတ်လား။ မေမေက သူ့ကိုအသာ



www.burmeseclassic.com

www.burmeseclassic.com



နေဟု မျက်ရိပ်ပြလျက်

"ပြဿနာကတော့ နေခြည်စတယ်ပဲပြောရမလား၊ အဲဒီနေ့က ကျွန်မကို နေခြည်လာပြောတယ်၊ ဆုအစ္စဏီကို တခြားယောကျ်ားလေး တစ်ယောက်နဲ့ တွေ့ခဲ့လို့တဲ့"

"ဟင် မေမေ"

ဒါအခုမှ သူသိရသည့်ကိစ္စ။ ဖေဖေကလည်း တအံ့တသြဖြစ်လျက်

"ဘယ်လိုတွေ့ခဲ့တာလဲ ဘယ်မှာလဲ"

"ကန်တော်ကြီးထဲက စားသောက်ဆိုင်မှာ၊ အထင်မြင်လွဲလောက်တဲ့အထိမို့ လာပြောတာထင်ပါတယ်၊ ဒါပေမဲ့ ကျွန်မက နေခြည့်ကို အဲဒါမျိုးတွေမပြောဖို့၊ ဟုတ်ခဲ့ရင်တောင် ညည်းခံလိုက်လျော့ရမယ်၊ ကျွန်မတို့အခြေအနေကို ပြောပြလိုက်တယ်၊ နေခြည့်ကို နည်းနည်းလည်း ကျွန်မအပြစ်တင်လိုက်မိတယ် ကိုထက်"

"ဩော်"

"အဲဒါကို နေခြည်စိတ်ဆိုးသွားတယ် ထင်ပါတယ်၊ သားတို့ နောက်ကိုလိုက်ပြီး ကားပြိုင်မောင်းသလို ပေါက်ကွဲခဲ့တယ်၊ အဲဒါက ပြဿနာပဲ၊ သားနဲ့နေခြည့်ကို စွပ်စွဲမှုတွေနဲ့ ဆုအစ္စဏီထွက်သွားခဲ့တာ"

"ကျွတ်ကွာ ... သူဌေးကိုကိုယ်တို့ဘယ်လိုဖြေရှင်းပြောပြကြမှာလဲ၊ ဆုအစ္စဏီ ဘာမှမပြောသေးလို့ သူဌေးဖုန်းမဆက်လာသေးတာကတော့ သေချာတယ်၊ အခုသုံးရက်တောင်ရှိနေပြီ၊ ဒါကိုအပြစ်ရှာပြီး သူ့အဖေကို ဆုအစ္စဏီ လက်မထပ်ဘူးလို့ပြောနိုင်တယ်"

"ပြောချင်လည်း ပြောပါစေတော့ဖေဖေ၊ ဒီကုမ္ပဏီမှာ မလုပ်ရလည်း ဖေဖေတို့အားလုံးကို သားတခြားအလုပ်လုပ်ကျွေးပါ့မယ်၊ သားတို့မာနရှိသင့်တယ်လို့ မထင်ဘူးလား"





"သား"

"သားကိုစော်ကားတာ အထင်သေးတာခံနိုင်ပါတယ်၊ မိဘတွေအထိ အထင်သေးစော်ကားလွန်းတာတော့ သားမခံနိုင်ဘူးဖေဖေ၊ ဒီထက်ပိုပြီး ဆုအစ္စဏီကို သည်းမခံနိုင်တော့ဘူး"

သားဘက်ကပေါက်ကွဲမှုအတွက် ကိုယ်ချင်းစာပေးမိသည်။ လူကြီးက နားလည်ဖို့ကြိုးစားနိုင်သော်လည်း လူငယ်ကတော့ မာနတွေကြောင့် မခံချိမခံသာ မကျေမနပ်ဖြစ်နိုင်တာပဲ။

"ဖေဖေ ဘယ်လဲ"

"ဆုအစ္စဏီကိုရှာကြည့်ရမှာပေါ့သား၊ ကိုယ့်အိမ်မှာနေရင်းက ပျောက်သွားတာဆိုတော့ ဖေဖေတို့မှာတာဝန်ရှိတယ်"

"သူကလေးမဟုတ်တော့ပါဘူး၊ သားတို့ကိုပြောချင်ရာတောင် ပြောသေးတာပဲ၊ လက်မထပ်ဘူးဆိုတာပြောပြီး သူ့ဘာသာပြန်သွားလို့ ရတယ်၊ အခုဟာက သားတို့ကိုပြဿနာရှာပြီး သူသွားချင်တဲ့နေရာသွားနေတာ"

"ဘာပဲဖြစ်ဖြစ် သူ့အဖေဆီပြန်မရောက်သေးဘူးဆိုရင် ဖေဖေတို့တာဝန်ပဲလေ၊ သူဌေးမျက်နှာကရှိသေးတယ်၊ ဖေဖေတို့"

"သားပဲလိုက်ရှာလိုက်ပါ့မယ်၊ ဖေဖေက ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘဲနဲ့ အိမ်မှာပဲနားပါ"

"သား ... ဟိုတယ်တွေ တည်းခိုခန်းတွေပါ ရှာကြည့်ပါ၊ စုံစမ်းကြည့်ပါသားရယ်၊ ရှိတယ်ဆိုရင် မေမေသွားတောင်းပန်ပြီး ခေါ်ပါ့မယ်"

"ဟုတ်ကဲ့ပါ မေမေ"

မိဘတွေ အဲဒီလိုအောက်ကျို့နေရတာမျိုးကို သူမကြိုက်ပေ။ ဆုအစ္စဏီဆိုတာ ဘယ်လိုအဆင့်အတန်းကပဲ လာပါစေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုကရော ဘယ်လောက်တောင်နိမ့်ပါးနေလို့လဲ။

သူမ အဖေကိုမမှီခိုဘဲ သူ့ခွန်သူ့အားတွေနှင့်သာ မိသားစုတွေအတွက် တာဝန်ယူလိုက်ချင်ပါသည်။

ဒါပေမဲ့ အခုတော့ မိဘတွေစိတ်ချမ်းသာဖို့အတွက် ...။

❖❖❖



## အခန်း (၄၂)

"ဘာ ... ဆုအစ္စဏီ ပျောက်နေတယ်၊ ဟုတ်လား မေမေ"

"ဟုတ်တယ် သမီး၊ မနွယ်ပြောတာ သုံးရက်တောင်ရှိပြီတဲ့ အိမ်ပြန်မလာတာ"

"ဘယ်သွားတာလဲ၊ သူနေတဲ့ ဩဇီကိုပြန်သွားတာလား"

"အဲဒါမသိဘူး၊ သူ့အဖေဆီမှာရောက်ရင် သူ့အဖေက မနွယ်တို့ကို ပြဿနာရှာနေလောက်ပြီလေ၊ အခုက ဟိုကိုလည်းမရောက်လို့ သတင်းမကြားရတာပေါ့"

"အဲဒါဆို ယောက်ျားနောက်လိုက်တာပဲ ဖြစ်ရမယ်"

"ဘာ သမီး ... ဆုအစ္စဏီက ယောက်ျားနောက်လိုက်တယ်၊ သမီးကဘယ်လိုသိတာလဲ"

"စားသောက်ဆိုင်မှာ သူ့ကိုယောက်ျားတစ်ယောက်နဲ့ ပလူးပလဲအမြင်မတော်လောက်အောင် တွေ့ခဲ့တယ်မေမေ၊ အဲဒါ အန်တီနွယ့်ကိုပြောပြတာ၊ အန်တီနွယ်က သမီးကိုအထင်လွဲပြီး ဆူလိုက်တယ်"

"ဟင်"

"သမီးက စေတနာနဲ့ပါ၊ လင်းထက်ကို ဒီလိုအကျင့်ပျက်နေတဲ့ မိန်းကလေးနဲ့တော့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ရက်မထပ်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူး၊ သမီးလင်းထက်ကိုချစ်လျက်နဲ့ စွန့်လွှတ်လိုက်တာ၊ အကောင်းတိုင်းလေးတော့ မြင်ချင်သေးတာပေါ့''

''သမီးရယ်''

သမီးရဲ့စိတ်ကိုနားလည်ကာ ပခုံးလေးကိုဖက်၍ နှစ်သိမ့်လိုက်မိသည်။ ဒါပေမဲ့ လင်းထက်တို့မိသားစုကိုလည်း ကိုယ်ချင်းစာမိတာပါပဲ။

''သမီး အဲဒီလိုသွားလုပ်တော့ သမီးပဲလူဆိုးဖြစ်မှာပေါ့ကွယ်၊ သူတို့မိသားစုမှာက ဆုအစ္စတီမှာ ဘယ်လောက်အပြစ်များများ၊ လက်ထပ်မှုကိုအဆင်ပြေမှာ၊ သမီး လင်းထက်ကိုချစ်တယ်ဆိုရင် သူတို့အခက်အခဲ အကျပ်အတည်းဖြစ်အောင် မလုပ်သင့်ဘူး။ ဒီအချိန်မှာ သမီးရဲ့စေတနာတွေက သူတို့မိသားစုကို မပြေလည်နိုင်စေဘူးသမီး။ အဲဒီမိသားစုကိုချစ်ရင် အဲဒီမိသားစုရဲ့ကောင်းကျိုးကို လိုလားရတယ်၊ အဝေးကနေ မသိမသာချစ်မှ သမီးရဲ့စေတနာကို သူတို့နားလည်ကြလိမ့်မယ်''

''လင်းထက်ကို ဒီလိုမိန်းကလေးနဲ့''

''သမီး စွန့်လွှတ်လိုက်ပြီးပြီပဲကွယ်၊ သူ့ကံ သူ့အကြောင်းတရားပေါ့၊ လင်းထက်လည်း သမီးကိုချစ်တယ်၊ ဒါပေမဲ့ မိသားစုကိုငဲ့ညှာနေရတဲ့အတွက် သူလည်း ဒီအခြေအနေထဲက ဘယ်လိုမှရုန်းထွက်လို့မရဘူး။ ကံတရားရဲ့အကျိုးပေးဟာ ကြောက်စရာကောင်းပါတယ်၊ သမီးတို့ချင်း ဘယ်လောက်ချစ်ချစ်၊ ပေါင်းဖက်ဖို့ ကံဇာတာမပါတဲ့အတွက် သမီးကမေတ္တာတွေနဲ့ပဲ အေးအေးချမ်းချမ်း စွန့်လွှတ်လိုက်ပါ၊ သမီးကြောင့် သူတို့ကို အခက်အခဲမဖြစ်ပါစေနဲ့သမီး''

မေမေ့စကားကိုနားထောင်ပြီး သူမရင်ထဲလှိုက်ဆူလျက်ရှိသည်။ စွန့်လွှတ်မှုတွေမှာ နောက်ထပ်နာကျင်စေဖို့ ဖိအားတွေပဲ မဟုတ်ပါလား။ ဘာကြောင့် သူမရော လင်းထက်ရော ကံမကောင်းရတာလဲ။





''မေမေ သမီးအပြင်သွားဦးမယ်''

''နေမကောင်းလို့ ကျောင်းမတက်တာဆို၊ ဘယ်ကိုသွားမလို့လဲ''

''ဒီလိုပဲ ကားမောင်းရင်း လေညင်းခံချင်လို့ပါ''

''ကိုယ့်စိတ်ကိုယ် အရမ်းပင်ပန်းအောင် မနှိပ်စက်ပါနဲ့သမီး လူ့ဘဝဆိုတာ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ အမြဲသာယာဖြောင့်ဖြူးတတ်တာမဟုတ်ဘူး။ ပေးဆပ်မှု စွန့်လွှတ်မှုဆိုတာ နေရာတိုင်းမှာရှိတယ်၊ လင်းထက်က မိသားစုအတွက် ပေးဆပ်ရတာ၊ သမီးက သူတို့ကိုချစ်တဲ့စိတ်ကြောင့် စွန့်လွှတ်လိုက်ရတာ၊ ဒီအပေါ်မှာ စေတနာဖြူပါစေ၊ သမီး ကံကောင်းလာနိုင်ပါတယ်ကွယ်''

''မေမေပြောတာတွေကို သမီးနားလည်ပါတယ်၊ သမီး ကြိုးစားပါ့မယ်မေမေ၊ လင်းထက်ကို ဒီအတိုင်း ဥပေက္ခာပြုပြီး လွှတ်လိုက်နိုင်ဖို့ သမီးကြိုးစားပါ့မယ်''

''ဒါပါပဲ သမီး၊ သူ့ကံအကြောင်းတရားပဲလို့ တွေးလိုက်ရင် သမီးအရမ်းကို စိတ်တွေသက်သာသွားမှာပါ၊ အခုက လင်းထက်ကိုကောင်းစေချင်စိတ်တွေနဲ့ သမီးအရမ်းကို ပင်ပန်းနေတာ၊ မနွယ်က သမီးကို ပြောဆိုလွှတ်လိုက်တယ်ဆိုတာတော့ မပြောဘူး၊ အဲဒီနေ့က သမီးအတွက် စိတ်မကောင်းတာမျိုးတော့ပြောတယ်၊ သူတို့လည်း မတတ်သာလို့သာ ဆုအစ္စတီနဲ့ကိစ္စ လက်ခံထားရတာပါ၊ သမီးကိုပဲချစ်တဲ့ပုံပါပဲ၊ အဲဒီတော့ လူကြီးတွေ အခက်အခဲကိုလည်း နားလည်ပေးလိုက်ပါ သမီးရယ်''

''သမီး အန့်တီနွယ့်ကို စိတ်မဆိုးပါဘူး၊ သမီးစေတနာကို အထင်လွဲခံရတော့ စိတ်မကောင်းဖြစ်ရုံပါပဲ''

''မေမေပြောတာ သမီးနားလည်တယ်မဟုတ်လား၊ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ကို အသိအမှတ်အပြုခံချင်ရင် ရဲရဲတင်းတင်းသာစွန့်လွှတ်လိုက်ပါ သမီး''

ဟုတ်ကဲ့ပါ မေမေလို့ ပါးစပ်က မပြောဖြစ်ခဲ့ပေမယ့် မေမေ စိတ်သက်သာအောင် ခေါင်းညိတ်ပြခဲ့သည်။

အပြီးတိုင်စွန့်လွှတ်ဖို့ အားတင်းရတော့မှာပဲ မဟုတ်လား။ လင်းထက်ကို စနောက်ချင်စိတ်နှင့် ရေထဲပြုတ်ကျခဲ့သော နေရာလေးကိုလာခဲ့သည်။ ငါတို့ရဲ့ အမှတ်တရနေရာလေးကို အလွမ်းဖြေချင်လို့ပါ လင်းထက်ရယ်။

''ဟင် . . . လင်း . . . လင်းထက်''

လင်းထက်က ထိုနေရာလေးမှာရှိနေခဲ့သည်။ လက်ထဲမှာ ကျောက်ခဲလေးတွေဖြင့် ရေထဲကိုပစ်ဖို့ ဆနေ၏။ နင်ရော ဘာကြောင့်ဒီနေရာလေးကို ရောက်နေတာလဲ။

''လင်းထက်''

''ဟင် . . . နေခြည်''

လင်းထက် ချာခနဲလှည့်ကြည့်လာပြီး လက်ထဲကကျောက်ခဲလေးတွေကို မြေပေါ်မှာအသာပစ်ချ၏။ သူမ လင်းထက်အနားကိုလျှောက်သွားလိုက်သည်။

''နင်ဒီကိုဘာလာလုပ်တာလဲ လင်းထက်''

''ဖေဖေတို့က ဆုအစွဲကြီးကိုရှာစေချင်တယ်၊ ငါကရှာချင်စိတ်မရှိလို့ ငါလာချင်စိတ်ရှိတဲ့ ဒီနေရာလေးကိုလာတာ၊ နင်ကရော ဒီနေရာကို ဘာလာလုပ်တာလဲ''

''နင့်လိုပဲ ငါလာချင်စိတ်ရှိလို့ လာတာပေါ့ဟာ၊ ဒါပေမဲ့ ဒီနေရာကိုလာတာ နောက်ဆုံးပဲဖြစ်လိမ့်မယ်ထင်တယ်''

''ဟင် . . . ဘာဖြစ်လို့လဲ''

''နင်နဲ့ ငါနဲ့ဘာမှမှမဆိုင်တော့တာ၊ နင်က လက်ထပ်တော့မှာ





လေ၊ မေမေက နင်တို့ကိုစိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ရဘူးတဲ့၊ ပြီးတော့ အန်တီနွယ်က''

''မေမေပြောတယ်၊ နင့်ကိုဆူလိုက်တယ်ဆို . . . မေမေ စိတ်မကောင်းဖြစ်နေပါတယ်''

''အန်တီနွယ်ပြောသင့်လို့ ပြောတာပဲ၊ ငါကစေတနာတွေပိုခဲ့မိတာပါ၊ တကယ်တမ်းက ငါဒီလိုတွေ မလုပ်သင့်တော့ဘူးဆိုတာ ငါ့ကိုယ်ငါသိသင့်တာ''

''မဟုတ်ပါဘူး၊ နင်လုပ်သမျှ ငါကတော့ တစ်ခါမှစိတ်အနှောင့်အယှက်မဖြစ်မိဘူး၊ ငါမလုပ်နိုင်တာတွေ နင်လုပ်ပေးတယ်လို့ပဲ အောက်မေ့တယ်၊ ဥပမာ ဆုအစွဲကြီးကို ရေနဲ့ပက်တာ၊ ခွေးနဲ့ရှူးတိုက်တာ၊ သီချင်းဆိုလို့ ခဲနဲ့ပေါက်တာ၊ ထိတ်လန့်သွားအောင် ကားနဲ့လိုက်တိုက်တာ''

''ဟင်းဟင်း''

လင်းထက်ပြောမှ ကိုယ့်အဖြစ်ကိုယ် ရယ်ချင်သွားမိသည်။ သူမ တော်တော် ကလေးဆန်ခဲ့တာပါလား။ မနာလို သဝန်တိုမှုတွေကြောင့်လို့ အန်တီနွယ် ထင်မြင်ယူဆသွားခဲ့တာ အလွန်မဟုတ်ပေ။ လင်းထက်က သူမခေါင်းလေးကိုလှမ်းပုတ်ပြီး

''နင်က ဘာရယ်တာလဲ နေခြည်''

''ဩော် . . . ငါအရမ်းကလေးဆန်ခဲ့တာကိုပါ၊ နင့်ကိုချစ်တဲ့စိတ်၊ မစွန့်လွှတ်ချင်တဲ့စိတ်တွေနဲ့ နင်နဲ့လက်ထပ်မယ့်မိန်းကလေးကို အမြင်တွေကတ်ပြီး အမျိုးမျိုးလုပ်ခဲ့တာ၊ တကယ်တော့ အဲဒါတွေကို နင်ကသာ စိတ်မဆိုးပေမယ့် အန်တီနွယ်တို့အတွက်တော့ စိတ်အနှောက်အယှက် ကသိကအောက်တွေဖြစ်ခဲ့မှာပဲ၊ ငါ့ကြောင့် အန်တီနွယ်တို့ကို စိတ်မဆင်းရဲစေရတော့ပါဘူး''

''နေခြည်''



www.burmeseclassic.com

www.burmeseclassic.com



"ငါနင့်ကိုဥပေက္ခာပြုနိုင်အောင် ကြိုးစားတော့မယ် လင်းထက်၊ ငါအဲဒီလိုမလုပ်နိုင်သရွေ့ နင်ရော ငါရော ပင်ပန်းနေရမှာ၊ ငါက နင်တို့တစ်မိသားစုလုံးကိုချစ်တာလေ၊ အဲဒီတော့ အားလုံးစိတ်မဆင်းရဲရဖို့အတွက် ငါရဲရဲတင်းတင်း စွန့်လွှတ်နိုင်မှပဲ ဖြစ်တော့မှာ"

"နေခြည်ရယ်"

ရင်မှာနမြောတသစိတ်တွေနှင့် မချိအောင်နင့်သီးသွားရလေသည်။ ဘာကြောင့်များ နေခြည်ရဲ့စွန့်လွှတ်မှုကို မခံစားနိုင်အောင်ဖြစ်ရတာလဲ။ ရန်လိုမှုတွေနှင့် တိုက်ခိုက်နေခဲ့တာတောင် သူကျေနပ်နေခဲ့တာပါ။

တို့နှစ်ယောက် တကယ်ဝေးရတော့မှာလား နေခြည်ရယ်။

"လင်းထက်"

"ဟင်"

"ငါပြန်တော့မယ်"

"ငါလည်း ပြန်တော့မှာပါ"

"နင်က ဆုအစွယ်ကိုရှာရမယ့်တာဝန်ရှိသေးတယ် မဟုတ်လား၊ နေခဲ့လိုက်ပါ၊ ငါတို့အတူတူပြန်ရင် နင့်မိဘတွေ တစ်မျိုးထင်ပြီး စိတ်ထိခိုက်နေကြဦးမယ်"

"ဖေဖေနဲ့ မေမေက နင့်ကိုချစ်ပါတယ်ဟာ၊ ဆုအစွယ်ကြောင့်သာ မဟုတ်ရင်"

"အားလုံးကို ငါနားလည်ပြီးသားပါ၊ ဒါပေမဲ့ အခုချိန်မှာ ငါဘာကိုမှ မမျှော်လင့်ချင်တော့ဘူး၊ နီးဖို့ကြိုးစားရင် ပိုဝေးနိုင်တာကို ငါကြောက်လို့ပါ"

"ငါနင့်ကိုချစ်နေတုန်းပဲ နေခြည်"

နားမထောင်ချင်တော့၊ ရင်ထဲက လှိုက်ဆူလျက် နှလုံးသားတွေ





က ဖြောင်းဆန်နေသည်။

စွန့်လွှတ်လိုက်ရသည့် အဆိပ်ဆူးတွေ ရင်ထဲအထိစူးနင့်နေ၏။ ဆွဲမနုတ်ရက်ဘူး။ ဒီထက်မကနာကျင်ပါစေ။

အချစ်က မရိုးဖြောင့်ဘူး။ ဆာလောင်တောင့်တမှုတွေရှိတယ်။ မွတ်သိပ်တမ်းတမှုတွေရှိတယ်။

ဒါပေမဲ့ အဲဒီအရာတွေက ငါမှမရနိုင်တော့ဘဲ။

နင့်နင့်သီးသီးလေးပဲ၊ အဝေးကနေ လွမ်းတော့မယ်လင်းထက်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

ဆုအစ္စဏီပျောက်နေတာ လေးရက်မြောက်နေ့မှာတော့ ဦးထက်အောင်တို့မိသားစု ပိုပြီးစိုးရိမ်စိတ်တွေ ပိုလာခဲ့ကြသည်။ သူဌေးအငြိုငြင်ခံရမှာစိုး၍ ဦးထက်အောင်နှင့် ဒေါ်မြင့်မြင့်နွယ် ပျာယာခတ်နေကြ၏။

''ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ကိုထက်၊ သူဌေးကို အသိပေးမှဖြစ်တော့မယ် ထင်တယ်နော်၊ တော်ကြာ အပြစ်တွေကိုယ့်အပေါ်ပဲ ပုံကျလာလိမ့်မယ်''

''အေးကွာ၊ ဒီကလေးမ ဘယ်လိုတွေလုပ်နေလဲ မသိဘူး၊ သူဌေးဆီက အကြောင်းမကြားတာတော့ သူ့အဖေဆီကို ဘာသတင်းမှ မပေးသေးတာသေချာတယ်၊ ကုမ္ပဏီမှာရော ဘာထူးခြားလဲသား''

''ဘာမှမထူးခြားပါဘူး၊ သူဌေးရဲ့သမီး ဆုအစ္စဏီ သားတို့အိမ်ရောက်နေတာတောင် သိတဲ့သူမရှိဘူး၊ သူဌေးကလည်း ဘယ်သူနဲ့မှ အဆက်အသွယ်လုပ်ထားပုံမပေါ်ပါဘူး''

''အဲဒါကတော့ တော်သေးတာပဲ၊ ဆုအစ္စဏီကိစ္စ အကျယ်တဝင့်မဖြစ်တာပေါ့၊ ဒါပေမဲ့ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ တခြားကိစ္စဆိုးဆိုးဝါးဝါး ဖြစ်သွားမှာ စိုးရိမ်ရတယ်''





''ပြဿနာကြီးတက်ရင်တော့ ကျွန်မတို့ဘဝသွားပြီ ကိုထက်ရယ်''

''မစိုးရိမ်ပါနဲ့မေမေရယ်၊ သားတစ်ယောက်လုံးရှိပါတယ်၊ မေမေတို့အားလုံးကို သားတာဝန်ယူပါ့မယ်၊ ဘာကိုမှတွေးပြီး စိတ်ထဲမှာ လေးလံမနေနဲ့၊ ဖြစ်လာသမျှ ရင်ဆိုင်ရုံရှိတော့တာပေါ့''

သားအဖသုံးယောက်လုံး မျက်နှာမကောင်းကြပေ။ ပြဿနာတွေက ထင်မထားတာတွေဘဲ ဖြစ်နေတာမဟုတ်ပါလား။

ထိုအချိန်မှာပဲ ဖေဖေ့ဖုန်းသံကမြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်ပြီး ဖေဖေ မျက်စိမျက်နှာပျက်သွား၏။

''သ ... သူဌေး ဖုန်းဆက်တာပဲ၊ ဘာတွေဖြစ်ပြီလဲ မသိဘူး၊ ဆုအစ္စဏီ ဟိုကိုရောက်ပြီး''

''ဘာဖြစ်ဖြစ် ရဲရဲတင်းတင်းပဲ ရင်ဆိုင်လိုက်ပါဖေဖေ၊ ကြောက်နေရင် နစ်ခါပြန်သေရလိမ့်မယ်၊ ဖေဖေတို့နောက်မှာ သားတစ်ယောက်လုံးရှိတယ်၊ ဘာကိုမှသိမ်ငယ်မနေနဲ့''

''ဖုန်းနားထောင်ကြည့်မှ အခြေအနေသိရမှာ နားထောင်လိုက်ပါကိုထက်၊ ဖြစ်လာသမျှ ရင်ဆိုင်ကြရုံပေါ့''

''အေး ... အေးပါကွာ''

စိတ်ကိုအတတ်နိုင်ဆုံးလျှော့၍ ဦးထက်အောင် ဖုန်းဖွင့်ကာ နားထောင်လိုက်သည်။

''ဟယ်လို ဟုတ်ကဲ့ပြောပါ သူဌေးမင်း''

''ကိုထက်အောင် အားနာတယ်ဗျာ''

''ဗျာ ... ဘာလို့လဲ သူဌေး''

''ကျွန်တော့်သမီးကြောင့်ပါ၊ ခင်ဗျားတို့အိမ်ကထွက်သွားတယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့၊ အဲဒါကို ကျွန်တော်တို့ပြောမလို့ပါ၊ သမီးလေးအစ္စဏီ ထွက်သွားတာက"

"ကျွန်တော်သိတယ်"

"ဗျာ"

"အခုသမီးက ဗန်ကောက်မှာရောက်နေတယ်"

"ဟုတ် ... ဟုတ်ကဲ့သူဌေး၊ ကျွန်တော်တို့က ပြည်တွင်းမှာပဲ ရှိတယ်ထင်ပြီး လိုက်ရှာနေတာပါ၊ သားဆိုရင် ကုမ္ပဏီမှာကို ကောင်းကောင်းအလုပ်မလုပ်နိုင်ဘူး၊ သမီးကိုပဲ အချိန်ရှိသရွေ့လိုက်ရှာနေတာပါ"

"အဲဒါကြောင့် ကျွန်တော်အားနာတယ်လို့ ပြောတာပါ၊ ကိုထက်အောင်တို့မိသားစုတွေ အရမ်းကိုဗျာများပြီး စိတ်ဆင်းရဲနေကြမှာပဲ"

"ဟုတ် ... ဟုတ်ကဲ့၊ သမီးက ကျွန်တော်တို့ဆီကနေ ထွက်သွားတာဆိုတော့ ကျွန်တော်တို့မှာတာဝန်ရှိပါတယ်၊ ကျွန်တော်တို့ တာဝန်မကျေသလို ဖြစ်သွားရတဲ့အတွက် ကျွန်တော်တို့က သူဌေးကိုအားနာပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်ခင်ဗျာ"

"မလိုပါဘူး၊ ကိုထက်အောင်တို့ တောင်းပန်စရာမလိုပါဘူး။ သမီးရဲ့လုပ်ရပ်ကြောင့် ကျွန်တော်ကပဲ ကိုထက်အောင်တို့မိသားစုကို တောင်းပန်ရမှာပါ"

စပီကာဖွင့်ထားတာမို့ သူဌေးပြောနေတာတွေ အကုန်ကြားပြီး မိသားစုသုံးယောက် မျက်လုံးချင်းဆုံသွားကြသည်။ ဘာကြောင့် သူဌေးက ဒီလိုစကားတွေပြောနေသလဲဆိုတာ နားမလည်နိုင်ကြပေ။

သူဌေးဘက်က သက်ပြင်းချသံကြားလိုက်ရပြီး

"သမီးက မြန်မာပြည်ရောက်နေရင် သူ့ချစ်သူနဲ့အနေဝေးသွားလိမ့်မယ်လို့ထင်ခဲ့တာ၊ မောင်လင်းထက်နဲ့ လက်ထပ်လိုက်ရင်





ကျွန်တော်လည်း စိတ်ချမ်းသာရပြီပေါ့လေ၊ အဲဒီလိုအတွေးနဲ့ ကိုထက်အောင်တို့ဆီ ပို့ခဲ့မိတာပါဗျာ၊ ဒါပေမဲ့ သမီးက သူ့ချစ်သူကိုငွေကုန်ကြေးကျခံပြီး မြန်မာပြည်မှာခေါ်တွေ့တယ်၊ အခု ဗန်ကောက်မှာ သူတို့နှစ်ဦးသဘောတူလက်ထပ်လိုက်ကြပြီတဲ့"

"ဗျာ"

"အဲဒီသတင်းကို သူကိုယ်တိုင်လှမ်းပြောတော့ ကျွန်တော်ကိုထက်အောင်တို့ကို အားနာနေခဲ့တာပါ၊ ကျွန်တော့်သမီးလုပ်ရပ်က ကိုထက်အောင်တို့နဲ့ မျက်နှာပျက်စေတယ်"

"ဟာ ... မ ... မဟုတ်ပါဘူး သူဌေး၊ လူငယ်တွေဆိုတာ ဒီလိုဖြစ်တတ်ပါတယ်၊ ကျွန်တော်တို့ကို အားနာစရာမလိုပါဘူး သူဌေး"

"ဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော်မျက်နှာကို မပြဝံ့ပါဘူး။ တကယ်တော့ သမီးရဲ့ချစ်သူက လူကောင်းမဟုတ်လို့ ကျွန်တော်သဘောမတူနိုင်ဘဲ လမ်းခွဲခဲ့တာပါ၊ ကလေကချေလမ်းဘေးကကောင်မို့လေ၊ လုံးဝကို အဆင့်အတန်းမရှိတာပါ။ ဒါပေမဲ့ သမီးကတမ်းတမ်းစွဲဖြစ်နေတော့ ဘယ်တတ်နိုင်တော့မလဲ၊ အခုလောလောဆယ်တော့ သမီးကို အမွေဖြတ်ထားလိုက်တယ်၊ မှတ်လောက်သားလောက်ဖြစ်အောင်ပေါ့၊ သမီးကောင်လေး သူမက်မောတာတွေ အလွယ်မရဘူးဆိုတာ သိသွားမှာဖြစ်မယ်၊ ဩော် ... ကိုထက်အောင်တို့သားအဖနဲ့ အလုပ်ကိုတော့ တစ်သက်လုံးအတူတွဲလုပ်ပါရစေဗျာ၊ ကျန်တဲ့ကိစ္စလေးတွေ မေ့ထားပေးပါ"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့ပါ သူဌေး"

သူဌေးဖုန်းချသွားချိန်မှာတော့ သားအမိသုံးယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် သက်ပြင်းမောတွေချလိုက်နိုင်တော့သည်။

"တော် ... တော်ပါသေးရဲ့မြင့်ရယ်၊ ကိုယ်တို့စေ့စေ့နာမှန်လို့



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသွားတာထင်တယ်''

''အဲဒါပဲဖြစ်မှာပေါ့ ကိုထက်ရယ်၊ ဆုအစွတ်ဗီ ဒီလိုလုပ်သွားမယ်လို့ မထင်မိဘူး၊ နေခြည်ပြောတာ အမှန်တွေပေါ့၊ ကျွန်မက နေခြည်လေးကိုတောင် အထင်လွဲခဲ့မိတယ်၊ မပြောသင့်တာတွေလည်း ပြောခဲ့မိတယ်''

''စိတ်မကောင်းမဖြစ်ပါနဲ့ မြင့်ရယ်၊ နေခြည်လေးကို တောင်းပန်လိုက်ရင် ပြီးတာပဲ၊ အခုက ကိုယ်တို့မိသားစု စိတ်ချမ်းသာရမယ့်အချိန်ပါ၊ ဆုအစွတ်ဗီအမွေဖြတ်ခံထားရတာ စိတ်မကောင်းပေမယ့် သားအတွက်တော့ ကိုယ်တကယ်ဝမ်းသာမိတယ်''

''သားလေး ... သားလက်မထပ်ချင်တဲ့ ဆုအစွတ်ဗီနဲ့ လက်မထပ်ဖြစ်တော့တဲ့အတွက် သားစိတ်ချမ်းသာသွားပြီ မဟုတ်လားဟင်''

သူဟန်မဆောင်နိုင်ပါ။ စိတ်ပါလက်ပါပင် ခေါင်းညိတ်ပြလိုက်သည်။ သူ့အတွက်တော့ တန်ဖိုးအကြီးမားဆုံး လွတ်မြောက်မှုကြီးပဲ မဟုတ်ပါလား။

''သူများ ဒီလိုဖြစ်တာကိုဝမ်းသာကောင်းရဲ့လား မသိပေမယ့် သားကတော့ တကယ်ဝမ်းသာမိတယ် မေမေ၊ ဒီအကြောင်းတွေ နေခြည့်ကိုပြောရင် နေခြည်လည်း တကယ်ဝမ်းသာမှာ''

''ဒီကလေးမ တကယ်ဝမ်းသာမှာပေါ့သားရယ်၊ သားကိုနေခြည်အရမ်းကိုချစ်တာ မေမေတို့လည်းသိတာပေါ့၊ သားလေး နေခြည့်ကို အမြန်ဆုံး သွားပြောလိုက်ပါ''

''ဟုတ်တယ်သား၊ သားအမေပြောတဲ့ကိစ္စလည်း တောင်းပန်လိုက်ပါ၊ နောက်မှ ဖေဖေတို့က မဝေနဲ့တွေ့ပြီး သားရေးသမီးရေးကိစ္စ တိုင်ပင်လိုက်မယ်''

''ဗျာ ဖေဖေ''





''မင်း နေခြည်နဲ့ လက်မထပ်ချင်ဘူးလား သား''

''ဗျာ ... လက် ... လက်ထပ်ချင်ပါတယ်ဖေဖေ''

''ဒီဘက်မှာ ကိစ္စတွေအားလုံး အေးချမ်းသွားပြီပဲ သားရယ်၊ သားနဲ့ နေခြည် ကံကောင်းတော့မှာပါ၊ ဟုတ်တယ်မဟုတ်လား မြင့်''

''ဟင်းဟင်း ဟုတ်တယ်သား၊ ချွေးမလေးကို ရင့်ကျက်ဖို့လိုတယ်လို့တော့ မေမေကပြောလိုက်တယ်လို့ ပြောလိုက်ဦး''

''ဟုတ် ... ဟုတ်ကဲ့မေမေ''

သူနေခြည်တို့အိမ်ဘက် ပြေးထွက်ခဲ့သည်။ ဒီအချိန် အန်တီဝေ ရွှေဆိုင်ကနေ ပြန်ရောက်သေးမှာမဟုတ်။

''နေခြည် ... နေခြည်ရေ''

''ဩော် ... အစ်ကိုလေးလင်းထက်၊ မမလေး ကျောင်းကနေ ပြန်မရောက်သေးဘူးရှင့်''

''ဟင် ... ကျောင်းပြန်ချိန်ဖြစ်နေပါပြီ၊ ဘာလို့ပြန်မရောက်သေးတာလဲ''

သူချက်ချင်းပင် နေခြည့်ဆီဖုန်းခေါ်ကြည့်လိုက်သည်။

''ဟယ်လို နေခြည် နင်ဘယ်မှာလဲ''

''ငါကန်တော်ကြီးထဲမှာ''

''နင်တစ်ယောက်တည်း ဘာလုပ်နေတာလဲနေခြည်၊ ငါနဲ့ တွေ့တုန်းက နောက်ဆုံးဖြစ်မှာပဲလို့ နင်ပြောခဲ့တယ်မဟုတ်လား''

''မေ့နိုင်မလားလို့ ငါပြောခဲ့တာပေါ့ လင်းထက်ရယ်၊ မမေ့နိုင်လို့ ငါရောက်လာခဲ့တာပေါ့''

''ဟုတ်ပြီ၊ နင်အဲဒီမှာပဲနေ၊ ငါအခုချက်ချင်း အဲဒီနေရာကို လာခဲ့မယ်''

''နင်ကဘာလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမမေးနဲ့ အဲဒီရောက်မှပြောပြမယ်၊ ဟုတ်ပြီနော် အဲဒီနေရာကပဲစောင့်"

"လင်း . . . လင်းထက်"

လင်းထက် ဖုန်းချသွားပြီ။ ဘာလဲ . . . ဘာဖြစ်လို့လဲ၊ ဒီနေရာလေးကိုလာခဲ့မယ်တဲ့။ သူမ စိတ်လှုပ်ရှားသွားသည်။

သူမ ဒီနေရာက လင်းထက်ကိုစောင့်နေဖို့ ဆုံးဖြတ်လိုက်၏။

ဒါပေမဲ့ လင်းထက်က တော်တော်နှင့်ရောက်မလာပါ။ လမ်းမှာကားလမ်းပိတ်နေလို့လား။ စောင့်နေရင်း သူမစိတ်မရှည်။

ကျောက်ခဲတစ်လုံးကိုကောက်ကာ ရေထဲကို အားကုန်ပစ်လွှဲပေါက်ချလိုက်သည်။

"ဗွမ်း"

"ဟယ် . . . လင်းထက်"

လင်းထက်က ဘယ်လိုလုပ်ရေထဲပြုတ်ကျသွားတာလဲ။ သူမ အံ့အားသင့်နေဆဲမှာ ရေကူးတတ်သော လင်းထက်က ကုန်းပေါ်ကို ရေတွေစိုရွှဲလျက် ပြန်တက်လာခဲ့သည်။

"နင်ဘယ်လိုလုပ်လိုက်တာလဲ နေခြည်"

"ငါဘာလုပ်လို့လဲ"

"ငါနင့်ကို ဝမ်းသာစရာစကား ပြောစရာရှိလို့ နောက်ကနေ ဝမ်းသာအားရလှမ်းဖက်လိုက်တာ နင်ကကုန်းလိုက်တော့ ငါရေထဲပြုတ်ကျတာပေါ့"

"ဩော် . . . ငါကနင်ရောက်မလာနိုင်လို့ စိတ်မရှည်ဖြစ်ပြီး ရေထဲကို ကျောက်ခဲပစ်ပေါက်လိုက်တာပါ၊ ဒါနဲ့ဝမ်းသာစရာစကားဆိုတာ"

"နင်နဲ့ငါ လက်ထပ်လို့ရပြီနေခြည်၊ အတူနေလို့ရပြီ"

"ဘယ်လို . . . ဘယ်လိုကြောင့်"





"ဆုအစ္စဏီက သူ့ချစ်သူနဲ့ လက်ထပ်လိုက်ပြီ၊ ငါတို့လုပ်ငန်းကိစ္စတွေလည်း အေးဆေးပဲ၊ ဘာပြဿနာမှမရှိတော့ဘူး"

"တ . . . တကယ်"

"တကယ်ပေါ့၊ ငါဒါကြောင့်မို့ နင့်ဆီကိုရောက်လာနိုင်တာ"

"လင်း . . . လင်းထက်"

"တကယ်ပါ နေခြည်ရယ်၊ နင်အံ့ဩမနေပါနဲ့၊ ငါတို့ဘဝမှာ မမျှော်လင့်ထားတာတွေချည်းပဲ အမျိုးမျိုးဖြစ်နေတယ်နော်၊ ငါကတော့ ဒီတစ်ခါပြောင်းလဲမှုကို အရမ်းနှစ်သက်မြတ်နိုးမိတယ်၊ နင်နဲ့ပေါင်းဖက်ခွင့်ပေးလို့"

"ငါပျော်လိုက်တာ လင်းထက်ရယ်၊ တကယ် . . . တကယ်ပျော်တယ်"

"ဟိတ် . . . ငါကရေတွေ တစ်ကိုယ်လုံးစိုနေတာနော်"

"စိုစို၊ ငါတို့က ရေစိုလည်း အတူစိုနေကျပဲ၊ ဘယ်အရာပဲဖြစ်ဖြစ် အတူတူ နော်လင်းထက်"

"နေခြည်ရယ် ငါချစ်လိုက်တာဟာ"

ရေစိုနေသော လင်းထက်နှုတ်ခမ်းများက နွေးထွေးလွန်းလှ၏။
အခုမှ တောင့်တခြင်းတွေပြည့်စုံကာ
အချစ်က သူတို့အနားမှာ . . .။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း – သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် – အောင်သီရိဗီဒီယို
၅။ ခြယ်သမမီ တိမ်ပန်းချီ – အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် – အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည – မာန်ထက်ချိဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ – အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှဋ္ဌိကာ – အောင်သီရိဗီဒီယို
၁၁။ အနာဂတရလေပြည် – ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် –
၁၃။ ပန်းနုရောင်နိဒါန်း – မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ –
၁၅။ ရင်ခုန်သံအမိပ္ပာယ် – ရူပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း – [illegible] ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် – သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရွေ့ဆက်ခွင့်ပြုပါ – အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ – ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား – အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို – မာန်ထက်ချိဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ – သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် – အောင်သီရိဗီဒီယို



စာရေးဆရာမ လုံမအေး ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၂၄။ အကြင်နာလက်တစ်ကမ်း – ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း – အောင်သီရိဗီဒီယို
၂၆။ လက်ကလေးရဲ့မီးပြတိုက် – အောင်သီရိဗီဒီယို
၂၇။ မကြိုက်ဘူးလို့ ချစ်မိတာပါ – အောင်သီရိဗီဒီယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် – အောင်သီရိဗီဒီယို
၂၉။ ငြိတွယ်ခြင်း သင်ခန်းစာ – အောင်သီရိဗီဒီယို
၃၀။ ရင်ဘတ်ချင်းနီးနီးလေး – အောင်သီရိဗီဒီယို
၃၁။ မင်းမရှိရင်ကိုယ့်ဘဝမရှိ – အောင်သီရိဗီဒီယို
၃၂။ နှောင်ဖွဲ့မီး – အောင်သီရိဗီဒီယို
၃၃။ ချစ်ခြင်းဖွဲ့ရာသီ – အောင်သီရိဗီဒီယို
၃၄။ ချစ်တယ်လို့ပြောပါဦး – မာန်ထက်ချိဗီဒီယို
၃၅။ မျက်ရည်မြစ်များ – အောင်သီရိဗီဒီယို
၃၆။ မြတ်နိုးတတ်မယ်ဆိုရင် – အောင်သီရိဗီဒီယို
၃၇။ ရည်းစားဦးကျိန်စာ – အောင်သီရိဗီဒီယို
၃၈။ တိမ်တိုက်ကကြိုး – အောင်သီရိဗီဒီယို
၃၉။ ရွှေနားတော်သွင်းမည့် ချစ်ခြင်းဋီကာ – အောင်သီရိဗီဒီယို
၄၀။ ရင်ခုန်သံနားကြပ် – အောင်သီရိဗီဒီယို
၄၁။ နှလုံးသားသံတမန် – သစ္စာနှင်းဆီဗီဒီယို
၄၂။ အနမ်းနှစ်သိမ့်ဆု
၄၃။ အချစ်များဖြင့် ဖွဲ့သီအပ်သော – အောင်သီရိဗီဒီယို
၄၄။ အလွမ်းမျက်ခြေ – အောင်သီရိဗီဒီယို
၄၅။ အနမ်းတွေနဲ့ အသက်ဆက်မယ် – အောင်သီရိဗီဒီယို
၄၆။ မျှော်လင့်ခြင်းနန်းတော် – အောင်သီရိဗီဒီယို



www.burmeseclassic.com